
www.burmeseclassic.com

# မိုးကျော်သူ

ရဲပြည့်မှလာသော

ခေတ္တမင်း



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်ခင်မာရှို၊ (ပန်းပေစေ စာပေ)
အမှတ် (၃၆၀)၊ ဗိုလ်အောင်ကျော်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



ဝမ်းဖုန်းသည် ထိုနေရာမှထွက်ခွာသွားရန် ခြေလှမ်း၊ လှမ်းလိုက်သည်။

သန်ကောင်အဘိုးအိုက ဟန့်တားလိုက်သည်။

"မင်း ဘာဖြစ်လို့သွားမှာလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်မသွားလို့ ဘာလုပ်နေရမှာလဲ"

သန်ကောင်အဘိုးအိုက. . . .

"အနည်းဆုံး မင်းက ငါ့ကိုကူညီရဦးမှာပေါ့"

ဝမ်းဖုန်းက. . . .

"ကျုပ်က ဘာကူညီပေးရမှာလဲ"

သန်ကောင်အဘိုးအိုက. . . .

"ဒီအလောင်းတွေကို ကူပြီး သယ်ပေးဦးမှာပေါ့"

ဝမ်းဖုန်းက. . . .

"ဒီအလောင်းတွေက ခင်ဗျားကြောင့်ဖြစ်တာနဲ့တူပါသယ်"

သန်ကောင်အဘိုးအိုက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် ကျုပ်က အသက်ကြီးတဲ့လူတစ်ယောက် မဟုတ်လား၊ မင်းက ကူညီသင့်ပါတယ်ကွာ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားလူသတ်တဲ့အခါ ဒါတွေကိုတွက်ထားသလား"

သန်ကောင်အဘိုးအိုက. . . .

"ဒါတော့ မစဉ်းစားမိဘူး"

ဝမ်းဖုန်းက. . . .

"အခုလို အခွင့်အရေးကြုံတုန်း နောင်တစ်သက်လုံး မှတ်မိသွားအောင် ကိုယ်သတ်တဲ့အလောင်း ကိုယ်သယ်သွားပေါ့"

သူသည် ယင်းသို့ပြောပြီး ခြေလှမ်းကျဲကျဲဖြင့် ထွက်ခွာသွားမလသည်။

ယခု သန်ကောင်အဘိုးအိုသည် ဝေ့ချီလုံအား အကူအညီတောင်းရန် သတိရလာလေသည်။ သို့သော် သူသည် ခေါင်းမော့ကြည့်သောအခါ ဝေ့ချီလုံနှင့်ငှက်ကျွန်တို့မှာ ဤနေရာ၌ မရှိတော့ချေ။

သူသည်စိတ်ပျက်စွာဖြင့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ၜၜၜ

ဝူးတင့်ဝမ်းသည် စိတ်ပျက်စွာဖြင့် သက်ပြင်းချနေ၏။



လမ်းကြား၏တစ်ဖက်တွင် သူသည် တိတ်ဆိတ်စွာ ရပ်နေလေသည်။ သူ၏မျက်လုံးအစုံသည် သန်ကောင်အဘိုးအိုအား စိုက်ကြည့်နေ၏။

ယခု သူသည် ခေါင်းပေါ်က ခမောက်အား မချွတ်သေးပါ။ သူ၏ ဝဲယာတစ်ဘက်တစ်ချက်တွင် လူနှစ်ယောက်ရပ်နေ၏။

ထိုလူနှစ်ယောက်သည် အနက်ရောင်ကိုယ်ကျပ်အင်္ကျီများ ဝတ်ဆင်ထားကြသည်။ သူတို့ကလည်း သန်ကောင်အဘိုးအိုအား စိုက်ကြည့်နေ၏။

သူတို့၏ မျက်လုံးအစုံသည် ဓားကဲ့သို့ထက်မြက်နေ၏။

သူတို့၏ခါးတွင် ဓားတစ်လက်စီရှိကြသည်။

ညနှင်းမြူများသည် ဝေနေ၏။ ထိုနှင်းမြူများသည် သူတို့၏အနီးသို့ ကျရောက်လာသည်နှင့် ပြန်လည်လွင့်ပျံ့သွားသည်။

သူတို့၏ ခန္ဓာကိုယ်တစ်ဝိုက်တွင် ပြင်းထန်သောအငွေ့အသက်များရှိနေကြ၍လော။ ယင်းအငွေ့အသက်များသည် လူသတ်ရန်ဖြစ်ပေါ်လာသည့် အငွေ့အသက်များ ဖြစ်နေမည်လော။

အဆိုအရ သိုင်းပညာအဆင့်မြင့်ပြီး လူမြောက်များစွာ သတ်ခဲ့ဖူးသောလူများသာလျှင် ယင်းကဲ့သို့အငွေ့အသက်ရှိသည်ဟု ပြောကြသည်။

ဝူးတင့်ဝမ်းသည် ထပ်မံ၍ သက်ပြင်းချလိုက်ပြန်သည်။

www.burmeseclassic.com



"မင်းတို့ကြည့်စမ်း. . . ဒီအဘိုးကြီးသိုင်းပညာက ဘယ်လိုလဲ"

အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်က .

"ကိုယ့်ထက်ပညာတော်တယ်. . . တိုက်ခိုက်တဲ့နေရာ မှာရက်စက်တယ်. . . ဒါပေမယ့် ထုံးဖြူတွေက ပလူပျံနေတဲ့အ တွက် သေသေချာချာ မမြင်ရဘူးဗျ"

အခြားတစ်ယောက်ကလည်း. . . .

"သူက ထုံးဖြူနဲ့ ရန်သူမျက်လုံးကို ဦးစွာတိုက်ခိုက်တာကို ကြည့်ခြင်းအားဖြင့် သိုင်းပညာသိပ်ပြီး အဆင့်မြင့်တယ်လို့ မယူ ဆဘူး"

ဦးတင့်ဝမ်းက. . . .

"မင်းတို့ သူ့ကိုသတ်ဖို့ ဘယ်လောက်ပိုင်သလဲ"

"(၁၀)ပုံမှာ (၉)ပုံ ပိုင်ပါတယ်ခင်ဗျာ"

ဦးတင်ဝမ်းက သံသယဖြစ်သွားသည်။

"မင်းတို့ဟုတ်ရဲ့လားကွာ"

အနက်ရောင်ဝတ်ဆင်ထားသောလူက. . . .

"မျက်နှာချင်းဆိုင်တိုက်ခိုက်မယ်ဆိုရင် ကျုပ်တို့က(၅)ပုံ တောင် မပိုင်ဘူးဗျ"

ဦးတင့်ဝမ်းက. . . .

"ဒါဖြင့် မင်းတို့က ဘယ်လိုအကြံအစည်ရှိသလဲ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"ခွန်အားကြီးတဲ့ရန်သူကို ချောင်းမြောင်းတိုက်ခိုက်ရမယ့်



နည်းကိုအသုံးပြုမှ ပိုပြီးသေချာပါတယ်"

ဦးတင့်ဝမ်းက. . . .

"မင်းတို့မှာ အကြံအစည်များရှိနေပြီလား"

အနက်ရောင်ဝတ်ဆင်ထားသောလူနှစ်ယောက်က ပြိုင် တူခေါင်းညိတ်လိုက်သည်။

ဦးတင့်ဝမ်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး. . . .

"မင်းရဲ့အကြံမအောင်မြင်ရင်တော့ အခွင့်အရေးနောက် ထပ်မရတော့ဘူးကွ"

အနက်ရောင်ဝတ်ဆင်ထားသူက. . . .

"စိတ်ချ. . . ကျုပ်တို့သေချာပါတယ်"

ဦးတင့်ဝမ်းသည် သူတို့၏အကြံများကို မမေးတော့ပါ။

"ကောင်းပြီလေ. . . ကျုပ်အလိုရှိတာက ဒီလူကို ဒီက နေ့အသက်ရှင်နေတာကို မမြင်ချင်ဘူး"

အနက်ရောင်ဝတ်ဆင်ထားသူသည် စကားမပြောတော့ ဘဲ ခေါင်မိုးပေါ်သို့ခုန်တက်သွားလေသည်။

ထို့နောက် ခေါင်မိုးပေါ်မှ ပျောက်ကွယ်သွားလေသည်။

❀ ❀ ❀

သန်းခေါင်အချိန်တွင်ကား တဖြည်း ဖြည်းပြိုးလွှင့်လာပြီးလျှင် တုန်ခိုးချိုင်ကဲ့သို့ပျောက်သွားလေ

www.burmeseclassic.com



ဝူးတင့်ဝမ်းသည် လန်ကောင်အဘိုးအိုအား စိုက်ကြည့်လိုက်သည်။ သူ၏နှုတ်ခမ်းတွင်မူ အေးစိမ့်သောအပြုံးရောင်များ သန်းနေလေသည်။

အားလုံးသောကိစ္စရပ်များသည် ရှတ်တရက် ဖြစ်ပေါ်သည်ဟု မရှိသော်လည်း သူမျှော်မှန်းထားသည့်အတိုင်း ဖြစ်ပေါ်လာခဲ့သည် မဟုတ်ပါလော။

သူသည် လိတလျှံအပေါ်၌ ယခုမှ စပြီး ကြံစည်ခြင်းမဟုတ်ပေ။ ငှက်ကျွန်အားဖမ်းဆီးပြီး လိတလျှံအားခြိမ်းခြောက်မည့်အကြံမှာ လွန်ခဲ့သော(၂)နှစ်ခန့်က ကြံစည်ခဲ့ဖူးလေ၏။

ပထမတွင် သူသည် လူသုံးယောက်ကိုလွှတ်လိုက်သည်။

ဒုတိယနေ့တွင် သူလွှတ်လိုက်သော လူသုံးယောက်မှာ သုသာန်တွင် သေဆုံးနေသည်ကို တွေ့ရလေသည်။

ထိုလူသုံးယောက်အနက် နှစ်ယောက်၏မျက်လုံးများတွင် ဒဏ်ရာများရရှိထားသည်ကို တွေ့ရလေသည်။

သူသည် သေချာစွာ လေ့လာသုံးသပ်သောအခါ ကြက်တူရွေးဂေဟာတွင် တံခါးဖွင့်ပေးသောမိန်းကလေးမှာ ငှက်ကျွန်၏ ကိုယ်ရံတော်ဖြစ်သည်ကို သိခဲ့ရလေသည်။

ထိုမိန်းကလေးမှာ အလွန်ကြောက်ရွံ့ဖွယ်ရာကောင်းလောက်အောင် သိုင်းပညာတော်သည်ကို လေ့လာတွေ့ရှိခဲ့လေသည်။

ထို့အပြင် လိတလျှံမှာလည်း အလွန် ကြောက်စရာကောင်းသော လူသတ်သမားတစ်ယောက်ဖြစ်ပြီး လျှို့ဝှက်ထားသည်ကို ရိပ်စားမိလေသည်။



ထို့ကြောင့် သူသည်နှစ်နှစ်တိုင်တိုင် လှုပ်ရှားမှုအားလုံးကို ရပ်တန့်လိုက်ရလေသည်။

ထိုနှစ်နှစ်အတွင်း သူသည် လှုပ်ရှားမှုမပြုသော်လည်း လိတလျှံနှင့်ပတ်သက်သည့် အချက်အလက်များကို လေ့လာစုဆောင်းနေ၏။

လိတလျှံ၏ပတ်ဝန်းကျင်၌ လျှို့ဝှက်သည့် ကင်းပုန်းများချထားသည့်အခြေအနေ လိတလျှံ လုပ်တတ်ကိုင်တတ်သည့် အလေ့အထများကို ပိုမိုပီပြင်စွာ သိရှိထားလေသည်။

သို့သော် ငှက်ကျွန်အား လျှို့ဝှက်စွာ ကာကွယ်ပေးနေသော လူသတ်သမားအား ယနေ့တိုင် ရှာ၍မတွေ့ပါ။

ထို့ကြောင့် သူသည် ကြက်တူရွေးဂေဟာသို့သွားရောက်၍ အရက်သောက်သည်။ ယင်းသို့သွားရောက်၍ အရက်သောက်ခြင်းမှာလည်း လိတလျှံ၏ လျှို့ဝှက်သော လူသတ်သမားအား စုံစမ်းရန်ဖြစ်သည်။

ယခု သူ့ထိန်းရန်ကောင်က ရောက်ရှိလာသဖြင့် သူ့အခွင့်အရေးရလာသည် မဟုတ်ပါလော။ ထို့ကြောင့် သူသည် ထက်မြက်သော လူတစ်ယောက်အား ကြက်တူရွေးဂေဟာသို့ သွားရောက်၍ အခြေအနေ အကဲခတ်စေလေသည်။

ယင်းသို့ အခြေအနေ အကဲခတ်ခိုင်းပြီးနောက် သူသည် [illegible]သော အခြေတစ်ခုကို ရရှိလာလေသည်။

ငှက်ကျွန်အား လျှို့ဝှက်စွာကာကွယ်ပေးသော လူသတ်

www.burmeseclassic.com



သမားမှာ မည်သူမည်ဝါဟုလည်း သိထားရလေသည်။

သို့သော် သူထင်သည့်အတိုင်း ဟုတ်မဟုတ် သေချာစေရန် သူက ကြေးတန်းစား လူသတ်သမားခုနစ်ယောက်တို့အား ငွေအမြောက်အများပေး၍ စေလွှတ်လိုက်သည်။

သူပေးလိုက်သောမြေပုံမှာ ထောင်ချောက်တစ်ကွက်ဆင်ထားခြင်း ဖြစ်သည်။

ကြေးတန်းစားလူသတ်သမားခုနစ်ယောက်တို့သည် ထိုမြေပုံအတိုင်းသာ လှုပ်ရှားလိုက်မည်ဆိုလျှင် ငှက်ကျွန်အား လျှို့ဝှက်စွာ ကာကွယ်နေသော လူသတ်သမားသည် ဘွားကနဲပေါ်လာမည်ဟု သူယုံကြည်နေလေသည်။

သူတွေးထင်မိသည့်အတိုင်း နှစ်,နှစ်တိတိ အချိန်ကုန်ခံပြီး စုံစမ်းခဲ့သော လျှို့ဝှက်လူသတ်သမားသည် ဘွားဘွားကြီးပေါ်လာသည်ကို တွေ့ရလေ၏။

ထိုလူမှာ အဘိုးအိုသန်ကောင်ပင် ဖြစ်လေသည်။

သူသည် အဝေးမှရပ်နေပြီး ဝေ့ချီလုံနှင့်ငှက်ကျွန်တို့ ထွက်ခွာသွားသည်အထိ ကြည့်နေ၏။

ယခု သူသည် ထိုလျှို့ဝှက်သော လူသတ်သမားအဘိုးအိုသန်ကောင်အား သုတ်သင်ရှင်းလင်းရန် သူလှုပ်ရှားလိုက်လေသည်။

ဏ ဏ ဏ



ညသည် မကုန်ဆုံးသေးပါ။

မီးရောင်သည် လမ်းမပေါ်သို့ပြန်လည်ရောက်ရှိလာသည်။

အဘိုးအိုသန်ကောင်သည် လက်တစ်ဖက်က မီးအိမ်ကိုကိုင်ထားပြီးလျှင် ကျန်လက်တစ်ဖက်တွင်လည်း လက်တွန်းလှည်းတစ်စီးတွန်းလာလေသည်။

သူသည် လက်တွန်းလှည်းအားချထားလိုက်ပြီး မီးအိမ်ကိုတော့ လက်ထဲကမချပါ။

ထို့နောက် အလောင်းများကို ခြေထောက်ဖြင့် အသာအယာကော်လိုက်ရာ အလောင်းသည် မြောက်တက်ပြီး လှည်းပေါ်သို့ ကျသွားလေသည်။

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ခြေလှမ်းထပ်မံလှမ်းလိုက်သည်။

နောက်ထပ်အလောင်းတစ်ခုအား ခြေထောက်ဖြင့်ကော်လိုက်ပြန်သည်။ ထိုအလောင်းသည်လည်း လက်တွန်းလှည်းပေါ်သို့ ကည့်ကည့်မတ်မတ် ကျသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် တတိယအလောင်းရှိရာသို့ လျှောက်သွားသည်။ သူ၏ခြေထောက်သည် ထိုအလောင်းအား ကော်လိုက်ပြန်သည်။

သူသည် ယင်းသို့ခြေထောက်ဖြင့် ကော်လိုက်ရာ ထိုအလောင်းသည် ရုတ်တရက်ထလာပြီး အဘိုးအိုသန်ကောင်ထံသို့ ခုန်အုပ်လိုက်လေသည်။

အလောင်း၏ယာဘက်လက်သည် အသင့်ပါလာသော ဓားငယ်တစ်လက်ဖြင့် အဘိုးအိုသန်ကောင်၏ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်သည်။

အဘိုးအိုသန်ကောင်၏နောက်တွင် အခြားအလောင်းတစ်ခုကလည်း မြေပေါ်မှခုန်ထလာပြီးလျှင် လက်ထဲမှအသင့်ပါလာသော ဓားငယ်ဖြင့် အဘိုးအိုသန်ကောင်၏နောက်ကျောသို့ ထိုးသွင်းလိုက်သည်။

အဘိုးအိုသန်ကောင်၏ မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော်ဖြစ်သွားသည်ဟု ထင်ရသည်။

ထိုအလောင်းနှစ်ခုမှာ တကယ့်လူသေအလောင်း မဟုတ်ပါ။ ဝူးတင့်ဝမ်း စေလွှတ်လိုက်သော လူသတ်သမားနှစ်ယောက်ပင် ဖြစ်သည်။

သူတို့သည် အဘိုးအိုသန်ကောင် ဆိုင်ထဲသို့ဝင်သွားသည့်အချိန်တွင် လူသေအလောင်းနှစ်လောင်းအား မြောင်းထဲသို့ ပစ်ချလိုက်ပြီး သူတို့သည် လူသေအလောင်းဟန်ဆောင်ကာ အလောင်းများနှင့်ရော၍ လဲလျောင်းနေခြင်းဖြစ်သည်။



သူတို့အကြံ အလွန်ပိရိပြီး အလွန်သေချာသည် မဟုတ်ပါလော။

꩷ ꩷ ꩷

လူသတ်သမားနှစ်ယောက်သည် အသာစီးရထားသည်။

သူတို့သည် အဘိုးအိုသန်ကောင်အား ပြိုင်တူတိုက်ခိုက်လိုက်သည်။ သို့သော် သူတို့တိုက်ခိုက်သော အဘိုးအိုသန်ကောင်မှာ ရုတ်တရက် ပျောက်ကွယ်သွားသည်။

အဘိုးအိုသန်ကောင်သည် သူတို့နောက်ရောက်ရှိလာပြီးလျှင် လက်တစ်ဖက်ဖြင့် လူသတ်သမားတစ်ယောက်၏ လည်ပင်းအား ဖမ်းဆွဲထားပြီး လိမ်ချိုးလိုက်သည်။

ကျန်ရှိသော လူသတ်သမားတစ်ယောက်က ကြောင်အမ်းအမ်းဖြစ်နေစဉ် အဘိုးအိုသန်ကောင်၏လက်တစ်ဖက်သည် သူ့လည်မျိုသို့ ရောက်ရှိလာပြီးလျှင် လျှပ်တစ်ပြက် လိမ်ချိုးလိုက်ပြီး လက်တွန်းလှည်းပေါ်သို့ ပစ်တင်လိုက်သည်။

အဘိုးအိုသန်ကောင်သည် မြေပေါ်တွင်လဲကျနေသော လူသတ်သမားအား ဆွဲထူလိုက်သည်။

လူသတ်သမားသည် ဂုတ်ရိုးအနည်းငယ်ကျိုးသွားသော်လည်း ရုတ်တရက် သေဆုံးသွားခြင်းမရှိပါ။

အဘိုးအိုသန်ကောင်က ပြုံးလိုက်သည်။

"ကျုပ်က လက်တစ်ဖက်မှာ ဘာဖြစ်လို့ မီးအိမ်ကိုင်ထား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာ မင်းနားလည်လား၊ တစ်ခါတလေ ရန်သူဟာ မသေသေးဘဲနဲ့ သေချင်ဟန်ဆောင်ပြီး တိုက်ခိုက်တတ်လို့ပါ"

သူသည် ပြုံးပြလိုက်ပြီး. . . .

"ဒါပေမယ့် မင်းတို့ရဲ့မျက်နှာမှာ သူတို့လို အဝတ်နက်နဲ့ဖုံးထားပေမယ့် မင်းတို့ကိုယ်ပေါ်မှာ ထုံးဖြူတွေလူးထားပေမယ့် နောက်ပြီး မင်းတို့လဲလျောင်းတဲ့နေရာမှာလဲ မှန်ကန်ပေမယ့် မင်းတို့က သတိတစ်ခု မေ့နေတတ်တယ်"

သူသည်ပြုံးပြလိုက်ပြီး စကားဆက်လိုက်သည်။

"အဲဒါဘာလဲဆိုရင် မင်းတို့ဖုံးထားတဲ့ မျက်နှာပေါ်ကအဝတ်ဆိုတာ ထုံးဖြူလုံးဝမရှိလို့ပါဘဲ"

သူသည် ရယ်မောရာမှ မျက်နှာကိုတင်းတင်းထားလိုက်ပြန်သည်။

"ပြောစမ်း. . . မင်းတို့ကို ဘယ်သူကနိုင်းတာလဲ"

လူသတ်သမားက. . . .

"ရှေ့. . . ရှေ့နားက လမ်းဝမှာပါ"

သူသည် ယင်းသို့ပြောပြီးသည်နှင့်ခေါင်းငိုက်စိုက်ကျကာ သေဆုံးသွားလေသည်။

အဘိုးအိုသန်ကောင်သည် သက်ပြင်းတစ်ချက်ချလိုက်သည်။

ထို့နောက် မြေပေါ်မှအလောင်းများကို တစ်ခုပြီးတစ်ခု လက်တွန်းလှည်းပေါ်သို့ ခြေထောက်ဖြင့်ကန်ထည့်လိုက်သည်။

ထို့နောက် လှည်းကိုလည်း လမ်းဝသို့တွန်းသွားလေ



တော့သည်။

ဿ ဿ ဿ

လက်တွန်းလှည်းပေါ်တွင် အလောင်းခုနစ်လောင်းတင်ထားသဖြင့် အလွန်လေးလံနေသည်။

သို့သော် အဘိုးအိုသန်ကောင်သည် လွတ်နေသောသက်တစ်ဘက်ဖြင့် တွန်းလှည်းကိုတွန်းရသည့်အလားဆေးပါးသွက်လက်စွာဖြင့် တွန်းနေသည်။

သူသည် ရေမြောင်းအနီးသို့ ရောက်ရှိလာသောအခါ ရပ်တန့်လိုက်သည်။ ရေမြောင်းထဲတွင် အလောင်းနှစ်လောင်းရှိနေသည်ကို တွေ့ရလေသည်။

အဘိုးအိုသန်ကောင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြီး ခါးကုန်းလိုက်သည်။

ထို့နောက် ရေမြောင်းထဲမှ အလောင်းကောင်၏လည်ပင်းကိုဆွဲယူလိုက်ပြီး လှည်းပေါ်သို့ပစ်တင်လိုက်သည်။

သူ၏လက်ချောင်းများသည် အေးစိမ့်သောမြောင်းရေနှင့် ထိတွေ့လိုက်ရသဖြင့် အေးစိမ့်သွားလေသည်။

သူသည် ကျန်ရှိသောအလောင်းကို ငုံ၍ဆွဲယူရန် ဟန်ပြင်လိုက်စဉ် ရုတ်တရက် ထိုအလောင်းသည်ခုန်ထလာပြီး အဘိုးအိုသန်ကောင်၏ရင်ဝကို လက်သီးဖြင့် ထိုးသွင်းလိုက်သည်။

အဘိုးအိုသန်ကောင်သည် ရှောင်လင့်ဘဲ ခံလိုက်ရသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် သူ၏ခန္ဓာကိုယ်သည် နောက်သို့လွင့်သွားပြီး မြေပေါ်သို့လဲကျသွားလေသည်။

လက်ထဲမှမီးအိမ်မှာလည်း အဝေးသို့လွင့်သွားလေသည်။ အဘိုးအိုသန်ကောင်က မြေပေါ်မှလူးလိမ့်ထလိုက်သည်။

သူသည်အံ့ဩစွာဖြင့် ထိုအလောင်းကိုငေး၍ ကြည့်နေမိသည်။ ထိုအလောင်းသည် သူ့ထံသို့ တစ်လှမ်းချင်း လျှောက်လာသည်။

အနီးသို့ရောက်လာတော့မှ ထိုအလောင်းသည် အစစ်မဟုတ်ဘဲ ဦးတင့်ဝမ်းဖြစ်နေသည်ကို အံ့ဩစွာ တွေ့လိုက်ရလေသည်။

ဦးတင့်ဝမ်းသည် စိုရွှဲနေသော သူ့ဆံပင်များကိုပွတ်သပ်ရင်း အဘိုးအိုသန်ကောင်အား အေးစက်စွာကြည့်လိုက်၏။

"ငါကိုယ်တိုင် အလောင်းဟန်ဆောင်ပြီး ချောင်းထဲမှာ ရေစိမ်ခံပြီးစောင့်နေမယ်လို့ မင်းမထင်ဘူး မဟုတ်လား"

အဘိုးအိုသန်ကောင်သည် ဦးတင့်ဝမ်းအား စိုက်ကြည့်နေသည်။

ရုတ်တရက် သူက ချောင်းတစ်ချက်ဟန့်လိုက်သည်။ သွေးများသည် သူ့ပါးစပ်ထဲမှ အန်ထွက်လိုက်သည်။

ဦးတင့်ဝမ်း၏လက်သီးသည် အနည်းဆုံး သူ၏နံရိုးသုံးချောင်းမျှ ကျိုးသွားစေသည်။

သူသည် ပါးစပ်တွင် ပေကျံနေသောသွေးများကို သုတ်ရင်း. . .



"ခင်ဗျားရဲ့လက်သီးဟာ သံလက်သီးလား ခြေလှမ်းတစ်ရာလက်သီးလား"

ဦးတင့်ဝမ်းက. . . .

"ခြေလှမ်းတစ်ရာလက်သီး"

အဘိုးအိုသန်ကောင်က. . . .

"ဒါဖြင့် ခင်ဗျားက ရှောင်လင်ကျောင်းတော်သားပေါ့"

ဦးတင့်ဝမ်းက. . . .

"ဒီခြေလှမ်းတစ်ရာ လက်သီးပညာဟာ ကျုပ်သိသလောက်ကတော့ ရှောင်လင်ကျောင်းရဲ့ သိုင်းပညာ ၁၀၈ မျိုးအနက် ရှေးဆုံး အမျိုး ၂၀ ထဲက တစ်မျိုးဖြစ်တယ်လို့ သိရတယ်၊ ဒါပေမယ့် တခြားလူတွေတတ်တယ်ဆိုတာ ခင်ဗျား မသိဘူးထင်တယ်"

အဘိုးအိုသန်ကောင်က. . . .

"ဘုန်းတော်ကြီးကလွဲလို့ တခြားလူတွေဟာ ဒီသိုင်းပညာကို သင်ခွင့်ရမှာမဟုတ်ဘူး၊ မဟုတ်မှလွဲရော ခင်ဗျားက ရှောင်လင်ကျောင်းက ဘုန်းတော်ကြီးတစ်ပါးနဲ့ တူတယ်"

ဦးတင့်ဝမ်းက. . . .

"လွန်ခဲ့တဲ့ဆယ်နှစ်က ဟုတ်တယ်"

အဘိုးအိုသန်ကောင်က. . . .

"မင်း ဘုန်းကြီးဝတ်တာ ဘယ်လောက်ကြာပြီလဲ"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က ခြေတစ်ချောင်းပါ. . . အသက် ၂၃ နှစ်အ

www.burmeseclassic.com



ရှယ်လောက်က ရှောင်လင်ဘုန်းကြီးတစ်ပါးနဲ့တွေ့လို့ ကျုပ်ဟာ တရားရပြီး ဘုန်းကြီးဝတ်လိုက်ပါတယ်"

အဘိုးအိုသန်ကောင်က မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားက ဆယ်နှစ်တိုင်တိုင် ဘုန်းကြီးဝတ်တာတောင် တရားမရသေးဘဲကိုး"

ဝူးတင့်ဝမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ် ဟိုတုန်းက ဒမြလုပ်ခဲ့ပေမယ့် သိုင်းပညာညံ့လို့ ခဏခဏ ထွက်ပြေးရတယ်၊ ဒါကြောင့် အခွင့်အရေးရတုန်း ရှောင်လင်ကျောင်းပြန်ပြီး သိုင်းပညာလေ့ကျင့်ရတာပေါ့"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါပေမယ့် ရှောင်လင်ကျောင်းက သိုင်းပညာအကျွတ်အတော်ရှုပ်ထွေးပြီး ခက်ခဲနက်နဲလှလို့ ကျုပ်ဟာ 'ရှောင်လင်ကျောင်းကထွက်လာပေမယ့် သိုင်းပညာကို နောက်ထပ်ဆယ်နှစ်တိတိ လေ့ကျင့်ခဲ့ရပါတယ်"

အဘိုးအိုသန်ကောင်က. . . .

"ခင်ဗျားသာ ရှောင်လင်ကျောင်းမှာ နှစ်ပေါင်းနှစ်ဆယ်လောက် သိုင်းပညာလေ့ကျင့်ခဲ့မယ်ဆိုရင် ခင်ဗျားဟာ ရှောင်လင်ကျောင်းမှာ နေရာကောင်းကောင်းရမှာပေါ့"

ဝူးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်. . . ဒါပေမယ့် ကျုပ်က ဘုန်းကြီးလုပ်ဖို့ ဝါသနာမပါဘူး"

အဘိုးအိုသန်ကောင်က ခေါင်းညိတ်လိုက်သည်။



"ခင်ဗျားက ရှောင်လင်ကျောင်းကနေ တိတ်တိတ်က လေး ထွက်ပြေးလာတယ်ဆိုပါတော့"

ဝူးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . အမှန်ပြောရရင် ကျုပ်က ကျောင်းထိုင်ဆရာတော်ကိုလျှောက်ပြီး ထွက်လာနိုင်ပါတယ်၊ ဒါပေမယ့် ကျုပ်က ငွေကိုလိုချင်တယ် မဟုတ်လား"

အဘိုးအိုသန်ကောင်က ခေါင်းညိတ်လိုက်သည်။

"ခင်ဗျားက ဒမြတိုက်တယ်ဆိုပါတော့"

ဝူးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . အဲဒီညမှာပဲ ကျုပ်က လေးငါးခြောက်အိမ်ကို ဒမြတိုက်တယ်၊ နောက်ပြီး အရက်ဆိုင်သွားတယ်. . . နောက်တစ်ညမှာပဲ ကြေးတန်းစားဂေဟာမှာ အိပ်တယ်လေ"

သူသည် ယင်းသို့ပြောပြီး တဟားဟား ရယ်မောလိုက်သည်။ သူသည် ယင်းသို့ရယ်မောနေစဉ အဘိုးအိုသန်ကောင်က ရုတ်တရက် သူ့ယံမှန်အုပ်လိုက်သည်။

သူ၏ လက်တစ်ဖက်သည် ဝူးတင့်ဝမ်းလည်ဂုတ်သို့ ခုတ်ချလိုက်သည်။ ကျန်လက်တစ်ဖက်သည် ဝူးတင့်ဝမ်း၏ရင်ဝသို့ လက်သီးဖြင့် ထိုးသွင်းလိုက်သည်။

ဝူးတင့်ဝမ်း၏ခန္ဓာကိုယ်သည် ရုတ်တရက် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။

"အား. . . "

စူးရှသောအော်သံတစ်သံသည် တိတ်ဆိတ်သေးသမ်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးအား ပွဲတင်ထပ်သွားလေတော့သည်။

အဘိုးအိုသန်ကောင်၏ခန္ဓာကိုယ်သည် ဝါးတစ်ရိုက်ခန့် လွင့်စင်ကျသွားလေသည်။

ဝူးတင့်ဝမ်းက ပြေးလိုက်သွားပြီးလျှင် အဘိုးအိုသန်ကောင်၏ရင်ဝကို ထပ်မံဆောင့်ကန်လိုက်ရာ အဘိုးအိုသန်ကောင်မှာ လုံးဝမလှုပ်ရှားနိုင်တော့ချေ။

ဿဿဿ

ဝူးတင့်ဝမ်းသည် အဘိုးအိုသန်ကောင် တကယ်ပင်သေဆုံးသွားသည်ကို တွေ့ရှိရတော့မှ ခေါင်မိုးပေါ်သို့ ခုန်တက်သွားလေသည်။

ခေါင်မိုးပေါ်တွင် အဝတ်မရှိသော အလောင်းတစ်လောင်းကို ခြေထောက်ဖြင့်ကန်ချလိုက်ရာ အောက်တွင်ရှိနေသော လက်တွန်းလှည်းပေါ်သို့ တည့်တည့်မတ်မတ် ကျသွားသည်။

သူသည် အင်္ကျီကိုချွတ်ချလိုက်ပြီး ခေါင်မိုးပေါ်တွင်ထားခဲ့သော သူ့အင်္ကျီနှင့်ခမောက်ကိုယူ၍ ဝတ်လိုက်သည်။

ထို့နောက် ခေါင်မိုးပေါ်မှခုန်ဆင်းလိုက်ပြီး အဘိုးအိုသန်ကောင်၏အလောင်းကို လက်တွန်းလှည်းပေါ်သို့ ပစ်တင်လိုက်သည်။

ထို့နောက် လက်တွန်းလှည်းကိုတွန်းကာ တစ်ဘက်



လမ်းထဲသို့ တွန်းဝင်သွားလေသည်။

သူတွန်းသွားသောလမ်းသည် သုသာန်သို့သွားသောလမ်း မဟုတ်ပါ။ ဤသို့ဆိုလျှင် သူသည် ထိုအလောင်းများကို မည်သည့်နေရာသို့ တွန်းသွားမည်နည်း။

ညတာဝန် ကုန်ဆုံးသွားပြီဖြစ်သည်။ နံနက်ခင်း၏နှင်းများသည် စတင်ကျရောက်လာပြီဖြစ်ပါသည်။

လက်တွန်းလှည်း၏အသံသည် ဝေး၍ဝေး၍ သွားပြီဖြစ်၏။ လမ်းမကြီးတစ်ခုလုံးသည် ပြန်လည်တိတ်ဆိတ်သွားလေတော့သည်။

ဿဿဿ

နံနက်. . . .

ကြက်တူရွေးဂေဟာသည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေ၏။

ဤမျှကျယ်ဝန်းသော ကြက်တူရွေးဂေဟာတစ်ခုလုံးတွင် လူတစ်ယောက်ထဲကသာ အိပ်ရာမှနိုးလာသည်ဟု ထင်ရလေသည်။

အမှန်မှာ ထိုလူသည် တစ်ညလုံးမအိပ်ခဲ့ရပါ။ သူထွက်လာသောအခန်းသည် သူ၏အခန်းမဟုတ်ပါ။

ယင်းအခန်းမှာလည်း တံခါးမရှိပါချေ။ အခန်းတံခါးမှာ အစိတ်စိတ်အပိုင်းပိုင်း ကျိုးနေပြီဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခန်းသည် မေမေစုံ၏အခန်းဖြစ်သည်။ ယခု ထို အခန်းမှ ထွက်လာသောလူသည် ဝမ်းဖုန်းပင် ဖြစ်သည်။

သေရမည်ကိုမကြောက်သည့် ထိုလူငယ်မှအပ မည်သူက ဤမျှ သတ္တိကောင်းပါမည်နည်း။

ဝမ်းဖုန်း၏မျက်နှာမှာ မကြည်မသာဖြစ်နေ၏။

အနည်းငယ်ကြောက်ရွံ့သည့်အရိပ်အယောင်များ ပေါ်လွင်နေသည်။

အခန်းထဲတွင် မီးရောင်များ လင်းလက်လာပြန်သည်။

ဝမ်းဖုန်းက မီးအိမ်ထွန်းညှိလိုက်သည်။

ထိုမီးအိမ်၏အလင်းရောင်ဖြင့် မေမေစုံ၏အခန်းတစ်ခုလုံးကို ရှာဖွေခဲ့ပြီးဖြစ်သည်။

အခန်းထဲတွင် နတ်ရုပ်များနှင့် နတ်နှင့်ပတ်သက်သည့် တန်ဆာပလာများမှအပ မသင်္ကာဖွယ်ရာ လုံးဝမတွေ့ရပါ။

နောက်ဆုံး သူသည် ထိုအခန်းထဲမှ ပြန်လည်ထွက်ခွာလာခြင်းဖြစ်သည်။

ꩤꩤꩤ

အေးစိမ့်သောလေသည် တစ်ချက်တိုက်ခတ်လာသည်။ မိုးဖွဲကလေးများသည် မည်သည့်အချိန်ကစပြီး ရွာချမှန်းမသိ ရွာချနေသည်။

ထိုမိုးဖွဲကလေးများသည် လေ၏တိုက်ခတ်မှုကြောင့်



လွင့်ပျံ့နေလေသည်။ ယင်းကဲ့သို့သောရာသီမျိုးသည် အိပ်ရာထဲ ကွေး၍အကောင်းဆုံး သော ရာသီမျိုးဖြစ်လေသည်။

ဝမ်းဖုန်းသည် အပျင်းတစ်ချက်ဆန့်လိုက်သည်။

တစ်ဖက်သို့ချိုးကာ ၎င်း၏အခန်းထဲသို့ လှမ်းဝင်လိုက်သည်။ ယင်းအခန်းထဲတွင် အလွန်ကြီးမားပြီး အိစက်ညက်သော ကုတင်တစ်လုံးရှိသည် မဟုတ်ပါလော။

သို့သော် သူသည်အိပ်၍ မရပါသေးလော။ ခေါင်းသည် အခန်းထောင့်တွင် ရှိနေသေးသည်။

ခေါင်း၏အဖုံးမှာလည်း ကျစ်ကျစ်သို့ရွေ့လျားနေသည်။

ဖုတ်ကောင်သည် သူ၏ခေါင်းထဲသို့ ပြန်မရောက်သေး

ဝမ်းဖုန်းသည် ခေါင်းရှိရာသို့ လျှောက်သွားသည်။

ခေါင်းထဲသို့တစ်ချက်ကြည့်လိုက်ပြီး အခန်းတံခါးနှင့် ပြတင်းပေါက်များကို ပိတ်လိုက်သည်။

ထို့နောက် ကြီးမားသောကုတင်ပေါ်သို့တက်ရောက်ကာ အိပ်လိုက်လေသည်။

ꩤꩤꩤ

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံကြောင့် ဝမ်းဖုန်းသည် အိပ်ရာမှနိုးလာ

တံခါးခေါက်သူမှာ အသက် (၁၅)(၁၆)နှစ်ခန့်ရှိသော

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ဖြစ်သည်။

သူမက ထမင်းဟင်းလာရောက်ပို့ခြင်း ဖြစ်သည်။

သူမသည် အခန်းထဲတွင် ဝမ်းဖုန်းတစ်ယောက်တည်း သာရှိသည်ကို တွေ့ရသောအခါ အံ့ဩသွားသည်။

သို့သော် သူမက မမေးပါ။

သူမသည် ထမင်းဟင်းများချထားလိုက်ပြီးနောက် တံခါးကိုပြန်ပိတ်လိုက်ပြီး ထွက်သွားလေတော့သည်။

❋ ❋ ❋

နေရောင်ခြည် လင်းထိန်နေသည်ကိုတွေ့ရတော့မှ မွန်းတည့်ချိန်ရောက်နေသည်ကို ဝမ်းဖုန်းသတိရလိုက်သည်။

သူသည် ဗိုက်အလွန်ဆာလောင်နေသဖြင့် ထမင်းဟင်းများကို အားရပါးရ စားသောက်လိုက်သည်။

ထမင်းစားသောက်ပြီးနောက် သူသည် ခွန်အားရှိလာသည်ဟု ထင်လိုက်သည်။ ထို့ကြောင့် အပြင်သို့ထွက်ရန် စိတ်ကူးမိသည်။

ယင်းသို့ စိတ်ကူးမိလိုက်သည်နှင့်သူက ထိုင်ရာမှထလိုက်ပြီး အခန်းဝဆီသို့ လျှောက်သွားလေသည်။

တံခါးဖွင့်လိုက်သည်နှင့် ရုတ်တရက် လက်တစ်ဖက်သည် အပြင်ဘက်မှ တိုးဝင်လာသည်။

ထိုလက်သည် သူ၏ဝမ်းဗိုက်သို့ ထိလုနီးပါးဖြစ်သွား၏။



ဖြူဖွေးပြီး နုနယ်သောလက်ကလေး ဖြစ်သည်။ လက်ညှိုးနှင့်လက်ခလယ်ကို ကွေးထားသည်။

ယင်းပုံသဏ္ဌာန်သည် ငှက်ကျွန်က ရန်သူကိုတိုက်ခိုက်သည့်ပုံဟန်မျိုး ဖြစ်သည်။

သို့သော် ထိုလက်ကလေး၏ပိုင်ရှင်မှာ ငှက်ကျွန်မဟုတ်ပါ။ အခြားမိန်းကလေးတစ်ယောက်ဖြစ်သည်။

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

မိန်းကလေး ထိတ်လန့်သွားသည်။ သူမက တံခါးခေါက်ပြီးစဉ် ဝမ်းဖုန်းအား တွေ့မြင်လိုက်သည်နှင့် ထိတ်လန့်သွားခြင်း ဖြစ်သည်။

ဝမ်းဖုန်း၏တစ်ကိုယ်လုံးမှာလည်း ရွှံ့များပေကျံနေသည်။ သူ၏ဆံပင်များမှာလည်း ရှုပ်ပွနေသည်။ ရုတ်တရက်ကြည့်လိုက်လျှင် လူသေအလောင်းနှင့် တူနေပေသည်။

သူသည် မိန်းကလေးထိတ်လန့်နေသည်ကို တွေ့မြင်လိုက်ရသဖြင့် ပြုံးပြလိုက်ပြီး . . .

"ဘယ်သူ့ကိုတွေ့ချင်လို့လဲ"

မိန်းကလေးက စိတ်သက်သာရာရလာသည်။

သူမသည် ရင်ဝကိုပုတ်လိုက်ပြီး . . .

"ရှင်က လူကိုး"

"ဟုတ်ပါတယ် . . . မကြောက်ပါနဲ့"

"ဒါဖြင့်ဝမ်းဖုန်းဆိုတာ ရှင်လား"

"ဟုတ်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"လူတစ်ယောက်က ရှင့်ကိုတွေ့ချင်လို့တဲ့"

"ဘယ်သူကတုန်း"

"ဘဘကန်းဆိုတဲ့လူကပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘဘကန်းဆိုတာ ဘယ်သူလဲ"

"ပန်းပဲဆရာတစ်ယောက်ပါ. . . ရှင်က သူ့ကိုမသိဘူးလား"

"မသိဘူး"

မိန်းကလေးက မျက်မှောင်ကုပ်သွားသည်။

"ဟင်. . . အံ့သြစရာကောင်းတယ်"

ဝမ်းဖုန်းက. . . .

"ဘာများအံ့သြနေတာလဲ"

မိန်းကလေးက. . . .

"ခုနက သူအထုပ်လာပို့သွားတယ်. . . ရှင်က သူ့ကိုလုပ်ခိုင်းတဲ့ပစ္စည်းတဲ့"

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

သူသည် ရုတ်တရက် သတိရလာပြီး. . . .

"ကျုပ်သတိရလာပြီ. . . ကျုပ်က မိတ်ဆွေတစ်ယောက်ကို ပစ္စည်းတစ်ခုလုပ်ဖို့ခိုင်းလိုက်တာ သူက ဘဘကန်းကို ဘစ်ဆင့် အလုပ်ခိုင်းတာနဲ့ တူတယ်"

သူသည် လက်ဝါးဖြန့်လိုက်ပြီး. . . .

"ပစ္စည်း ဘယ်မှာလဲ"



မိန်းကလေးသည် လေးထောင့်ဗူးပြားလေးတစ်ဗူးကို လှမ်းပေးလိုက်သည်။

ထိုသေတ္တာ၏ ဖွင့်ရမည့်အဖုံးနေရာတွင် ခဲဖြင့် သေချာစွာ ပတ်ထားသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းသည် ထိုသံဗူးကိုယူလိုက်ပြီးနောက် အခန်းထဲသို့ ပြန်လည်ဝင်သွားလေတော့သည်။

❀❀❀

ဝမ်းဖုန်းသည် ထိုသံဗူးကလေးအား ငေး၍ ကြည့်နေမိ၏။

ဘဘကန်းဆိုသူမှာ မည်သူနည်း။ သူက အဘယ်ကြောင့် မိမိအား ယင်းသံဗူးကလေးကို ပို့လိုက်ရသနည်း။

ထိုသံဗူးထဲ၌ မည်သည့်အရာများ ထည့်ထားပါသနည်း။

ဘဘကန်းဆိုသူက လူများမှားနေ၍လော။ မဖြစ်နိုင်ပါ။

ကြက်တူရွေးဟောတွင် ဒုတိယဝမ်းဖုန်းရှိမည် မဟုတ်၍ သူသည် သံဗူးကလေးကိုယူ၍ လှုပ်ကြည့်လိုက်သည်။

"ချွမ်. . . ချွမ်"

သံဗူးထဲမှထွက်လာသောအသံဖြစ်သည်။

သူသည် သံဗူးအား စားပွဲပေါ်၌ပြန်လည်ချထားလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်သည်။

ထို့နောက် သူသည် ကိုယ်တစ်ခြမ်းစောင်း၍ ဓားဖျားဖြင့်

www.burmeseclassic.com



သံပူး၏အဖုံးကို ခုတ်ချလိုက်လေသည်။

အကယ်၍သာ ထိုသံပူးကလေးထဲမှ အဆိပ်လူးထား သောအစများ လက်နက်ပုန်းများ ပစ်လွှင့်လာလျှင် မိမိကရှောင် နိုင်ရန်ဖြစ်သည်။

သို့သော် အဖုံးပွင့်သွားသည်။ လက်နက်ပုန်းလုံးဝမရှိပါ။

သံပူးကလေးထဲတွင် သော့နှစ်ချောင်းကို ဂွမ်းပေါ်တင် ၍ ထားသည်ကို တွေ့ရလေသည်။ ကြေးသော့နှစ်ချောင်းဖြစ် သည်။ တစ်ချောင်းကကြီးပြီး တစ်ချောင်းကငယ်သည်။

ထိုကြေးသော့ပေါ်တွင် သံချေးများ အနည်းငယ်တက် နေသည်ကိုတွေ့ရသဖြင့် အသစ်ပြုလုပ်ထားသော သော့မဟုတ် မှန်း သိသာသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။ သူသည် သော့ နှစ်ချောင်းယူရင်း ဝါဂွမ်းကိုပါယူလိုက်သည်။

ဝါဂွမ်းယူလိုက်သည်နှင့် စာရွက်တစ်ရွက်ထွက်လာ သည်။ ယင်းစာရွက်ပေါ်တွင် မြေပုံတစ်ခုရေးဆွဲထားသည်ကို တွေ့ရလေသည်။

ယင်းမြေပုံသည် ခြံဝင်းတစ်ခု၏ မြေပုံဖြစ်သည်။

ထိုမြေပုံကို အနက်ရောင်ရေးဆွဲထားပြီး အနီရောင်ဖြင့် ကြက်ခြေခတ်ထားသော နေရာနှစ်ခုပါရှိသည်။

ယင်းကြက်ခြေနှစ်ခုအနက် တစ်ခုက ခြံဝင်း၏အုတ်နံရံ ဘေးတွင် ခတ်ထားသည်။ အခြားကြက်ခြေတစ်ခုက နှစ်ထပ် အိမ်ကလေးတစ်ခုပေါ်တွင် ခတ်ထားသည်။



ထိုကြက်ခြေခတ်ထားသောနေရာဘေးတွင် စာများ ရေးထားလေသည်။ ယင်းစာမှာ 'ငှက်ကျွန်'ဟု ဖြစ်သည်။

ꩪ ꩪ ꩪ

ဝမ်းဖုန်းက အတန်ကြာ အကဲခတ်ကြည့်နေ၏။

ဤသံပူးကလေးသည် ငှက်ကျွန်က ပို့နိုင်းလိုက်သည်ဟု သူတွေးမိသည်။ မြေပုံပေါ်တွင် ဖော်ပြထားသောခြံဝင်းမှာ လိ ဘာလျှံ၏ ခြံဝင်းဖြစ်ရမည်ဟုလည်း ဆင်ခြင်မိသည်။

ကြက်ခြေတစ်ခုခတ်ပြထားသော နှစ်ထပ်အိမ်ကလေး သည် ငှက်ကျွန်နေထိုင်သော အိမ်ကလေးဖြစ်နိုင်သည်။

ထိုအနီရောင်ကြက်ခြေခတ်ထားသောနေရာတွင် တံခါး ရှိပြီး ထိုတံခါးကို သော့ခတ်ထားနိုင်သည်ဟု သူက ယူဆမိသည်။

ထို့ကြောင့် ငှက်ကျွန်က ယင်းသော့နှစ်ချောင်းပေးပို့ လိုက်ခြင်းဖြစ်သည်။

ဝမ်းဖုန်းသည် ယင်းသို့တွေးနေရာမှ ရုတ်တရက် အခြား အတွေးတစ်ခုက ထပ်မံဝင်ရောက်လာသည်။

သူသည် လိတာလျှံကို သွားရောက်တွေ့ဆုံမည်ပြုစဉ်က ငှက်ကျွန်က အကြိမ်ကြိမ်တားခဲ့သည် မဟုတ်ပါလော။

ယခု ငှက်ကျွန်က အဘယ်ကြောင့် သူ့အား လာရောက် နိုင်းရပါသနည်း။

မည်သို့ဆိုစေ ဝမ်းဖုန်းသည် လိတာလျှံထံသို့သွားရန်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လိုက်လေသည်။

ဿဿဿ

"လိတလျှံတို့အိမ် ဘယ်မှာလဲခင်ဗျာ"

"မသိဘူး"

"လိတလျှံတို့အိမ် ဘယ်မှာလဲခင်ဗျာ"

"မသိဘူး"

ဝမ်းဖုန်းသည် လမ်းမပေါ်၌ အနည်းဆုံးလူပေါင်း(၂၀)မျှကို ယင်းကဲ့သို့မေးခဲ့ပေသည်။

သို့သော ရရှိလိုက်သောအဖြေကား . . .

"မသိဘူး"

ဟူပင် ဖြစ်လေသည်။

ဝမ်းဖုန်းသည် အနည်းငယ်မျှမယုံပါ။

လိတလျှံသည် ဤဒေသတွင် အလွန်ကျော်ကြားသော ပုဂ္ဂိုလ်တစ်ယောက်ဖြစ်သည်။

သူမ၏ပိုင်ဆိုင်သောနေရာများသည် အလွန်ပင်များပြားလှပေသည်။ ယခု သူသည် မည်သူ့ကိုမှ မေး၍မရသဖြင့် အလွန်ပင် အံ့သြမိလေသည်။

သို့သော် သူက စိတ်မပျက်ပါ။ လမ်းမှာတွေ့သမျှ လူအားလုံးကို တစ်ယောက်မကျန် လိုက်မေးနေ၏။

သို့သော် အားလုံး၏အဖြေမှာ . . .



"မသိဘူး"

ဟူပင် ဖြစ်လေသည်။

နောက်ဆုံး သူသည် ကလေးငယ်တစ်ယောက်အား မေးလိုက်မိတော့မှ ထိုကလေးငယ်က လိတလျှံ၏ခြံဝင်းကို သိသည်ဟု အဖြေပေးလိုက်ရုံမက သူ့ကိုပင် အိမ်တိုင်ယာရောက် လိုက်ပို့ပေးလေသည်။

ဿဿဿ

ခြံဝင်း၏တံခါးသည် ပိတ်ထား၏။

အုတ်နံရံများပေါ်၌ ထက်မြက်သောဓားများကို စိုက်ထူထားလေသည်။ ခြံဝင်း၏အပြင်ဘက်တွင် လူမရှိပါ။

အတွင်းဘက်၌လည်း မည်သည့်အသံကိုမှ မကြားရပါ။ ခြံဝင်းတစ်ခုလုံးတွင် တိတ်ဆိတ်ခြင်းမက တိတ်ဆိတ်နေလေသည်။

ဝမ်းဖုန်းသည် ခြံဝင်းတံခါးဝ၌ တစ်ခဏမျှသာ ရပ်နေပြီးနောက် သူသည် အုတ်နံရံအတိုင်း လျှောက်သွားလေသည်။

အုတ်နံရံကာထားသောနေရာသည် အလွန်ပင်ကျယ်ဝန်းသည်။ ခြံဝင်း၏ပတ်ဝန်းကျင်တွင် မည်သည့်အိမ်များနှင့် မှ ဆက်သွယ်ထားခြင်းမရှိဘဲ ထီးတည်းကြီး ဖြစ်နေသည်။

ပို၍ထူးခြားသည်မှာ ခြံဝင်း၏အနီးတစ်ဝိုက်တွင် သစ်ပင်တစ်ပင်မျှ မတွေ့ရပါ။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် မြို့ဝင်း၏ အနောက်ဘက်သို့ရောက်ရှိလာသည်။ ဤနေရာတွင် တံခါးတစ်ခုကို တွေ့ရှိရသည်။

ထိုတံခါးပေါ်၌ သော့ခလောက်တစ်ခု ခတ်ထားသည်ကို တွေ့ရသည်။ ဝမ်းဖုန်းသည် အိတ်ထဲမှသော့အား နှိုက်ယူလိုက်ပြီး စမ်းဖွင့်ကြည့်ရန် စိတ်ကူးမိသည်။

သို့သော် သူသည် သေချာစွာ ကြည့်လိုက်သောအခါ ယင်းတံခါးပေါ်မှ သော့ခလောက်၏သော့ပေါက်မှာ မိမိရရှိထားသည့်သော့နှင့် အံမကိုက်သည်ကို တွေ့ရလေသည်။

ထို့ကြောင့် သူသည် ယင်းနေရာမှ ကျော်ဖြတ်သွားပြီး လျှင် ပန်းပဲဆရာဘဘကန်းအား လိုက်ရှာရန် လမ်းဘက်သို့ ပြန်လည်လျှောက်လာခဲ့သည်။

ဤနေရာမျိုးတွင် ပန်းပဲအလုပ်လုပ်သောလူမှာ အလွန်နည်းပါးလှပေသည်။

ထို့ကြောင့် သူက အလွယ်တကူဖြင့် ဘဘကန်း၏ပန်းပဲဖိုသို့ ချောမောစွာ ရောက်ရှိသွားလေသည်။

ဟ ဟ ဟ

ယင်းပန်းပဲဖိုသည် အလွန်သေးငယ်သောအခန်းတစ်ခန်းအတွင်း၌ တည်ရှိလေသည်။

နံရံများသည် မီးခိုးကြောင့်မဲနေ၏။ ကလေးငယ်တစ်ယောက်သည် မီးဖိုအား လေထိုးပေးနေသည်။



မီးတောက်မီးလျှံများသည် ဟုန်းဟုန်းထောင်းထောင်းတက်နေပေသည်။ မီးဖိုရှေ့တွင် အဘိုးအိုတစ်ယောက်ရပ်နေ၏။

ထိုအဘိုးအိုသည် အပေါ်အင်္ကျီများကို ချွတ်ထား၏။

သူ၏နံရိုးများမှာ အပြိုင်းပြိုင်းထနေ၏။ သူ၏ မျက်နှာသည်း အရိုးပေါ် အရေဖုံးနေ၏။

သူသည် လက်တစ်ဖက်ဖြင့် မီးညှပ်ကိုကိုင်ပြီး ကျန်လက်တစ်ဖက်က တူတစ်လက်ကိုကိုင်ထားသည်။

ဝမ်းဖုန်းက သူ့အနီးသို့လျှောက်သွားသည်။

"ဘဘကန်း ဟုတ်လား"

ဘဘကန်းသည်မကြားလိုက်ရသည့်အလား သားရေပေါ်၌ သားလိုးခေါးတစ်ခုကို ထုနေလေသည်။

သူသည်ခေါင်းမော့ပြီး ဝမ်းဖုန်းအားကြည့်လိုက်၏။ ထို့နောက် တူကိုဆက်လက်ထုနေလေသည်။

ဝမ်းဖုန်းက ရှေ့သို့ချဉ်းကပ်သွား၏။ သူသည် မေးရန်ပါးစပ်ဟလိုက်ရာ ဘဘကန်းသည် တူထုရာမှ ရပ်တန့်လိုက်လေသည်။

သူ၏နီရဲသောမျက်လုံးများဖြင့် ဝမ်းဖုန်းအား လှမ်းကြည့်လိုက်သည်။

"ခုနငါ့ကိုခေါ်တာ မင်းလား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ဘဘကန်းက. . . .

"မင်း ဘာတွေလာအပ်မလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ကျုပ်နာမည် ဝမ်းဖုန်းပါ"

ဘဘကန်းမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ငါက မင်းနာမည်ကိုမှ မမေးဘဲ"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ခင်ဗျားက သံပုံးတစ်ခု လာပို့ခိုင်းတယ် မဟုတ်လား"

ဘဘကန်းက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"အဲဒီပုံးကို ခင်ဗျားပေးလိုက်တာလား"

ဘဘကန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က မင်းကိုသိမှမသိဘဲ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘယ်သူလဲ"

ဘဘကန်းက. . . .

"မင်းဟာမင်း သိမှာပေါ့"

ဝမ်းဖုန်းက. . . .

"မသိလို့ အခု ခင်ဗျားဆီကို လာမေးတာပေါ့"

ဘဘကန်းက. . . .

"ကျုပ်လဲ ဘာမှမသိဘူး. . . လူတစ်ယောက်က အဲဒီပုံးကိုပေးပြီး ခဲပိတ်ခိုင်းတာပဲ၊ ပိတ်ပြီးရင် ကြက်တူရွေးဝေဟာက



ဝမ်းဖုန်းဆိုတဲ့လူကို သွားပေးပါလို့မှာလို့ ကျုပ် သွားပေးမလို့ပါ"

ဝမ်းဖုန်းက. . . .

"အဲဒီလူက ဘယ်သူလဲ"

ဘဘကန်းက. . . .

"မသိဘူး"

ဝမ်းဖုန်းက. . . .

"ဒီမှာရှိတဲ့လူတွေအားလုံးကို ခင်ဗျားမသိတဲ့လူတွေများ ရှိသေးလို့လား"

ဘဘကန်းက. . . .

"မရှိဘူးလို့ထင်တာပဲ. . . ကျုပ်က ဒီနေရာမှာမွေးပြီး ဒီမှာကြီးလာတဲ့လူပါ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားကိုလာခိုင်းတဲ့လူဟာ ဒီကလူမဟုတ်ဘူးလို့ ဆိုလိုတာပေါ့"

ဘဘကန်းက. . . .

"အဲဒီလူကို လူလို့ပြောရမှာတောင် ခက်နေတယ်"

ဝမ်းဖုန်းက အံ့အားသင့်သွား၏။

"လူမဟုတ်ရင် သရဲများဖြစ်နေမလား"

ဘဘကန်းက ခေါင်းခါယမ်းလိုက်သည်။

"မင်းက အသက်ငယ်ငယ်နဲ့ သရဲကိုယုံသလား"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

ဘဘကန်းက စကားဆက်လိုက်ပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလူက ကျုပ်ကိုအလုပ်ခိုင်းပြီး ငွေတစ်တုံးပေးလိုက်တယ်"

ဝမ်းဖုန်းက. . . .

"ဒါကြောင့် ခင်ဗျားက သူခိုင်းတာကိုလုပ်ပေးတယ်. . . ဟုတ်လား"

ဘာဘာကန်းက. . . .

"ကျုပ်ကတော့ ငွေပေးခိုင်းရင် လုပ်ပေးတာပါပဲ"

ဝမ်းဖုန်းက. . . .

"အဲဒီဗူးထဲမှာ ဘာတွေရှိတယ်ဆိုတာ ခင်ဗျားသိသလား"

ဘာဘာကန်းက. . . .

"ကျုပ်မှဖွင့်မကြည့်တဲ ဘယ်သိပါ့မလဲ"

ဝမ်းဖုန်းက. . . .

"ခင်ဗျား ဘာဖြစ်လို့ ကျုပ်ဆီကို ကိုယ်တိုင်လာပြီး မပို့တာလဲ"

ဘာဘာကန်းက. . . .

"ကျုပ်ကိုယ်တိုင်မပို့ပေမဲ့ ပို့ပေးတဲ့မိန်းကလေးက ကျုပ်ရဲ့အိမ်နီးချင်းမို့ စိတ်ချယုံကြည်ရပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားပြောတာတွေက အားလုံးမှန်ကန်တယ်လို့ ကျုပ်ထင်ပါတယ်"

ဘာဘာကန်းသည် စကားမပြောတော့ဘဲ သားလိုးဓား



အား ညှပ်၍ ရေထဲသို့ထည့်လိုက်လေသည်။

ရေခိုးရေငွေ့များသည် ဘာဘာကန်း၏တစ်ကိုယ်လုံးအား လွှမ်းခြုံသွားလေတော့သည်။

ॐ ॐ ॐ

ဝမ်းဖုန်းသည် ရေခိုးရေငွေ့အကြားတွင်ရှိနေသော ဘာဘာကန်းအားကြည့်ရင်း စိတ်ထဲ၌ ထိုအဘိုးအိုမှာ အလွန်လျှို့ဝှက်သောလူတစ်ယောက်ဟု သိလိုက်ရလေသည်။

ဘာဘာကန်းက စကားဆက်လိုက်သည်။

"မင်း ဒီမှာစောင့်နေတာ အလုပ်အပ်စရာရှိလို့လား"

ဝမ်းဖုန်းက. . . .

"လူသတ်တဲ့ပစ္စည်းများ ခင်ဗျားလုပ်ပေးသလား"

ဘာဘာကန်းက. . . .

"လူသတ်တဲ့ပစ္စည်းဆိုတာ ဘာလဲ"

ဝမ်းဖုန်းက. . . .

"ဥပမာ ဓားကို့ ဓားမြှောင်တို့ပေါ့"

ဘာဘာကန်းက. . . .

"အသားလှီးဓားကော လူသတ်လက်နက်မဟုတ်လား"

ဝမ်းဖုန်းက. . . .

"မဟုတ်ပါဘူး"

ဘာဘာကန်းသည် ယင်းသားလှီးဓားကို ရေထဲမှဆွဲယူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"အဲဒီဓားက လူကိုသတ်လို့ရသလား . . . မရဘူးလား ဆိုတာ မင်း စမ်းကြည့်ပါ"

ဝမ်းဖုန်းမှာ ကြောင်အမ်းအမ်းဖြစ်သွားသည်။

အသားလှီးသောဓားသည် အသားလှီးရုံသက်သက်သာ မဟုတ်ပါ။ ထက်မြက်သောအရာဝတ္ထုအားလုံးသည် လူကိုသတ်နိုင်ပေသည်။

အသားလှီးဓားသည်လည်း ထက်မြက်သောလက်နက်တစ်မျိုးဖြစ်သည် မဟုတ်ပါလော။

ဘာဘာကန်းက စကားဆက်လိုက်သည်။

"မင်းက ဘယ်လိုလူသတ်တဲ့ပစ္စည်းကို လုပ်မှာလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ် အခုထိ စဉ်းစားလို့မရဘူး"

ဘာဘာကန်းက အေးတိအေးစက်ဖြင့်. . . .

"ဒါဖြင့်လဲ စဉ်းစားလို့ရမှပြောပေါ့"

သူသည်ပြောရင်း တစ်ဘက်သို့လှည့်လိုက်သည်။

ဝမ်းဖုန်းသည် ပခုံးတစ်ချက်တွန့်လိုက်ပြီး ပန်းပဲဖိုမှထွက်ခွာလာလေတော့သည်။

သူသည် မည်သည့်နေရာသို့သွားရမည်နည်း။

❀❀❀



မိုးများသည် တဖွဲဖွဲရွာနေ၏။

သို့သော် ထိုမိုးဖွဲများမှာ မပြောပလောက်အောင်ဖြစ်နေ၍ အကျႌများပင် စိုရွှဲခြင်းမရှိပါ။

သို့သော် ယင်းကဲ့သို့မိုးဖွဲများကြောင့် ရင်ထဲ၌ လွမ်းဆွေးသောခံစားချက်များ ခံစားလာရတော့သည်။

ဝမ်းဖုန်းသည် မိုးဖွဲများကျနေသည့်ကြားမှပင် လမ်းမပေါ်၌ လျှောက်နေ၏။

လေသည် တစ်ချက်တစ်ချက်ငွေ့ယမ်းတိုက်ခိုက်လေ၏။

ကြက်တူရွေးဝေဟာဘက်သို့ တိုက်ခိုက်လေသည်။

လေနှင့်အတူ ဝမ်းဖုန်း၏ခန္ဓာကိုယ်မှာလည်း ကြက်တူရွေးဝေဟာသို့ လွင့်ပါသွားလေသည်။

ဤနေရာသည် သူ၏နေအိမ်ကဲ့သို့ဖြစ်နေသည် မဟုတ်ပါလား။

❀❀❀

အဲဒီဝင်းထဲ၌ ငှက်ပျောပင်သုံးလေးပင်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤမျှ တိုက်ခတ်နေသောလေကြောင့် ငှက်ပျောရွက်များသည် ယိမ်းနွဲ့နေ၏။

ငှက်ပျောပင်များနောက်ကွယ်တွင် အကာမဲ့သော အိမ်ငယ်တစ်လုံးရှိသည်။ အိမ်ငယ်ထဲတွင် ကျောက်စားပွဲနှင့်ကျောက်ကုလားထိုင်များ ရှိသည်။

အပြာရောင် အင်္ကျီရှည်ဝတ်ဆင်ထားသော လူတစ်ယောက်သည် ကျောက်စားပွဲ၌ ထိုင်နေ၏။ ထိုလူသည် ဆံပင်များ ဖြူဖွေးနေသော်လည်း မျက်လုံးများက စူးရှလှပေသည်။

ထိုလူမှာ ဦးစမ်းရယ် ခေါ် ဦးတင့်ဝမ်းဖြစ်သည်။

ကျောက်စားပွဲပေါ်၌ အရက်ကရားတစ်လုံးရှိသည်။

ဦးတင့်ဝမ်း၏လက်ထဲ၌ အရက်ခွက်ကို ကိုင်ထားသည်။

သူသည် အရက်ခွက်အားမြှောက်လိုက်သည်နှင့် ဝမ်းဖုန်းဝင်လာသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းကလည်း ဦးစမ်းရယ် (ခေါ်) ဦးတင့်ဝမ်းအားမြင် တွေ့လိုက်ရလေသည်။

သူသည်ခြေလှမ်းကျဲကျဲဖြင့် လျှောက်သွားရင်း. . . .

"ဒီတစ်ခါ ခင်ဗျား ဘယ်သူ့ကိုစောင့်နေပြန်တာလဲ"

ဦးတင့်ဝမ်းက အရက်ကို အသာအယာသောက်ပြီး . .

"မင်းကို. . . ."

ဝမ်းဖုန်းသည် အိမ်ငယ်ထဲသို့လှမ်းဝင်လိုက်ပြီး. . . .

"ခင်ဗျား ဘာကိစ္စ ကျုပ်ကိုစောင့်ရတာလဲ. . .. လိတာလျှံကို သွားသတ်နိုင်းမလို့လား"



ဦးတင့်ဝမ်းက. . . .

"ဒီအချက်လဲပါတယ်"

ဝမ်းဖုန်းက. . . .

"တခြား ဘာအကြောင်းများရှိသေးလို့လဲ"

ဦးတင့်ဝမ်းက. . . .

"မင်း ဒီညအထိသာ အသက်ရှည်မယ်ဆိုရင် ကျုပ် အရက်တိုက်မလားလို့ ပြောခဲ့တယ် မဟုတ်လား"

ဝမ်းဖုန်းက. . . .

"မနေ့ညက ခင်ဗျားကို ဒီမှာမတွေ့ပါလား"

ဦးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်က သူများအရှုပ်ထဲမှာ ဝင်မရှုပ်ချင်လို့ပါ"

ဝမ်းဖုန်းက. . . .

"ရှန်ရှောင် မနေ့က ဒီမှာရှိတယ်ဆိုတာ ခင်ဗျားသိလို့လား"

ဦးတင့်ဝမ်းက. . . .

"ကျုပ်တစ်ယောက်ထဲ သိတာမှမဟုတ်ဘဲ. . . လူတော်တော်များများ သိထားတယ်"

ဝမ်းဖုန်းက. . . .

"ဒါကြောင့် ခင်ဗျားက အခုမှရောက်လာတယ်ဆိုပါလား"

ဦးတင့်ဝမ်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"မင်း အခုမအားရင်လဲ ညဘက်ကျမှ သောက်လို့ဖြစ်ပါတယ်"

ဝမ်းဖုန်းသည် စကားမပြောတော့ဘဲ အရက်တစ်ခွက်ငှဲ၍ မော့ချလိုက်သည်။

"ခင်ဗျားအရက်က ဘယ်ဆိုးလို့တုန်း"

သူသည်ပြောရင်း ထိုင်ချလိုက်သည်။

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ကောင်းမယ်လေ... ဒီအရက်ဟာ နှစ်ချို့တဲ့ဝါးရွက်စိမ်းအရက်ကိုး"

ဝမ်းဖုန်းက...

"ပထမဆုံးအကြိမ် ခင်ဗျား ကျုပ်ကိုတိုက်တာလဲ ဒီအရက်မျိုးလို့ ကျုပ်မှတ်မိတယ်"

ဦးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"မင်းက မှတ်ဉာဏ်မဆိုးဘူး... ဒါပေမဲ့ သိပ်ကောင်းလှတယ် မဟုတ်လား၊ ပထမဆုံးအကြိမ်ကလဲ မင်းကိုယ်တိုင်ပဲ ယူသောက်တယ် မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"အရက်ကိုရှေ့မှာထားပြီးမသောက်ရရင် ကျုပ်မနေနိုင်လို့ပါ"

သူသည် အရက်တစ်ခွက်ထပ်မံမော့လိုက်ပြီး...

"ခင်ဗျား ဧည့်သည်ကိုတိုက်တဲ့အခါမှာ အခုလို ဝါးရွက်စိမ်းကိုပဲတိုက်တယ် မဟုတ်လား"



ဦးတင့်ဝမ်းက...

"ဒါကတော့ လူကြည့်ပြီးတိုက်ရတာပဲ... တချို့လူကျတော့ ရေနွေးကြမ်းနဲ့ပဲတန်တယ်"

ဝမ်းဖုန်းက...

"ဒါဖြင့် ခင်ဗျားက ကျုပ်ကို အထင်ကြီးတယ်ဆိုပါတော့"

ဦးတင့်ဝမ်းက...

"ဟုတ်ပါတယ်... ကျုပ်က ဒါထက်ကောင်းတဲ့အရက်ကိုတိုက်ချင်ပါတယ်... ဒါပေမဲ့ ဒီနေရာမှာ သူ့ထက်ကောင်းတဲ့အရက်မရှိတော့လို့ဘဲ"

ဝမ်းဖုန်းက...

"အရက်ရှိပြီး အမြည်းမရှိတာ နည်းနည်းတော့ မပြည့်စုံဘူးပေါ့ဗျာ"

ဦးတင့်ဝမ်းက...

"ခင်ဗျား အခုထိ ထမင်းမစားရသေးဘူးလား"

ဝမ်းဖုန်းက...

"ကနေ့ည ကျုပ် ဘယ်မှာစားရမှန်းတောင် မသိဘူး"

ဦးတင့်ဝမ်းက...

"မင်းရဲ့သဘောက ကနေ့ညစာ ကျုပ်ကိုပဲကျွေးခိုင်းတယ်ဆိုပါတော့"

ဝမ်းဖုန်းက...

"ခင်ဗျားက မကျွေးချင်ဘူးလား"

ဦးတင့်ဝမ်းက...

www.burmeseclassic.com

www.burmeseclassic.com



"ကနေ့ညအထိ မင်းရဲ့ဆုံးဖြတ်ချက်ကိုတော ပြောပြနိုင်ပါ့မလား"

ဝမ်းဖုန်းက. . . .

"ကျုပ် အခုပဲဆုံးဖြတ်ထားပါတယ်"

ဦးတင့်ဝမ်းက. . . .

"မင်း သေသေချာချာစဉ်းစားရင် ကောင်းမယ်လို့ယူဆပါတယ်"

သူသည် အရက်ခွက်အားချထားလိုက်ပြီး စကားဆက်ပြန်သည်။

"ကနေ့ည ပထမအုန်းမောင်းခေါက်တဲ့အချိန်မှာ ကျုပ် ဒီကနေပြီး အရက်နဲ့စားသောက်ဖွယ်ရာများကို အသင့်ပြင်ထားပါ့မယ်"

သူသည် ယင်းသို့ပြောပြီးသည့်နောက် ထိုင်ရာမှထလိုက်ပြီး ခြေလှမ်းမှန်မှန်ဖြင့် အိမ်ထဲမှထွက်သွားလေသည်။

ဝမ်းဖုန်းက ဟန့်တားခြင်းမရှိပါ။ အရက်ကရားသည် စားပွဲပေါ်၌ ရှိနေသေးသည်။

ဝမ်းဖုန်းသည် အရက်များအား ငှဲ၍ သောက်နေပြန်လေသည်။

❀❀❀

ပထမအုန်းမောင်းခေါက်သံ ကုန်ဆုံးသွားပြီ ဖြစ်သည်။



ကနေ့ည မိုးမရွာပါ။ သို့သော် လေကပြင်းထန်စွာ တိုက်ခတ်နေ၏။

ပိုးစုန်းကြူးများသည် မြက်ခင်းပေါ်၌ပျံနေ၏။ ပုရစ်အော်သံများသည် ဆူညံစွာ ထွက်ပေါ်နေသည်။

ခြံဝင်းထဲ၌ မီးရောင်များထိန်လင်းနေ၏။ သို့သော် ဝမ်းဖုန်းတစ်ယောက်တည်း ရှိနေသည်။

ယခု ဝမ်းဖုန်းသည် အိမ်ငယ်ထဲ၌ ထိုင်နေ၏။

အကောင်းဆုံးအစားအစာများ၊ အကောင်းဆုံးအရက်များရှိသည့်အပြင် လှပသော မိန်းကလေးနှစ်ယောက်ပင်ရှိနေ၏။

ထိုမိန်းကလေးနှစ်ယောက်သည် သူ့အား ပြုစုနေသည်။

ထို့ကြောင့် ဝမ်းဖုန်းမှာ အရက်မမူးသေးသော်လည်း နှလုံးသားက မူးနေပြီဖြစ်သည်။

သို့သော် သူ၏မျက်နှာမှာမူ မကြည်မသာဖြစ်နေသည်။

မိန်းကလေးတစ်ယောက်က. . . .

"ဟင်းတွေမကောင်းလို့လား ဟင်"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

ကျန်ရှိသောမိန်းကလေးတစ်ယောက်က. . . .

"ကျွန်မတို့ကို မနှစ်သက်ဘူးလား"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်ပြန်သည်။

ပထမမိန်းကလေးက. . . .

"ဒါဖြင့် ဘာဖြစ်လို့ မကြည်မသာဖြစ်နေရတာလဲ"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် စိတ်ညစ်စရာရှိနေလို့"

ဒုတိယမိန်းကလေးက. . . .

"ဘာတွေစိတ်ညစ်နေရတာလဲ"

ဝမ်းဖုန်းက. . . .

"ဝူးတင့်ဝမ်းနဲ့တွေ့တဲ့အခါမှာ ကျုပ် ဘယ်လိုပြောရမှန်း မသိလို့ပါ"

ပထမမိန်းကလေးက. . . .

"သူက ရှင့်ကိုအလုပ်လုပ်ခိုင်းလို့လား"

ဝမ်းဖုန်းက. . . .

"မင်း သိတယ်ဟုတ်လား"

ဒုတိယမိန်းကလေးက ပြုံးလိုက်သည်။

"သူက သူများကိုကျွေးမွေးရင် အလုပ်တာဝန်တစ်ခုခု ပေးထားလို့ပဲဆိုတာ ကျွန်မတို့အဖို့ ရိုးနေပါပြီ"

ဝမ်းဖုန်းက. . . .

"ဟုတ်လား"

ဒုတိယမိန်းကလေးက. . . .

"ရှင်က လက်မခံဘူးဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဒါကြောင့် ကျုပ်ငြင်းရမှာကို အားနာလို့ပါ"

မိန်းကလေးက ပြုံးလိုက်သည်။ ထိုစဉ်မှာပင် အုန်းမောင်းခေါက်သံများသည် ထပ်မံ၍ ပေါ်လာလေ၏။



"ဒေါင်. . . ဒေါင်"

ဝမ်းဖုန်းသည် မျက်မှောင်ကုပ်သွား၏။

"အုန်းမောင်းနှစ်ချက်တောင် ခေါက်ပြီးပြီ. . . ဘယ့်နှယ်မလာသေးပါလား"

ဝမ်းဖုန်း၏မျက်လုံးအစုံသည် စားပွဲပေါ်သို့ ရုတ်တရက် ရောက်သွားသည်။ ဟင်းလျာများက အနည်းငယ်မျှသာ ကျန်တော့သည်ကို တွေ့ရလေသည်။

"နေပါဦး. . . ဒီဟင်းတွေက တစ်ယောက်ထဲစားဖို့အတွက်လား"

မိန်းကလေးနှစ်ယောက်က တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်ပြီး. . . .

"ဟုတ်တဲ့"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဝူးတင့်ဝမ်းရောက်လာရင် ဘာနဲ့သွားစားမလဲ"

ပထမမိန်းကလေးက. . . .

"သူလာတော့မှ နောက်ထပ်တစ်ယောက်စာ ပို့လိုက်ပါဦးမယ်"

ဝမ်းဖုန်းသည် သူမ၏အဖြေအား မကျေနပ်ပါ။

အကြောင်းတစ်ခုခုရှိသည်ဟုလည်း ချက်ချင်းပင် ရိပ်မိလိုက်လေသည်။

ဝမ်းဖုန်းသည်ထိုင်ရာမှ ဆတ်ခနဲထလိုက်ပြီး မိန်းကလေးနှစ်ယောက်၏လက်အား ဆွဲယူလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မှန်မှန်ပြောစမ်း. . . မင်းတို့က ကျုပ်တစ်ယောက်ထဲကိုစည့်ခံဖို့ လာကြတာမဟုတ်လား"

မိန်းကလေးက ထိတ်လန့်သွားပြီး ခေါင်းညိတ်လိုက်၏။

"ဟုတ်. . . ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"သူက ဘာမှာလိုက်သေးသလဲ"

မိန်းကလေးက တုန်တုန်ယင်ယင်ဖြင့်. . . .

"သူက ရှင့်ကိုအချိန်ရသလောက် ဆွဲထားပါလို့ မှာလိုက်ပါတယ်"

ဝမ်းဖုန်းက. . . .

"သူက ဘယ်သွားနေလို့လဲ"

မိန်းကလေးက ခေါင်းခါယမ်းလိုက်သည်။

"မသိပါဘူးရှင်"

ထိုမိန်းကလေး၏ ပြောသောစကားကို ဝမ်းဖုန်းကယုံကြည်သည်။ သူသည် မိန်းကလေးများ၏လက်အား လွှတ်လိုက်ပြီး စဉ်းစားနေ၏။

"ဒီမြေခွေးက ဘယ်သွားပြီး ဘာလုပ်မလို့လဲ. . . သူက ကျုပ်ကို ဘာဖြစ်လို့ ဒီနေရာမှာအချိန်ဆွဲထားရတာလဲ"

ရုတ်တရက် သူသည် တစ်စုံတစ်ခုအား သတိရလာကာ အိမ်ငယ်ထဲမှပြေးထွက်လာလေသည်။

ꩪ ꩪ ꩪ



ခြံဝင်းအတွင်း၌ ပန်းရုံများသည် ဟိုတစ်ရုံ သည်တစ်ရုံဖြင့် အစီအရီရှိနေ၏။ ကျောက်တုံးများဖြင့် ခင်းထားသောလမ်းကလေးပေါ်၌ ကြွေရွက်များက ဖုံးကွယ်နေ၏။

ထိုလမ်းကလေးပေါ်သို့ရောက်ရှိသွားသည်နှင့် ဝမ်းဖုန်း၏ခန္ဓာကိုယ်သည် ရုတ်တရက် အပေါ်သို့ခုန်တက်သွားလေသည်။

တစ်ချိန်တည်းမှာပင် အလင်းရောင်တန်းလေးခုသည် ခြေထောက်အောက်မှ ကျော်လွှားသွားသည်။

သူသည် ခါးကုန်းလိုက်ပြီး မြေပေါ်သို့ပြန်ကျလာသောအခါ အလင်းရောင်တန်းလေးခုက သူ၏ခေါင်းပေါ်မှကျော်သွားသည်။

အကယ်၍သာ သူက အချိန်မီရှောင်တိမ်းနိုင်ခြင်းမရှိခဲ့လျှင် သူ၏ခန္ဓာကိုယ်ပေါ်တွင် အားပါးလေးလက်က စိုက်ဝင်သွားမည်သာဖြစ်သည်။

သူသည် မတ်တတ်ရပ်လိုက်သည်နှင့် အစိမ်းရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် ငှက်ပျောပင်နောက်ကွယ်

www.burmeseclassic.com

www.burmeseclassic.com



မှထွက်လာပြီးလျှင် ဝမ်းဖုန်း၏သွားရာလမ်းကို ပိတ်ဆို့ထားလိုက်လေသည်။

ဝမ်းဖုန်းက သူတို့အား အေးစက်စွာ စိုက်ကြည့်လိုက်သည်။

“မင်းတို့က ဝူးတင့်ဝမ်းရဲ့လူ ဟုတ်လား”

ထိုလူနှစ်ယောက်သည် စကားမပြောဘဲရပ်နေ၏။

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

“ခင်ဗျားတို့နှစ်ယောက်က နားထိုင်းနေသလား... အနေသလား”

ဘယ်ဘက်မှရပ်နေသောလူက...

“မင်းကို ကောင်းကောင်းမွန်မွန် ညှိခံကျွေးမွေးထားတာ ဘာဖြစ်လို့ ကောင်းကောင်းမနေတာလဲ”

ယာဘက်မှရပ်နေသောလူက...

“မင်းက တစ်ယောက်ထဲစားရမှာပျင်းနေရင် ကျုပ်တို့က အဖော်အဖြစ် ဝိုင်းစားပေးပါ့မယ်”

ဝမ်းဖုန်းက...

“ကျုပ်က စားပြီးပြီပဲ”

ဝဲဘက်မှရပ်နေသောလူက အိမ်ထဲသို့ လှမ်းကြည့်လိုက်သည်။

“ဟင်းတွေကျန်နေသေးတာပဲ... ကုန်အောင် မစားရင် နှမြောစရာကောင်းတာပေါ့”

ဝမ်းဖုန်းက...



“လက်ကျန်ကို ခင်ဗျားတို့ပဲ စားလိုက်ပါတော့ဗျာ”

ဝဲဘက်မှရပ်နေသောလူက ပြုံးလိုက်သည်။

“မင်းက သူများကျွေးတဲ့ဟင်းတွေကို သဘောထားကြီးစွာနဲ့ တို့ကို ကျွေးတယ်ပေါ့လေ”

ယာဘက်မှရပ်နေသောလူက...

“ခက်တာက ကျုပ်တို့ဗိုက်ဝနေပြီဗျ... ဒါကြောင့် မစားတော့ပါဘူးလေ၊ ဒါပေမဲ့ မင်းနောက်ကိုတော့ လိုက်နေရမှာပဲ”

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

“ဒီလိုဆိုရင် ခင်ဗျားတို့က ကျုပ်ရဲ့အောက်လက်ငယ်သား ဖြစ်မသွားဘူးလား”

ဝဲဘက်မှရပ်နေသောလူက...

“ငွေသာရမယ်ဆိုရင် ဘာပဲဖြစ်ဖြစ် လုပ်ရမှာပေါ့”

ဝမ်းဖုန်းက...

“ကျုပ်က ဘိုင်ကောင်ဆိုတာ ခင်ဗျားတို့မသိသေးဘူးထင်တယ်”

“စိတ်ချ... ကျုပ်တို့က ငွေရပြီးပါပြီဗျာ”

ဝမ်းဖုန်းက...

“ဝူးတင့်ဝမ်းက ပေးလိုက်တယ် ဟုတ်လား”

ယာဘက်မှရပ်နေသောလူက ခေါင်းညိတ်လိုက်သည်။

“ဟုတ်ပါတယ်”

ဝမ်းဖုန်းက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့က ဦးတင့်ဝမ်း ငွေနဲ့ပေးငှားတဲ့သူတွေကိုး"

သူသည် လက်ယပ်ခေါ်လိုက်ပြီး. . .

"ကောင်းပြီလေ. . . ကျုပ် အနုအပြင်သွားစရာရှိတယ်. . . လိုက်ခဲ့ကြပေတော့"

ထိုလူနှစ်ယောက်က မလှုပ်မယှက်ရပ်နေ၏။

ဝဲဘက်မှရပ်နေသောလူက. . .

"မင်း ဒီမှာရှိနေရင် ကျုပ်တို့က မင်းရဲ့နောက်လိုက်ဖြစ်တယ်၊ ဒါပေမဲ့ ဒီကနေ အပြင်ရောက်သွားရင် မဟုတ်တော့ဘူးဗျ"

ဝမ်းဖုန်းက. . .

"ဘာဖြစ်လို့လဲ"

ဝဲဘက်မှရပ်နေသောလူက. . .

"ကျုပ်တို့က အသက်ကိုခြွေတဲ့ လူသတ်သမားပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘယ်သူ့အသက်ကိုခြွေမှာလဲ"

ယာဘက်မှရပ်နေသောလူက. . .

"မင်းအသက်ကိုပေါ့"

ဝဲဘက်မှရပ်နေသောလူက စကားဆက်လိုက်သည်။

"မင်း အိမ်ငယ်ထဲမှာသွားပြီး အေးအေးဆေးဆေးထိုင်နေရင် မင်းရဲ့အသက်ကို တို့ကမခြွေတော့ဘူး"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာပဲဗျာ. . . ကျုပ်အပြင်မသွားလို့ကို မဖြစ်ဘူး



ဗျ"

ဝဲဘက်မှရပ်နေသောလူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းက ဒီလောက်သေချင်ရင်တော့ ကျုပ်တို့လဲ မဆတ်နိုင်ဘူးဗျ"

ယာဘက်မှရပ်နေသောလူက. . .

"ဦးတင့်ဝမ်းရဲ့ငွေကိုရဖို့ဟာ မလွယ်လိုက်ပါလား"

သူတို့သည် ပြောပြီးသည်နှင့် နှစ်ပေခန့်ရှည်သော ဓားတစ်လက်စီ ဆွဲထုတ်လိုက်ကြသည်။

ဝမ်းဖုန်းက ရုတ်တရက် ရယ်မောလိုက်သည်။

"ခင်ဗျားတို့က ဓားအတိုပဲသုံးတတ်တယ် ဟုတ်လား"

ဝဲဘက်မှရပ်နေသောလူက အံ့ဩသွားသည်။

"ဟုတ်တယ်လေ. . . အဲဒါ ဘာဖြစ်သလဲ"

ဝမ်းဖုန်းက. . .

"ခင်ဗျားတို့ ဦးတင့်ဝမ်းက ကျုပ်ကိုမသိလို့ ဖြစ်ပါလိမ့်မယ်၊ ဘယ့်နှယ် ဓားအတိုကိုအသုံးပြုတဲ့လူနှစ်ယောက်ကို လွှတ်လိုက်ရတာလဲ"

ယာဘက်မှရပ်နေသောလူ. . .

"မင်းကလဲ ဓားအတိုကိုအသုံးပြုတယ် ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . မင်းတို့သုံးတဲ့ဓားထက် တိုသေးတယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောရင်း ဓားကိုဆွဲထုတ်လိုက်လေသည်။

သူ၏ဓားသည် ထိုလူနှစ်ယောက်အသုံးပြုသောဓားထက် ပေတစ်ဝက်ခန့် တိုနေသည်။ ထိုလူနှစ်ယောက်သည် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

❀ ❀ ❀

သိုင်းလောကတွင် လက်နက်အသုံးပြုသောလူများသည် ၎င်းတို့ကိုင်ဆောင်သောလက်နက်များမှာ တစ်လက်မပိုတိုသွားလျှင် ပို၍ကြောက်စရာကောင်းသည် ဟူသောစကားရှိသည်။

ထိုတိုတောင်းသောလက်နက်များကို အသုံးပြုသောလူသည် သူ၏သိုင်းပညာမှာ အလွန်အဆင့်မြင့်သည်။ သို့မဟုတ် သေရမည်ကိုလုံးဝမကြောက်သောလူ ဖြစ်ရမည်ဟုလည်း အားလုံးက နားလည်ထားလေသည်။

မည်သို့ဆိုစေ ထိုလူမျိုးနှစ်မျိုးစလုံးမှာ အလွန်ကြောက်စရာကောင်းသည်မှာ မလွဲပေ။ ဝဲဘက်မှာရှိသောလူက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း . . . ဥးတင့်ဝမ်းရဲ့ငွေကိုရဖို့ မလွယ်ပါလားနော်"

ယာဘက်မှာရှိသောလူက ပြုံးလိုက်သည်။

"သူ့ရဲ့သိုင်းပညာ သိပ်အဆင့်မမြင့်ပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေပြီဗျ"

ဝဲဘက်မှာရှိသောလူက . . .



"ဒီလိုလက်နက်မျိုးအသုံးပြုတဲ့သူဟာ သိုင်းပညာတော်သာမဟုတ်ရင် အသက်ကိုစွန့်ပြီး တိုက်ခိုက်တဲ့လူစားမျိုး ဖြစ်တတ်တယ်ဗျ"

ယာဘက်မှာရှိသောလူက ပြုံးလိုက်သည်။

"ကံမှာမရှိပါဘူးလေ . . . ကျုပ်တို့ကလဲ ဒီအတိုင်းပဲ မဟုတ်လား"

ဝဲဘက်မှလူက ရယ်မောလိုက်သည်။

ယခု ဝမ်းဖုန်းက မရယ်နိုင်တော့ပါ။

ထိုစဉ်မှာပင် ထိုလူနှစ်ယောက်သည် ရုတ်တရက် ထခုန်လိုက်ပြီး ဓားတိုကလေး လေးလက်ဖြင့် ဝမ်းဖုန်းအား တိုက်ခိုက်လိုက်လေသည်။

သူတို့၏တိုက်ခိုက်ပုံမှာ ကိုယ့်ကိုကိုယ် ကာကွယ်မှုမရှိဘဲ တစ်ဖက်လူကိုသာ အသေသတ်နည်းဖြစ်လေသည်။ ယခုမှ ဝမ်းဖုန်းသည် ဥးတင့်ဝမ်း၏အကြံကြီးပုံကို ရိပ်စားမိလာလေသည်။

ဥးတင့်ဝမ်းက အဘယ့်ကြောင့် ယင်းကဲ့သို့လူစားမျိုးအား စေလွှတ်လိုက်သည်ကို သဘောပေါက်လာလေသည်။

ဝမ်းဖုန်းသည် မဆုတ်နိုင်တော့ပါ။ သူသည် အသက်စွန့်၍သာ တိုက်ခိုက်လိုက်ရလေသည်။

ဝဲဘက်မှလူသည် ခုန်ဝင်လာသည်နှင့် ဝမ်းဖုန်း၏ဓားသည် သူ၏ဝမ်းဗိုက်ထဲသို့ ထိုးဝင်သွားလေသည်။

ထိုလူသည် မိမိ၏အသက်ကို ပဓာနမထားဘဲ လက်ထဲမှ ဓားနှစ်လက်ဖြင့် ဝမ်းဖုန်း၏ရင်ဘတ်သို့ ထိုးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူတို့က အသက်စွန့်ရဲသော်လည်း လှုပ်ရှားမှုက လျင်မြန်ခြင်းမရှိပါ။

ဝမ်းဖုန်း၏ဓားသည် တအားစိုက်သွင်းလိုက်ပြီးနောက် ပြန်ဆွဲထုတ်လိုက်သည်။ ထိုလူ၏ စိုက်လာသော ဓားနှစ်လက်ကိုလည်း ကပျာကယာ ရှောင်တိမ်းလိုက်လေသည်။

"ဗိုး. . . ."

ဓားနှစ်လက်သည် ဝမ်းဖုန်း၏နားနှစ်ဘက်မှကပ်၍ သီသီကလေး လွတ်သွားလေသည်။

"ဝုန်း. . . ."

ဝဲဘက်မှလူသည် မြေပေါ်သို့လဲကျသွားလေသည်။

ထိုစဉ်မှာပင် ယာဘက်မှာရှိသော လူ၏ခန္ဓာကိုယ်သည် လေပေါ်၌ ကွမ်းတစ်ပတ်ပစ်ကာ သူ့လက်ထဲမှ ဓားနှစ်လက်ဖြင့် ဝမ်းဖုန်း၏ခေါင်းပေါ်သို့ စိုက်ချလိုက်သည်။

ဝမ်းဖုန်းသည် မြေပေါ်သို့လှဲချလိုက်ပြီး လူးလိမ့်၍ ရှောင်တိမ်းလိုက်သည်။

တစ်ဆက်တည်းမှာပင် သူ၏ခြေထောက်နှစ်ဖက်သည် ထိုလူ၏ခန္ဓာကိုယ်သို့ ဆောင့်ကန်လိုက်ရာ. . .

"ဝုန်း. . . ."

ထိုလူ၏ခန္ဓာကိုယ်သည် ငှက်ပျောပင်များကြားသို့ လွင့်စင်ကျသွားပြီး သူ့လက်ထဲမှဓားသည် သူ၏ရင်ဝသို့ စိုက်ဝင်သွားလေသည်။

ဝမ်းဖုန်းသည် မြေပေါ်မှထလိုက်သည်။



သူသည် ထိုလူနှစ်ယောက်အား တစ်ချက်ကြည့်လိုက်ပြီး ပေါ်မှကျော်လွှားကာ အပြင်သို့ခုန်ထွက်သွားလေသည်။

လမ်းကြားထဲမှတစ်ဆင့် သူသည် လမ်းမပေါ်သို့ ရောက်သွားသည်။ လမ်းမပေါ်၌ သူတစ်ယောက်တည်းသာရှိနေသည် မဟုတ်ပါလော။

သူသည် သက်ပြင်းလေးလေး တစ်ချက်ချလိုက်ပြီး ရှေ့သို့တစ်လှမ်းချင်း လှမ်းသွားလေတော့သည်။

❀ ❀ ❀

အုန်းမောင်းခေါက်သံသည် နှစ်ချက်တိတိ ခေါက်သွားပြီဖြစ်သည်။

လပန်းသည် အရောင်မှိန်စပြုလာသည်။ ကြယ်ကလေးများကိုလည်း ကျိုးတိုးကျဲကျဲ တွေ့ရသည်။

လမ်းမကြီးတစ်ခုလုံးမှာ မီးရောင်မရှိပါ။

ညရက်များကောင်း. . ညလမ်းမကြီးသည် ညဉ့်ဝက်သို့ ရောက်ရှိလာသောအခါ အလွန်ခြောက်သွေ့သွားလေသည်။

ကနေ့ည ပိုးစုန်းကြူး၏အလင်းရောင်များသည် ခြောက်ခြားစေသည်ဟု ထင်ရပေသည်။

ဝမ်းဖုန်းသည် လမ်းမကြီးမှကျော်လွှားသွားပြီးနောက် အိမ်တလုံး၏ခြံဝင်းရှိရာသို့ ရောက်ရှိသွားလေသည်။

ဝမ်းဖုန်းသည် ခြံဝင်းအိမ်နံရံပေါ်သို့ ရောက်ရှိသွားသည်

www.burmeseclassic.com

www.burmeseclassic.com



နှင့် အိမ်မြောင်တစ်ကောင်ပမာ နံရံပေါ်သို့တွယ်ကပ်၍ တက်သွားလေသည်။

နံရံထိပ်မှတစ်ဆင့် ခေါင်မိုးပေါ်သို့ရောက်ရှိသွားသည်။

ထို့နောက် သူသည် ခေါင်မိုးပေါ်၌ မှောက်လျက်အိပ်ကာ အတွင်းဘက်သို့ ချောင်းကြည့်နေ၏။

ခြံဝင်း၏တံခါးအနီးတွင် မီးပုံနှစ်ခုရှိသည်။

အဖြူရောင်ဝတ်ဆင်ထားသော လူလေးယောက်သည် ဓားကိုယ်စီဖြင့် မီးပုံဘေး၌ ရပ်လျက်နေ၏။ မီးရောင်ဖြင့် ဓားရောင်များသည် ဝင်းလက်တောက်ပနေ၏။

ထူးခြားသည်မှာ ခြံဝင်းတံခါးကို အစွမ်းကုန်ဖွင့်ထား၏။

ထိုအဖြူရောင်ဝတ်ဆင်ထားသောလူများမှာလည်း ထိုတံခါးပေါက်အား စောင့်ကြပ်နေကြ၏။

ဝမ်းဖုန်းသည် အခြေအနေမဟန်မှန်းကို ချက်ချင်းသိလိုက်လေသည်။ ထိုအဖြူရောင်ဝတ်ဆင်ထားသောလူမှာ ဤခြံဝင်း၏ ကင်းစောင့်များ မဖြစ်နိုင်ဟုလည်း အကဲခတ်မိလေသည်။

သူသည် ခေါင်မိုးပေါ်မှဝပ်တွားလာရာ အနောက်ဘက်သို့ ရောက်ရှိသွားလေသည်။

ခြံဝင်း၏အနောက်ဘက်၌ မှောင်မဲနေ၏။ မှေးမှိန်သောလရောင်အောက်တွင် ထိုသံတံခါးအား ဝိုးတဝါး တွေ့မြင်ရလေသည်။

ဝမ်းဖုန်းသည် အောက်သို့အသာအယာ ခုန်ဆင်းလိုက်သည်။ သူသည် သံတံခါးရှိရာသို့ လျှောက်သွားလေသည်။



ထို့နောက် တံခါးအနီးသို့ နားတစ်ဖက်ကပ်၍ နားစွင့်လိုက်သည်။ အတွင်းဘက်၌ တိတ်ဆိတ်၍နေလေသည်။

သူသည် တံခါးပေါ်မှ သော့ပေါက်ကလေးများအား လက်နှင့် စမ်းသပ်ကြည့်သည်။ ကျန်ရှိသောလက်တစ်ဖက်ဖြင့် သော့နှစ်ချောင်းအား နှိုက်ထုတ်လိုက်သည်။

သော့အပေါက်အား စမ်းကြည့်လိုက်ရာ သော့အကြီးကို အသုံးပြုရမည်ဟု ချက်ချင်းသိလိုက်၏။

သူသည် သော့အကြီးဖြင့် သော့ပေါက်ထဲသို့ထိုးသွင်းပြီး လှည့်လိုက်ရာ. . .

"ချက်. . . "

ဟူသော အသံကိုကြားလိုက်ရလေသည်။

ဝမ်းဖုန်းက လက်ဖြင့်တွန်းလိုက်သည်။ သို့သော် သံတံခါးမှာ လုံးဝရွေ့လျားခြင်း မရှိပါ။

သူသည် မျက်မှောင်ကုပ်သွား၏။

သော့အားထုတ်ယူလိုက်ပြီး လက်နှစ်ဖက်ဖြင့် ထပ်တွန်းကြည့်လိုက်လေသည်။ ဤတစ်ကြိမ်သံတံခါးသည် အနည်းငယ်ပွင့်သွားသည်ကို တွေ့ရလေသည်။

သူက ဝမ်းသာသွားသည်။ ထပ်မံပြီး အားပြု၍ တွန်းလိုက်လေသည်။ သံတံခါးသည် အလွန်လေးလံသဖြင့် လူတစ်ယောက်ဝင်နိုင်ရန် မနည်းပင်တွန်းနေရသည်။

ဝမ်းဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး အခန်းထဲသို့ လှမ်းဝင်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲ၌ မှောင်မဲနေ၏။ သူသည် တစ်စုံတစ်ယောက် ကပုန်းကွယ်၍ ချောင်းမြောင်းတိုက်ခိုက်မည်ကို စိုးရိမ်နေသဖြင့် ခြေလှမ်းမရပ်ဘဲ ရှေ့သို့ပြေးသွားလေသည်။

"ပလုံ. . . ."

သူ၏ခန္ဓာကိုယ်သည် ရေကန်တစ်ခုထဲသို့ ထိုးကျသွားသည်ဟု ခံစားလိုက်ရလေသည်။

ဿ ဿ ဿ

ရေသည် ရေခဲတမျှ အေးစိမ့်နေ၏။

ဝမ်းဖုန်းသည် ရေပြင်ပေါ်သို့ ခေါင်းပြူလိုက်သောအခါ ဦးနှောက်မှာ ကြည်ကြည်လင်လင် ဖြစ်သွားလေသည်။

ကံကောင်းထောက်မသဖြင့် ရေကန်မှာ ရေသိပ်မနက်လှပေ။ ရေကန်၏ပတ်ဝန်းကျင်တွင် ကြာပန်းကြာရွက်များ ပြည့်နှက်နေသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းသည် မျက်လုံးကို မှိတ်ထားလိုက်ပြီး ပြန်ဖွင့်လိုက်တော့မှ ပတ်ဝန်းကျင်အား ပီပီပြင်ပြင် တွေ့လိုက်ရလေတော့သည်။

ယခုမှ သူထင်ထားသည့်အတိုင်း သူ၏အနီးတဝိုက်တွင် ကြာပန်းနှင့်ကြာဖက်များ ဝိုင်းရံနေသည်ကို တွေ့ရလေ၏။

ရုတ်တရက် ကြာပန်းထဲမှ လက်တစ်ဖက်အား တွေ့လိုက်ရသည်။



သူသည် ရင်ထိတ်သွားသည်။ သို့သော် ထိုလက်တစ်ဖက်မှာ မလှုပ်မယှက်ဖြစ်နေသည်ကို တွေ့ရသဖြင့် သူသည် ထိုလက်အား လျှပ်တစ်ပြက် ဖမ်းဆွဲလိုက်သည်။

ထိုလက်တစ်ဖက်သည် သူဖမ်းဆွဲရာသို့ ပါလာလေသည်။ သို့သော် လက်ပြတ်ဖြစ်နေသည်ကို အံ့ဩစွာ တွေ့ရှိရလေသည်။

ဝမ်းဖုန်းသည် ရင်ထိတ်သွားပြီးလျှင် ရေကန်၏ကမ်းစပ်သို့ ပြေးလာပြီးလျှင် အပေါ်သို့တက်လိုက်လေသည်။

ဿ ဿ ဿ

လက်ပြတ်သောပိုင်ရှင်သည် ရေကန်အနီးရှိ သစ်ပင်တစ်ပင်အောက်တွင် ထိုင်နေ၏။ သူ့ကိုယ်ပေါ်တွင်ဝတ်ဆင်ထားသော အဖြူရောင်အင်္ကျီမှာ သွေးများစွန်းနေ၏။

ဓားဟောက်တစ်လက်သည် သူ၏ရင်ဝသို့ စိုက်ဝင်နေ၏။ ယင်းကဲ့သို့သော ဓားဟောက်မျိုးကို သူသည် တစ်ကြိမ်က တွေ့ခဲ့ဖူးသည်။

ထိုတစ်ကြိမ်မှာလည်း သူကိုယ်တိုင် ထိုဓားဟောက်ကြောင့် အသက်သေလုမျောပါးဖြစ်ခဲ့သည် မဟုတ်ပါလော။

သူ၏မျက်လုံးများသည် ထိုလူ၏အနီးသို့ ရောက်သွားခဲ့သည်။ မြေပေါ်၌ အနက်ရောင်ဝတ်ဆင်ထားသော လူတစ်ယောက်၏အလောင်းနှင့် အဖြူရောင်ဝတ်ဆင်ထားသော လူ၏

www.burmeseclassic.com

www.burmeseclassic.com



အလောင်းအား ထပ်မံတွေ့ရှိရလေသည်။

ယင်းသို့တွေ့ရှိလိုက်တော့မှ ထိုအနက်ရောင်ဝတ်ဆင်ထားသောလူသည် အဖြူရောင်ဝတ်ဆင်ထားသော လူသုံးယောက်နှင့် တိုက်ခိုက်ပြီး သေဆုံးသွားခြင်းဖြစ်သည်ဟု သူ ရိပ်စားမိလိုက်၏။

ယင်းအနက်ရောင်ဝတ်ဆင်ထားသောလူမှာ လိတလျှံ၏လူ ဖြစ်သည်။ အဖြူရောင်ဝတ်ဆင်ထားသော လူသုံးယောက်မှာ ဝူးတင့်ဝမ်း၏ကိုယ်ရံတော်များဖြစ်ကြသည်ကို သူက သိလိုက်လေသည်။

ယခု ခြံဝင်းတစ်ခုလုံးမှာ တိတ်ဆိတ်သွားပြီဖြစ်သည်။ တိုက်ခိုက်သံများကို လုံးဝမကြားရတော့ပါ။

အခြေအနေမှာ ဝူးတင့်ဝမ်းဘက်က အသာစီးရထားသည်မှာ ထင်ရှားလှပေသည်။ ဝမ်းမုန်းသည် ယင်းသို့ အတန်ကြာကြည့်ပြီးနောက် ရှေ့သို့ဆက်၍ လျှောက်သွားလေသည်။

ꩻꩻꩻ

လေသည် တဟူးဟူးတိုက်ခတ်နေ၏။

ထိုနေ့ညအဖို့ ယခင်ညများထက် ပို၍ပြင်းထန်သည်ဟု ထင်ရသည်။ ခြံဝင်းတစ်ခုလုံးမှာ သွေးများ၏အနံ့အသက်များက ဖုံးလွှမ်းနေ၏။

စည့်ခန်းရှေ့တွင် အဖြူရောင်ဝတ်ဆင်ထားသော လူ



စ်ယောက်သည် လက်တစ်ဖက်က မီးအိမ်ကိုကိုင်ထားပြီး ကျန်က်တစ်ဖက်မှာမူ ဓားတစ်လက်ကို ကိုင်ထား၏။

သူသည် အခန်းရှေ့တွင် ခေါက်တုံ့ခေါက်ပြန်လျှောက်၍ ကင်းစောင့်နေ၏။

သူ၏အဖြူရောင်အင်္ကျီပေါ်တွင်လည်း သွေးများစွန်းနေည်။ သူသည် အမှောင်ထုကကွယ်နေသဖြင့် ရောက်ရှိလာသောဝမ်းဖုန်းအား မမြင်တွေ့ရပါ။

ဝမ်းဖုန်းသည် ခေါင်မိုးပေါ်သို့ပြန်လည်၍ တက်သွားသည်။ ထို့နောက် ခေါင်မိုးပေါ်မှ အုတ်ကြွပ်ပြားတစ်ချပ်ကို လိုက်ပြီး အောက်အခန်းအတွင်းသို့ ချောင်းကြည့်နေလေ၏။

သူသည် လပ်နေသော အုတ်ကြွပ်ပြားအပေါက်မှ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဧည့်ခန်းတစ်ခုလုံးကို တွေ့မြင်ရလေည်။

ထိုအခန်းမှာကျယ်ဝန်းပြီး ခန့်ညားသော ဧည့်ခန်းတစ်ခုဖြစ်သည်။ မီးရောင်များ ထိန်လင်း၍နေသည်။

ဧည့်ခန်းအတွင်းရှိ ပရိဘောဂများသည် ထည်ဝါပြီးခြင်း မရှိသေးပါ။

ဝူးတင့်ဝမ်းမှာလည်း ဖော်ရာမရှိပါ။ ယခု သူ၏ကိုယ်၌ အဖြူရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။

အင်္ကျီပေါ်၌ သွေးများစွန်းနေ၏။ သူသည် မားမားမတ်ုင်နေပြီး လက်နှစ်ဖက်ကို ကျောင်းဟျစ်ပါအောင် ဆုပ်ထား သူခေါင်းပေါ်မှဆံပင်များသည် ရှုပ်ပွ၍နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူ၏ပုံသဏ္ဍာန်မှာ မြေခွေးတစ်ကောင်နှင့် မတူတော့ဘဲ အားမာန်အပြည့်အဝရှိသော ခြင်္သေ့တစ်ကောင်နှင့် တူလှပေသည်။

သူ၏ဝဲဘက်၌ အဖြူရောင်အင်္ကျီဝတ်ဆင်ထားသော လူလေးယောက်ရှိသည်။ ထိုလူလေးယောက်သည် ဒဏ်ရာအသီးသီးရထားကြသော်လည်း မားမားမတ်မတ် ရပ်နိုင်သေးသည်။

ယခု သူတို့သည် ခြံဝင်းတစ်ခုလုံးအား အပိုင်စီးထားလိုက်နိုင်ပြီ ဖြစ်လေသည်။

ဝမ်းဖုန်းက သူ့အား စောင့်နေသောအချိန်သည် သူက သူ၏ လက်အောက်ငယ်သားများနှင့်အတူ ခြံဝင်းထဲသို့ ရုတ်တရက် ဝင်ရောက်တိုက်ခိုက်လိုက်သောအချိန် ဖြစ်သည်။

တိုက်ပွဲပြီးဆုံးသွားသောအခါ သူ့တွင်ပါလာသော လူ (၆၀)အနက် အသက်ရှင်ပြီးကျန်ရစ်ခဲ့သူမှာ (၁၀)ယောက်ပင် မပြည့်တော့ပေ။

လီတလျှံ၏လူများသည် ပြင်းထန်စွာ ဒဏ်ရာများစွာရရှိထားကြပြီး သေဆုံးသောလူများမှာ သေဆုံးသွားကုန်ကြလေသည်။

အသက်မသေသေးသောသူများမှာလည်း အဖမ်းခံထားကြရလေသည်။ ယခု ဧည့်ခန်းထဲ၌ ပူးတင့်ဝမ်း၏လူများမှာ (၁၀)ယောက်ခန့်သာ ရှိသည်။

လီတလျှံ၏လူမှာ (၅)ယောက်သာ ကျန်၏။ ထိုလူ(၅)ယောက်တို့မှာ မိန်းမများသာ ဖြစ်ကြလေ၏။



ထို့ကြောင့် ပူးတင့်ဝမ်းက အောင်နိုင်လိုက်သည်ဟု ဝမ်းသာနေခြင်း ဖြစ်လေသည်။

သို့သော် ထိုမိန်းမသား(၅)ယောက်တို့၏ မျက်နှာများပေါ်တွင် ကြောက်ရွံ့တုန်လှုပ်သည့် အရိပ်အယောင်များကို မတွေ့ကြရချေ။

အမျိုးသမီး(၅)ယောက်သည် ဧည့်ခန်း၏အလယ်တွင် အေးဆေးစွာ ရပ်နေကြ၏။ ထိုအမျိုးသမီး(၅)ယောက်အနက် နှစ်ယောက်က ဝဲဘက်သို့ နေရာယူထားသည်။

နှစ်ယောက်က ယာဘက်တွင်နေရာယူထားပြီး ကျန်တစ်ယောက်မှာ အလယ်ဗဟိုတွင် ရပ်နေ၏။

ထိုအမျိုးသမီး(၅)ယောက်၏အသက်မှာ မငယ်ကြတော့ချေ။ သို့သော် သူတို့၏ကိုယ်လုံးကိုယ်ပေါက်မှာ အချိုးအစားပြေပြစ်လှသည်။

သူတို့၏ရုပ်ရည်များမှာလည်း ချောမောလှပကြလေသည်။

ပူးတင့်ဝမ်း၏မျက်လုံးအစုံသည် အလယ်တွင်ရပ်နေသော အမျိုးသမီးအား မျက်တောင်မခတ် စိုက်ကြည့်နေ၏။

ဝမ်းဖုန်းသည် ထိုအမျိုးသမီး(၅)ယောက်အနက် အလယ်တွင်ရပ်နေသော အမျိုးသမီးမှာ ငှက်ကျွန်း၏မိခင် လီတလျှံ ဖြစ်မည်ဟု ယူဆသွားသည်။

သို့သော် သူမ၏အသက်အရွယ်သည် ငှက်ကျွန်း၏မိခင် ဖြစ်နိုင်ဟုလည်း တွေးမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု လိတလျှံကလည်း ဦးတင့်ဝမ်းအား စိုက်ကြည့်နေ၏။

သူတို့သည် စကားမပြောကြပါ။ ဆက်၍ တိုက်ခိုက်ခြင်းလည်းမပြုဘဲ ရပ်၍နေကြလေသည်။

* * *

"ဒေါင်. . . ဒေါင်. . . ဒေါင်"

အုန်းမောင်းခေါက်သံသည် သုံးချက်တိတိ ထွက်ပေါ်လာသည်။

"ဟား. . . ဟား. . . ဟား"

ဦးတင့်ဝမ်းက ရုတ်တရက် ရယ်မောလိုက်ပြီး ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။ သူ၏လူများမှာလည်း ပြိုင်တူရှေ့သို့ ခြေတစ်လှမ်းတိုး လိုက်ကြလေသည်။

သူတို့၏ လက်ထဲမှဓားများသည် သွေးများ စွန်းနေ၏။

မီးရောင်အောက်တွင် ဓားရောင်များမှာ ဖွေးခနဲလက်သွားလေသည်။

ထိုအမျိုးသမီး(၅)ယောက်အနက် အလယ်ဗဟိုတွင်ရပ်နေသော လိတလျှံမှအပ ကျန်ရှိနေသော အမျိုးသမီး(၄)ယောက်တို့မှာ မျက်နှာကွက်ခနဲ ပျက်သွားကြလေသည်။

ဦးတင့်ဝမ်းသည် ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်ပြီးနောက် ရပ်တန့်သွားလေသည်။



"လိတလျှံ. . . ."

သူကစတင်၍ ခေါ်လိုက်သည်။

အလယ်တွင်ရပ်နေသော အမျိုးသမီးက ပြုံးလိုက်သည်။

"ဦးတင့်ဝမ်း. . . ."

ဟု ပြန်ခေါ်လိုက်လေသည်။

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"လိတလျှံဆိုတာ ခင်ဗျားရဲ့နာမည်အရင်းလား"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မနာမည်ရင်းက မခေါ်တာကြာလို့ မေ့သွားပါပြီရှင်"

ဦးတင့်ဝမ်းက မျက်မှောင်ကုပ်သွားသည်။

"ကိုယ့်နာမည်ကိုယ်မေ့တယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

လိတလျှံက. . . .

"ဟုတ်ပါတယ်ရှင်"

ဦးတင့်ဝမ်းက. . . .

"ထားပါတော့လေ. . . လိတလျှံဆိုတဲ့ နာမည်ကပဲ သို့ကောင်းပါတယ်"

လိတလျှံက ပြုံးလိုက်သည်။

ဦးတင့်ဝမ်းက စကားဆက်လိုက်သည်။

"လူကလဲ တော်တော်လှပါတယ်ဗျာ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခင်ဗျား သိပ်လှတဲ့အကြောင်းကို ကျော်ကြားခဲ့တာကြာ

www.burmeseclassic.com

www.burmeseclassic.com



ပါပြီ၊ ခင်ဗျားကိုလဲ သိပ်တွေ့ချင်ပါတယ်ဗျာ၊ အခုမှပဲ တွေ့ခွင့်ရတော့တယ်"

လိတလျှံက. . . .

"ရှင်အခုလို ကျွန်မရဲ့လူများကိုတိုက်ခိုက်ပြီး ခြံဝင်းထဲကိုဝင်တာဟာ ကျွန်မကိုတွေ့ချင်လို့ ဟုတ်လား"

ဦးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်"

သူသည် ချောင်းတစ်ချက်ဟန့်လိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"တို့တစ်ယောက်နဲ့တစ်ယောက် မျက်နှာစုံညီဆွေးနွေးတိုင်ပင်မှလဲ တို့ရဲ့မပြေလည်တဲ့ကိစ္စတွေ ပြေလည်သွားမယ် မဟုတ်လား"

လိတလျှံက. . . .

"ကျုပ်တို့မှာ မြေပိုင်ခွင့်နဲ့ပတ်သက်ပြီး မကြာမကြာ အငြင်းအခုန်ဖြစ်ခဲ့ကြတယ် မဟုတ်လား"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က ဒီမှာရှိတဲ့မြေအားလုံးကိုဝယ်ဖို့ဆုံးဖြတ်ထားပါတယ်၊ ဒါပေမယ့် အခုထိ မြေတစ်ဝက်ပဲဝယ်နိုင်ပါသေးတယ်"

လိတလျှံက. . . .

"ရှင် ဒီရောက်လာတာ ဘယ်လောက်ကြာပြီလဲ"



ဦးတင့်ဝမ်းက. . . .

"(၃)နှစ် ရှိပြီ"

လိတလျှံက. . . .

"ရှင် ဒီမြို့ကဟုတ်မယ်မထင်ဘူး"

ဦးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်က တခြားနယ်ကပြောင်းလာသူပါ"

လိတလျှံက. . . .

"ဒါကြောင့် ရှင်နဲ့ကျွန်မနဲ့ဟာ အတူတူပါပဲ. . . ဒီမြို့က ...ပြီး ဒီမြို့မှာကြီးပြင်းလာတဲ့လူတွေ မဟုတ်ပါဘူး၊ ဒါကြောင့် ...ာမြေတွေကိုပိုင်ချင်ရင် ငွေအကုန်အကျခံရလိမ့်မယ်"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က ငွေအကုန်အကျခံနိုင်ပါတယ်"

လိတလျှံက. . . .

"ကျွန်မလဲ ရှင့်လိုပဲငွေအကုန်အကျခံနိုင်ပါတယ်. . . ...ဲ့ ကျွန်မက ရှင့်ထက် ဟစ်နှစ်စောပြီး ဒီကိုရောက်လာတယ် ...ာ ရှင်သိထားသလား"

ဦးတင့်ဝမ်းက. . . .

"ကျုပ်ဝယ်လိုက်တဲ့မြေရှင်တွေက ခင်ဗျားထက် ဒီကို ...စောစောရောက်လာကြတဲ့လူတွေပဲ မဟုတ်လား"

လိတလျှံက. . . .

"ဘာပဲဖြစ်ဖြစ် ကျွန်မဝယ်ထားတဲ့မြေကိုတော့ မရောင်း

www.burmeseclassic.com



လိုသေးဘူး"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"အခုကော ခင်ဗျားကမရောင်းချင်သေးဘူးလား"

လိတလျှံက. . . .

"ကျွန်မ မရောင်းချင်လို့ရမလား"

ဦးတင့်ဝမ်းက. . . .

"ခင်ဗျား မရောင်းချင်လို့ရ မရတော့ပါဘူး"

လိတလျှံက ပြုံးလိုက်သည်။

"ရှင် ဒီအထဲကို ဝင်ရောက်တိုက်ခိုက်ခဲ့တာ (၁)နာရီလောက် ရှိသွားပြီ၊ ဘာဖြစ်လို့ဆက်ပြီး မတိုက်ခိုက်တာလဲ"

ဦးတင့်ဝမ်းက. . . .

"ကျုပ်တိုက်ခိုက်ဖို့ လူကျန်သေးလို့လား"

လိတလျှံက. . . .

"ကျွန်မတို့(၅)ယောက် ကျန်ပါသေးတယ်လေ"

ဦးတင့်ဝမ်းက. . . .

"ဒီအခန်းထဲမှာ ကျုပ်ဘက်ကလူ(၁၀)ယောက်ရှိတယ်၊ အပြင်ဘက်မှာ ဒါထက်များများရှိသေးတယ်၊ ခင်ဗျားတို့ဘက်မှာ တစ်ယောက်မှ မကျန်တော့ဘူးဆိုတာ ခင်ဗျားသိပါတယ်"

လိတလျှံက. . . .

"ဒါကြောင့် ရှင်ကမတိုက်ခိုက်ဘဲ စောင့်နေတာ ဟုတ်လား"

ဦးတင့်ဝမ်းက. . . .



"ဟုတ်ပါတယ်. . . ဒါပေမယ့် အခြားအကြောင်းနှစ်ခုရှိနေသေးလို့ပါ"

လိတလျှံက. . . .

"ဘာအကြောင်းများလဲရှင်"

ဦးတင့်ဝမ်းက. . . .

"ပထမအကြောင်းက ခင်ဗျားစဉ်းစားရောက်လာနိုင်အောင် အချိန်ပေးထားတာပါ"

လိတလျှံက. . . .

"ဟုတ်လား"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က တပ်ခါတလေ တရားမျှတမှုရှိပါတယ်"

လိတလျှံက. . . .

"တစ်ခါတလေဆိုတာ အခုတစ်ခါလား"

ဦးတင့်ဝမ်းက. . . .

"ကျုပ် ဒီခြံဝင်းထဲဝင်မလာမီ ခိုတစ်ကောင် ခင်ဗျားတို့ခြံထဲက ပျံထွက်သွားတာ တွေ့လိုက်ပါတယ်"

လိတလျှံက. . . .

"ဟုတ်ပါတယ်. . . ကျွန်မတို့ကို သတင်းပို့တဲ့ခိုကလေးပါ"

ဦးတင့်ဝမ်းက. . . .

"ဒဲဒီခိုဟာ သတင်းပို့တဲ့ခိုဆိုတာ ကျုပ်လဲသိပါတယ်၊ ကျုပ်စစ်ချမလို့ပါဘဲ ဒါပေမယ့် သူ့ . . .တဲ့နေရာကို တွေ့လိုက်

www.burmeseclassic.com



ဘာနဲ့ မပတ်တော့ဘဲ လွှတ်လိုက်ပါတယ်"

လိတလျှံ၏ မျက်နှာတစ်ခုလုံးသည် သံသယဖြစ်ပေါ်လာသည့် အရိပ်အယောင်များ ပေါ်လွင်လာသည်။

ဦးတင့်ဝမ်းက. . . .

"အဲဒီမိုသွားတဲ့နေရာဟာ အဘိုးအိုသန်ကောင်နေရာဆိုတာ ကျုပ်သိလိုက်ပါတယ်၊ အဲဒီကိုသာ သတင်းပို့တယ်ဆိုရင်"

လိတလျှံက. . . .

"အဲဒါ ဘာဖြစ်သလဲ"

ဦးတင့်ဝမ်းက. . . .

"ခင်ဗျားက အဘိုးအိုသန်ကောင်ကို စစ်ကူးတောင်းရင်တော့ ခင်ဗျားတို့ အချိန်ကုန်သွားလိမ့်မယ်"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"အဘိုးအိုသန်ကောင်ကို ရှင်လဲသိတယ် မဟုတ်လား"

ဦးတင့်ဝမ်းက. . . .

"သိတာပေါ့. . . ကျုပ်က သူ့ကုန်စုံဆိုင်ကို ရောက်ခဲ့ဖူးတယ်"

လိတလျှံက. . . .

"သူ့အကြောင်းကို ရှင် ဘယ်တုန်းကသိလိုက်သလဲ"

ဦးတင့်ဝမ်းက. . . .

"မနေ့က"

လိတလျှံက. . . .

"ဒါဖြင့် ရှင် ဒီကိုမလာခင် ဟိုကိုရောက်ခဲ့တယ် ဟုတ်လား"



ဦးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်"

လိတလျှံက. . . .

"အခု သူ ဟိုမှာရှိနေသလား"

ဦးတင့်ဝမ်းက. . . .

"မရှိတော့ပါဘူး"

လိတလျှံက. . . .

"ဒါဖြင့် သူ ဘယ်ရောက်သွားသလဲ"

ဦးတင့်ဝမ်းက. . . .

"သုသာန်ကိုသွားပါတယ်"

လိတလျှံက. . . .

"သူ ဘယ်တော့ပြန်လာမယ်လို့ ပြောသလဲ"

ဦးတင့်ဝမ်းက. . . .

"သူ ဟိုမှာပဲနေပါတော့မယ်လို့ ပြောထားပါတယ်"

လိတလျှံသည် မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

"သူ ဘာဖြစ်လို့ ဟိုကိုသွားချင်ရသလဲ"

ဦးတင့်ဝမ်းက. . . .

"သူ မသွားနိုင်ပါဘူး. . . ကျုပ်က လက်တွန်းလှည်းနဲ့ . . .တ်ပို့လိုက်တာပါ"

လိတလျှံက. . . .

"ရှင်တစ်ယောက်ထဲနဲ့ သူ့ကိုပို့လိုက်တယ် ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝူးတင့်ဝမ်းက. . . .

"ခင်ဗျား မယုံဘူးလား"

လီတာလျှံက. . . .

"အဘိုးအိုသန်ကောင်ရဲ့ သိုင်းပညာကို ကျွန်မသိထားပါ တယ်"

ဝူးတင့်ဝမ်းက. . . .

"ကျုပ်ရဲ့ သိုင်းပညာအဆင့်ကော သိထားသလား"

လီတာလျှံက ခေါင်းခါယမ်းလိုက်သည်။

"ရှင်ရဲ့ သိုင်းပညာက အဘိုးအိုသန်ကောင်တောင်မှနိုင် လိုက်တယ်ဆိုရင် ဘာဖြစ်လို့အခုချိန်ထိစောင့်ပြီး ကျွန်မကိုမ တိုက်ခိုက်သေးတာလဲ"

ဝူးတင့်ဝမ်းက. . . .

"ကျုပ်က အရမ်းမတိုက်ခိုက်တာဟာ ခင်ဗျားဆီမှာ လျှို့ ဝှက်ထားတဲ့ လူသတ်သမားကို ရှာမတွေ့သေးလို့ပါ"

လီတာလျှံက. . . .

"ဟုတ်တယ်. . . အဘိုးအိုသန်ကောင်က အလွန်လျှို့ ဝှက်တတ်တဲ့ လူတစ်ယောက်ပါ"

ဝူးတင့်ဝမ်းက. . . .

"ဟုတ်ပါတယ်. . . သူဟာ ခင်ဗျားရဲ့ လျှို့ဝှက်လူသတ် သမားတစ်ယောက်ဖြစ်တယ်ဆိုတာ ကျုပ်မယုံကြည်နိုင်လောက် အောင် ဖြစ်ခဲ့ပါသေးတယ်"

လီတာလျှံက. . . .



"ဒါဖြင့် ကြေးတန်းစားလူသတ်သမား(၇)ယောက်ကို သူ က ဝင်ပြီးတိုက်ခိုက်ပဲ့အခါမှာ ရှင်တွေ့လိုက်တယ် ဟုတ်လား"

ဝူးတင့်ဝမ်းက. . . .

"ကြေးတန်းစားလူသတ်သမား(၇)ယောက်ကို ကျုပ်က သတ်လိုက်တာပါ"

လီတာလျှံက. . . .

"ရှင်က ဒီလိုကိုး"

ဝူးတင့်ဝမ်းက. . . .

"ကျုပ်က ဌက်ကျွန်ကိုဖမ်းခိုင်းထားတာဟာ အဘိုးအို သန်ကောင်က လျှို့ဝှက်တဲ့လူသတ်သမား ဟုတ်မဟုတ်ဆိုတာ ကျုပ်က သိချင်လို့ပါပဲ"

လီတာလျှံက. . . .

"ရှင့်ကို ဘယ်သူက သတင်းပေးလိုက်တာလဲ"

ဝူးတင့်ဝမ်းက. . . .

"ခင်ဗျားကကော ဘယ်သူသတင်းပေးတယ် ထင်သလဲ"

လီတာလျှံက အနည်းငယ်စဉ်းစားလိုက်သည်။

"ကျုပ်လက်အောက်ငယ်သား မဟုတ်ဘူးဆိုတာတော့ ကျုပ်ယုံတယ်"

ဝူးတင့်ဝမ်းက. . . .

"မဟုတ်ပါဘူး"

သူသည် အနည်းငယ်စဉ်းစားပြီး. . . .

"သူတို့က ခင်ဗျားအပေါ် အလွန်သစ္စာရှိပါတယ်. . .

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကြောင့်လဲ ကျုပ်လူတွေ တစ်ဝက်လောက် သေသွားရရှာတယ်"

လိတလျှံက. . .

"ငှက်ကျွန်လဲမဖြစ်နိုင်ဘူး"

ဦးတင့်ဝမ်းက. . .

"ဟုတ်ပါတယ်. . . သူက ခင်ဗျားရဲ့သမီးပဲ"

လိတလျှံက ပြုံးလိုက်သည်။

"မေမေစုံလဲမဖြစ်နိုင်ဘူး"

ဦးတင့်ဝမ်းက. . .

"ကျုပ်ကလဲ သူလိုလူမျိုးနဲ့ အဆက်အသွယ် မလုပ်ချင်ဘူး"

လိတလျှံက ဝဲယာတစ်ဖက်စီသို့ကြည့်ပြီး. . .

"ဒီကိုယ်ရံတော်(၄)ယောက်ကလဲ ကျုပ်ကို သစ္စာဖောက်မှာ မဟုတ်ဘူး"

ဦးတင့်ဝမ်းက. . .

"ကျုပ်က သူတို့ကို မြင်တောင်မမြင်ဖူးဘူး"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ဒီလူတွေကလွဲလို့ အဘိုးအိုသန့်ကောင်ရဲ့အကြောင်းကို သိတဲ့လူ မရှိသလောက်ပါပဲ"

ဦးတင့်ဝမ်းက. . .

"တစ်ယောက်တော့ ရှိပါသေးတယ်"

လိတလျှံက အနည်းငယ်စဉ်းစားလိုက်သည်။



"ဒါဖြင့် မေမေစုံရဲ့မွေးစားသား 'စိုးထင်'များ ဖြစ်နေမလား"

ဦးတင့်ဝမ်းက. . .

"ခင်ဗျားပြောတာ မှန်နေပြီ"

လိတလျှံက. . .

"အင်း. . . သူမှာ ငွေသုံးဖို့ အလုံအလောက်ရှိသားနဲ့ ဘာဖြစ်လို့ ကျွန်မကို သစ္စာဖောက်ချင်ရတာလဲ"

ဦးတင့်ဝမ်းက. . .

"ဒီလိုပေါ့. . . လူတစ်ယောက်ဟာ ငွေပြည့်စုံလာပြီဆိုရင် တခြားလိုချင်တဲ့ဆန္ဒများ ဖြစ်ပေါ်လာတတ်စမြဲပါပဲလေ၊ ရှင်းရှင်းပြောရရင် သူက ငှက်ကျွန်ကိုလိုချင်လို့ ကျုပ်ဆီကိုလာပြီး ဆက်သွယ်တယ်ဗျ"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ. . . ဒါကြောင့်မို့ ရှင်က ကျွန်မတို့ခြံဝင်းထဲက အလွယ်တကူ ကျူးကျော်ဝင်ရောက်နိုင်တာပေါ့"

ဦးတင့်ဝမ်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . သူကပဲ ခြံတံခါးကို လာဖွင့်ပေးတာပေါ့"

လိတလျှံက. . .

"အခု သူ ဘယ်ရောက်သွားပြီလဲ"

ဦးတင့်ဝမ်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"သူ သေသွားပြီလေ"

www.burmeseclassic.com

www.burmeseclassic.com



လိတာလျှံက. . . .

"ရှင်က သတ်လိုက်တယ် ဟုတ်လား"

ဦးတင့်ဝမ်းက. . . .

"မဟုတ်ဘူး. . . သူ တံခါးဖွင့်ပေးတဲ့အခါမှာ ကျုပ်တို့ကို ဝင်ရောက်တိုက်ခိုက်တဲ့ ခင်ဗျားတို့လူများရဲ့ရှေ့ကို တွန်းပေးလိုက်ရုံနဲ့ ခင်ဗျားတို့လူရဲ့ဓားချက်နဲ့ထိပြီး သူသေသွားတာပါ"

လိတာလျှံက. . . .

"ထားပါတော့လေ. . . ရှင့်အခု အခြားအကြောင်းတစ်ခုပြောဖို့ ကျန်သေးတယ်"

ဦးတင့်ဝမ်းက. . . .

"အော်. . . ဒီလိုပါ၊ ခင်ဗျားလို အလွန်ချောမောလှပတဲ့ အမျိုးသမီးတစ်ယောက်ကို ကျုပ်က မသတ်ရက်လို့ပါ"

လိတာလျှံက ပြုံးလိုက်သည်။

"ရှင်က ကျွန်မကိုဝမ်းသာအောင် မြှောက်ပြောနေပြန်ပြီ"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ဒါကတော့ ကျုပ် အမှန်အတိုင်းပြောနေတာပါ"

လိတာလျှံက ပို၍ ပြုံးလိုက်သည်။

"ရှင်ကလဲ ကျွန်မကိုမသတ်ရက်ပါဘူး. . . ကျွန်မကလဲ ရှင့်ကိုမတိုက်ခိုက်ချင်ဘူး၊ ဒီတော့ ဘယ်လိုလုပ်ကြမလဲ"

ဦးတင့်ဝမ်းက. . . .

"ကျုပ်တို့ဆွေးနွေးကြတာပေါ့"



လိတာလျှံက. . . .

"ပြောပါလေ. . . ကျွန်မနားထောင်နေတယ်"

ဦးတင့်ဝမ်းက ချောင်းတစ်ချက်ဟန့်လိုက်သည်။

"ကျုပ်က မိန်းမမယူခဲ့ဘူး. . . မိန်းမယူဖို့လဲ စိတ်မကူး[illegible]နည်း ဘာကြောင့်မှန်းမသိဘူး. . . ကျုပ်မိန်းမယူဖို့စိတ်[illegible]ယ်ဗျ"

လိတာလျှံက. . . .

"ရှင့်ကို ကျွန်မယူရမယ် ဟုတ်လား"

ဦးတင့်ဝမ်းက. . . .

"ဟုတ်တယ်"

လိတာလျှံက. . . .

"ကျွန်မ အိမ်ထောင်ကျပြီးပြီပဲ"

ဦးတင့်ဝမ်းက. . . .

"အခု ခင်ဗျားမှာ အိမ်ထောင်မရှိဘဲ"

လိတာလျှံက ပြုံးလိုက်သည်။

"ကျွန်မ အသက်ကြီးပါပြီ. . . ကျွန်မသမီးတောင် ကျွန်[illegible]တ်လောက် ရှိပါပြီ"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က ခင်ဗျားထက် အသက်ကြီးပါသေးတယ်ဗျ"

လိတာလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်က ဒီလောက်တောင် လက်ထပ်ချင်မှတော့ ကျွန်မ [illegible]မယ်"

www.burmeseclassic.com



ဦးတင့်ဝမ်းက. . . .

"ခင်ဗျားက ကျုပ်ကိုယူရင် ကျုပ်ပိုင်တဲ့မြေအားလုံးကို ခင်ဗျားလက်ထဲကို အပ်လိုက်ပါ့မယ်"

လီတလျှံက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"ရှင်က ကြိုးစားပမ်းစားနဲ့ ကျွန်မခြံဝင်းထဲအထိ တိုက်ခိုက်လာတာဟာ ကျွန်မကိုလိုချင်လို့ ဟုတ်လား"

ဦးတင့်ဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"အခုအချိန်ဟာ ကျုပ်က ခင်ဗျားကို ပထမဆုံးတွေ့ရတဲ့အချိန်ပါပဲ၊ ခင်ဗျားကိုမတွေ့ခင်က ဒီလိုစိတ်ကူးမျိုး မတွေးမိပါဘူး"

လီတလျှံက. . . .

"ရှင်က ဒီမှာပိုင်တဲ့မြေတွေအားလုံး ကျွန်မကိုပေးမယ်ဆိုတော့ ရှင်အသက်စွန့်ပြီးတိုက်ခိုက်တာဟာ ဘယ်သူ့အတွက်လဲ"

ဦးတင့်ဝမ်းက ခေါင်းခါယမ်းလိုက်သည်။

လီတလျှံက စကားဆက်လိုက်သည်။

"ဒါဖြင့် ရှင်က ဘာကိုလိုချင်လို့လဲ"

ဦးတင့်ဝမ်းက. . . .

"ကျုပ်က သွေးကြွက်တူရွှေးရဲ့ လျှို့ဝှက်ချက်ကိုသိချင်လို့ပါ"

ထိုစကားကြားလိုက်သည်နှင့် လီတလျှံ၏မျက်နှာတစ်ခုလုံး ညှိုမဲသွားသည်။

ဦးတင့်ဝမ်းက စကားဆက်လိုက်သည်။



"ရှင်းရှင်းပြောရမယ်ဆိုရင် မြို့စားကြီးပျောက်ဆုံးတဲ့ရက တွေ ဘယ်မှာရှိတယ်ဆိုတာ သိချင်လို့ပါ"

လီတလျှံက သူ့အား [illegible]ဖြင့် စိုက်ကြည့် သည်။

"ရှင်က ရူးနေသလား ဘာတွေလာပြောနေတာလဲ"

ဦးတင့်ဝမ်းက. . . .

"ကျုပ် ဒီမှာရောက်နေတာ သုံးနှစ်လောက်ရှိပြီ. . . ဒါ ဒီနေရာကိုသက်သက်လာနေတာလို့တော့ မထင်လိုက်ပါနဲ့"

လီတလျှံမှာ မျက်လုံးပြူးသွားပြီး စိုက်ကြည့်နေ၏။

ဦးတင့်ဝမ်းက စကားဆက်လိုက်သည်။

"ကျုပ်က ဒီမြို့ကလေးကို ရောက်လာတာဟာ ခင်ဗျား ရှိနေလို့ ကျုပ်က ဒီခြံဝင်းထဲကိုအသက်စွန့်ပြီး ဝင်ရောက်လာ တာ ဒီခြံဝင်းပိုင်ရှင်ဟာ ခင်ဗျားဖြစ်လို့ပါ"

လီတလျှံက နားထောင်နေ၏။

ဦးတင့်ဝမ်းက စကားဆက်လိုက်ပြန်သည်။

"ကျုပ်က ခင်ဗျားကိုလိုက်ရှာနေတာဟာ သွေးကြွက်တူ ရဲ့လျှို့ဝှက်ချက်ကို ခင်ဗျားတစ်ယောက်သာ သိထားလို့ပါ"

လီတလျှံသည် ပါးစပ်ပိတ်ထားသည်။

ဧည့်ခန်းတစ်ခုလုံးသည် တိတ်ဆိတ်သွားပြန်သည်။

ဝမ်းဖုန်းသည် ခေါင်မိုးပေါ်မှ မလှုပ်မယှက်ချောင်းကြည့် သူလည်း သွေးကြွက်တူရွှေး၏ လျှို့ဝှက်ချက်ကိုသိလို ည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



သွေးကြွက်တူရွှေး၏လျှို့ဝှက်ချက်က မည်သို့နည်း။

လိတလျှံသည် သွေးကြွက်တူရွှေးနှင့် မည်သို့ပတ်သက် နေပါသနည်း။

ဝူးတင့်ဝမ်းက အဘယ်ကြောင့် လိတလျှံအား ယင်းသို့ အခိုင်အမာ ပြောနိုင်သနည်း။ ဝူးတင့်ဝမ်းဆိုသူက မည်သူနည်း။

ထို့နည်းတူ လိတလျှံဆိုသူကရော မည်သူဖြစ်သနည်း။

ဿ ဿ ဿ

မီးအိမ်မှ ထွက်လာသောမီးရောင်များသည် မှေးမှိန်လာ သည်ဟု ထင်ရလေသည်။

လိတလျှံက ပါးစပ်ဟလိုက်သည်။ သူမ၏အသံသည် လျှို့ဝှက်၍ဆန်းကြယ်သည်ဟု ထင်ရလေသည်။

"သွေးကြွက်တူရွှေးဟာ(၇)နှစ်တစ်ကြိမ် လူ့ပြည်ကိုဆင် တတ်ပါတယ်၊ သူဟာ သူ့ကိုတွေ့မြင်တဲ့လူတိုင်းကို ဆန္ဒသုံးခု တတ်ပါတယ်"

ဝူးတင့်ဝမ်းက. . . .

"ဘယ်သူမဆို သူ့ကိုတွေ့တဲ့အခါမှာ ဆန္ဒသုံးခုတောင် နိုင်တယ်ဆိုတာ ကျုပ်ကြားပြီးခဲ့ပါပြီ"

လိတလျှံက. . . .

"ရှင်က သိသားနဲ့ဘာဖြစ်လို့ ထပ်မေးရတာလဲ"

ဝူးတင့်ဝမ်းက ပြုံးလိုက်သည်။



"မြို့စားကြီးအိမ်က ရတနာတွေ ပျောက်ဆုံးတဲ့အ ကြောင်းကို ကျုပ်ကြားခဲ့ရတဲ့အချိန်မတိုင်မီက အဲဒီလိုပြောတာကို ကြိမ်ကြိမ်ကြားခဲ့ဖူးပါတယ်"

လိတလျှံက နှုတ်ခမ်းစူထားသည်။

သူသည်စကားတစ်လုံးမှ မပြောတော့ပါ။

ဝူးတင့်ဝမ်းက. . . .

"သွေးကြွက်တူရွှေးရဲ့လျှို့ဝှက်ချက်ဟာ ဒါပဲလား"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝူးတင့်ဝမ်းက. . . .

"ခင်ဗျားသိတာ ဒါအကုန်ပဲလား"

လိတလျှံက စကားမပြောတော့ပါ။

ဝူးတင့်ဝမ်းက ရယ်မောလိုက်သည်။ သူ၏ ရယ်မောသံ ည် လှောင်ပြောင်သောရယ်မောသံ ဖြစ်သည်။

လိတလျှံက တုံ့ပြန်ခြင်းမရှိဘဲ ဆိတ်ဆိတ်နေလိုက်

ဝူးတင့်ဝမ်းက. . . .

"ကဲ ပြောစမ်းပါ၊ အဲဒီခိုးတဲ့လူက ဘယ်သူလဲ မြို့စားကြီး နာတွေကို ဘယ်မှာထားပစ်ခဲ့သလဲ"

လိတလျှံက အနည်းငယ်စဉ်းစားလိုက်သည်။

"ရှင့်ရဲ့လေသံက တရားခံတွေစစ်တဲ့လေသံနဲ့ တူတယ်"

ဝူးတင့်ဝမ်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တရားခံကို စစ်ဆေးပေမယ့် ကျုပ်က အရာရှိ မဟုတ်ဘဲ၊ သူခိုးထဲက သူခိုးတစ်ယောက်ပါ"

လိတ္တလျှံက ပြုံးလိုက်သည်။

"ကဲ... တိုးတိုးပြောစမ်းပါ ကျွန်မ ဘာလုပ်ပေးရ လဲ"

ဦးတင့်ဝမ်းက...

"ကျုပ် အားလုံးပြောပြီးပါပြီ"

လိတ္တလျှံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်သိထားတာတွေ ရှင့်ထက် မများပါဘူး"

ဦးတင့်ဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျား ဖုံးမနေပါနဲ့တော့ဗျာ... ဟောဒီမှာ ကြည့် စမ်း"

သူသည် လက်ဝါးဖြန့်ပြလိုက်လေသည်။ လက်ဝါးပေါ် တွင် ကျောက်စိမ်းဖြင့်ထုထားသောအရုပ်ကို တွေ့ရှိရလေသည်။

"ဒါကို ခင်ဗျားမှတ်မိတယ် မဟုတ်လား"

လိတ္တလျှံသည် ထိုမယ်တော်ရုပ်ထုကို တွေ့မြင်လိုက် သည်နှင့် အံ့အားသင့်သွားလေသည်။

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"အဲဒီရုပ်ထုဟာ ဘုရင်က မြို့စားကြီးရဲ့မွေးနေ့ကိုပေး လက်ဆောင်တစ်ခုပါပဲ၊ ရတနာသိုက်အဖောက်ခံရတုန်းကလဲ ဒီရုပ်ထု ပါသွားပါတယ်"



လိတ္တလျှံသည် မလှုပ်မယှက် ရပ်၍ နားထောင်နေ သည်။ ဦးတင့်ဝမ်းသည် ထိုရုပ်ထုကို ပြန်လည်သိမ်းဆည်းလိုက် ပြီး...

"ဒီရုပ်ထုကို လူတစ်ယောက်က လာရောင်းတယ်... ကျုပ်က မြို့စားကြီးဂေဟာ ဖောက်ထွင်းခံရတဲ့ရတနာများထဲက တစ်ခုအပါအဝင် ဖြစ်တယ်ဆိုတာသိထားလို့ စစ်ဆေးမေးမြန်းခဲ့ ပါတယ်"

သူသည် ယင်းသို့ပြောရင်း သူ၏မျက်လုံးအစုံသည် စူး ရှတောက်ပလာသည်။

"ကျုပ်က လူတစ်ယောက်ကို စကားအမှန်အတိုင်းပြော အောင် နည်းမျိုးစုံသုံးတတ်ပါတယ်၊ ဒီရုပ်ထုဟာ သူက ခင် ဗျားဆီကရခဲ့တယ်လို့ ကျုပ်ကိုပြောသွားပါတယ်"

လိတ္တလျှံသည် ပါးစပ်ပိတ်ထားလိုက်သည်။

ဦးတင့်ဝမ်းက စကားဆက်လိုက်သည်။

"ဒါပေမဲ့ စိတ်ချပါ... ကျုပ်က ခင်ဗျားအပေါ်မှာ ရက် စက်တဲ့နည်းမျိုးကို အသုံးမပြုပါဘူး"

လိတ္တလျှံက ပြုံးလိုက်သည်။

"ရှင်က ကျွန်မကိုယူမယ်လို့ပြောသေးတယ်၊ ကျုပ်ကိုလဲ ဒီလောက်တောင် စစ်ဆေးမေးမြန်းရသလား"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်... ခင်ဗျားက တော်တော်လှပါတယ် ... ဒါပေမဲ့ မြို့စားကြီးရဲ့ရတနာတွေက ပိုပြီးလှမယ်လို့ထင်မိ

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ"

လိတလျှံက ပြုံးလိုက်ပြန်သည်။ သို့သော် သူမ၏အပြုံး သည် မချိုသောအပြုံး ဖြစ်နေလေသည်။

ဦးတင့်ဝမ်းသည် ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်သည်။

"ကျုပ်က ခင်ဗျားကို အချိန်တော်တော်ပေးထားပါပြီ၊ အခုလောက်ဆို ခင်ဗျားစဉ်းစားဖို့ အချိန်လုံလောက်ပြီလို့ထင်ပါ တယ်"

ဝဲယာတွင်ရပ်နေသော အမျိုးသမီးလေးယောက်သည် လိတလျှံကို ဝိုင်းရံကာကွယ်ထားသည်။ သူတို့လက်ထဲတွင် ဓား တစ်လက်စီ အသင့်ကိုင်ထားသည်ကို တွေ့ရလေသည်။

ဦးတင့်ဝမ်းက မျက်လုံးတစ်ချက်ဝှေ့လိုက်သည်။

"ဒီအမျိုးသမီးကို အရှင်ဖမ်းထားလိုက်စမ်း"

အဖြူရောင်ဝတ်ဆင်ထားသောလူ(၁၁)ယောက်က သူမ တို့အား ဝိုင်းရံထားလိုက်သည်။

ပိန်ပိန်ပါးပါးရှိသော လူတစ်ယောက်က. . . .

"သူတို့ကို အရှင်ဖမ်းရမလား. . . အသေဖမ်းရမလား"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"အရှင်ဖမ်းနိုင်ရင်တော့ ပိုကောင်းတာပေါ့. . . ဒါပေမဲ့ အသက်ချင်းလဲပြီးမှ ဖမ်းရမယ်ဆိုရင် အသေပဲဖမ်းပါတော့"

သူစကားဆုံးသည်နှင့် အဖြူရောင်ဝတ်ဆင်ထားသော လူများသည် ရှေ့သို့ခြေတစ်လှမ်းစီ တိုးလိုက်ကြလေသည်။

သူတို့သည် ထိုအမျိုးသမီးလေးယောက်အား တိုက်ခိုက်



ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ်မှာပင် ခြူသံတစ်သံ ကြားလိုက်ရသည်။ အလွန် ဆန်းလှို့ဝှက်သော ခြူသံဖြစ်သည်။ ထိုခြူသံသည် အဝေးမှ ဖြည်းဖြည်း အနီးသို့ရောက်ရှိ လာလေတော့သည်။

❀ ❀ ❀

ခြူသံကြားလိုက်သည်နှင့် ဝမ်းဖုန်းက ရင်ခုန်သွားသည်။

ဤကဲ့သို့ခြူသံမျိုး သူကြားရသည်မှာ နှစ်ကြိမ်တိုင်တိုင်ရှိ ခဲ့သည်။

ပထမတစ်ကြိမ် ကြားရစဉ်တုန်းက သုသာန်တစပြင်မှာ ဖြစ်သည်။ ထိုခြူသံပျောက်ကွယ်သွားသည်နှင့် ကိုယုဆိုအမည်ရှိ ဘိုးအိုသည် ခေါင်းထဲ၌ သေဆုံးခဲ့ရလေသည်။

နောက်တစ်ကြိမ် သူသည် အလောင်းခွဲစိပ်သောအခန်း မှာ ကြားခဲ့သည်။ ထိုစဉ် လူဆိုးထိန်းထိဟင်းလည်း ကြား၍ ခြူသံနောက်သို့ ပြေးလိုက်ကြသည်။

သူတို့သည် သုသာန်တစပြင်ရောက်သောအခါ ခြူသံ မှာ ပျောက်ကွယ်သွားပြီး သွေးကြက်တူရွေးထွက်ပေါ်လာလေ သည်။ ထိုနောက် လူဆိုးထိန်းထိဟင်း သေဆုံးသွားခြင်းဖြစ် သည်။

ခြူသံနှစ်ကြိမ်တိုင်တိုင် ကြားခဲ့သည်။ ထိုခြူသံသည် နှစ် ကြိမ်တိုင်တိုင် လူသေဆုံးမှု ဖြစ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ခြူသံကြားလိုက်ရလေသည်။ ဤတစ်ကြိမ်လည်း သေဆုံးမှုများဖြစ်ပေါ်လာဦးမည်လော။

ဿ ဿ ဿ

ခြူသံများဖြစ်ပေါ်လာသည်နှင့် လိတလျှံမျက်နှာတစ်ခုလုံးမှာ အားတက်သည့် အရိပ်အယောင်များ ထွက်လာလေသည်။ ထို့ပြင် သူမ၏မျက်နှာမှာလည်း ပြုံးယောင်သန်းလာခြင်းသည်။

ဝူးတင့်ဝမ်းသည် သူမ၏မျက်နှာအား အကဲခတ်ကြည့်နေသည်။ သူသည် ထိုခြူသံကိုကြားလိုက်သည်နှင့် လိတလျှံက အဘယ်ကြောင့် စိတ်အားတက်ကြွလာသည်ကို နားမလည်လိုက်ပါချေ။

အဖြူရောင် ဝတ်ဆင်ထားသောလူ(၁၁)ယောက်သည် ထိုခြူသံများကြားလိုက်သည်နှင့် ခြေလှမ်းရပ်တန့်သွားလေသည်။

ထိုခြူသံနှင့်အတူ ငှက်တစ်ကောင်သည် အခန်းထဲသို့ ဝင်ရောက်လာလေသည်။

ထူးခြားသည်မှာ ယင်းငှက်ကလေး၏ကိုယ်တစ်ခြမ်းတွင် နီရဲသောအမွေးများရှိပြီး ကျန်တစ်ခြမ်းလုံးမှာ အဖြူရောင်ဖြစ်နေ၏။ ငှက်ကလေး၏ ဝဲဖက်ခြေသည်းပေါ်တွင် ခြူတစ်လုံးဆွဲထားသည်ကို တွေ့ရလေသည်။

ခြူကလေးမှာ အလွန်သေးငယ်သော်လည်း ထွက်ပေါ်



သည့်အသံများမှာ ကျယ်လောင်ပြီး ထူးဆန်း၍နေလေသည်။

ဿ ဿ ဿ

ငှက်ကလေးသည် အခန်းထဲ၌ တစ်ပတ်ခန့်ပျံပြီး နောက် တလျှံပခုံးပေါ်သို့ နားလိုက်သည်။

ငှက်ကလေးနားလိုက်သည်နှင့် ခြူသံများ ရုတ်တရက် တန့်သွားလေသည်။

'ဝူးတင့်ဝမ်းသည် ထိုထူးဆန်းသောငှက်ကို ကြည့်နေ၏။

ထူးဆန်းသောငှက်ကလေးကလည်း သူ့အား ရန်လို သည့်အကြည့်ဖြင့် ကြည့်နေ၏။ အဘယ်ကြောင့်မှန်းမသိ ဝူးတင့် ၏ကျောများတွင် အေးစိမ့်လာသည်ဟု ခံစားလိုက်ရလေ သည်။

သူသည် ရုတ်တရက် လက်တစ်ဖက် ဝှေ့ယမ်းလိုက်ပြီး

"တိုက်ခိုက်ပေတော့"

ဟု အမိန့်ပေးလိုက်လေတော့သည်။

အဖြူရောင်ဝတ်ဆင်ထားသောလူ(၁၁)ယောက်သည် သို့ပြေးဝင်၍ တိုက်ခိုက်လေသည်။

တစ်ချိန်တည်းမှာပင် လိတလျှံက လက်နှစ်ဖက်ဖြင့် ရိုက် တ်ရာ အမျိုးသမီးလေးယောက်က ခြေထောက်များဖြင့် တစ် ဆောင့်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမတို့ရပ်နေသောနေရာသည် အောက်သို့နိမ့်ကျသွားလေသည်။

အခန်းထဲ၌ စားပွဲတစ်လုံးနှင့် သူမတို့ရပ်နေသောနေရာမှအပ ကျန်ရှိသောနေရာများသည် ခလုတ်များနှင့် ရွှေ့လျားနိမ့်ဆင်းနိုင်၏။

လိတလျှံနှင့် အမျိုးသမီးတို့ရပ်နေသော နေရာမှအပ စည့်ခန်းနံရံပေါ်မှ လက်နက်ပုန်းများဖြင့် ပလူပျံအောင်ပစ်လွှင့်လိုက်လေသည်။

"အား. . . ."

အဖြူရောင်ဝတ်ဆင်ထားသော လူ(၁၁)ယောက်အနက် (၅)ယောက်သည် ခလုတ်နှင့်ထိ၍ မြေအောက်သို့လွင့်စင်ကျသွားလေသည်။

ကျန်ရှိသော(၆)ယောက်သည် အခြေအနေမဟန်မှန်းသိလိုက်ရသဖြင့် အပေါ်သို့ခုန်တက်သွားသည်။

လက်နက်ပုန်းများသည် ထို(၆)ယောက်အနက် (၃)ယောက်အား ထိမှန်သွားသည်။ ကျန်(၃)ယောက်မှာ ဒဏ်ရာအနည်းငယ်စီ ရရှိသွားသည်။

ဝူးတင့်ဝမ်းသည် သူတို့ထံရောက်လာသော လက်နက်ပုန်းများအား ဖယ်ရှားလိုက်သည်။

သူ၏ခန္ဓာကိုယ်သည် အပေါ်သို့ခုန်တက်သွားပြီး လက်နက်ပုန်းများဖြင့် ထိုအမျိုးသမီး(၄)ယောက်အား တိုက်ခိုက်လေသည်။



တစ်ဆက်တည်းမှာပင် ဝူးတင့်ဝမ်းကလည်း သူ၏ဓားဖြင့် ဝင်ရောက်တိုက်ခိုက်လိုက်ရာ ထိုအမျိုးသမီး(၂)ယောက်သည် ပြန်လည်တိုက်ခိုက်လေသည်။

ထိုအမျိုးသမီး(၂)ယောက်မှာ သိုင်းပညာမဆိုးလှပါ။

သို့သော် သူတို့က လူနည်းနေသည်။

ထို့ပြင် သူမတို့သိုင်းပညာမှာလည်း ဝူးတင့်ဝမ်းနှင့် ယှဉ်မှီနေသဖြင့် နောက်သို့ဆုတ်သွားလေသည်။

တိုက်ပွဲသည် အလွန်ပြင်းထန်လာသည်။

ဝူးတင့်ဝမ်းသည် ပြင်းထန်စွာ တိုက်ခိုက်လိုက်သော်လည်း ထိုထူးဆန်းသောဇက်ရောက်ရှိလာသည်နှင့် သူသည် အတိတ်နိမိတ်မကောင်းဟု ခံစားလိုက်ရလေသည်။

ထို့ကြောင့် သူက လိတလျှံအား အမိအရဖမ်းနိုင်မှဖြစ်မည် မဟုတ်ပါလော။

တိုက်ပွဲကား ပိုမိုပြင်းထန်လာသည်။

ဝူးတင့်ဝမ်း၏လူများသည် တစ်ယောက်ပြီးတစ်ယောက် လဲကျသွားလေသည်။ ယခုမှ ဝူးတင့်ဝမ်းသည် မိမိတစ်ယောက်တည်း ကျန်တော့သည်ကို တွေ့ရှိရလေသည်။

အတွင်းဘက်မှ အခန်းတံခါးပွင့်သွားသည်။

အခန်းထဲ၌ မှောင်မဲနေ၏။ ဝူးတင့်ဝမ်းသည် ထိုမှောင်မဲနေသောအခန်းထဲသို့ တစ်ချက်လှမ်းကြည့်လိုက်သည်။

ဓားနှစ်လက်သည် သူ့နောက်မှ လျှပ်တပြက် ထိုးသွင်းလာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်ဝမ်းသည် ကပျာကယာ ရှောင်တိမ်းပြီး သူ၏ လက်သီးတစ်လုံးသည် ဝဲဖက်မှဝင်ရောက်လာသောအမျိုးသမီး၏လည်မျိုသို့ ခုတ်ချလိုက်သည်။

"အား. . . ."

ထိုအမျိုးသမီးသည် မြေပေါ်သို့လဲကျသွားလေသည်။

ဦးတင့်ဝမ်းသည် ယာဖက်မှတိုက်ခိုက်လာသောအမျိုးသမီးအား လက်သီးဖြင့်တိုက်ခိုက်လေသည်။

ထိုအမျိုးသမီးသည် ကပျာကယာ ရှောင်တိမ်းနိုင်ခဲ့သည်။ သူမသည် အံကိုတင်းတင်းကျိတ်ပြီး လက်ထဲမှဓားဖြင့် ပို၍ ပြင်းထန်စွာ တိုက်ခိုက်နေ၏။

သူမ၏တိုက်ကွက်သည် အလွန်ပြင်းထန်ပြီး ထက်မြက်လှပေသည်။ ဦးတင့်ဝမ်းသည် သူ၏ဓားကို ဆွဲထုတ်လိုက်ရလေသည်။

အမျိုးသမီးသည် ဦးတင့်ဝမ်း၏ဓားကိုတွေ့ရသဖြင့် မျက်နှာကွက်ခနဲ ဖြစ်သွားလေသည်။ ဦးတင့်ဝမ်း၏ဓားမှာ အခြားဓားကဲ့သို့ အရောင်တောက်ပခြင်းမရှိဘဲ မဲနက်နေ၏။

ဦးတင့်ဝမ်းက ထိုဓားကိုအသုံးပြုလိုက်သည်နှင့် အမျိုးသမီး၏ဓားသည် ဦးတင့်ဝမ်းဓားမှ သံလိုက်ခတ်ဖြင့် ဆွဲငင်သွားလေသည်။ အမျိုးသမီးက ထိတ်လန့်သွားသည်။

"ဟင်. . . သံလိုက်ဓား"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"မင်းက သံလိုက်ဓားမှန်း နားလည်ပါလားကွ"



အမျိုးသမီးက မဲ့ပြုံးပြုံးလိုက်သည်။

"သံလိုက်ဓားဟာ ဘာများ အထင်ကြီးစရာရှိလို့လဲ"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ဒါဖြင့် သံလိုက်ခတ်ရဲ့အစွမ်းကိုသိအောင် ပြရမှာပေါ့"

သူသည် ပြောပြီးသည်နှင့်သူ၏ဓားဖြင့် ရှေ့သို့တိုးလိုက် ဝှေ့ယမ်းလိုက်သည်။

"ချွမ်း. . . ."

အမျိုးသမီးလက်ထဲမှဓားသည် မြေပေါ်သို့လွင့်ကျသွားသည်။

အမျိုးသမီးက ကြောင်အမ်းအမ်းဖြစ်သွားစဉ်မှာပင် ဦးတင့်ဝမ်း၏ခြေထောက်တစ်ဖက်ဖြင့် သူမ၏ရင်ဝသို့တအား ကန်ထည့်လိုက်သည်။

"အား. . . ."

အမျိုးသမီးမှာအဝေးသို့လွင့်သွားပြီး လဲကျကာ မထနိုင်ဖြစ်နေလေတော့သည်။

✿ ✿ ✿

ယခု ဦးတင့်ဝမ်းသည် လိတလျှံအား စိုက်ကြည့်နေ၏။ လိတလျှံကလည်း ဦးတင့်ဝမ်းအား စိုက်ကြည့်နေသည်။ သူမ၏မျက်လုံးအစုံသည် ဝင်းလက်၍ တောက်ပနေသည်။ သူမ၏ အမျိုးသမီးလေးယောက်မှာ နှစ်ယောက်တ

www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်ဝမ်း၏လူများနှင့်တိုက်ခိုက်ရင်း ကျဆုံးသွားသည်။

ကျန်နှစ်ယောက်မှာလည်း ဦးတင့်ဝမ်းလက်ချက်ဖြင့် သေဆုံးသွားသည်။ ယခု လူမတစ်ယောက်တည်းသာ ဦးတင့်ဝမ်းနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

ဦးတင့်ဝမ်းသည် သူမအား စိုက်ကြည့်ရင်း တစ်လှမ်းချင်း လှမ်းသွားသည်။ သူ၏မျက်လုံးအစုံသည် လိတလျှံ၏မျက်လုံးအား မခွာနိုင်ဘဲ ကြည့်နေသည်။

ယင်းသို့ကြည့်နေရာမှ သူသည် သတိတစ်ချက်လစ်သွားသည်ဟု ထင်ရလေသည်။

ထိုတဒင်္ဂအချိန်တွင်. . . .

"ချွမ်း. . . .

ဟူသောအသံနှင့်အတူ သူ၏သံလိုက်ဓားသည် မြေပေါ်သို့ လွင့်စင်ကျသွားလေသည်။ သူသတိရလာသောအခါ ဓားရောင်တစ်ချက် ဝင်းလက်သွားသည်ဟု သိရလေတော့သည်။

သူသည် ကမန်းကတန်းရှောင်တိမ်းလိုက်ရာ သူ့ခေါင်းပေါ်မှဆံပင်တချို့ တိခနဲပြတ်သွားလေသည်။

ꩤꩤꩤ

လိတလျှံက အလစ်ဝင်ရောက် တိုက်ခိုက်လိုက်ခြင်းဖြစ်သည်။

ဦးတင့်ဝမ်းသည် သူမမည်သည့်အချိန်က တိုက်ခိုက်



သည်ကိုပင် သတိမထားမိလိုက်ပါချေ။ သူသည် လိတလျှံအား အတန်ကြာစိုက်ကြည့်လိုက်သည်။

"တချို့ကပြောတယ်. . . ခင်ဗျားမှာ ညို့မာတ်အပြည့်ရှိတယ်လို့ အခုလက်တွေ့ကျွန်ုပ် ကျုပ်ယုံတော့တယ်"

လိတလျှံက ပြုံးလိုက်သည်။

ဦးတင့်ဝမ်းက စကားဆက်လိုက်သည်။

"ကျုပ်ဟာ ရှောင်လင်ကျောင်းတော်သားတစ်ယောက် ဖြစ်တာတောင်မှ မင်းရဲ့ညို့မာတ်ကို မနည်းလွတ်အောင်ရှောင်ရတာပဲ၊ တခြားလူဆိုရင်တော့ မပြောနဲ့တော့"

သူသည် လိတလျှံအား မစွေ့ မှုကြည့်လိုက်ပြီး. . . .

"ခင်ဗျား အခုလို ညို့မာတ်လေ့ကျင့်ခဲ့တာ ဘယ်လောက်ကြာပြီလဲ"

လိတလျှံက. . . .

"(၁၀)နှစ်"

သူမသည် ယင်းသို့ပြောပြီးသည်နှင့် သက်ထဲမှဓားနှင့် ချက်ချင်းတပြိုက် တိုက်ခိုက်လိုက်လေသည်။

ဤတစ်ကြိမ် ဦးတင့်ဝမ်းသည် မြေပေါ်သို့လဲကျသွားသည်။ သူက လိတလျှံ၏ဓားကိုရှောင်တိမ်းရန် မြေပေါ်သို့ လှိမ့်ချခြင်းဖြစ်လေသည်။

လိတလျှံသည် မိမိ၏တိုက်ခိုက်မှုမှာ လွဲချော်သွားသည်ကိုတွေ့ရသဖြင့် သူမသည် ရင်ဖော်သွားလေသည်။

သူမ လက်ထဲမှဓားကို ဖင်းကျွဲမှာ ဆုပ်ကိုင်ထားလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ဝူးတင့်ဝမ်းမြေပေါ်မှထမလာမီ တစ်ဟုန်ထိုးတိုက်ခိုက်လိုက်လေသည်။

ဝူးတင့်ဝမ်းသည် မြေပေါ်တွင်ကျနေသော သံလိုက်ဓားအား ကောက်ယူလိုက်ပြီး လိတလျှံ၏တိုက်ခိုက်မှုများကို ခုခံရင်း မြေပေါ်မှထလာလေသည်။

"ချွမ်း... ချွမ်း... ချွမ်း"

သူသည် သိုင်းကွက်သုံးကွက်တိတိဖြင့် ပြန်လည်တိုက်ခိုက်လိုက်ရာ လိတလျှံသည် နောက်သို့တောက်လျှောက် ဆုတ်သွားရပြီးလျှင် ကုလားထိုင်ပေါ်သို့ ဖင်ထိုင်ကျသွားလေသည်။

ဝူးတင့်ဝမ်းသည် လိတလျှံအား မျက်တောင်မခတ်စိုက်ကြည့်ရင်း ရှေ့သို့ တစ်လှမ်းချင်းတိုးလာလေသည်။

ထိုစဉ်မှာပင် အရာဝတ္ထုတစ်ခုသည် သူ၏နောက်ကျောသို့ ပစ်လွှင့်လာနေသည်ကို သတိပြုမိလိုက်၏။

တစ်စုံတစ်ယောက်က လက်နက်ပုန်းဖြင့် အလစ်ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟု သူက ယူဆလိုက်သည်။ ထို့ကြောင့် သူသည် ကမန်းကတန်း ရှောင်တိမ်းလိုက်ရလေသည်။

"ထောက်...."

ပစ်လွှင့်လာသောအရာဝတ္ထုသည် လက်နက်ပုန်းမဟုတ်ဘဲ ပန်းပဲဖိုတွင်အသုံးပြုသော တူတစ်လက်ဖြစ်နေသည်ကို တွေ့ရှိရလေသည်။

ဝူးတင့်ဝမ်းသည် မဲ့ပြုံးပြုံးလိုက်ပြီး လျှပ်တပြက် သူ၏လက်သီးဖြင့် လိတလျှံ၏ဝမ်းဗိုက်ဆီသို့ ထိုးသွင်းလိုက်လေသည်။



"အွန့်...."

ဟူသောအသံတစ်ချက်ထွက်လာပြီးလျှင် လိတလျှံသည် ကုလားထိုင်ပေါ်တွင် သတိမေ့သွားလေသည်။

ဝူးတင့်ဝမ်းသည် နောက်သို့လှည့်ကြည့်လိုက်သောအခါ နောက်ထပ်အရာဝတ္ထုတစ်ခု သူ့ထံသို့ ပစ်လွှင့်လာသည်ကို တွေ့ပြန်လေသည်။ သူသည် ရှောင်တိမ်းရန် အချိန်မရလိုက်ပါ။

"ဝုန်း...."

နောက်ထပ်တူတစ်လက်သည် သူ၏ယာဘက်လက်မောင်းကို ထိမှန်သွားလေသည်။ သူ၏လက်မောင်းတစ်ဖက်သည် ထုံကျင်သွားလေသည်။

ထိုစဉ်မှာပင် လူတစ်ယောက်သည် သူ့ထံသို့ ခုန်အုပ်လာလေသည်။ ထိုလူ၏လက်တွင် တူတစ်လက်ပါလာပြန်သည်။

ဝူးတင့်ဝမ်းက မျက်မှောင်ကုပ်သွားလျှင် သူ၏သံလိုက်ဓားဖြင့် ထိုလူအား ပြန်လည်တိုက်ခိုက်လိုက်လေသည်။

သိုင်းကွက်နှစ်ကွက်ယှဉ်ပြိုင်လိုက်ပြီးနောက် သူ့အား တိုက်ခိုက်လာသောလူကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ ဤမြို့ကလေးထဲ၌ အေးချမ်းစွာ နေထိုင်သော ပန်းပဲအဘိုးအို ဘဘကန်းပင်ဖြစ်သည်။

သူသည် အံ့အားသင့်သွားသည်။

"မင်းကို"

ဘဘကန်းက ပြုံးလိုက်သည်။

"ဟုတ်တယ်... ကျုပ်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝူးတင့်ဝမ်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . မင်းဟာ သိုင်းသမားတစ်ယောက်ဖြစ်မယ်မှန်း ကျုပ်က မမျှော်လင့်ဘူးဗျ"

ဘဘကန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျားမမျှော်လင့်တဲ့ကိစ္စတွေ အများကြီးရှိပါသေးတယ်ဗျ"

ဝူးတင့်ဝမ်းက. . .

"ခင်ဗျားနဲ့ လီတလျှံက ဘယ်လိုပတ်သက်နေတာလဲ"

ဘဘကန်းက. . .

"ဒါက ခင်ဗျားသိဖို့အရေးမကြီးဘူး. . . ခင်ဗျား သိရမဲ့ အရေးကြီးတဲ့ကိစ္စတစ်ခု ရှိတယ်ဗျ"

ဝူးတင့်ဝမ်းက. . .

"ဘာများလဲ"

ဘဘကန်းက. . .

"အပြင်ဘက်မှာရှိနေတဲ့ ခင်ဗျားတပည့်တွေအားလုံး တစ်ယောက်မှ အသက်မရှိတော့ဘူးဗျ"

ဝူးတင့်စမ်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားလက်ချက် ဟုတ်လား"

ဘဘကန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝူးတင့်ဝမ်းက. . .

"ခင်ဗျားတစ်ယောက်ထဲလား"



ဘဘကန်းက. . .

"သူတို့လောက်ကိုတော့ ကျုပ်တစ်ယောက်ထဲနဲ့ လုံလောက်ပါပြီ"

ဝူးတင့်ဝမ်းမှာ ရင်ထိတ်သွားလေသည်။

ဘဘကန်းက စကားဆက်လိုက်သည်။

"ခင်ဗျား မယုံဘူးလား"

ဝူးတင့်ဝမ်းက. . .

"ဒါဖြင့်လဲ ကျုပ်တပည့်တွေအတွက် ခင်ဗျားကိုသတ်ရုံပေါ့"

ဘဘကန်းက. . .

"ခင်ဗျား ကျုပ်ကိုနိုင်ပါ့မလား"

ဝူးတင့်ဝမ်းက. . .

"သေချာပါတယ်ဗျာ"

ဘဘကန်းကစကားမပြောတော့ဘဲ ထပ်မံတိုက်ခိုက်ရန် ပြင်လိုက်သည်။ ဝူးတင့်ဝမ်းက ဟန့်တားလိုက်သည်။

"ခဏနေဦး"

ဘဘကန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ကျုပ်ကို ဘာများပြောချင်သေးလို့လဲ"

ဝူးတင့်ဝမ်းက. . .

"ကျားနှစ်ကောင်ကိုက်ရင် နှစ်ကောင်လုံးဒဏ်ရာရမှာပဲ"

ဘဘကန်းက. . .

"ခင်ဗျား ဘာကိုဆိုလိုတာလဲဗျ"

www.burmeseclassic.com



ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"တို့နှစ်ယောက်မတိုက်ခိုက်ဘဲနေနိုင်ရင် ပိုပြီးကောင်းမယ်လို့ ကျုပ်ထင်မိလို့ပါ"

ဘဘကန်းက. . . .

"ခင်ဗျား ဘာလုပ်ချင်သလဲပြောပါ"

ဦးတင့်ဝမ်းက. . . .

"သွေးကြွက်တူရွှေးရဲ့ရတနာသိုက်ကို ကျုပ်ကတစ်ဝက်… ရင် ကျေနပ်ပါပြီ"

ဘဘကန်းက. . . .

"ခင်ဗျားက ကျုပ်နဲ့ပူးပေါင်းမဲ့သဘောပြောနေတာလား"

ဦးတင့်ဝမ်းက. . . .

"ခင်ဗျားရဲ့သိုင်းပညာအဆင့်နဲ့ ကျုပ်နဲ့ပူးပေါင်းလိုက်ရင် လိုတလျှံမှာ နောက်ထပ်အားကိုးရမဲ့လူရှိတာတောင် တို့… ကြောက်စရာမလိုတော့ဘူး မဟုတ်လား"

ဘဘကန်းက မဲ့ပြုံးပြုံးလိုက်သည်။

ဦးတင့်ဝမ်က စကားဆက်လိုက်သည်။

"ခင်ဗျားဟာ အသက်တော်တော်ကြီးပါပြီ. . . ဒီက… တနာတစ်ဝက်သာရလိုက်ရင် တစ်သက်လုံး ချမ်းချမ်းသာသာနေနိုင်မယ် မဟုတ်လား"

ဘဘကန်းက ပြုံးလိုက်သည်။

"ဒါတော့ ကျုပ်လဲ သိပါတယ်. . . ကျုပ်ကလဲ ငွေကိုလို… ချင်တာပေါ့"



ဦးတင့်ဝမ်းက. . . .

"ခင်ဗျားသဘောပေါက်သွားပြီ မဟုတ်လား"

ဘဘကန်းက. . . .

"သိပ်သိတာပေါ့. . . ငွေဆိုတာများတယ်လို့ ဘယ်သူ… မငြင်းဘူး၊ များများရှိလေ ကောင်းလေပေါ့"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . ဘယ်သူကမှ ငွေများတယ်လို့မ…ပါဘူး"

ဘဘကန်းက. . . .

"ဒါဖြင့် ကျုပ်က ဘာဖြစ်လို့ ခင်ဗျားကို တစ်ဝက်ခွဲပေးရ…လဲ"

ဦးတင့်ဝမ်းမှာ ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

"ခင်ဗျားက တော်တော်လောဘကြီးတာကိုး"

ဘဘကန်းက ပြုံးလိုက်သည်၊

"ဒါကြောင့် ကျုပ်ပြောတယ် မဟုတ်လား. . . ခင်ဗျားမ…သင့်တဲ့ကိစ္စတွေ အများကြီးရှိပါတယ်လို့"

ဦးတင့်ဝမ်းက ပခုံးတစ်ချက်တွန့်လိုက်လေတော့သည်။

ဘဘကန်းသည် မျက်နှာတင်းတင်းဖြင့်. . . .

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားမသိဘူး ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဦးတင့်ဝမ်းက ခေါင်းခါယမ်းလိုက်သည်။

"မသိဘူး"

ဘာဘာကန်းက. . . .

"ကျုပ်က ကျေးကျွန်တစ်ယောက်ပါ"

ဦးတင့်ဝမ်းက ထပ်မံပြီး အံ့အားသင့်သွားပြန်သည်။

"ကျေးကျွန် ဟုတ်လား. . . ဘယ်သူရဲ့ကျေးကျွန်လဲ"

ဘာဘာကန်းက လေးနက်သောအသံဖြင့်. . . .

"သွေးကြွက်တူရွေး"

ဦးတင့်ဝမ်းသည် ပို၍ အံ့အားသင့်သွားလေသည်။

"ခင်ဗျားလဲ ငှက်ကျွန်တစ်ယောက်ပေါ့ ဟုတ်လား"

ဘာဘာကန်းက. . . .

"ဟုတ်တယ်"

ဦးတင့်ဝမ်းက. . . .

"ငှက်ကျွန်ဆိုတာ ငှက်တစ်မျိုးဘဲ မဟုတ်လား"

ဘာဘာကန်းက. . . .

"သွေးကြွက်တူရွေးမှာ ငှက်ကျွန်(၁၃)ကောင်ရှိတယ်၊ ဒီငှက်ကျွန်(၁၃)ကောင်လဲ လူ(၁၃)ယောက်ပါပဲ"

သူသည်ပြောပြီးသည်နှင့် လက်မြှောက်လိုက်လေသည်။

ရုတ်တရက် ထူးခြားသောချူသံ ထွက်ပေါ်လာသည်ကို ကြားလိုက်ရလေသည်။

ထိုချူသံနှင့်အတူ ငှက်တစ်ကောင်သည် ပျံဝဲလာပြီး သူ၏လက်ထဲသို့ ဝင်ရောက်နားလိုက်လေသည်။



ဦးတင့်ဝမ်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားတို့ငှက်ကျွန်(၁၃)ကောင်ဆိုတာ ဘယ်သူများပါ[...]"

ဘာဘာကန်းက. . . .

"ခင်ဗျားဟာ တော်တော်ပင်စုတဲ့ လူတစ်ယောက်ပါပဲ"

ဦးတင့်ဝမ်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . ကျုပ်ကဘာမဆို စူးစမ်းချင်တဲ့စိတ်[...]တတ်လို့ပါ"

ဘာဘာကန်းက ခေါင်းခါယမ်းလိုက်သည်။

"ခင်ဗျားသိချင်ပေမဲ့ ကျုပ်ကမပြောချင်ဘူး"

ဦးတင့်ဝမ်းက. . . .

"ဒါဖြင့် ခင်ဗျား ဘာလုပ်မလဲ"

ဘာဘာကန်းက. . . .

"ကျုပ်က ခင်ဗျားရဲ့သိုင်းပညာ ဘယ်လောက်အဆင့်[...]ယ်ဆိုတာ သိချင်တယ်"

ဦးတင့်ဝမ်းက စိတ်မပျက်သေးပါ။

"ကျုပ် ခုနကပြောတဲ့ကိစ္စကို ခင်ဗျား လုံးဝမစဉ်းစား[...]ဘူးလား"

ဘာဘာကန်းက မျက်နှာတင်းတင်းဖြင့်. . . .

"ကျုပ် အခုစဉ်းစားနေတာက ခင်ဗျားကိုသတ်ဖို့ပါပဲ"

သူသည် ယင်းသို့ပြောနေစဉ်မှာပင် ဦးတင့်ဝမ်း၏သိုက်[...]သည် ဘာဘာကန်း၏ခေါင်းပေါ်သို့ ခုတ်ချလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချမ်း. . . ."

သူ၏ဓားသည် ဘဘကန်း၏တူပေါ်သို့ ခုတ်မိနေခြင်း ဖြစ်သည်။ ဝူးတင့်ဝမ်းက ထိတ်လန့်တုန်လှုပ်သွားလေသည်။

ဘဘကန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက ဒီလိုအလစ်ဝင်တိုက်ခိုက်လို့ ရပါ့မလား"

သူ၏စကားမဆုံးမီမှာပင် ဝူးတင့်ဝမ်း၏ဓားသည် လှ ကပြက် တိုက်ခိုက်လိုက်ပြန်လေသည်။

ဤတစ်ကြိမ် သူသည်ရပ်နားခြင်းမရှိဘဲ တစ်ဆက် တည်း သိုင်းကွက်(၂၀)ကျော် တိုက်ခိုက်လိုက်သည်။

ဘဘကန်းသည် သူ၏လေးလံသောတူဖြင့် ပြန်လည် တိုက်ခိုက်လိုက်သည်။

သူတို့သည် နောက်ထပ်သိုင်းကွက်(၂၀)ခန့် တိုက်ခို လာမိသောအခါ ဝူးတင့်ဝမ်းသည် တောင်ကုန်းနှစ်ခုကိုတ လိုက်ရသကဲ့သို့ မောပန်းသွားလေသည်။

ဘဘကန်းမှာမူ လုံးဝမောဟိုက်ခြင်းမရှိပါ။

သူသည် အားရပါးရရယ်မောလိုက်ပြီး. . . .

"ကဲ. . . ခင်ဗျား ကျုပ်ရဲ့တူကို နောက်ထပ် ဘယ်နှ ချက်ခံနိုင်မယ်ဆိုတာ ကြည့်သေးတာပေါ့"

သူသည်ပြောရင်း လက်ထဲမှတူနှင့်တစ်ချက်ပြီးတစ်ချ အဆက်မပြတ်ဘဲ ဝူးတင့်ဝမ်း၏ခေါင်းပေါ်သို့ ထုချလိုက်လေ

ဝူးတင့်ဝမ်းကရှောင်တိမ်းရင်း သူ၏သံလိုက်ဓားဖြင့် ကြ စား၍ ခုခံနေရလေသည်။ သူ၏သံလိုက်ဓားမှာလည်း ဘဘ



န်း၏လက်ထဲမှ တူနှင့်ထိတွေ့ကာ ပူးကပ်သွားလေသည်။

"မား လွှတ်လိုက်စမ်း"

ဘဘကန်းက ယင်းသို့ပြောရင်း တူကို တအားပြန်လည် ဆွဲယူလိုက်သည်။ ထိုအခါ ဝူးတင့်ဝမ်းလက်ထဲမှဓားသည် တူနှင့် ကပ်လျက် ပါသွားလေသည်။

သူ၏ကိုယ်ခန္ဓာမှာလည်း လက်ထဲမှ ဓားနှင့်အတူ ဘဘ ကန်းဆွဲခေါ်ရာသို့ ပါသွားလေသည်။

ဘဘကန်းက အားရပါးရရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

သူသည် တအားဆောင့်ဆွဲလိုက်ရာ ဝူးတင့်ဝမ်းလက်ထဲ မှဓားသည် တူနောက်သို့ပါသွားလေသည်။

သို့သော် သူ၏ကိုယ်ခန္ဓာသည် ရပ်တန့်ခြင်းမရှိဘဲ ဘဘ ကန်းအနီးသို့အရှိန်ဖြင့် ချဉ်းကပ်သွားလေသည်။

တစ်ဆက်တည်းမှာပင် သူ၏လက်သီးနှစ်လုံးသည် ဘ ဘကန်း၏ဝမ်းဗိုက်သို့ ထိုးသွင်းလိုက်လေသည်။

"ဝုန်း. . . ဝုန်း"

ဘဘကန်းသည် အထိုးခံလိုက်ရသော်လည်း လဲကျမ သွားပါ။ သူ၏ဝဲဖက်လက်ဝါးဖြင့် ဝူးတင့်ဝမ်း၏ ယာဖက်ပခုံးကို ရိုက်ချလိုက်လေသည်။

ဝူးတင့်ဝမ်းသည် လျှင်မြန်စွာ နောက်သို့ဆုတ်သွား သည်။ သူသည် ဘဘကန်းကို စိုက်ကြည့်လိုက်သည်။

"ကျုပ်လက်တစ်ဖက် ထိခိုက်သွားတယ်. . . ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျားလဲ ကျုပ်ရဲ့လက်သီးဒဏ်ကြောင့် အသက်ရှင်နိုင်မယ် မ
ထင်ဘူး"

ဘဘကန်း၏နှုတ်ခမ်းတွင် သွေးများ စိမ့်ထွက်လာ
သည်။ သူသည် လျှပ်တပြက် ဝူးတင့်ဝမ်းအား ခုန်အုပ်လိုက်၏။

သူ့လက်ထဲမှ တူဖြင့် တအားထုချလိုက်ရာ ဝူးတင့်ဝမ်း
မှာ မြေပေါ်သို့လဲကျသွားကာ လိမ့်ထွက်၍ရှောင်သိုက်သည်။

ထိုစဉ်မှာပင် ဘဘကန်း၏ပခုံးတွင် နားနေသောငှက်က
လေးသည် ဝူးတင့်ဝမ်း၏ဝဲဖက်မျက်လုံးကို ထိုးဆိတ်တိုက်ခိုက်
လိုက်သည်။

မမျှော်လင့်ဘဲခံလိုက်ရသဖြင့် ဝူးတင့်ဝမ်း၏မျက်လုံးတစ်
ဖက်တွင် သွေးများ နီရဲသွားလေသည်။

ဝူးတင့်ဝမ်းသည် ကျန်ရှိသောလက်တစ်ဖက်ဖြင့် ထိုငှက်
ကလေးအား ဖမ်းဆုပ်ပြီး တအားညှစ်လိုက်ရာ ငှက်ကလေး၏
အော်သံသည် စူးရှစွာ ထွက်ပေါ်လာသည်။

တစ်ချိန်တည်းမှာပင် ဘဘကန်း၏တူသည် ဝူးတင့်ဝမ်း
၏ရင်ဝသို့ ထုချလိုက်လေသည်။ ဝူးတင့်ဝမ်း၏ခန္ဓာကိုယ်သည်
အဝေးသို့လွင့်စင်ကာ မြေပေါ်သို့ လဲကျသွားလေသည်။

ဘဘကန်းသည် မောဟိုက်စွာဖြင့် ကုလားထိုင်တစ်လုံး
ပေါ်သို့ ထိုင်ချလိုက်သည်။

ငှက်ကလေးသည် ဝူးတင့်ဝမ်း၏လက်ထဲမှ ရုန်းထွက်ရန်
ဆူညံစွာ အော်ဟစ်နေသည်။

ခြူသံနှင့်ငှက်အော်သံတို့သည် အခန်းတစ်ခုလုံးကို ဆူ



ညှိမ်းမိုးသွားလေတော့သည်။

ဿဿဿ

ခြူသံသည် ထပ်မံထွက်ပေါ်လာသည်။

ငှက်လေးက တောင်ပံတစ်ဖက်ကျိုးသွားသဖြင့် ပျံသန်း
မ်းမရှိတော့ဘဲ အသက်ချမ်းသာရာ ရသွားလေသည်။

သူသည် ကုလားထိုင်ပေါ်မှတစ်ဆင့် ဘဘကန်း၏ပခုံး
သို့ ခုန်တက်သွားလေသည်။

ဘဘကန်းသည် လိတာလျှံအား ကြည့်နေ၏။

လိတာလျှံက သက်ရပြီဖြစ်ရာ သူမကလည်း ဘဘကန်း
စိုက်ကြည့်နေလေသည်။

"ရှင်က ကျွန်မကိုအသက်စွန့်ပြီး ကယ်လိမ့်မယ်လို့
င် ကျွန်မ,မထင်မိခဲ့ပါဘူး"

ဘဘကန်းက နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်နှင့် သွေး
ည် သူ၏နှာခေါင်းမှ စီးဆင်းကျလာလေသည်။

လိတာလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ရှင့်ဒဏ်ရာမနည်းပါလား"

ဘဘကန်းက နှာခေါင်းရှုံ့လိုက်ပြန်သည်။

လိတာလျှံက. . .

"ရှင်က ကျွန်မဘက်ကဝင်ပြီးကူညီတာ ဘာဖြစ်လို့ ကျွန်
ဘေသကုန်မှ အခုလိုလာပြီး ကူညီရတာလဲရှင့်"

www.burmeseclassic.com

www.burmeseclassic.com



ဘဘကန်းက ပါးစပ်ဟလိုက်သည်။ ပါးစပ်ဟလိုက်သည်နှင့် သွေးများသည် အန်ထွက်လိုက်လေသည်။

"ကျုပ် အခုလိုလုပ်တာကို ခင်ဗျား တစ်ခုသိစေချင်လို့ပါပဲ"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ဘာများလဲ"

ဘဘကန်းက. . . .

"ခင်ဗျားရဲ့လူတွေအားလုံးဟာ အဘိုးအိုသန်ကောင်ကလွဲလို့ တစ်ယောက်မှ အသုံးမကျဘူးဆိုတာ သိစေချင်လို့ဗျ"

လိတလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မကို ဒီအကြောင်းသိစေချင်လို့ တခြားနည်းကော အသုံးပြုလို့မရဘူးလားရှင့်"

ဘဘကန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က တခြားနည်းကို မသုံးချင်ဘူး"

လိတလျှံက. . . .

"ဒါဖြင့် ကျွန်မလူတွေအားလုံး သေကုန်အောင် ရှင်က စောင့်နေတာပေါ့ ဟုတ်လား"

ဘဘကန်းက. . . .

"ဟုတ်တယ်. . . ခင်ဗျားလူတွေသေကုန်မှ ကျုပ်က ခင်ဗျားရဲ့ကိုယ်ရံတော်ဖြစ်လာနိုင်မယ် မဟုတ်လား"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ရှင့်ရဲ့စိတ်ကူးကလဲ တစ်မျိုးကြီးပါလား"



ဘဘကန်းက ပြုံးလိုက်သည်။

"အခုကြည့်လေ. . . ခင်ဗျားအနားမှာ ဘယ်သူမှမရှိတော့ဘူး။ ခင်ဗျားကို စောင့်ရှောက်မယ့်လူတစ်ယောက် လိုလာပြီ ဟုတ်တယ်လား"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

ဘဘကန်းက စကားဆက်လိုက်သည်။

"အခု ခင်ဗျားမှာ အခြေအနေ အတော်ဆိုးနေတယ်၊ ဟိုက်ကက လူဆိုးထိန်းရှန်ရှောင်က ခင်ဗျားနောက်ကို သဲသဲမဲမဲ လိုက်နေတယ်၊ တစ်ဖက်ကလဲ လူဆိုးတွေ ခင်ဗျားကို ရှာဖွေနေတယ်လို့ လိုက်နေတယ်ဆိုတာ ခင်ဗျားသိပါတယ်"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"လူဆိုးထိန်းရှန်ရှောင်က လိုက်နေတယ်ဆိုတာ ကျွန်မ သိတယ်၊ လူဆိုးတွေလိုက်နေတယ်ဆိုတာ ဘယ်သူများပါလိမ့်"

ဘဘကန်းက ပြုံးလိုက်သည်။

"ထန်ညီအစ်ကိုသုံးယောက်ရဲ့အလောင်းမှာ ပုလဲတစ်လုံးတွေ့ရတယ်ဆိုတာ ခင်ဗျား မကြားမိဘူးလား။ အဲဒီပုလဲဟာ မင်းစားကြီးပျောက်ဆုံးသွားတဲ့ရတနာထဲက ပစ္စည်းတစ်ခုပါပဲ"

လိတလျှံက. . . .

"ဒီပုလဲက ကျွန်မလက်ထဲရောက်နေပါပြီ"

ဘဘကန်းက အံ့သြခြင်းမရှိတဲ့ပြုံးနေပါ၏။

ဝမ်းဖုန်းက အံ့သြသွားလေသည်။ သူသည် ထိုပုလဲအကြောင်း မှတ်မိလိုက်သေးသည်။ ထန်စင်းလုံသေဆုံးစဉ်က သူ

www.burmeseclassic.com

www.burmeseclassic.com



သည် ထိုပုလဲကို မိမိလက်သို့ ပေးခဲ့သည်။

ထန်စင်းလုံသည် ငှက်လှောင်အိမ်တစ်ခုကို ညွှန်ပြလိုက်ပြီး စကားမပြောနိုင်ဘဲ သေဆုံးသွားသည်ကိုပြန်လည်မြင်ယောင်လာသည်။

ယင်းပုလဲသည် ယခုအဘယ့်ကြောင့် လီတလျှံလက်ထဲသို့ရောက်ရှိနေသည်ကို သူ မသိလိုက်ပါချေ။

ဖြစ်နိုင်သည်မှာ ထိုပုလဲလုံးကို ငှက်ကျွန်ကတစ်ဆင့် လီတလျှံလက်ထဲသို့ ပေးလိုက်ခြင်းဖြစ်သည်ဟု ယူဆရလေသည်။

ဝမ်းဖုန်းသည် ခေါင်မိုးပေါ်၌ အတန်ကြာမှောက်၍ နားစွင့်နေသဖြင့် တစ်ကိုယ်လုံးပင် ထုံကျင်နေသည်။

သူသည် သက်တောင့်သက်သာနေနိုင်သည်ဟုတွေးတောနေစဉ်မှာပင် လီတလျှံ၏စကားကို ကြားလိုက်ရသည်။

ꩤꩤꩤ

လီတလျှံသည် လက်ဝါးဖြန့်လိုက်သောအခါ ပုလဲလုံးတစ်လုံးသည် အရောင်တဖိတ်ဖိတ်ဖြင့် လက်ဝါးပေါ်တွင်ရှိနေသည်ကို တွေ့ရှိရလေသည်။

"ဟောဒီပုလဲလုံး မဟုတ်လား"

ဘဘကန်းက ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့များ ခင်ဗျားက မသိချင်ဟန်ဆောင်နေရသလား"

လီတလျှံက ပြုံးလိုက်သည်။



"သူက ဒီပုလဲလုံးရလိုက်တာနဲ့ ကျွန်မဆီလိုက်လာတယ်လို့ ဘယ်ပြောလို့ဖြစ်ပါ့မလဲ"

ဘဘကန်းက. . . .

"ဝူးတင့်ဝမ်းဟာ မယ်တော်ကျောက်စိမ်းရုပ်ထုတစ်ခုရရှိလိုက်လို့ ဒီအထိခြေရာခံလိုက်လာတယ်ဆိုတာ ခင်ဗျားမေ့နေပြီထင်တယ်"

လီတလျှံက ခေါင်းခါယမ်းလိုက်သည်။

"မယ်တော်ကျောက်စိမ်းရုပ်ထုနဲ့ ပုလဲလုံးက စကားပြောနိုင်တာမှ မဟုတ်ဘဲ ကျွန်မဆီကို ခြေရာခံလိုက်လာတယ်ဆိုတာ အကြောင်းမခိုင်လုံဘူး"

ဘဘကန်းက. . . .

"ခင်ဗျား သူများကိုသိပ်ပြီး အထင်မသေးပါနဲ့. . . တယ်လို့များ ဒီပုလဲလုံးနဲ့ ကျောက်စိမ်းမယ်တော်ရုပ်ထုက အပေါ်နပ်ဉာဏ်ကောင်းတဲ့ လူတစ်ယောက်လက်ထဲရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ"

လီတလျှံကဝန့်ခံ၍ မရတော့ပါ။

ဘဘကန်းက. . . .

"ဒါကြောင့် ခင်ဗျား ဒီမြို့ထဲကနေ အမြန်ဆုံးထွက်သွားတော့မယ်လို့ ကျွန်တော်ကြံရွယ်ပါတယ်"

လီတလျှံက ခေါင်းညိတ်လိုက်သည်။

"ကျွန်မလဲ ဒီလိုပဲယူဆထားပါတယ်"

ဘဘကန်းက. . . . .

www.burmeseclassic.com



"ဝူးတင့်ဝမ်းသေဆုံးသွားပေမယ့် တခြားလူမရှိတော့ဘူးလို့ မဆိုနိုင်ဘူးနော်"

လိတလျှံက. . .

"ရှင်ဆိုလိုတာက ကျွန်မကို အကာအကွယ်ပြုနိုင်တဲ့လူတစ်ယောက်ရှိမှ ဒီမြို့ကနေ စိတ်ချလက်ချ ထွက်သွားနိုင်လိမ့်မယ်လို့ ဆိုလိုတာလား"

ဘာဘာကန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်က ခင်ဗျားကို ကာကွယ်နိုင်တဲ့လူတစ်ယောက်ပါ"

လိတလျှံက ပြုံးလိုက်သည်။

"ရှင့်ကို ကျွန်မတစ်ခုပြောရဦးမယ်"

ဘာဘာကန်းက. . .

"ဘာများလဲ"

လိတလျှံက. . .

"ကျွန်မ ဒီကိုရောက်လာပြီး(၆)လအကြာမှာ ရှင်ဟာထိပ်တန်းသိုင်းသမားတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်မသိပြီးပါပြီ"

ဘာဘာကန်းက ခေါင်းညိတ်လိုက်သည်။

လိတလျှံက စကားဆက်လိုက်သည်။

"အဲဒီအချိန်မှာပဲ ကျွန်မက ရှင့်ကို လဲကြိုးကြိုးနဲ့ ငှားပါသေးတယ်၊ ရှင်က အနည်းဆုံး(၇)ကြိမ်တိတိ ငြင်းပယ်ခဲ့ပါသေးတယ်"



ဘာဘာကန်းက ဝန်ခံလိုက်သည်။

လိတလျှံက စကားဆက်လိုက်ပြန်သည်။

"ဟိုအချိန်တုန်းက ကျွန်မ အတန်တန်ဖိတ်ခေါ်လျက်နဲ့ လက်မခံခဲ့ဘူး၊ အခုမှ ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် စောင့်ရှောက်ရမယ်လို့ ပြောလာရတယ်ဆိုတာ အံ့ဩစရာမကောင်းဘူးလား"

ဘာဘာကန်းက. . .

"ဘာမှအံ့ဩစရာမရှိပါဘူး"

လိတလျှံက. . .

"ဘာဖြစ်လို့လဲရှင့်"

ဘာဘာကန်းက. . .

"အဲဒီအချိန်တုန်းက ခင်ဗျားမှာ လူတွေအများကြီးရှိနေတယ် မဟုတ်လား၊ ကျုပ်ကို ဘယ်အထင်ကြီးနိုင်ပါ့မလဲ"

လိတလျှံက. . .

"အခုတော့ ကျွန်မ ရှင့်ကိုအထင်ကြီးပါပြီတဲ့၊ ရှင်က အနှိုး ဘယ်လောက်တောင်းမလဲ"

ဘာဘာကန်းက. . .

"ကျုပ်က ငွေတစ်ပြားမှ မလိုချင်ဘူး"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ဒါဖြင့် ရှင်က ဘာလိုချင်လို့လဲ"

ဘာဘာကန်းက. . .

"ခင်ဗျားက လူတစ်ယောက်ကိုလွှတ်လိုက်ပါ. . . စာရွက်တစ်ရွက်ကို ဆုတ်လိုက်ပါ၊ ဒါကိုလက်ခံမယ်ဆိုရင် ကျုပ်ရဲ့အ

www.burmeseclassic.com

www.burmeseclassic.com



သက်ဟာ ခင်ဗျားလက်ထဲအပ်လိုက်ပါ့မယ်"

ဿဿဿ

လူတစ်ယောက်. . . စာတစ်ရွက်. . . ဘယ်သူလဲ . . . မည်သည့်စာရွက်မျိုးလဲ. . . .

ဘဘကန်းက ပြောမပြသော်လည်း လိတလျှံက နားလည်လိုက်လေသည်။

သူမသည် ဘဘကန်းအား ကြည့်၍ ပြုံးလိုက်သည်။

"ရှင့်အသက်ကို ဒီလောက်တန်ဖိုးရှိတယ်လို့ ယူဆထားသလား"

ဘဘကန်းက. . . .

"အရင်တုန်းကတော့ မရှိဘူး. . . အခုတော့ ရှိတယ်လို့ ထင်ပါတယ်"

လိတလျှံက. . . .

"ခုအချိန်မှာ ကျွန်မတစ်ယောက်ထဲ အထီးကျန်ဖြစ်နေတယ်လို့ ရှင်ထင်နေသလား"

ဘဘကန်းက. . . .

"နို့. . . . မဟုတ်ဘူးလား"

လိတလျှံက ပြုံးလိုက်သည်။

"ကျွန်မမှာ အားထားရတဲ့လူတစ်ယောက် ရှိသေးတယ်ဆိုတာ ရှင်မေ့နေပြီ ထင်တယ်"



ဘဘကန်းက. . . .

"ဘယ်သူကျန်သေးလို့လဲ"

လိတလျှံက. . . .

"ဝေ့ချိုလို"

ဘဘကန်းက ရယ်မောလိုက်လေသည်။

သူ၏ ရယ်မောခြင်းသည် အနည်းငယ် လှောင်ပြောင်ဆန်းကြွယ်သည်ဟု ယူဆလေသည်။

လိတလျှံကလည်း ရယ်မောနေ၏။

"သူ့ရဲ့အပ်ဝိဇ္ဇာပညာကို ရှင်လဲကြားဖူးမှာပေါ့"

ဘဘကန်းက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က သူ့ကို ဒီလောက်အထင်မကြီးပါဘူး"

လိတလျှံက. . . .

"တကယ်လို့များ သူက ဒီလောက်ပညာအရည်အချင်းမရှိဘဲ ငှက်ကျွန်အဆင့်ရောက်အောင် ဘယ်ရနိုင်ပါ့မလဲ"

ခေါင်မိုးပေါ်မှ နားစွင့်နေသောသမ်းဖုန်းသည် အံ့ဩသွားရလေသည်။ ဝေ့ချိုလိုမှာ ငှက်ကျွန်တစ်ကောင်ဖြစ်နေသည်ကို သိလိုက်ရလေသည်။

ဿဿဿ

သွေးကြွက်တူရွှေးတွင် ငှက်ကျွန်(၁၃)ကောင်ရှိသည်။ အကယ်၍သာ သွေးကြွက်တူရွှေးက လူတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လျှင် သူ၏လက်အောက်တွင် ကျေးကျွန်(၁၃)ယောက်ရှိမည်သာ ဖြစ်သည်။

ယခု ဝမ်းဖုန်းသိထားသော ကျေးကျွန်နှစ်ယောက်မှာ ဘဘကန်းနှင့် ဝေ့ချီလုံတို့ ဖြစ်သည်။

ဤသို့ဆိုလျှင် ကျေးကျွန်(၁၁)ယောက် ကျန်သေးသည်။

ထိုကျေးကျွန်(၁၁)ယောက်တို့သည် မည်သူများဖြစ်နေသနည်း။ သူတို့သည် မည်သည့်နေရာတွင် ရှိနေပါသနည်း။

ယခု ဝေ့ချီလုံသည် မည်သည့်နေရာသို့ ရောက်ရှိနေပါသနည်း။

ကြက်တူရွေးဂေဟာတွင် နေထိုင်သောငှက်ကျွန်သည် ထိုကျေးကျွန်(၁၃)ကောင်ထဲမှ တစ်ကောင်အပါအဝင် ဖြစ်နေလော။ ယခု သူမ၏အခြေအနေသည် မည်သို့ရှိနေသနည်း။

ဝမ်းဖုန်းသည် ငှက်ကျွန်အတွက် စိုးရိမ်ပူပန်လာလေသည်။ သူသည် ငှက်ကျွန်နှင့်သုံးရက်တိုင်တိုင် အတူတူနေထိုင်ခဲ့သည်။

ထိုတိုတောင်းသောသုံးရက်တွင် သူသည် ထိုချစ်စရာကောင်းသော၊ ကြောက်မက်ဖွယ်ရာကောင်းသော ငှက်ကျွန်အမည်ရှိ မိန်းကလေးအပေါ် သံယောဇဉ်များတွယ်မိခဲ့သည် မဟုတ်ပါလော။

❀ ❀ ❀



ဘဘကန်းက ပြုံးနေ၏။

"ဟုတ်ပါတယ်. . . ဝေ့ချီလုံဟာ ငှက်ကျွန်တစ်ယောက်
တာမှန်ပါတယ်၊ သူ့ရဲ့သိုင်းပညာကလဲ မဆိုးပါဘူး"

လီတလျှံက. . . .

"ဒါကြောင့် သူက ကျွန်မကိုကာကွယ်ပေးနေရင် လို
ဘက်ပြီ မဟုတ်လား"

ဘဘကန်းက. . . .

"ခင်ဗျား ဒီလိုပဲထင်သလား"

လီတလျှံက. . . .

"ဒီမှာ ကျွန်မရှင်းရှင်းပြောလိုက်မယ်. . . သူက ကျွန်မ
အကာအကွယ်ပေးတဲ့အပြင် တခြားကျေးကျွန်ကိုလဲ စောင့်
နေရတယ်ရှင့်"

ဘဘကန်းက ပြုံးလိုက်သည်။

"ဒါတွေကို ကျုပ်အားလုံးသိတယ်. . . ဝူးတင့်ဝမ်းကလဲ
တယ်၊ ဒါ့ကြောင့် သူက ခုတိုးအိုသန်ကောင်ကို အပြတ်ရှင်း
လိုက်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လီတလျှံက. . . .

"ရှင်ရှိရဲ့သားနဲ့ အဘိုးအိုသန်ကောင် အသတ်ခံရတာကို ရှင်က ဘာဖြစ်လို့ ဝင်မကူခဲ့တာလဲ"

ဘဘကန်းက. . . .

"ကျုပ်က ဘာဖြစ်လို့ဝင်ကူရမှာလဲ"

လီတလျှံက. . . .

"သူကလဲ ငှက်ကျွန်တစ်ယောက်ဆိုတာ ရှင် မေ့နေပြီလား"

ဘဘကန်းက မဲ့ပြုံးပြုံးလိုက်သည်။

"သူက ငှက်ကျွန်မဟုတ်တော့ဘူး. . . ခင်ဗျားရဲ့ကျေးကျွန်ဖြစ်နေပြီဗျ"

လီတလျှံက. . . .

"ဒါကြောင့် ဗူးတင့်ဝမ်းက သူ့ကိုသတ်တာ ရှင်ကလက်ပိုက်ကြည့်နေတာပေါ့"

ဘဘကန်းက. . . .

"သခင်ကို သစ္စာဖောက်တဲ့လူဟာ အနေးနဲ့အမြန် သေရမှာပဲ၊ ကျုပ်က ဘာဖြစ်လို့ သူ့ကိုကူရမှာလဲ"

လီတလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ဒါကြောင့် ရှင်က ကျွန်မလူတွေအားလုံး သေကုန်အောင် စောင့်ပြီးမှ လူစွမ်းကောင်းလုပ်တာပေါ့လေ"

ဘဘကန်းက. . . .

"ဟုတ်တယ်. . . ဒါပေမယ့် ကျုပ်က ကျုပ်သခင်အပေါ် သစ္စာရှိတယ်"

လီတလျှံက. . . .

"ကျွန်မယုံပါတယ်. . . ရှင်ဟာ တစ်ချိန်တုန်းက ကတိကို မဖျက်ဘူးဆိုတာ"

ဘဘကန်းက ကြားဖြတ်လိုက်သည်။

"ကျုပ်က ကတိဖျက်တတ်တဲ့ လူတစ်ယောက်မှ မဟုတ်ဘူး"

လီတလျှံက စကားဦးလှည့်လိုက်သည်။

"ငွေချိုလုံ အခု ဘယ်မှာလဲ"

ဘဘကန်းက. . . .

"မသိဘူး"

လီတလျှံက မယုံကြည်စွာဖြင့်. . . .

"ရှင်လဲမသိဘူး ဟုတ်လား"

ဘဘကန်းက. . . .

"ကျုပ်သိထားတာက သူနဲ့ငှက်ကျွန်တို့နှစ်ယောက်ဟာ ဆက်လုံလုံခြုံခြုံရှိတယ်လို့ သိထားတာပဲ"

လီတလျှံက. . . .

"သေချာရဲ့လား"

ဘဘကန်းက. . . .

"အဘိုးအိုသန်ကောင်အသတ်ခံရပြီးတဲ့နောက် ကျုပ်ကိုအကြောင်းကြားပြီး ငှက်ကျွန်ကို လုံခြုံတဲ့တစ်နေရာခေါ်ဖို့ ဆိုက်တယ်"

www.burmeseclassic.com



လိတလျှံက ဘေးဘီသို့တစ်ချက်ကြည့်လိုက်ပြီး သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟင်း. . . ကျွန်မတော့ တကယ်ပဲ အထီးကျန်ဘဝ ရောက်နေပါပေါ့လား"

ဘဘကန်းကလည်း သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရတနာတွေ အပြည့်အစုံပြန်မရသေးပေမဲ့ ရသင့်သလောက်တော့ ရထားပြီပဲ၊ ဒါဆို ကျေနပ်လောက်ပါပြီ"

လိတလျှံက ပါးစပ်ပိတ်ထားလိုက်သည်။

ဘဘကန်းက စကားဆက်လိုက်သည်။

"ခင်ဗျားက ပစ္စည်းအားလုံး ပြည့်ပြည့်စုံစုံရမှ လူကိုလွှတ်မယ်၊ စာချွက်ကိုဆုတ်ပစ်မယ် ဟုတ်လား"

လိတလျှံက. . .

"ငွေများများရလေ ပိုပြီးကောင်းလေ မဟုတ်လားရှင်"

ဘဘကန်းက. . .

"ငွေ ဘယ်လောက်ပဲများများ အသက်ထက်တော့ တန်ဖိုးမရှိပါဘူး"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်ပြောတာလဲ မှန်ပါတယ်ရှင်"

ဘဘကန်းက. . .

"ဒါဖြင့် ခင်ဗျားသဘောတူပြီ ဟုတ်လား"

လိတလျှံက. . .

"ကျုပ်က လူကိုလွှတ်လိုက်ဖို့နဲ့ စာချွက်ဆုတ်ပစ်ဖို့ဟာ



ဘယ်လွယ်ကလေးပါ. . . ဒါပေမဲ့. . ."

ဘဘကန်းက. . .

"ဒါပေမဲ့ ဘာဖြစ်သလဲ"

လိတလျှံက. . .

"ရှင်က ကျွန်မကို ကာကွယ်နိုင်တဲ့အင်အားရှိသေးသလားဆိုတာ ကျွန်မသံသယ ဖြစ်မိလို့ပါ"

ဘဘကန်းက ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား ကျုပ်က အသက်ကြီးပေမဲ့ အင်အားရှိပါသေးတယ်ဗျာ"

လိတလျှံက ဘဘကန်းအား အကဲခတ်ကြည့်လိုက်ပြီး

"ရှင်ပြောတာ ဟုတ်ပါလိမ့်မယ်"

ဘဘကန်းက. . .

"ခင်ဗျားရဲ့ အားထားရတဲ့လူတွေအားလုံးဟာ ဝူးတင့်ဝင်းလက်ချက်နဲ့ သေဆုံးသွားပြီး ကျုပ်ကတော့ ဝူးတင့်ဝမ်းကိုတွန်းလှန်နိုင်ခဲ့တယ်၊ ဒါဟာသက်သေပါပဲ"

လိတလျှံက. . .

"လက်ဦးကတော့ ဟုတ်ပါတယ်. . . အခုကော ရှင်က အင်အားရှိနေသေးလို့လား"

ဘဘကန်းမှာ မျက်နှာအနည်းငယ်ပျက်သွားလေသည်။

လိတလျှံက စကားဆက်လိုက်သည်။

"ခုနက ရှင့်မှာ ဝူးတင့်ဝမ်းရဲ့ လက်သီးနှစ်လုံးမိသွားတော့ ဒဏ်ရာရှိနေသေးသလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘဘကန်းက ပြုံးလိုက်သည်။

"ဒီလောက်တော့ ခံနိုင်ရည်ရှိပါသေးတယ်"

လိတလျှံက. . . .

"ခက်တာက ရှင့်နှာခေါင်းနဲ့ပါးစပ်မှာ သွေးတွေထွက်လာတယ်ရှင့်"

ဘဘကန်းက. . . .

"နှာခေါင်းသွေးထွက်တာ ဒီလောက်လဲ အရေးမကြီးပါဘူးဗျာ"

လိတလျှံက. . . .

"ရှင့်ရဲ့ အသည်းထဲက အူထဲက ထွက်လာတဲ့သွေးဆိုရင်ကော"

ဘဘကန်းက. . . .

"ကျုပ်အကြောင်း ကျုပ်သိပါတယ်. . . မင်းစိတ်ချလက်ချသာ စာရွက်ကိုဆုတ်ပစ်ပြီး လူကိုလွှတ်လိုက်ပါ"

လိတလျှံက. . . .

"ကျွန်မ စိတ်မချသေးဘူးရှင့်"

ဘဘကန်းက. . . .

"ဘာဖြစ်လို့လဲ"

လိတလျှံက. . . .

"ကျွန်မက စာရွက်ဆုတ်ပစ်ပြီး လူကိုလွှတ်လိုက်မှ ရှင်ကသေသွားရင် ဘယ့်နှယ်လုပ်မလဲ"

ဘဘကန်းက. . . .



"စိတ်ချပါ. . . ကျုပ်မသေနိုင်သေးပါဘူး"

လိတလျှံက ပြုံးလိုက်သည်။

"ကျွန်မ မျက်လုံးကို ကျွန်မယုံတယ်ရှင့်"

ဘဘကန်းသည် အစကတည်းက လိတလျှံ၏မျက်လုံးအားကြည့်ရန် ရှောင်ဖယ်နေ၏။

ယခု သူမက သူမ၏ မျက်လုံးအကြောင်းပြောလိုက်တော့မှ သူသည် အမှတ်မထင် လိတလျှံ၏မျက်လုံးကို စိုက်ကြည့်မိလေသည်။

---

လိတလျှံ၏မျက်ဝန်းအစုံသည် အလွန်လှပပြီး ဆွဲဆောင်မှုညို့ဓာတ်အပြည့်ပါသော မျက်လုံးအစုံဖြစ်သည်။

ဗူးတင့်ဝမ်းကဲ့သို့ သိုင်းပညာအဆင့်မြင့်သောလူပင်လျှင် သူမ၏ညို့ဓာတ်အား သိသိကလေး ရှောင်နိုင်ခဲ့သည်။

ဘဘကန်းသည် ဗူးတင့်ဝမ်းထက် အဆင့်မြင့်သော်လည်း လိတလျှံ၏မျက်လုံးကို မကြည့်ဝံ့ပါချေ။

သူသည် လိတလျှံ၏မျက်လုံးအား စိုက်ကြည့်မိလိုက်သည်နှင့် တစ်ကိုယ်လုံး တုန်ခါသွားလေသည်။

သူသည် အချိန်မီ ကိုယ့်ကိုကိုယ် ထိန်းနိုင်လေသည်။

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်က သိုင်းပညာ အလွန်အဆင့်မြင့်တဲ့ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါပဲ၊ ဒဏ်ရာရသွားသည့်တိုင်အောင် အားကိုးရပါလိမ့်မယ်လို့ ကျွန်မ ယူဆထားပါတယ်"

သူသည် ဘဘကန်းအား ထပ်မံစိုက်ကြည့်လိုက်ပြီး . .

"ဒါပေမဲ့ ရှင်က ဒဏ်ရာမရဘူးသာပြောတယ် . . ရှင်စကားပြောတဲ့လေသံတွေဟာ တဖြည်းဖြည်း အားနည်းလာတယ်ဆိုတာ ကျွန်မ အကဲခတ်မိပါတယ်"

ဘဘကန်းသည် စကားမပြောဘဲ ပါးစပ်ကို တင်းကျပ်စွာ ပိတ်ထားလိုက်သည်။

လိတလျှံက ပြုံးလိုက်သည်။

"ဒီလိုလုပ်ပါရှင် . . . ကျွန်မက သေရတော့မဲ့လူနဲ့စကားမပြောချင်ဘူး၊ အပြင်မှာ ရှင့်လူရှိရင် ခေါ်လိုက်ပါ၊ သူနဲ့စကားပြောချင်တယ်"

သူမသည်ပြောရင်း အပြင်ဘက်သို့ လှမ်းကြည့်လိုက်သည်။ ဘဘကန်းသည် ပါးစပ်ဟလိုက်ရာ သွေးများ အန်ထွက်လာလေသည်။

သူ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိတော့ပါ။

သူသည် တံခါးဝဘက်သို့လှည့်လိုက်ပြီး . . . .

"ဝေ့ချိုလုံ"

ဟု လှမ်းခေါ်လိုက်လေသည်။

ॐ ॐ ॐ



အပြင်ဘက်မှာ မှောင်မဲနေ၏။

ဝန်းကျင်တစ်ခုလုံးမှာလည်း တိတ်ဆိတ်နေသည်။

ဘဘကန်းက ယင်းသို့အော်ခေါ်လိုက်သော်လည်း တစ်ယောက်မျှ တုံ့ပြန်ခြင်းမရှိပါ။ မည်သူတစ်ဦးတစ်ယောက်မှ သည်း ထွက်ပေါ်လာခြင်း မရှိပါ။

လိတလျှံက ဘဘကန်းအား တိတ်ဆိတ်စွာ ကြည့်နေ ဘဘကန်း၏နဖူးပေါ်၌ ချွေးများ စို့ရွှဲ၍နေလေသည်။

အတန်ကြာမှ သူသည် ထပ်မံအော်ခေါ်လိုက်သည်။

"ဝေ့ချိုလုံ"

သို့သော် ဝေ့ချိုလုံ၏အသံ လုံးဝမကြားရပါ။ ဘဘကန်းသည် စတင်စိတ်ပျက်လာလေသည်။

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင်ပြောတော့ သူက လုံခြုံတဲ့နေရာကိုသွားတယ် . . အခုထိ သူရောက်လာတာ မတွေ့ရလေတော့ သူမှာလဲ အသက်အန္တရာယ်နဲ့ ရင်ဆိုင်ရမဲ့အခြေအနေမျိုး ရှိနေသလားမှမသိဘဲ"

ဘဘကန်း၏မျက်နှာတစ်ခုလုံး ရှုံ့မဲ့လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံ၏မျက်နှာသည် သနားကြင်နာသည့် အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

"တဲ့ . . . ရှင့်ကို ကျွန်မအခွင့်အရေးတစ်ခု ပေးလိုက်ဦးမယ်"

ဘဘကန်းက သူမအား လှမ်းကြည့်လိုက်သည်။

လိတလျှံသည် မြေပေါ်မှလွင့်စင်ကျနေသော တူနှစ်လက်အား ကြည့်လိုက်သည်။

"ရှင်ကသာ ဒီတူနှစ်လက်ကို အသုံးပြုနိုင်တဲ့ခွန်အားရှိနေသေးရင် ရှင်တောင်းဆိုထားတဲ့အတိုင်း ကျွန်မ လက်ခံပါ့မယ်"

"ကောင်းပြီလေ"

ဘဘကန်းသည် မချိပြုံးပြုံးလိုက်ပြီး တူရှိရာသို့တစ်လှမ်းချင်း လှမ်းသွားလေသည်။

လိတလျှံက ပြုံးလိုက်သည်။

"ကိုယ့်ကိုကိုယ် နိုင်မနိုင်ဆိုတာ ချင့်ချိန်ပြီးမှ လုပ်ပါရှင်"

ထိုစဉ် သူ့ပခုံးပေါ်မှ ငှက်ကလေးသည် တစ်ချက်အော်လိုက်ပြီး အောက်သို့လိမ့်ကျသွားလေသည်။

ခြူသံတစ်ချက် ထွက်ပေါ်လာသည်။ ဘဘကန်းက အချိန်မီ သူ့အား ဖမ်းဆုပ်ထားလိုက်သည်။

ငှက်ကလေးသည် သေဆုံးသွားပြီဖြစ်သည်။

ဘဘကန်း၏ မျက်နှာတစ်ခုလုံးမှာ ဖြူဖပ်ဖြူရော်ဖြစ်သွားကာ ကုလားထိုင်တစ်လုံးပေါ်သို့ ထိုင်ချလိုက်လေသည်။

ငှက်ကလေး(၁၃)ကောင် . . . လူ(၁၃)ယောက် . . .



ငှက်ကျွန်သည် ငှက်ဖြစ်သည်။ လူကလည်း ငှက်ကျွန်ဖြစ်သည်။

ယခု ငှက်ကျွန်ဖြစ်သောငှက်သည် သေဆုံးသွားပြီဖြစ်သည်။ ငှက်ကျွန်တစ်ယောက်ဖြစ်သောလူသည် မည်သို့ရှိပါသနည်း။

ꩤ ꩤ ꩤ

လူက မသေသေးပါ။ သို့သော် အသက်ရှူသံမှာ တဖြည်းဖြည်း အားနည်းလာသည်ကို တွေ့ရလေသည်။

လိတလျှံသည် သူ့အား စိုက်ကြည့်နေ၏။

သူမ၏ မျက်လုံးအစုံသည် ပြုံးရောင်သန်းနေ၏။ အသင်သေးသောအပြုံး ဖြစ်သည်။

သူမသည် ဘဘကန်းမှာ ဒဏ်ရာပြင်းထန်စွာ ရရှိထားသည်ကို စောစောကသိထားလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် သူမက သူ့အား ကြောင်တစ်ကောင်က ကြွက်တစ်ကောင်ဖမ်းမိထား၍ အသေမသတ်သေးဘဲ ကစားနေသည့်ပုံဟန်နှင့် တူ၏။

သူမ၏ရုပ်သွင်မှာ ချောမောလှပသည်ဖြစ်သော်လည်း သူ၏အသည်းနှလုံးမှာ မာကျော၍ ရက်စက်ကြမ်းကြုတ်လှပေသည်။

ဘဘကန်းကလည်း သူမ၏အကြံကို ရိပ်စားမိလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။ သူသည် အသက်မသေသေးပါ။

မီးတောက်မီးလျှံပမာ နီရဲသောမျက်လုံးများဖြင့် လိတလျှံအား အစိမ်းလိုက် ဝါးစားမတတ်ကြည့်နေ၏။

လိတလျှံမှာမူ တခစ်ခစ်ရယ်မောနေလေသည်။

"ဟား . . . ဟား . . . ဟား"

ဘဘကန်းသည်ဒေါသကြီးစွာဖြင့် ထိုင်ရာမှ ရုတ်တရက်ထလိုက်သည်။ သူသည် ရယ်မောနေသောလိတလျှံထံသို့ တစ်လှမ်းချင်း လှမ်းသွားလေသည်။

လိတလျှံက ရယ်မောလိုက်ပြီး . . .

"ရှင် ဘာလုပ်မလို့လဲ"

ဘဘကန်းက . . .

"လူသတ်မလို့"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ရှင်က ကျွန်မကိုသတ်မလို့လား"

ဘဘကန်းက . . .

"ဟုတ်တယ်"

လိတလျှံက . . .

"ရှင်က ကျွန်မကိုသတ်လိုက်ရင် ကြွက်ဟူရွေးသေသွားမယ်ဆိုတာ မေ့သွားပြီလား"

ထိုစကားကြားလိုက်ရသောအခါ ဘဘကန်း တစ်ကိုယ်လုံးသည် တုန်ခါသွားလေသည်။

လိတလျှံက ပြုံးလိုက်သည်။



"ဘယ့်နှယ်လဲ . . . ရှင် ကျွန်မကို သတ်ချင်သေးသလား"

ဘဘကန်း၏မျက်လုံးအစုံတွင် နီရဲနေလေသည်။ သူသည် ဒေါသကြီးမှုဖြင့် လိတလျှံအား စိုက်ကြည့်နေသည်။

ရုတ်တရက် သူ၏လက်သီးတစ်လုံးသည် လိတလျှံ၏ ခန္ဓာကိုယ်သို့ ထိုးချလိုက်သည်။ လိတလျှံသည် ဘဘကန်းက ဤကဲ့သို့ တိုက်ခိုက်လိမ့် မည်မထင်သဖြင့် သတိမထားမိပါ။

ထို့ကြောင့် ဘဘကန်း၏လက်သီးတစ်လုံးသည် သူမ၏ ခန္ဓာကိုယ်အား အဝေးသို့ လွင့်သွားစေလေသည်။

"ဝုန်း . . ."

လိတလျှံ၏ခန္ဓာကိုယ်သည် အခန်းထောင့်ရှိ ကုလားထိုင်တစ်လုံးပေါ်သို့ ပစ်ကျသွားသည်။ သူမသည် လုံးဝ သတိမေ့သွားလေသည်။ ဘဘကန်း၏လက်သီးတစ်လုံးသည် ကုလားထိုင်တစ်လုံးအား ထုချလိုက်လေသည်။

"ဝုန်း . . ."

ထိုကုလားထိုင်သည် အစိတ်စိတ်အမွှာမွှာဖြစ်သွားသည်။ သူသည် အမျက်မပြေနိုင်သေးဘဲ ဒေါသကြီးစွာဖြင့် ကုလားထိုင်အား လိတလျှံအဖြစ် ဆက်တိုက်ရိုက်ချလိုက်လေသည်။

သူ့လက်တစ်ဖက်တွင် ဆုပ်ကိုင်ထားသော ဓုတ်တခဲလုံးသည်း ကြေမွသွားလေသည်။

"ကြွက်ဟူရေး . . . ကြွက်တူရွေး"

ဘဘကန်းသည် ယင်းသို့အော်ရင်း မြေပေါ်သို့လဲကျ

www.burmeseclassic.com

www.burmeseclassic.com

သွားလေတော့သည်။

* * *

ကြက်တူရွေး . . .

ငှက်ကျွန်သည် ငှက်ကလေးတစ်ကောင်ဖြစ်သည်။

သို့သော် လူတစ်ယောက်လည်း ဖြစ်သည်။

ကြက်တူရွေးကလည်း ငှက်ဖြစ်သည်။

သို့သော်လည်း ဖြစ်နိုင်ပါမည်လော။

လူသားဆိုလျှင် သူက မည်သူနည်း။

၎င်းလူသည် ယခုမည်သည့်နေရာမှာရှိနေပါသနည်း

* * *

ကြက်တူရွေးက မည်သူနည်း။

ကြက်တူရွေးက မည်သည့်နေရာမှာ ရှိနေသနည်း

ဝမ်းဖုန်းသည် ဘာဘကန်းမသေပါစေနှင့်ဟု ကို ဆုတောင်းနေမိသည်။ သူသည် ဘာဘကန်းမသေဆုံးမီ ကြ ရွေးအကြောင်းမေးမြန်းရန် ခေါင်းမိုးပေါ်မှ အောက်သို့ဆ ဟန်ပြင်လိုက်လေသည်။

သူသည် ခေါင်းမိုးအုတ်ကြွပ်များ လူတစ်ယောက် အထိ ခွာယူနေစဉ်မှာပင် ရုတ်တရက် လှုပ်ရှားမှုသည် ချက်



ရပ်တန့်လိုက်လေသည်။

မည်သည့်အကြောင်းကြောင့် သူက စိတ်ထားပြောင်း ပါသနည်း။

* * *

ညလေသည် ပြင်းထန်စွာ တိုက်ခတ်နေ၏။

အခန်းတံခါးဖွင့်ထားသဖြင့် လေများသည် အခန်းထဲသို့ င်လာလေသည်။

လေနှင့်အတူ လူတစ်ယောက်သည် အခန်းထဲသို့ ပြေး လာလေသည်။

ငှက်ကျွန်ဖြစ်သည်။ ငှက်မဟုတ်ပါ။ လူဖြစ်ပါသည်။

ကြက်တူရွေးဂေဟာမှ ငှက်ကျွန်အမည်ရှိသော မိန်းက င် ဖြစ်သည်။

သူမ၏မျက်နှာမှာ အကြီးအကျယ်ဖျားနာပြီး နလံထခါစ တစ်ယောက်၏မျက်နှာနှင့် တူလှပေသည်။

သူမ၏ မျက်လုံးအစုံသည် ဘာဘကန်း၏ ကိုယ်ပေါ်သို့ တ်ရှိလာသောအခါ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင် ပေါ်လွင်နေ၏။

သို့သော် သူမ၏မျက်လုံးအစုံသည် သတိမေ့နေသော သလျှံပေါ်သို့ ရောက်ရှိသွားသည်နှင့် သူမ၏မျက်လုံးအစုံ ည် ရေခဲကဲ့သို့ အေးစိမ့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံသည် သူမ၏မိခင်ဖြစ်သည်။

ဘဘကန်းသည် သူနှင့်မည်သို့ပတ်သက်နေပါသနည်း။

လိတလျှံက မည်သို့သောမိခင်မျိုး ဖြစ်နေသနည်း။

ငှက်ကျွန်သည် မည်ကဲ့သို့သော အမျိုးသမီး ဖြစ်နေသနည်း။

ဝမ်းဖုန်းက မသိပါ။ ဤမြို့ကလေးမှာ နေထိုင်သောလူများသည် အလွန်ရှုပ်ထွေးသည်ဟု သူ သိလိုက်သည်။

သို့သော် မည်သို့ဆိုစေ လိတလျှံက သမီးတစ်ယောက်လုံး ကြေးတန်းစားဘဝဖြင့် ကျွေးမွေးရသည့်အထိ မဆင်းရဲသေးပါ။

ထိုခြံဝင်း၏ ထည်ဝါပုံကိုကြည့်ခြင်းအားဖြင့် လိတလျှံသည် အလွန်ချမ်းသာကြွယ်ဝသော ဒမိန်းမတစ်ယောက်ဖြစ်သည်မှာ သေချာလှပေသည်။

မည်သို့ဆိုလျှင် ငှက်ကျွန်ကိုယ်တိုင်က ယင်းကဲ့သို့ဘဝမျိုးကို နှစ်သက်၍လော။

ဝမ်းဖုန်းသည် ငှက်ကျွန်နှင့်အတူ နေထိုင်သောရက်များမှာ တိုတောင်းလှသည်ဖြစ်သော်လည်း ငှက်ကျွန်မှာ ဤကဲ့သို့သော မိန်းကလေးမျိုးမဟုတ်မှန်း သူယုံကြည်သည်။

လိတလျှံကလည်း သမီးတစ်ယောက်လုံး ကြေးတန်းစားဘဝသို့ရောက်သွားသည်ကို အဘယ်ကြောင့် လက်ပိုက်ကြည့်နေရပါသနည်း။

ထိုအကြောင်းအမျိုးမျိုးကြောင့် ဝမ်းဖုန်းသည် လိတလျှံနှင့်ငှက်ကျွန်တို့မှာ သားအမိမဟုတ်ဟု ယုံကြည်လေသည်။



ဿဿဿ

ငှက်ကျွန်သည် ဘဘကန်း၏အနီးသို့ ရောက်ရှိသွားပြီး သူ၏ဖြူဖွေးသောဆံပင်များအား လက်ဖြင့် ပွတ်သပ်ပေးနေ၏။

သူမသည် မည်သည့်စကားမှမပြောသော်လည်း ဘဘကန်းအပေါ် အလွန်ကြင်နာသနားနေသည်ကို သိလိုက်ရလေသည်။ ထို့နောက် သူသည် လိတလျှံထံသို့ လျှောက်သွားသည်။

ထို့နောက် လက်ကိုဆန့်ထုတ်လိုက်လေသည်။ လက်တစ်ဖက်မဟုတ်ပါ။ လက်နှစ်ဖက်ဖြစ်သည်။

သူမသည် လက်နှစ်ဖက်ဖြင့် လိတလျှံ၏လည်မျိုအား ညှစ်လိုက်လေသည်။

ဝမ်းဖုန်းမှာ ထိတ်လန့်သွားသည်။ မည်သို့ဆိုစေ သမီးတစ်ယောက်က မိခင်ဖြစ်သူအား လည်ပင်းညှစ်သတ်သည်ကို သူ မလိုလားပါ။

ဟန့်တားရန် ပါးစပ်ဟလိုက်ရာ ငှက်ကျွန်က လိတလျှံ၏လည်မျိုအား မညှစ်ဖြစ်တော့ဘဲ လွှတ်လိုက်သည်ကို တွေ့ရသည်။ ဝမ်းဖုန်းမှာ စိတ်သက်သာရာရသွားလေသည်။

လိတလျှံမှာမူ သူမ၏အသက် ရေပြည်တစ်ခေါက်ရောက်သွားပြီးမှ ပြန်လည်ရောက်ရှိလာသည်ကို သိနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါချေ။

ॐ ॐ ॐ

ငှက်ကျွန်သည် လက်ကိုဆန့်ထုတ်လိုက်ပြန်သည်။

ဤတစ်ကြိမ်တွင် လက်တစ်ဖက်သာ ဆန့်ထုတ်လိုက်ခြင်းဖြစ်သည်။

သူမသည် လိတလျှံ၏ပါးအား ဘယ်ပြန်ညာပြန်ရိုက်လိုက်လေသည်။ သို့သော် ပြင်းပြင်းထန်ထန် မဟုတ်ပါ။

လိတလျှံသည် သတိမေ့နေရာမှ ပြန်လည်သတိရလာလေတော့သည်။ လိတလျှံသတိရလာသောအခါ သူ၏ပါးအား လက်ဖြင့် ပွတ်သပ်လိုက်သည်။

သူ၏မျက်လုံးအစုံမှာလည်း ငှက်ကျွန်အား ကြည့်နေ၏။

ထို့နောက် သူမက ပြုံးပြလိုက်လေသည်။

"ညည်းက ကျုပ်ကိုနိုးတာ ပါးရိုက်ရသလား. . . တခြားနည်းကော မသုံးနိုင်ဘူးလား"

ငှက်ကျွန်က အေးတိအေးစက်ဖြင့်. . . .

"တခြားနည်းမရှိဘူး"

လိတလျှံက ပါးကိုပွတ်ရင်း. . . .

"ညည်းရိုက်တာ မပြင်းလွန်းဘူးလား"

ငှက်ကျွန်က. . . .

"ကျွန်မကတော့ နည်းတောင် နည်းသေးတယ်လို့ထင်



တယ်ရှင်"

လိတလျှံက. . . .

"ညည်းကိုကြည့်ရတာ ငါ့ကိုများသတ်မလို့လား မသိဘူး"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။

လိတလျှံက. . . .

"ဒါဖြင့် ငါသတိမေ့နေတုန်း ဘာဖြစ်လို့မသတ်တာလဲ"

ငှက်ကျွန်က. . . .

"ကျွန်မ မသတ်ငဲ့လို့ပေါ့"

လိတလျှံက ပြုံးလိုက်သည်။

"ညည်းက ငါ့ကို ဘယ်သတ်ခံ့ပါ့မလဲ"

သူမသည် တည့်တည့်မတ်မတ်ပြင်၍ ထိုင်ပြီးလျှင် . .

"ဝေ့ချီလုံကော"

ငှက်ကျွန်က. . . .

"မသိဘူး"

လိတလျှံက အံ့ဩသွားသည်။

"သူက ညည်းနဲ့အတူတူ မဟုတ်ဘူးလား"

ငှက်ကျွန်က. . . .

"မဟုတ်ဘူး"

လိတလျှံက. . . .

"ညည်းကို တစ်နေရာခေါ်သွားတာ သူမဟုတ်ဘူးလား"

ငှက်ကျွန်က. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်"

လိတလျှံက. . . .

"သူက ညည်းကို ဘယ်မှာသွားဖွက်ထားတာလဲ"

ငှက်ကျွန်က. . . .

"ပန်းခြံနောက်မှာရှိတဲ့ အခန်းထဲမှာပါ"

လိတလျှံက. . . .

"ဘယ်တုန်းကလဲ"

ငှက်ကျွန်က. . . .

"မနေ့ညနေကပါ"

လိတလျှံက. . . .

"သူ ညည်းကိုယားခဲ့တဲ့နေရာမှာပဲ. . . ညည်း စိတ်ခ[illegible] လက်ချနေတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"သူက ကျွန်မရဲ့သွေးကြောကို ပိတ်ထားခဲ့ပါတယ်"

လိတလျှံက ပြုံးလိုက်သည်။

"ညည်း. . . သိပ်ကံကောင်းတာပဲ၊ နို့မဟုတ်ရင် အ[illegible] လောက်ဆို ညည်းအသက် ဘယ်ရှိတော့မှာလဲ"

ငှက်ကျွန်က. . . .

"ဒီအတွက် ကျွန်မစိတ်ချနေပါတယ်. . . ဝူးတင့်ဝမ်း[illegible] ကျွန်မကို တကယ်သတ်မယ်ဆိုရင် ကျွန်မသေတာ ကြာလှပါ[illegible]

လိတလျှံက ပြုံးလိုက်သည်။

"သူက ညည်းကိုမသတ်ပေမယ့် သူ့လက်ထဲသာရော[illegible]



[illegible] ညည်းသက်သာမှာမဟုတ်ဘူး"

ငှက်ကျွန်က. . . .

"ဟုတ်လား"

လိတလျှံက. . . .

"အမှန်ပြောရရင် ညည်းနာမည်ကို ငှက်ကျွန်လို့ မခေါ်[illegible]ဘူး"

ငှက်ကျွန်က. . . .

"ဘာဖြစ်လို့လဲ"

လိတလျှံက. . . .

"ညည်းနာမည်က ငှက်ကျွန်ဆိုပေမယ့် ညည်း ငှက်ကျွန် [illegible]စ်မှ မဟုတ်ဘဲ"

ꩰ ꩰ ꩰ

ငှက်ကျွန်အမည်ရှိသောသူသည် ငှက်ကျွန်အစစ်မဟုတ် ငှက်ကျွန်အမည်ရှိသောသူမှာမူ တကယ့်ငှက်ကျွန်ဖြစ်နေ၏။ ဝမ်းဖုန်းသည် နားမှင့်ရင်း စိတ်ဝင်စားလာလေသည်။

လိတလျှံက စကားဆက်လိုက်သည်။

"ငှက်ကျွန်ဆိုတာ သွေးကြွက်တူရွေးရဲ့ ကျေးကျွန်တွေပါ သွေးကြွက်တူရွေးရဲ့ယျှို့ဝှက်ချက်ကို လိုက်လံစုံစမ်းပေးသော [illegible]တွေက သွေးကြွက်တူရွေးတို့မှာမရှိ. . .င် ငှက်ကျွန်ကိုမေးမှာ

www.burmeseclassic.com



ငှက်ကျွန်က ပြုံးလိုက်သည်။

"ဒါက ဘာထူးဆန်းလို့လဲ"

လိတလျှံက ပြုံးလိုက်သည်။

"ညည်း အခုလိုက်ကောင်းတာ ဝေ့ချီလုံကို ကျေးဇူးတင်သင့်တာပေါ့"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။ သူ၏မျက်လုံးအစုံပေါ်တွင် မျက်ရည်များ စတင်ထွက် ပေါ်လာသည်။

လိတလျှံက. . . .

"ဒါနဲ့အခု သူက သေသွားပြီလား"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်က သူ့ကို သိပ်သေစေချင်တယ် ဟုတ်လား"

လိတလျှံက. . . .

"မသေစေချင်ပါဘူး. . . ဘာဖြစ်လို့လဲဆိုရင် ကျုပ်မှာအခု လူတွေသိပ်လိုနေတယ်"

ငှက်ကျွန်က. . . .

"ရှင့်စကားကို သူနာခံမယ်လို့ထင်သလား"

လိတလျှံက. . . .

"ဘာပဲဖြစ်ဖြစ် သူအနားမှာရှိတယ်ဆိုရင် ကျုပ်အဖို့အားရှိသွားတာပေါ့"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မ ရှင့်အနားမှရှိဖို့ မလိုဘူးထင်တယ်"

လိတလျှံက. . . .



"ညည်း ငါ့အနားက တစ်ဖဝါးမှ မခွာရဘူး"

ငှက်ကျွန်က. . . .

"ဘာဖြစ်လို့လဲ"

လိတလျှံက. . . .

"ကျုပ်က အချိန်မရွေး ဒီမြို့က ထွက်နိုင်မဲ့အခြေအနေရှိနေလို့ပါ"

ငှက်ကျွန်က မျက်ခမောင်ကုပ်သွားသည်။

"ရှင်တစ်ယောက်ထဲလား"

လိတလျှံက. . . .

"ကျုပ်တစ်ယောက်ထဲ မဟုတ်ဘူး"

သူသည်ပြုံး၍ စကားဆက်လိုက်သည်။

"ညည်းအခု ကျုပ်အနားမှ နေချင်သေးသလား"

ငှက်ကျွန်က အဖြေမပေးပါ။

လိတလျှံအား စိုက်ကြည့်နေ၏။

ငှက်ကျွန်သည် သူ့အား စိုက်ကြည့်ရင်း. . . .

"လမ်းတစ်ဝက်မှာ ကျွန်မက ရှင့်လူကို လုပြေးသွားမှာကြောက်ဘူးလား"

လိတလျှံက. . . .

"ကျုပ်က မပိုင်တဲ့အလုပ်များ လုပ်ဖူးတာကို ညည်းတွေ့ဖူးလို့လား"

ငှက်ကျွန်ကအဖြေမပေးဘဲ စကားဆက်လိုက်သည်။

"ရှင်က လောဘကြီးလိုက်တာ အခုထိ မကျေနပ်သေး

www.burmeseclassic.com

www.burmeseclassic.com



ဘူးလား"

လီတလျှံက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူတို့နှစ်ယောက်သည် သားအမိချင်းပြောနေသောစကားမျိုးမဟုတ်ဘဲ တမူထူးခြားနေလေသည်။

ဝမ်းဖုန်းသည် နားစွင့်နေရင်း ခေါင်းနပမ်းကြီးသွားလေသည်။ သူမတို့ ပြောဆိုနေသောစကားများသည် သူတို့အချင်းချင်းကလွဲ၍ မည်သူကမျှ သဘောပေါက်မည်မဟုတ်ပါ။

သူတို့စကားအရ လီတလျှံမှာ လူတစ်စုဖြစ်သည်။ ငှက်ကျွန်၊ လီတလျှံ၊ ဘာဘကန်းတို့က တခြားလူတစ်စု ဖြစ်သည်။

သူတို့သည် တစ်စုံတစ်ခု ကြံစည်နေကြလေသည်။

လီတလျှံသည် ဘာဘကန်းတို့လူစုထဲက လူတစ်ယောက် ဖမ်းထားသည်မှာ သေချာသည်။

ထိုလူသည် သွေးကြက်တူရွေးပင် ဖြစ်နိုင်သည်။ ထို့အပြင် လီတလျှံလက်ထဲတွင် စာရွက်တစ်ရွက်ဖြစ်သည်။

ယင်းစာရွက်သည် အလွန်အရေးကြီးသော စာရွက်တစ်ရွက်ဖြစ်သည်ကို ဝမ်းဖုန်းကနားလည်လိုက်သည်။

ဝေ့ချီလုံနှင့် ဘာဘကန်းတို့သည် ငှက်ကျွန်(၁၃)ယောက်အနက် (၂)ယောက်အပါအဝင် ဖြစ်သည်။ ငှက်ကျွန်က သွေးကြက်တူရွေး၏ ကျေးကျွန်တစ်ယောက်ဖြစ်သည်။

သူမတို့သည် အသက်များအား သွေးကြက်တူရွေးလက်သို့ ပုံအပ်ထားသည် မဟုတ်ပါလော။ ကြက်တူရွေးဝေဟာမှ ငှက်ကျွန်သည် မည်သူများဖြစ်နေသနည်း။



သူမ၏အမည်မှာ ငှက်ကျွန်ဟု ခေါ်တွင်စေသည်ဖြစ်သော်လည်း ငှက်ကျွန်(၁၃)ယောက်ထဲ ပါဝင်ခြင်းမရှိပေ။

သူသည် အဘယ့်ကြောင့် သွေးကြက်တူရွေး၏ ကျေးကျွန်ဖြစ်သော ဘာဘကန်းဘက်မှ ရပ်တည်နေရသနည်း။

ဝမ်းဖုန်းသည် ယင်းသို့တွေးရင်းတွေးရင်း သူ၏ဦးခေါင်း ည်ကြီးသွားသည်ဟု ထင်မိလိုက်လေသည်။

❀ ❀ ❀

လီတလျှံသည် ကုလားထိုင်ပေါ်မှ ထလိုက်သည်။

သူမသည် အင်အားချိနဲ့ပြီး ကုလားထိုင်ကိုအားယူ၍ လိုက်သည်နှင့် တူလှပေသည်။

ယခု သူမတို့အချင်းချင်း ယှဉ်လိုက်သောအခါ လီတလျှံ သည် ငှက်ကျွန်ထက် အဆပေါင်းများစွာချောမောပြီး ချစ်စရာ ာင်းသည်ဟု ခံစားလိုက်ရလေသည်။

ထို့အပြင် သူမတို့၏အသက်မှာလည်း သားအမိအထိ အာခြင်းမရှိဟုလည်း ထင်မိလေသည်။

လီတလျှံသည် မြေပေါ်မှအလောင်းများအား တစ်ချက် ကြည့်လိုက်သည်။

"ဒီအလောင်းတွေကို ဒီအတိုင်းထားတာပဲ ကောင်း ယ်"

ငှက်ကျွန်က. . .

www.burmeseclassic.com

www.burmeseclassic.com



"ဦးတင့်ဝမ်းကော"

လိတလျှံက. . . .

"သူသေသွားပြီလေ. . . ဟိုမှာမတွေ့ဘူးလား"

ငှက်ကျွန်က တစ်ချက်ငေးကြည့်ပြီး မျက်မှောင်ကုပ်သွားလေသည်။

"သူ့ကို ဘယ်သူက သတ်လိုက်တာလဲ"

လိတလျှံက. . . .

"ဘဘကန်းပေါ့"

ငှက်ကျွန်က. . . .

"ဒါဖြင့် ဘဘကန်းကို ဘယ်သူက သတ်လိုက်တာလဲ"

လိတလျှံက ပြုံးလိုက်သည်။

"ဦးတင့်ဝမ်းပေါ့"

ငှက်ကျွန်က နားမလည်နိုင်ဘဲ သူမအား လှမ်းကြည့်လိုက်သည်။

လိတလျှံကပြုံး၍. . . .

"ဦးတင့်ဝမ်းက ဘဘကန်းကို ဒဏ်ရာပြင်းထန်စွာရအောင် ထိုးမိသွားတယ်၊ ဘဘကန်းကလဲ သူ့ရဲ့တူနဲ့ ထုသတ်လိုက်တယ်လေ"

ငှက်ကျွန်က အနည်းငယ် စဉ်းစားလိုက်သည်။

"ဦးတင့်ဝမ်းက ဘာဖြစ်လို့ ဒီခြံဝင်းကို လူစုလုဝေးနဲ့ တိုက်ခိုက်တာလဲ"

လိတလျှံက. . . .



"သွေးကြွက်ဘုရွှေးရဲ့ လျှို့ဝှက်ချက်ကို သိချင်လို့ပါ"

ငှက်ကျွန်က. . . .

"ဒါနဲ့သူက မြေတစ်ဝက်ကို လိုချင်တယ်ဆို"

လိတလျှံက. . . .

"ဘယ်ကဟုတ်ရမှာလဲ. . . ဒီမှာရောက်လာတဲ့လူတွေ သွေးကြွက်တူရွှေးရဲ့ လျှို့ဝှက်ချက်ကို သိချင်လို့လာတဲ့လူ ညီးပဲ"

ငှက်ကျွန်က. . . .

"ဒီကိစ္စနဲ့လာတဲ့ လူတစ်ယောက်တော့ ကျန်ပါသေး"

လိတလျှံက. . . .

"ညည်းက ဝမ်းဖူနိုးကိုဆိုလိုတာလား"

ငှက်ကျွန်က. . . .

"ဟုတ်တယ်"

လိတလျှံက. . . .

"ဒါဖြင့် သူက ဘာလာလုပ်တာလဲ"

ငှက်ကျွန်က. . . .

"သူ့သူငယ်ချင်းအလောင်းကို လိုက်ပို့ရင်း လမ်းကြုံလို့ လာတာပါ"

လိတလျှံက. . . .

"ဒါဖြင့် သူက ဘာဖြစ်လို့ မသွားသေးတာလဲ"

ငှက်ကျွန်က. . . .

www.burmeseclassic.com



"သူသူငယ်ချင်းအလောင်းပျောက်လို့ လိုက်ရှာနေတာပါ"

လီတာလျှံက. . . .

"မင်းက သူ့စကားကိုယုံတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"သူက ရိုးရိုးသားသားပြောတယ်လို့ ကျွန်မယုံကြည်ပါတယ်"

လီတာလျှံက ပြုံးလိုက်သည်။

"သူ့ခေါင်းထဲမှာ ပါလာတဲ့အလောင်းဟာ ဘယ်သူလဲဆိုတာ ညည်းသိသလား"

ငှက်ကျွန်က. . . .

"သိသားပဲ. . . သူ့နာမည်က ထိဟင်းတဲ့"

လီတာလျှံက ပြုံးလိုက်သည်။

"ထိဟင်းရဲ့ရွာ ဘယ်မှာရှိသလဲဆိုတာ ညည်းမေ့နေပြီထင်တယ်"

ငှက်ကျွန်က. . . .

"မမေ့ပါဘူး"

လီတာလျှံက. . . .

"ဒါဖြင့် ထိဟင်းရွာနဲ့ဒီရွာ ဘယ်လောက်ကွာသလဲ"

ငှက်ကျွန်က အနည်းငယ်စဉ်းစားလိုက်သည်။

"မိုင်(၂၀၀)လောက်ရှိမယ်လို့ ထင်ပါတယ်"

လီတာလျှံက မဲ့ပြုံးပြုံးလိုက်သည်။



"သူက ခေါင်းထမ်းပြီး ဒီအတိုင်းလမ်းလျှောက်ရင် ရွာရောက်ဖို့ ဘယ်လောက်ကြာကြာလျှောက်ရမယ်ဆိုတာ ညည်းသိသလား"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။

❀ ❀ ❀

ဝမ်းဖုန်းသည် ခေါင်ပိုးပေါ်၌ငေးငိုင်သွားသည်။

လီတာလျှံပြောမှ သူသတိပြုမိလိုက်လေသည်။

ယခုကဲ့သို့ ထိဟင်း၏အလောင်းအား သူ့မွေးရပ်ရွာနေသို့ ပို့ရန်မှာ သူသဘောမတူတော့ပါ။

သမားတော်ကြီးလျှိုပေချိုက အကြံပြုလိုက်ခြင်း ဖြစ်သည်။

လျှိုပေချို၏ အကြံပေးစဉ်တုန်းက ပြောလိုက်သောစကားများလည်း ကြားယောင်လာမိသည်။

"ဒီမှာဝမ်းဖုန်း. . . မင်းသူငယ်ချင်း ထိဟင်းဟာ ဝမ်းကြာချုံးကျေးရွာကလူ ဖြစ်တယ်၊ သူ့အလောင်းကို သူ့ရွာပို့ပေးရင် မင်းကို သူ့သေရွာကနေ ကျေးဇူးတင်မှာပဲကွာ"

"ကောင်းပါပြီ. . . ဝမ်းကြာချုံးရွာက ဘယ်လောက်ဝေးပါသလဲဗျာ"

"ဝမ်းကြာချုံးရွာဟာ ဖင်ယန်းမြို့နဲ့(၁၀)မိုင်လောက်ပဲဝေးတယ်၊ ဒီကြားထဲမှာနားနေဖို့ ရွာမရှိဘူး၊ ဒါကြောင့် မင်းက

www.burmeseclassic.com



ဖင်ယန်းမြို့ရောက်ရင် တစ်ညလောက် တည်းခိုလိုက်ပါ"

သူသည် လျှိုပေချီ၏စကားကို ယုံကြည်မိသောကြောင့် ထိဟင်း၏အလောင်းအား ဖင်ယန်းမြို့သို့ သယ်ဆောင်လာပြီးလျှင် တစ်ညတာ တည်းခိုရန်ပင် ဖြစ်သည်။

သူသည် နောက်တစ်နေ့ ဆက်၍ထွက်သွားရန် စီစဉ်ထားသည်။

သို့သော် ခေါင်းထဲမှ အလောင်းပျောက်ဆုံးသွားသဖြင့် သူက ဆက်လက်နေထိုင်ခဲ့ရာမှ ယခုကဲ့သို့ အဖြစ်အပျက်များနှင့် ကြုံတွေ့နေရခြင်း ဖြစ်လေသည်။

သူသည် ထိဟင်းအလောင်းအား လိုက်လံရှာဖွေစဉ်တုန်းက မြို့သူမြို့သားများအား စုံစမ်းခဲ့သေးသည်။

ဖင်ယန်းမြို့နှင့် (၁၀)မိုင်ခန့်အကွာတွင် ဝမ်းကြာချွမ်းဟူသော ကျေးရွာတစ်ရွာရှိသည်မှာ မှန်သည်။

သို့သော် ထိဟင်း၏ မွေးရပ်ဌာနေမှာ ဝမ်းကြာချွမ်းမဟုတ်ပါ။

ဖင်ယန်းမြို့နှင့် မိုင်(၂၀၀)ခန့်ဝေးသည်ဟု သိရလေသည်။

ဤသို့ဆိုလျှင် သမားတော်ကြီးလျှိုပေချီက မိမိအားလိမ်လည်လိုက်ခြင်း မဟုတ်ပါလော။

သမားတော်ကြီးလျှိုပေချီက အဘယ်ကြောင့် ယင်းကဲ့သို့ပြုလုပ်ရပါသနည်း။

ယင်းအကြောင်းအမျိုးမျိုးကြောင့် သူသည် ဤနေရာ၌



ဆက်လက်နေထိုင်လာခြင်း ဖြစ်လေသည်။

ဿ ဿ ဿ

လိတလျှံ၏စကားသံထွက်ပေါ်လာပြန်၏။

"ညည်းစဉ်းစားကြည့်စမ်း. . . လူတစ်ယောက်က အသောင်းထည့်ထားတဲ့ ခေါင်းတစ်လုံးကို မိုင်ပေါင်း နှစ်ရာလောက် သမ်းပြီး သွားမှာလား"

ငှက်ကျွန်က ခေါင်းခါယမ်းလိုက်သည်။

လိတလျှံက. . . .

"ဒါကြောင့် သူကလဲ အခြေအနေရှုပ်ထွေးသွားအောင် ပြီး အချောင်နှိုက်ဖို့ အခွင့်ကောင်းစောင့်တဲ့ လူတစ်ယောက် ငါယုံကြည်တယ်"

ငှက်ကျွန်က စကားတစ်ခွန်းမှမပြောပါ။

လိတလျှံက စကားဆက်လိုက်လေသည်။

"ငါ့အမြင်နဲ့ပြောရမယ်ဆိုရင် ထိဟင်းရဲ့အလောင်းဟာ ကောင်ဖြစ်တယ်ဆိုတာလဲ သူ့ရဲ့အကြံအစည်တစ်ခုပါပဲ"

သူမသည် အနည်းငယ်စဉ်းစားလိုက်ပြီး. . . .

"အကြောင်းအမျိုးမျိုးထောက်ကြည့်မယ်ဆိုရင် ဒီလိုကြံ တာဟာ သူသဘောဖြစ်ချင်မှဖြစ်မယ်၊ ထိဟင်းရဲ့သဘောလဲ င်တယ်. . . နောက်ပြီးထိဟင်းဟာ မသေတာလဲဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်က. . . .

"ဝမ်းဖုန်းက ဒီလိုကြံစည်တယ်ဆိုရင် သူ့မှာ ဘာအကျိုး ရှိလို့လဲ"

လိတလျှံက ပြုံးလိုက်သည်။

"ကြက်တူရွေးရဲ့ လျှို့ဝှက်ချက်ဟာ လုံလောက်ပြီပဲ. . . အခြားအကျိုးကျေးဇူး လိုပါဦးမလား"

ငှက်ကျွန်က. . . .

"ဒါကြောင့် ရှင်က သူတို့ကိုသတ်ဖို့ လူသတ်သမား လွှတ်လိုက်တယ်ဟုတ်လား"

လိတလျှံက. . . .

"ကြက်တူရွေးရဲ့ လျှို့ဝှက်ချက်ကိုလိုက်ပြီး စုံစမ်းတဲ့လူတွေကို ဒီလိုလုပ်တာဟာ အကောင်းဆုံးနည်းပဲလို့ ကျုပ်ယုံကြည်တယ်"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒီနှစ်ရက်အတွင်းမှာ ဘယ်လိုဖြစ်လာကြတာလဲ. . . လူတွေ ဘယ်လောက်သေကုန်ကြသလဲဆိုတာ ရှင် သိတယ်မဟုတ်လား"

လိတလျှံက. . .

"သိပါတယ်"

ငှက်ကျွန်က. . . .

"ဝမ်းဖုန်းနဲ့ပတ်သက်ပြီး ရှင်က ဘယ်လောက်များသိထားလို့လဲ"



လိတလျှံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"အများကြီးပါပဲ. . . ညည်းကသာ ကျုပ်လောက်သိရင် သူ့ကိုယုံမှာ မဟုတ်တော့ဘူး"

ငှက်ကျွန်က. . . .

"ရှင် ဘာမှမသိပါဘူး"

လိတလျှံက. . . .

"ညည်းက ဘယ်လောက်သိထားလို့လဲ"

ငှက်ကျွန်က. . . .

"သိတာပေါ့. . . သူဟာ တကယ့်ဓားသမားတစ်ယောက်ပါ။ အလွန်ရဲရင့်ပြီး တရားဥပဒေကိုကာကွယ်တဲ့ ဓားသမားတစ်ယောက်ပါ"

သူမသည်ပြောရင်း စိတ်ဓာတ်တက်ကြွလာသည်။

"သူဟာ သူငယ်ချင်းတွေအတွက်ဆိုရင် အသက်သေရင်သေပါစေ. . . လုပ်သင့်လုပ်ထိုက်တာကို လုပ်တယ်၊ သူငယ်ချင်းမိတ်ဆွေအပေါ် ဘယ်တော့မှ သစ္စာမဖောက်ဘူး"

လိတလျှံက. . . .

"ညည်းက ဒီအထိ သိထားတယ် ဟုတ်လား"

ငှက်ကျွန်က. . . .

"ဟုတ်တယ်"

လိတလျှံက. . . .

"ဒါဖြင့် ကြက်တူရွေးကိစ္စ လုံးဝမသိဘူးဆိုပါတော့"

ငှက်ကျွန်က ခေါင်းညိတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်. . . ကျွန်မ သူ့ကိုစုံစမ်းပြီးပြီ"

လီတလျှံက ရယ်မောလိုက်သည်။

"ဒါဖြင့် ဒီလူဟာ အရူးမဟုတ်ရင် တော်တော်အ,တဲ့လူတစ်ယောက် ဖြစ်ရမယ်"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။

လီတလျှံက ပြုံးလိုက်သည်။

"အရူးတစ်ယောက်ကသာ သူများအတွက်နဲ့ အသက်စွန့်ရဲတာ၊ လူအတစ်ယောက်ကတော့ သူများက ခုတုံးလုပ်ပြီး အသုံးချခံရတာ"

ဩဩဩ

ဝမ်းဖုန်းသည် ထိုစကားကြားလိုက်ရသောအခါ မချိပြုံး ပြုံးလိုက်မိသည်။

ယခု သူသည် ကိုယ့်ကိုကိုယ် အရူးတစ် ယောက်လော သို့မဟုတ် လူအတစ်ယောက်လော. . .

မခွဲခြားနိုင်ဘဲ တွေဝေနေမိလေသည်။

ဩဩဩ

လီတလျှံက စကားဆက်လိုက်ပြန်သည်။

"ဘာပဲဖြစ်ဖြစ် သူကသာ ညည်းပြောသလို ကြက်တူ



ရွေးကိုစွန့်လာတာမဟုတ်ရင် ကျုပ်စိတ်ချပါပြီ"

သူမသည် သက်ပြင်းတစ်ချက်ချပြီး စကားဆက်ပြန်သည်။

"အင်း. . . အခုလိုအချိန်မျိုးမှာ သူကသာ ဒီကိစ္စနဲ့ပတ်သက်ပြီးဝင်လာရင်တော့ ကျုပ်တော့ ဒုက္ခတွေ့တော့မှာပဲ"

ငှက်ကျွန်က. . .

"သူ အခုလာလဲ ဘာမှလုပ်မှာ မဟုတ်ဘူး"

လီတလျှံက. . .

"ညည်းက သူနဲ့သိတာ မကြာသေးဘဲနဲ့ ဒီလောက် ပြောနိုင်လို့လား"

ငှက်ကျွန်က. . .

"ဒါတော့ ရှင်ယုံချင်ယုံ မယုံချင်နေပေါ့"

လီတလျှံက စကားဦးလှည့်လိုက်သည်။

"ဒါနဲ့လူဆိုးဆိန်းရှုမရှောင်က ဘယ်ရောက်သွားပြီလဲ"

ငှက်ကျွန်က. . .

"ကျွန်မ ဘယ်သိမလဲ"

လီတလျှံက. . .

"ညည်းမသိရင်တော့ ဒီလူဟာ ဒီမြို့မှာမရှိတော့ဘူးထင်

"ဟုတ်ပါလိမ့်မယ်ရှင်. . . သူ့ရဲ့ကိုယ်ရံတော်(၁၃)မှ မရှိတော့ဘဲ ဒီမှာ ဘာဆက်နေရဲတော့မှာလဲ"

လီတလျှံက. . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် သူ့ကိုအထင်သေးလို့မရဘူး"

ငှက်ကျွန်က. . . .

"ဘာဖြစ်လို့လဲ"

လိတလျှံက. . . .

"သူ့ရာထူးအဆင့်နဲ့ဆိုရင် နေပြည်တော်ကတပ်ကိုခေါ်ပြီး လာနိုင်လိမ့်မယ်လို့ ထင်တယ်"

ငှက်ကျွန်က. . . .

"ဟုတ်တယ်. . . ဒီမြို့ကလေးလောက်တော့ အာဏာပိုင်တို့က ချေမှုန်းပစ်နိုင်တာပေါ့"

လိတလျှံက. . . .

"ကံကောင်းတာက သူ့ စစ်တပ်ကိုသွားခေါ်တောင်မှ အမြန်ဆုံး(၇)ရက်လောက်မှ ရောက်လာနိုင်မယ်"

ငှက်ကျွန်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

လိတလျှံက. . . .

"ဒီမြို့တဝိုက်မှာ အစိုးရအမှုထမ်းဆိုလို့ တစ်ယောက်ထဲပဲရှိတယ်"

ငှက်ကျွန်က. . . .

"ဟုတ်တယ်. . . အဲဒီသူက အန်ကူးဟိုမဟုတ်လား"

လိတလျှံက မဲ့ပြုံးပြုံးလိုက်သည်။

"ဟုတ်တယ်. . . ဒါပေမဲ့ သူ့မှာလက်အောက်ငယ်သားနှစ်ယောက်ပဲရှိတယ်"



ငှက်ကျွန်က. . . .

"ရှင်က သူ့ကို ဘယ်မှုမလဲ"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ဒါပေမဲ့ ရုန်ချောင် ဒီတစ်ခါ နောက်ဆပ်ရောက်လာရင် အနည်းဆုံး စစ်တပ်(၃) (၄) (၅)ရာတော့ ပါလိမ့်မယ်ထင်တယ်"

ငှက်ကျွန်က. . . .

"ဒါဖြင့် ရှင်က ဒီခြံဝင်းကိုစွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ပြီမဟုတ်လား"

လိတလျှံက. . . .

"ဟုတ်တယ်"

သူမသည် ငှက်ကျွန်အား စိုက်ကြည့်လိုက်ပြီး. . . .

"ယူရမဲ့ပစ္စည်းတွေအားလုံးကို ကျုပ်က အဆင်သင့်ပြင်ဆင်ထားပါပြီ၊ ညည်းက မြင်းလှည်းတစ်စီး သွားရှာပေးပါဦး"

ငှက်ကျွန်က. . . .

"အခုချက်ချင်း သွားတော့မလို့လား"

လိတလျှံက.

"ဟုတ်တယ်"

ထိုစဉ် အသံတစ်ခုထွက်ပေါ်လာသည်။

"ကျုပ်ကလာပြီး အကူအညီပေးရဦးမှာလားဗျာ"

လိတလျှံမှာ ရင်ထိတ်သွားသည်။

သူမ၏မျက်လုံးအစုံသည် အခန်းတစ်လုံးကို လှည့်ပတ်

www.burmeseclassic.com



ကြည့်လိုက်သည်။ လူသူတစ်ယောက်မှ မတွေ့ရပါ။

သူမသည် ကျောချမ်းလာလေသည်။ ငှက်ကျွန်ကလည်း ငေးငိုင်၍နေသည်။

သို့သော် ထိုအသံသည် သူရင်းနှီးပြီးသား အသံဖြစ်သည်ဟု စိတ်ထဲတွင် ထင်မိလိုက်သည်။

သူမ၏ ငေးငိုင်နေသောမျက်လုံးအစုံတွင် သံသယဖြစ်ပေါ်နေသည့် အရိပ်အယောင်များ တွေ့ရှိရလေသည်။

ထိုအသံရှင်မှာ မည်သူဖြစ်ပါသနည်း။

"ဝမ်းဖုန်း. . . ."

သူမသည် ရုတ်တရက် ဝမ်းဖုန်းကိုသတိရလာလေသည်။

❀❀❀



အမှန်စင်စစ် ထိုအသံရှင်သည် ဝမ်းဖုန်းမဟုတ်ပါ။

ဝမ်းဖုန်းကိုယ်တိုင်ပင် ထိုအသံကြားလိုက်ရသဖြင့် ငှက်ကျွန်နှင့် လီတာလျှံတို့ထက် အံ့ဩထိတ်လန့်နေ၏။

၎င်းအသံသည် သူ့အနီးမှ ပေါ်ထွက်လာခြင်းဖြစ်သည်။

ထိုအသံကို သူက ရင်းနှီးနေသည်ဟု ခံစားရလေသည်။

သူသည် ထိုအသံကိုသေချာစွာ စဉ်းစားလိုက်သောအခါ ချက်ချင်းပင် လူဆိုးထိန်းရှန်ချောင်ကို သတိရလာလေတော့သည်။

"ဝုန်း. . . ."

သူသည် ထိုအသံကြားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ သူနှင့် နှစ်လံခန့်အကွာအဝေးတွင် လူတစ်ယောက်သည် ခေါင်မိုးဖောက်၍ အောက်သို့ခုန်ဆင်းလာသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူမှာ သူထင်ထားသည့်အတိုင်း လူဆိုးထိန်းရှန်ချောင်ပင် ဖြစ်လေသည်။

ဝမ်းဖုန်းသည် ကျောတစ်ခုလုံး ချမ်းစိမ့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



လူဆိုးထိန်းရှန်ရှောင်က မည်သည့်အချိန်ကပင် သူ့အနားသို့ ရောက်ရှိနေသည်ကို သူ လုံးဝမသိလိုက်ပါချေ။

အကယ်၍သာ ရှန်ရှောင်က သူ့အား အလစ်ချောင်း၍ ဝင်ရောက်တိုက်ခိုက်လိုက်လျှင် သူသည်တွေးရင်း တစ်ကိုယ်လုံးပင် တောင့်တင်းလာလေသည်။

ရှန်ရှောင်သည် အခွင့်အရေးကြုံလျက်နှင့် အဘယ်ကြောင့် မိမိအား မသတ်ပစ်လိုက်သနည်း။

* * *

ရှန်ရှောင်သည် ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်နေ၏။ သူ၏မျက်နှာတစ်ခုလုံးမှာ ပြုံးယောင်သန်းနေသည်။

(၇)နှစ်တိုင်တိုင် သူသည် မြို့စားကြီး၏ ရတနာများ ပျောက်ဆုံးမှုအတွက် ကြိုးစားလာခဲ့ရာ ယခုမှ ထိုလျှို့ဝှက်ချက်ကို သိခွင့်ရတော့မည် မဟုတ်ပါလော။

ထို့ကြောင့် သူက ပြုံးနေခြင်းဖြစ်သည်။ သူ၏မျက်လုံးအစုံသည် လိတလျှံမျက်နှာပေါ်သို့ ရောက်ရှိနေ၏။

လိတလျှံကလည်း ပြုံးလိုက်သည်။ သူမအပြုံးသည် ဟန်ဆောင်သောအပြုံးဖြစ်သည်။

ငှက်ကျွန်က မပြုံးနိုင်ပါ။ သူမ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင် မရှိတော့ပါချေ။

ရှန်ရှောင်သည် လိတလျှံကို စိုက်ကြည့်လိုက်သည်။



"ကျုပ်က အသက်နည်းနည်းကြီးပေမယ့် ခွန်အားရှိပါသေးတယ်ဗျာ"

လိတလျှံက ပြုံးလိုက်သည်။

"မလိုတော့ပါဘူးရှင် . . . ရှင့်အကူအညီကို ကျွန်မက ကျေးဇူးတင်ပါတယ်"

ရှန်ရှောင်က . . .

"ကျုပ် ဘယ်သူလဲဆိုတာ ခင်ဗျားသိသလား"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မက ရှင့်ကိုတွေ့ခွင့်မကြုံသေးပေမဲ့လဲ ရှင့်ရဲ့ရုပ်ရည်ပုံပန်းသဏ္ဌာန်ကိုတော့ သိထားပြီးပါပြီရှင်"

ရှန်ရှောင်က . . .

"ကျုပ် ဘယ်လို လုပ်တတ်ကိုင်တတ်သလဲဆိုတာ ခင်ဗျားသိရောပေါ့"

လိတလျှံက ခေါင်းညိတ်ပြလိုက်သည်။

ရှန်ရှောင်က . . .

"ဒါဖြင့် ကောင်းတာပေါ့ဗျာ"

လိတလျှံက . . .

"လူကြီးမင်း အခုလို အချိန်မတော် ကျွန်မဆီကိုလာတာ ဘာကိစ္စများ ရှိနေပါသလဲရှင်"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ကျုပ် ဘာကိစ္စနဲ့လာတယ်ဆိုတာ ပြောစရာလိုသလား"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်း ခေါင်မိုးပေါ်မှာရောက်နေတာ အတော်ကြာသွားပြီလားရှင်"

ရှန်ရှောင်က. . .

"ဦးတင့်ဝမ်း ဒီကိုဝင်ရောက်ပြီး မကြာခင်မှာပဲ ကျုပ်ရောက်လာတာပါ"

လီတလျှံက. . .

"လူကြီးမင်းကို ခေါင်မိုးပေါ်မှာ ဒီလောက်ကြာကြာနေရတာကို ကျွန်မ အားနာလှပါတယ်ရှင်"

ရှန်ရှောင်က. . .

"ကိစ္စမရှိပါဘူး. . . ကျုပ်အဖို့ သိချင်တဲ့စကားတွေ အများကြီးကြားနိုင်ခဲ့တယ် မဟုတ်လား"

လီတလျှံက. . .

"အခုလူကြီးမင်းက ဘာများသိချင်ပါသေးသလဲ"

ရှန်ရှောင်ကတစ်လုံးချင်း ပြောချလိုက်သည်။

"သွေးကြွက်တူရွှေးရဲ့လျှို့ဝှက်ချက်ပါပဲ"

❀ ❀ ❀

အခန်းတစ်ခုလုံးတွင် တိတ်ဆိတ်၍နေလေသည်။

အတန်ကြာမှ လီတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"သွေးကြွက်တူရွှေးရဲ့လျှို့ဝှက်ချက်ကို သိချင်တယ်ဟုတ်လား"



ရှန်ရှောင်က. . .

"ဟုတ်တယ်"

လီတလျှံက. . .

"ခုနကပဲ ကျွန်မနဲ့ဦးတင့်ဝမ်းတို့ ပြောခဲ့ပြီးပြီ မဟုတ်လား"

ရှန်ရှောင်က. . .

"ကျုပ်က ပုံပြင်နားထောင်ချင်တာ မဟုတ်ဘူး. . . အဖြစ်အပျက်အမှန်ကို နားထောင်ချင်တာ"

လီတလျှံက ပါးစပ်ပိတ်ထားလိုက်သည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"သွေးကြွက်တူရွှေးဆိုတာ ဘာကိုဆိုလိုတာလဲ"

လီတလျှံက ပြုံးနေ၏။

ရှန်ရှောင်က. . .

"သွေးကြွက်တူရွှေးဆိုတာ လူတစ်ယောက်ဖြစ်နေမလား"

လီတလျှံက ပြုံးနေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"အဲဒီလူက ဘယ်သူလဲ"

လီတလျှံက ပြုံးမြဲပြုံးနေ၏။

ရှန်ရှောင်ကလည်း ပြုံးလိုက်သည်။

"ဘယ်လိုလဲ. . . မင်းက ငါ့ကို ကောင်းကောင်းမဆက်

www.burmeseclassic.com

www.burmeseclassic.com



ဆံချင်ဘူးလား"

လိတလျှံက. . . .

"ကျွန်မအတွက် ဘယ်လိုအကျိုးများ ရှိပါသလဲ"

ရှန်ရှောင်က. . . .

"အနည်းဆုံး မင်းသေရတာတောင် ဝေဒနာမခံစားရဘဲ သေစေရမယ်"

လိတလျှံက ခေါင်းခါယမ်းလိုက်သည်။

"ရှင်က စကားမှန်မှန်ပြောတတ်တဲ့ လူတစ်ယောက်ပါပဲလား"

ရှန်ရှောင်က. . . .

"ဟုတ်တယ်. . . ဒါကြောင့်လဲ ကျုပ်က စကားအမှန်ကို ကြားချင်တယ်"

လိတလျှံက. . . .

"ကျွန်မ မှန်မှန်ပြောချင်ပါတယ်. . . ဒါပေမဲ့ ရှင်ပေးတဲ့ အခွင့်အရေးဟာ မနည်းလွန်းဘူးလား"

ရှန်ရှောင်က. . . .

"မနည်းပါဘူး"

သူသည်ပြုံးလိုက်ပြီး စကားဆက်ပြန်သည်။

"မြို့စားဂေဟာရဲ့အမှုဟာ အပြစ်အလွန်ကြီးလေးပါတယ်၊ ဒီအမှုထဲမှာပါတဲ့ လူအားလုံးကို သေဒဏ်ပေးရမှာပဲ"

သူသည် စကားခေတ္တရပ်လိုက်ပြီး လိတလျှံအား စေ့စေ့ကြည့်လိုက်သည်။



"မင်းက ဒီအမှုနဲ့ လုံးဝမပတ်သက်ပါဘူးလို့ သက်သေပြနိုင်ပါ့မလား"

လိတလျှံက. . . .

"မပြနိုင်ဘူး"

ရှန်ရှောင်က. . . .

"ဒီအမှုမှာ မင်းက ခေါင်းဆောင်လား"

လိတလျှံက. . . .

"မဟုတ်ပါဘူး"

ရှန်ရှောင်က. . . .

"ဒါဖြင့် ကြံ့ရာပါပေါ့"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ဒါတော့ ဟုတ်ပါလိမ့်မယ်"

ရှန်ရှောင်က. . . .

"ဒါဖြင့် ကျုပ်ပြောတဲ့စကားကို မင်းကယုံမလား"

လိတလျှံက. . . .

"ဒါကတော့ ဘယ်လိုစကားလဲဆိုတာကြည့်ပြီး ယုံရမှာပေါ့"

ရှန်ရှောင်က. . . .

"ကျုပ်က မင်းကိုဖမ်းဆီးပြီး နည်းအမျိုးမျိုးနဲ့ နှိပ်စက်စစ်ဆေးမေးမြန်းရင် မင်း ခံနိုင်ပါ့မလား"

လိတလျှံက မျက်နှာကွက်ခနဲ ပျက်သွားလေသည်။

ရှန်ရှောင်က. . . .

www.burmeseclassic.com

www.burmeseclassic.com



"တရားခံတစ်ယောက်ကို ညှဉ်းပန်းနှိပ်စက်ပြီးမှသတ်ရင် အနည်းဆုံးနှစ်ရက် သုံးရက်လောက် ဝေဒနာပြင်းထန်စွာ ခံစားပြီး သေဆုံးသွားနိုင်တယ်ဗျ"

လိတလျှံ၏မျက်နှာသည် သွေးရောင်ပင် မရှိတော့ပါချေ။

ရှန်ရှောင်က. . . .

"ကဲ. . . ကျုပ်ပေးမယ့်အခွင့်အရေးဟာ မနည်းဘူးမဟုတ်လား"

လိတလျှံက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မနည်းပါဘူး"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ဒါဖြင့် သွေးကြက်တူရွေးဆိုတာ ဘာလဲ"

ဟု ထပ်မံမေးလိုက်လေသည်။

လိတလျှံက. . . .

"နေပါဦးလေ. . . ရှင်နဲ့ကျွန်မ စျေးဆစ်လို့မှ မတည့်သေးဘဲ"

ရှန်ရှောင်က. . . .

"မင်းသေရမှာ အေးအေးချမ်းချမ်း မသေချင်ဘူးလား"

လိတလျှံက. . . .

"သေတာပဲရှင် ဘယ်လိုပဲသေရသေရ ဘာထူးခြားမှာလဲ"

ရှန်ရှောင်က. . . .



"ဒါဖြင့် မင်း ဘာအခွင့်အရေးလိုချင်တယ်ဆိုတာ ပြောပါ"

လိတလျှံက. . . .

"ပထမ ကျွန်မအသက်ကိုချမ်းသာပေးဖို့ရယ်. . . ဒုတိယတ. . . ."

ရှန်ရှောင်က ကြားဖြတ်လိုက်သည်။

"မင်းတောင်းတဲ့အခွင့်အရေးက မနည်းပါလား"

လိတလျှံက. . . .

"မများပါဘူး. . . နှစ်မျိုးထဲပါ"

ရှန်ရှောင်က. . . .

"ဒါဖြင့် ဒုတိယအခွင့်အရေးက ဘာကိုလိုချင်လို့လဲ"

လိတလျှံက. . . .

"ကျွန်မက ရှင့်ကို သွေးကြက်တူရွေးဟာ ဘာလဲဆိုတာ ပြောပြနိုင်ရုံပါပဲ"

ရှန်ရှောင်က လက်ကာလိုက်သည်။

"ကဲ. . . မပြောနဲ့တော့"

လိတလျှံက. . . .

"ဘာဖြစ်လို့လဲရှင်"

ရှန်ရှောင်က. . . .

"ဒီအဖြေကို ကျုပ်သိထားပြီးပါပြီ"

လိတလျှံက ပြုံးပြလိုက်သည်။

"ဒါဖြင့် သွေးကြက်တူရွေးဆိုတာ ဘာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငှက်တစ်ကောင်ပါ. . . လူတစ်ယောက်လဲဖြစ်တယ်"

လိတလျှံက အံ့ဩသွားသည်။

"ရှင် တကယ်သိနေပြီကိုး"

ရှန်ရှောင်က. . . .

"မင်းက အကြောင်းကြောင်းမလုပ်နဲ့. . . ကျုပ်လူတစ်ယောက်သတ်ခဲ့တာ ဘယ်လောက်ကြာကြာသတ်ခဲ့တယ်ဆိုတာ မင်း သိသလား"

လိတလျှံက. . . .

"ဘယ်လောက်ကြာပြီလဲ"

ရှန်ရှောင်က. . . .

"(၂)ရက်တိတိ ကြာတယ်. . . သူ့အော်သံကြားရတာ ကျုပ် ထမင်းစားတောင်ပျက်တယ်ဗျ"

လိတလျှံမှာ မျက်နှာကွက်ခနဲ ပျက်သွားသည်။

"ဒါကတော့ ရက်စက်လွန်းပါတယ်ရှင်"

ရှန်ရှောင်က. . . .

"မင်းကော ဒီလိုအသေမျိုးနဲ့ သေချင်သလား"

လိတလျှံက. . . .

"ကျွန်မ,မသေချင်ပါဘူး"

ရှန်ရှောင်က. . . .

"ရွှေငွေကျောက်သံပတ္တမြားတွေဟာ ဘယ်လောက်တန်ဖိုးရှိရှိ လူ့အသက်တစ်ချောင်းလောက် တန်ဖိုးမရှိပါဘူးဗျာ"

လိတလျှံက. . . .



"ရှင်ပြောတာ မှန်တယ်"

ရှန်ရှောင်က. . . .

"ကျုပ်က အမှန်ပြောတာကိုး. . . မှန်ကိုမှန်ရမယ်"

သူသည် သူမအား စိုက်ကြည့်လိုက်ပြီး. . . .

"အသက်မှမရှိတော့ဘဲ ရွှေငွေဘာလုပ်ဖို့လဲ"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ရှင်ကခြိမ်းခြောက်တဲ့ပညာ တော်တော့ကို ကျွမ်းကျင်နေပါလားရှင်"

ရှန်ရှောင်က သူမအား စိုက်ကြည့်လိုက်သည်။

"ဘာလဲ. . . ကျုပ်က မင်းကို ခြိမ်းခြောက်တယ် ထင်သလား"

လိတလျှံက ပြုံးနေ၏။

ရှန်ရှောင်၏မျက်လုံးအစုံသည် လိတလျှံအား အေးစက်စွာ ကြည့်လိုက်သည်။

"မင်းပြောမလား မပြောဘူးလားဆိုတာ အဖြေပေးပါ"

လိတလျှံက. . . .

"ရှင် ကျွန်မတစ်ယောက်ထဲကိုပဲ မေးနေတာကိုး"

ရှန်ရှောင်က. . . .

"မင်းကိုမမေးရင် ဘယ်သူ့ကို သွားမေးရမှာလဲ"

လိတလျှံက ငှက်ကျွန်ဘက်သို့ လှည့်လိုက်သည်။

"ဟိုမှာတစ်ယောက်ရှိသေးတယ်"

ရှန်ရှောင်၏မျက်လုံးအစုံသည် ငှက်ကျွန်ထံသို့ ရောက်ရှိ

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

ရှန်ရှောင်က. . . .

"မင်းက ငှက်ကျွန်ကိုပြောတာလား"

လီတလျှံက. . . .

"ဟုတ်တယ်"

ရှန်ရှောင်က. . . .

"သူဟာ မင်းရဲ့သမီးဆိုတာ တကယ်ပဲလား"

လီတလျှံက ပါးစပ်ပိတ်ထားလေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"တကယ်လို့များဟုတ်နေရင် မင်းလိုမိခင်မျိုး လောကပေါ်မှာ ရှားပါတယ်ဗျာ"

လီတလျှံက ပါးစပ်ပိတ်ထားလိုက်ပြန်သည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"မင်း ပေးတဲ့အကြံမဆိုးပါဘူး. . . ဒါပေမဲ့ မင်းရဲ့သမီးကိုတော့ ကျုပ်မထိရဲဘူးဗျ"

လီတလျှံက အံ့ဩသွားသည်။

"ဘာဖြစ်လို့လဲ"

ရှန်ရှောင်က. . . .

"ကျုပ်က သူများနဲ့ အသက်ချင်းမလဲချင်ဘူးဗျ"

လီတလျှံက ပိုပြီး အံ့ဩသွားသည်။

"သူက ရှင်ထင်သလို ခက်ခဲမှာမဟုတ်ပါဘူး"

ရှန်ရှောင်က. . . .



"ဟုတ်ပါတယ်. . . ဒါပေမဲ့ သူ့မှာသေရမှာမကြောက်တဲ့ ကိုယ်ရံတော်တစ်ယောက်ရှိတယ်ဗျ"

လီတလျှံက. . . .

"ရှင်ဆိုလိုတာက ဝမ်းဖုန်းဟုတ်လား"

ရှန်ရှောင်က. . . .

"ဟုတ်တာပေါ့. . . သူကလွဲလို့ ဘယ်သူများရှိဦးမလဲ"

လီတလျှံက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . ဒါပေမဲ့ အခု ဒီမှာမှမရှိဘဲ"

ရှန်ရှောင်က. . . .

"ရှိပါတယ်"

လီတလျှံက အံ့အားသင့်သွားသည်။

"ဟုတ်လား. . . သူ အခု ဘယ်မှာလဲ"

ရှန်ရှောင်က စကားမပြောပါ။ ခေါင်မိုးပေါ်သို့ ခေါင်းမော့ကြည့်လိုက်သည်။

လီတလျှံကလည်း ရှန်ရှောင်မော့ကြည့်သောနေရာသို့ မော့ကြည့်လိုက်သည်။

ရုတ်တရက် လူတစ်ယောက်သည် ခေါင်မိုးအပေါ်မှ အောက်သို့ခုန်ဆင်းလာသည်ကို တွေ့ရလေသည်။

လူငယ်တစ်ယောက်ဖြစ်သည်။

ထိုလူမှာ ဝမ်းဖုန်းပင်ဖြစ်လေသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံ၏မျက်လုံးအစုံသည် ပြူးကျယ်နေ၏။

သူမသည် ဝမ်းဖုန်းအား မတွေ့ဘူးပါ။

သို့သော် ရှန်ရှောင်၏စကားကို ယုံကြည်ထားသည်။

ထိုစဉ် ငှက်ကျွန်ကလည်း မျက်လုံးပြူးကျယ်စွာဖြင့် ဝမ်းဖုန်းအား ငေး၍ကြည့်နေ၏။

သူမသည် ဝမ်းဖုန်းလျှောက်လာသည်ကို မနှစ်မြို့ဘဲ ကြည့်လိုက်သောအကြည့်မျိုး ဖြစ်သည်။

❀ ❀ ❀

ဝမ်းဖုန်းသည် ငှက်ကျွန်အနီး၌ ကျလာလေသည်။

သို့သော် ငှက်ကျွန်အား မကြည့်ဝံ့ပါ။ ငှက်ကျွန်က သူ့အား လိတလျှံတို့ထံမလာရဟု ဟန့်တားခဲ့သည် မဟုတ်ပါလော။

ရှန်ရှောင်က သူတို့အားကြည့်ပြီး အံ့သြနေ၏။

"ဘယ်လိုလဲဗျ. . . မင်းတို့အချင်းချင်း ကြည့်လဲမကြည့် စကားလဲမပြောပါလား"



ဝမ်းဖုန်းက ပါးစပ်ဟလိုက်ရာ ငှက်ကျွန်က ကြားဖြတ်ပြောလိုက်လေသည်။

"သူက ကျွန်မကို ဘယ်ကြည့်ဝံ့ပါ့မလဲ"

ရှန်ရှောင်က. . .

"ဘာဖြစ်လို့လဲ"

ငှက်ကျွန်က. . . .

"ကျွန်မက သူ့မျက်လုံးကိုဖောက်ပစ်မှာ ကြောက်လို့ပေါ့"

ရှန်ရှောင်က အံ့အားသင့်သွားပြန်သည်။

"မင်းက ဘာဖြစ်လို့ သူ့မျက်လုံးကို ဖောက်ချင်ရတာလဲ"

ငှက်ကျွန်က. . .

"ကျွန်မက သူ့ကိုမလာနဲ့လို့ပြောတာကို သူက ရောက်အောင်လာတယ်၊ မကြည့်ပါနဲ့လို့ပြောတာ သူက ကြည့်ဖြစ်အောင်ကြည့်တယ်"

ရှန်ရှောင်က. . .

"ဘာပစ္စည်းမို့လဲ ကြည့်တောင် မကြည့်ရဘူးဆိုတော့"

ငှက်ကျွန်က. . . .

"ပစ္စည်းမဟုတ်ဘူးရှင့်. . . လူ"

ရှန်ရှောင်က. . .

"လိတလျှံကို. . . ဟုတ်လား"

ငှက်ကျွန်က ပါးစပ်ပိတ်ထားလိုက်သည်။

ရှန်ရှောင်က ဆက်မေးလိုက်သည်။

"ဘာဖြစ်လို့လဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်က ပါးစပ်ပိတ်မြဲပိတ်ထားသည်။

ဝမ်းဖုန်းကမနေနိုင်တော့ဘဲ. . .

"ကျုပ်က သူ့ကိုကြိုက်မိမှာ စိုးလို့ဗျ"

ရှန်ရှောင်ကပြုံး၍ ငှက်ကျွန်အား ကြည့်လိုက်သည်။

"မင်းနှယ့်ကွာ. . . အမေကိုတောင် သဝန်ကြောင်ရသလားဗျာ"

ငှက်ကျွန်က ပါးစပ်ပိတ်ထားသည်။

ရှန်ရှောင်က ပြုံးလိုက်သည်။

"အခုကော သူ့မျက်လုံးကို ဖောက်ချင်သေးသလား"

ငှက်ကျွန်က ခေါင်းခါယမ်းလိုက်သည်။

"မဖောက်ချင်တော့ဘူး"

ရှန်ရှောင်က. . .

"မင်း စိတ်ထားပြောင်းသွားပြီ မဟုတ်လား"

ငှက်ကျွန်က ပြန်မေးလိုက်သည်။

"သူက ကျွန်မရဲ့ဧည့်သည်တစ်ယောက်ဆိုတာ သိထားတယ် မဟုတ်လား"

ရှန်ရှောင်က. . .

"သိသားပဲ"

ငှက်ကျွန်က. . .

"ဒီလိုပါရှင်. . . ကျွန်မဆီကိုလာတဲ့ ဧည့်သည်ထဲမှာ သူကရိုးသားတာကိုတွေ့လို့ မမှားသင့်တာ မမှားရအောင် တားမိတာပါ။ ဒါပေမဲ့ သူသဘောလေး. . . ကျွန်မစေတနာကို သူမမှ



သိဘဲ"

သူမသည် မဲ့ပြုံးပြုံးလိုက်ပြီး စကားဆက်လိုက်သည်။

"သူက ဒီလောက်ကြည့်ချင်မှတော့ ဝအောင်ကြည့်ပါစေရှင်"

ဝမ်းဖုန်းသည် လိတလျှံအားမကြည့်ဘဲ ငှက်ကျွန်အား စိတ်ကြည့်နေ၏။ ငှက်ကျွန်သည် မျက်နှာကို တစ်ဘက်လွှဲထားလိုက်လေ သည်။

ရှန်ရှောင်က ပြုံးလိုက်သည်။

"သူ အခုရောက်လာတာဟာ မင်းအမေကိုကြည့်ဖို့မဟုတ်ဘဲ၊ မင်းရဲ့အသက်အန္တရာယ်ကို ကာကွယ်ပေးဖို့လို့ ကျုပ်ထင်တယ်ကွဲ့"

ငှက်ကျွန်က ဝမ်းဖုန်းအား လှည့်ကြည့်လိုက်သည်။

"ရှင်က ဒီလောက်ပဲ ကျွန်မအပေါ်မှာ စေတနာကောင်းသလား"

ဝမ်းဖုန်းက. . .

"ကျုပ်က ဒီလောက်အပြောင်းအလဲ မမြန်သေးပါဘူးဗျာ"

ငှက်ကျွန်က. . .

"ရှင် သူ့ကိုတွေ့ချင်တယ် မဟုတ်လား. . . သူ့ကိုလှည့်ကြည့်လိုက်ပါလား"

ဝမ်းဖုန်းက. . .

"သူ့ကိုကြည့်တော့ကော ကျုပ် စိတ်မပါပါဘူးဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်က ကြားဖြတ်လိုက်သည်။

"မိန်းမတစ်ယောက်ဟာ ဘယ်လောက်ပဲချောချော အသက်(၃၄)ကျော်ရင်တော့ အရောင်မှိန်သွားတာပါပဲ"

သူသည်သက်ပြင်းရှည်တစ်ချက်ချပြီး စကားဆက်လိုက်၏။

"သူဟာ အသက်(၄၀)လောက်ရှိပြီလို့ ကျုပ်ကထင်မိတာပဲ"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျွန်မ ဒီလောက်တောင် အိုနေပြီလားရှင်"

ရှန်ရှောင်က ခေါင်းခါယမ်းလိုက်သည်။

"အိုတော့မအိုသေးပါဘူး. . . ဒါပေမဲ့ ဝူးတင့်ဝမ်းလိုယောက်ျားမျိုးကို ဆွဲဆောင်နိုင်ပေမဲ့ ဆွဲဆောင်လို့ မရတဲ့ယောက်ျားတွေလဲ ရှိပါသေးတယ်"

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်လား"

ရှန်ရှောင်က. . .

"ဝူးတင့်ဝမ်းကို ဆွဲဆောင်နိုင်တာဟာ မင်းရဲ့အလှမဟုတ်ဘူး၊ မင်း မျက်လုံးကြောင့်ပါ"

"ကျွန်မမျက်လုံး ဟုတ်လား"

လိတလျှံသည် ရှန်ရှောင်အား စိုက်ကြည့်လိုက်ပြီး. . .

"ကျွန်မမျက်လုံးကို သေသေချာချာ ကြည့်စမ်းပါ. . . ဘာတွေများဖြစ်နေလို့လဲ"



ရှန်ရှောင်သည် သူမ၏မျက်လုံးအား စိုက်ကြည့်လိုက်သည်။

သူမ၏မျက်လုံးအစုံသည် ရုတ်တရက် ဓားတစ်လက်ပမာ စူးရှထက်မြက်သည်ကို တွေ့ရလေသည်

လိတလျှံ၏မျက်လုံးအစုံသည် ရှန်ရှောင်၏မျက်လုံးနှင့်ဆုံလိုက်မိသောအခါ သူမသည် ကပျာကယာ လွှဲဖယ်လိုက်လေ၏။

ဝမ်းဖုန်းကလည်း သူ့အား လှည့်ကြည့်နေ၏။ သို့သော်ဝမ်းဖုန်းမှာ မည်သို့မျှ ဘုံပြန်ခြင်းမရှိသည်ကို တွေ့ရလေသည်။

လိတလျှံက သက်ပြင်းတစ်ချက်ချလိုက်သည်။

ရှန်ရှောင်က ပြုံးလိုက်လေသည်။

"ကဲ. . . ခင်ဗျားဟာ ကိုယ်ထင်တဲ့အတိုင်း ကျုပ်ကိုမရဘူးဆိုတာ နားလည်လိုက်ပြီလား"

လိတလျှံသည် မျက်တောင်တဖျပ်ဖျပ် ခတ်လိုက်ပြီး ငေး၍ ကြည့်နေ၏။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"မင်းမျက်လုံးလေ့ကျင့်တာ ဘယ်လောက်ကြာပြီလဲ"

လိတလျှံက. . .

"ရှင် အကဲခတ်ကြည့်ပေါ့"

ရှန်ရှောင်က. . .

"(၁၀) နှစ်လောက် ရှိပြီလား"

လိတလျှံက. . .

www.burmeseclassic.com

www.burmeseclassic.com



"ရှိပါပြီ"

ရှန်ရှောင်က. . .

"ဒါကြောင့်လဲ ဝူးတင့်ဝမ်းဟာ ခင်ဗျားရဲ့ညို့ဓာတ်ကိုခံလိုက်ရတာကိုး"

လီတလျှံက. . .

"လူတွေဟာ များသောအားဖြင့် မျက်လုံးက အားနည်းချက်ရှိတယ် မဟုတ်လား"

ရှန်ရှောင်က. . .

"မျက်လုံးနဲ့ လူတစ်ယောက်ရဲ့စိတ်ဓာတ်ကို ထိန်းချုပ်နိုင်ဖို့ဟာ မခက်ပါဘူး၊ ဒါပေမဲ့ သိုင်းပညာအဆင့်မြင့်တဲ့လူနဲ့ ရင်ဆိုင်လိုက်ရရင် အသုံးချလို့မရတော့ဘူးပေါ့"

လီတလျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . အဆင့်မြင့်တဲ့သိုင်းသမားတွေဟာ စိတ်ဓာတ်ကပိုပြီး ကြံ့ခိုင်ပါတယ်"

ရှန်ရှောင်က. . .

"ဒါပေမဲ့ တစ်ခါကလေ အဆင့်မြင့်တဲ့သိုင်းသမားလဲ သတိလစ်ရင်ခံရတာပဲ၊ ဥပမာ ဝူးတင့်ဝမ်းလိုပေါ့"

လီတလျှံက. . .

"ရှင်အားလုံးတွေ့ခဲ့တယ် ဟုတ်လား"

ရှန်ရှောင်က. . .

"ဟုတ်တယ်. . . ဒါကြောင့် မင်း ငါ့ကိုညို့ဖို့ မကြိုးစားပါနဲ့"



သူသည် ငှက်ကျွန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

"ဒါကြောင့် ဝမ်းဖုန်းအညို့ခံရမှာကို စိုးရိမ်မနေပါနဲ့"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ကျွန်မက သူ့အတွက် ဘာဖြစ်လို့စိုးရိမ်ရမှာလဲ"

ရှန်ရှောင်က ဝမ်းဖုန်းဘက်သို့လှည့်လိုက်သည်။

"ခုနက လီတလျှံပြောတဲ့စကားလို ကျုပ် မယုံချင်သေးဘူး အခုတော့ ကျုပ်လဲယုံပါပြီ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"သူက ဘာတွေပြောလို့လဲ"

ရှန်ရှောင်က. . .

"မင်း မေ့သွားပြီလား. . . မင်း အရူးမဟုတ်ရင် လူတစ်ယောက်ဖြစ်ရမယ်လို့ ပြောခဲ့တာလေ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

ရှန်ရှောင်က စကားဆက်လိုက်လေသည်။

"ငှက်ကျွန်ကလဲ မင်းရဲ့ညီသည်တစ်ယောက်လို့ ပြောတယ်"

ဝမ်းဖုန်းက. . .

"ဟုတ်တယ်. . . ကျုပ်ကြားပါတယ်"

ရှန်ရှောင်က. . .

"ဒါဖြင့် မင်းက သူ့အတွက်ကို အသက်နဲ့ရင်းပြီး ကာကွယ်ပေးဦးမလား"

ဝမ်းဖုန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က စိတ်ထားပြောင်းတတ်တဲ့ လူတစ်ယောက်မှ မဟုတ်ဘဲ"

ရှန်ရှောင်က. . .

"သူက မင်းကို သာမန် ဧည့်သည်တစ်ယောက်ပါလို့ ပြောရဲ့သားနဲ့မင်းက သူ့အတွက်ကို အသက်နဲ့ရင်းပြီး ကာကွယ်မယ်ဆိုတော့ မင်းဟာရူးနေပြီလို့ ကျုပ်တောင် သံသယဖြစ်လာတယ်ဗျို့"

ဝမ်းဖုန်းက. . .

"ကျုပ် အခုထိ မရူးသေးဘူး ထင်ပါတယ်"

ရှန်ရှောင်က သူ့အား ခြေဆုံးခေါင်းဆုံး အကဲခတ်ကြည့်လိုက်ပြီး. . .

"မင်းဟာ ဘယ်လိုလူစားလဲဆိုတာ ကျုပ်တောင် နားမလည်တော့ဘူးဗျ"

ဝမ်းဖုန်းက. . .

"ကျုပ်က အသက်ကို မနှမြောတဲ့လူတစ်ယောက်ဆိုတာ ခင်ဗျားသိပါတယ်ဗျာ"

ရှန်ရှောင်က သူ့အား စိုက်ကြည့်နေ၏။

သူသည် ဝမ်းဖုန်းအား အမှန်ပင်နားမလည်နိုင်ပါချေ။

အတန်ကြာမှ သူကပြုံးလိုက်သည်။

"မင်းကြည့်ရတာ အသက်ငယ်ငယ်ပဲ ရှိပါသေးတယ်"

ဝမ်းဖုန်းက. . .

"ဟုတ်ပါတယ်. . . ခင်ဗျားထက်တော့ အများကြီးငယ်



ပါသေးတယ်"

ရှန်ရှောင်က. . .

"မင်းရဲ့သိုင်းပညာဟာ တစ်နေ့နေ့တော့ သိုင်းလောကတစ်ခုလုံး လှုမ်းလှုမ်းတောက် ကျော်ကြားနိုင်လိမ့်မယ်ဗျ"

ဝမ်းဖုန်းက. . .

"ဖြစ်ကောင်းဖြစ်နိုင်လိမ့်မယ်"

ရှန်ရှောင်က. . .

"ဒါနဲ့မျာ မင်းရဲ့အသက်ကို ဘာဖြစ်လို့မနှမြောချင်ရတာလဲ"

ရှန်ရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"မင်းလိုလူမျိုးကို ကျုပ် ဒီတစ်ခါပဲ တွေ့ရသေးတယ်ဗျာ"

ရှန်ရှောင်သည် ဝမ်းဖုန်းအားကြည့်ရင်း သက်ပြင်းချလိုက်သည်။ ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျား ဘာဖြစ်လို့ သက်ပြင်းချနေရတာလဲ"

ရှန်ရှောင်သည် သက်ပြင်းတစ်ချက်ချလိုက်ပြန်လေသည်။

"ကျုပ်က စိတ်မကောင်းဖြစ်လို့ပါ"

ဝမ်းဖုန်းက. . .

"ဘာများ စိတ်မကောင်းဖြစ်ရတာလဲ"

ရှန်ရှောင်က. . .

"ကျုပ်လိုလူမျိုးတစ်ယောက်က ခင်ဗျားလို ရူးတဲ့လူတစ်ယောက်နဲ့တွေ့ရတာ တော်တော်ကောင်းတယ်လို့ ယူဆပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်လေ”

ဝမ်းဖုန်းက. . . .

“ကံကောင်းတာလား ကံဆိုးတာလားဗျ”

ရှန်ရှောင်က. . . .

“ပထမတော့ ကံဆိုးတယ်. . . အခုတော့ ကံကောင်းတယ်ဗျ”

ဝမ်းဖုန်းသည် နားမလည်နိုင်ဘဲ ဖြစ်သွားလေသည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

“ကျုပ်က မင်းကိုမတွေ့မြင်ခင်က အစစအရာရာ အဆင်ပြေပါတယ်၊ ဒါပေမဲ့ မင်းနဲ့တွေ့ပြီးတဲ့နောက် အခြေအနေဆိုးလာတယ်ကွ၊ ဒါကြောင့် ပထမပိုင်းမှာ ကျုပ်ကကံဆိုးတယ်လို့ ပြောတာပါ”

ဝမ်းဖုန်းက နားထောင်နေ၏။

ရှန်ရှောင်က စကားဆက်လိုက်သည်။

“ဒါပေမဲ့ ပထမအကြိမ် မင်းရဲ့ခါးချက်နဲ့ ငါမသေဘူး ဒုတိယအကြိမ်မှာလဲ မင်းကအရှုံးထပြီး ကျုပ်ကိုဓားနဲ့လိုက်ခုတ်တာတောင် ကျုပ်ကလွတ်အောင်ပြေးနိုင်လို့ ကျုပ်ကံကောင်းတယ်လို့ ပြောတာပါ”

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

“အဲဒီအချိန်တုန်းက အရှုံးထတဲ့လူဟာ ကျုပ်တစ်ယောက်ထဲ မဟုတ်ပါဘူးဗျာ”

ရှန်ရှောင်က. . . .



“မင်းအရှုံးထတုန်းက မင်းနဲ့ငါနဲ့ နှစ်ယောက်ထဲကျန်တော့တယ် မဟုတ်လား၊ မင်းက သတိရရှိရင်လဲ ကျုပ်ကိုပဲ သတ်ရမှာပေါ့”

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

“ဟုတ်တယ်ဗျာ. . . ကျုပ်က ခင်ဗျားကိုအသေမသတ်ခဲ့တာ တော်တော့ကို အံ့ဩစရာကောင်းတယ်”

ရှန်ရှောင်က. . . .

“ဒါကြောင့် ကျုပ်က ကံကောင်းတယ်လို့ပြောတာပါ”

ဝမ်းဖုန်းက. . . .

“ခင်ဗျား ဘယ်ကိုသွားတာလဲ”

ရှန်ရှောင်က. . . .

“ဖင်ယန်းတည်းခိုခန်းပါ”

ဝမ်းဖုန်းက. . . .

“ခင်ဗျား ဟိုကို ဘာသွားလုပ်တာလဲ”

ရှန်ရှောင်က. . . .

“ဘာမှမလုပ်ပါဘူး. . . ဟိုမှာ ကျုပ်တပည့်နှစ်ယောက်ရှိနေသေးလို့ပါ”

ဝမ်းဖုန်းက. . . .

“ခင်ဗျားမှာ တပည့်နှစ်ယောက်ကျန်သေးတယ် ဟုတ်လား”

ရှန်ရှောင်က. . . .

“အခုတစ်ယောက်မှ မကျန်တော့ပါဘူး”

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက အံ့အားသင့်သွားသည်။

"သူတို့ ဘယ်ရောက်သွားကြတာလဲ"

ရှန်ရှောင်က. . . .

"သူတို့သေကုန်ကြလို့ပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူက တိုက်လို့လဲ"

ရှန်ရှောင်က. . . .

"မသိဘူး"

ဝမ်းဖုန်းသည် လိတလျှံဘက်သို့ လှည့်လိုက်သည်။

"ခင်ဗျားလူရဲ့လက်ချက် ဟုတ်လား"

လိတလျှံက. . . .

"မဟုတ်ဘူး"

ရှန်ရှောင်က. . . .

"မင်းလဲ မဟုတ်ဘူး. . . သူလဲမဟုတ်ဘူးဆိုရင် ဝူးတင့်ဝမ်းများ ဖြစ်နေမလား"

လိတလျှံက ခေါင်းခါယမ်းလိုက်သည်။

"သူလဲ မဟုတ်နိုင်ပါဘူး"

ရှန်ရှောင်က. . . .

"မင်း ဘာဖြစ်လို့ပြောနိုင်တာလဲ"

လိတလျှံက. . . .

"ဝူးတင့်ဝမ်းဟာ ဒီလိုသေးငယ်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ဘူး"



ရှန်ရှောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီလိုဆိုရင် ဒီမြို့ကလေးမှာ တတိယအင်အားစုများရှိနေသလား"

လိတလျှံက မျက်မှောင်ကုပ်သွားသည်။

"ကျွန်မတော့ မတွေ့မိဘူး"

ရှန်ရှောင်က. . . .

"ဒါဖြင့် ဘာဘကုန်းတို့ကော"

လိတလျှံက ပြုံးလိုက်သည်။

"သူက ကျွန်မလူဆိုတာ ထင်ရှားနေပါတယ်"

ရှန်ရှောင်က ခေါင်းခါယမ်းလိုက်သည်။

"သူ့ကိုကြည့်ရတာ မင်းကို အစိမ်းလိုက်ဝါးစားမတတ်မုန်းတယ်လို့ ထင်တယ်"

လိတလျှံက ပြုံးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် သူက ကျွန်မကို ကိုယ်ထိလက်ရောက်ထိရဲပါဘူးရှင်"

ရှန်ရှောင်က မျက်မှောင်ကုပ်သွားသည်။

"ဒီလိုဆိုရင် ဒီနေရာမှာပဲ လျှို့ဝှက်တဲ့လူသတ်သမားတစ်ယောက်ရှိကို ရှိရဦးမယ်"

ထိုစကားကြားလိုက်ရသောအခါ ဝမ်းဖုန်းပင်ကျောချမ်းသွားလေသည်။

ဿ ဿ ဿ

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်သောလူသတ်သမား. . . .

ယင်းလူသတ်သမားသည် မည်သူဖြစ်နိုင်သနည်း။ သူ၏ ရည်ရွယ်ချက် မည်သို့ရှိသနည်း။ သူနောက်ထပ်သတ်မည့်လူက မည်သူဖြစ်နိုင်သနည်း။

ဝမ်းဖုန်းသည် ယင်းသို့တွေးရင်း ငေးငိုင်နေသည်။

အတန်ကြာမှ သူက ခေါင်းမော့လိုက်သည်။

"ကဲ. . . ခင်ဗျားက ဖင်ယန်းတည်းခိုခန်းမှာပဲ တစ်ချိန်လုံးနေခဲ့တယ် ဟုတ်လား"

ရှန်ရှောင်က ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျား ဘယ်ကိုဆက်သွားသလဲ"

ရှန်ရှောင်က. . . .

"ကြက်တူရွေးဂေဟာ"

ဝမ်းဖုန်းသည် အံ့အားသင့်သွားသည်။

လိတလျှံနှင့်ငှက်ကျွန်တို့ပါ အံ့အားသင့်သွားကြသည်။



ရှန်ရှောင်သည် ကြက်တူရွေးဂေဟာတွင် သူလက်အောက်ငယ်သား(၁၃)ယောက်စလုံး သေဆုံးရသည်မဟုတ်ပါလော။

သူတို့က ရှန်ရှောင်သည် နေပြည်တော်သို့ပြန်ပြီး စစ်ကူတောင်းသည်ဟု ထင်မှတ်ကြသည်။ မည်သူကမှ သူသည် ကြက်တူရွေးဂေဟာသို့ ပြန်ရောက်ရှိလိမ့်မည်ဟု မထင်မှတ်ကြပါ။

ရှန်ရှောင်၏လုပ်ရပ်သည် မည်သူကမှ မထင်ခဲ့သော လုပ်ရပ်ပင်ဖြစ်လေသည်။

❀ ❀ ❀

ရှန်ရှောင်သည် အရာရှိတစ်ဦးဖြစ်သည်။

သူ၏ရာထူးမှာ ကြီးလှသည်မဟုတ်သော်လည်း ငယ်သည်းမငယ်လှပါ။ အရာရှိကြီးကြီး ရာထူးရထားသော လူများသည် သေရမည်ကို ကြောက်ကြသည်။

ရှန်ရှောင်လည်း ဤအကျင့်ဖြစ်မည်ဟု အားလုံးက ကြည်ထားသည်။

ယခုရှန်ရှောင်သည် အလွန် အန္တရာယ်များပြားလှသော ဂေဟာကလေးတွင်ရှိမည်ဟု မည်သူကမှ မထင်မှတ်ကြပါ။

သို့သော် ရှန်ရှောင်သည် အခြားအရာရှိများထက် များစွာသတ္တိကောင်းသည်။

သူ၏သိုင်းပညာမှာလည်း များစွာ အဆင့်မြင့်၍ ယခုကဲ့

www.burmeseclassic.com



သို့ သတ္တိရှိနိုင်သည် မဟုတ်ပါလော။

ဿဿဿ

လိတလျှံသည် ကြောင်အမ်းအမ်းဖြင့် ရှန်ရှောင်အား ကြည့်နေသည်။

အတန်ကြာမှ သူမက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ရှင် သတ္တိမနည်းပါလားရှင်"

ရှန်ရှောင်က ပြုံးလိုက်သည်။

"ကျုပ်လိုရာထူးမျိုးဟာ သတ္တိမကောင်းလို့ ဘယ်ဖြစ်ပါ့မလဲ"

ဝမ်းဖုန်းက ကြားဖြတ်လိုက်သည်။

"ခင်ဗျားက ဘာဖြစ်လို့ ဒီကိုရောက်အောင် လာခဲ့တာလဲ"

ရှန်ရှောင်က. . . .

"မင်း နောက်ကို ငါလိုက်ခဲ့တာပါ"

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ရှန်ရှောင်က. . . .

"မင်း အိမ်ထဲမှာ အရက်သောက်နေတဲ့အချိန် ကျုပ် ဒီကတိတ်တဆိတ် ထွက်လာခဲ့တယ်"

ဝမ်းဖုန်းက. . . .

"ဝူးတင့်ဝမ်း လူနှစ်ယောက် အစောင့်ချထားတာ ခင်



...ကို မတွေ့ဘူးလား"

ရှန်ရှောင်က. . . .

"သူတို့လဲ မင်းကိုပဲ အာရုံစိုက်တော့ ကျုပ်ကို ဘယ်သ...သားမိမှာလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်က သူတို့ကိုဖယ်ရှားပြီး ကြက်တူရွေးဂေဟာက ...လာတာနဲ့ ခင်ဗျားက ကျုပ်နောက်ကို ခြေရာခံပြီးလိုက်ခဲ့...ယ် ဟုတ်လား"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"အင်း. . . . ကျုပ်က ခင်ဗျားလိုက်လာတာကို မတွေ့မိ...အံ့ပါတယ်ဗျာ"

ရှန်ရှောင်က. . . .

"ဒါကတော့ မင်းက ဒီကိုလာဖို့ စိတ်စောနေတာကိုး"

ဝမ်းဖုန်းက. . . .

"ဒါနဲ့နေပါဦး. . . ကျုပ် ခေါင်မိုးပေါ်မှာရှိတုန်းက ခင်...ကို မတွေ့ပါလား"

ရှန်ရှောင်က ပြုံးလိုက်သည်။

"မင်းက ခေါင်မိုးအလယ်ကိုကျော်ပြီးမှ မကြည့်ဘဲကိုး"

ဝမ်းဖုန်းက. . . .

"ခင်ဗျား ခေါင်မိုးအလယ်ရဲ့ ဟိုဘက်မှာရှိတယ် မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်က. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားက ကျုပ်ကိုအလစ်ဝင်ပြီး တိုက်ခိုက်လိုက်ရင် ကျုပ်က ခံရမှာပါ"

ရှန်ရှောင်က. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဘာဖြစ်လို့မတိုက်ခိုက်တာလဲ"

ရှန်ရှောင်က. . . .

"ကျုပ်က မင်းကိုလာတိုက်ခိုက်ရင် အောက်ကလူတွေ သိကုန်မှာပေါ့၊ သူတို့သိကုန်ရင် အခုလို သွေးကြွက်တူရွှေရဲ့ လျှို့ဝှက်ချက်ကို ဘယ်သိနိုင်မှာလဲ"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"အခု ဒီမှာက သွေးကြွက်တူရွှေရဲ့ လျှို့ဝှက်ချက်နဲ့ ပတ်သက်ပြီး လူနှစ်ယောက်သိထားတယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ရှန်ရှောင်က စကားဆက်လိုက်သည်။

"ဒီလျှို့ဝှက်ချက်ကို အများဆုံးသိထားတဲ့လူက လီတာလျှံပဲဖြစ်တယ် မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။



ရှန်ရှောင်က. . . .

"ဒါကြောင့် ကျုပ်က သူ့ကို စစ်ဆေးမေးမြန်းရင် မင်းက တန့်ကွက်လိမ့်မယ်လို့ မထင်ဘူး"

ဝမ်းဖုန်းက. . . .

"သူနဲ့ကျုပ်နဲ့ ဘယ်တုန်းကမှ မပတ်သက်ဘူး"

ရှန်ရှောင်က. . . .

"ကျုပ် ခပ်ကြမ်းကြမ်းတော့ စစ်ဆေးသေးတယ်ဗျ"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. . . .

"မင်းအနေနဲ့ ကျုပ်ကိုတားမှာလား"

ဝမ်းဖုန်းက. . . .

"တခြားလူဆိုရင်တော့ ကျုပ်က တားချင်တားမယ်၊ သူ့ကိုတော့ ကျုပ်မတားဘူး"

လီတာလျှံက ကြားဖြတ်လိုက်သည်။

"ရှင်က ကြင်နာတတ်တဲ့လူတစ်ယောက်ပါ၊ ကျွန်မ ဒုက္ခရောက်တာကို ရှင်က ကြည့်ရက်နိုင်ပါ့မလား"

ဝမ်းဖုန်းက. . . .

"စိတ်ထားယုတ်မာတဲ့လူကို ကျုပ်သနားဖို့စိတ်မကူးဘူး"

လီတာလျှံက. . . .

"ကျွန်မ ဘယ်နေရာမှာ ယုတ်မာလို့လဲ"

ဝမ်းဖုန်းက. . . .

"ဦးတင့်ဝမ်းနဲ့ ဘဘကန်းတို့ သူသေကိုယ်သေတိုက်ခိုက်ကြန်းတာ ခင်ဗျားသတိရတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံက. . . .

"ဝူးတင့်ဝမ်း. . . ကျွန်မကိုလက်သီးနဲ့ထိုးတုန်းက ကျွန် မသတိမေ့ပါဘူး။ သက်သက်သတိမေ့ချင်ဟန်ဆောင်တာပါ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ဘဘကန်းဘက်က မကူ ညီတာလဲ"

လိတလျှံက. . . .

"သူတို့ တစ်ယောက်ချင်းယှဉ်ပြိုင်တယ်ဆိုတာ တရားမျှ တပါတယ်၊ ကျွန်မဝင်ကူလို့ ဘယ်တရားပါ့မလဲ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဒီသဘောနဲ့မကူညီတာမဟုတ်ဘူး၊ ဘဘကန်းသေသွားတာကို ခင်ဗျားက ဆန္ဒရှိတယ်မဟုတ်လား"

လိတလျှံက. . . .

"ဒုက္ခပေးမဲ့ လူတစ်ယောက်မရှိခဲ့ရင် ပိုမကောင်းဘူး မဟုတ်လား၊ ရှင်ကော ဒီအတိုင်းပဲမဟုတ်လား"

ဝမ်းဖုန်းက. . . .

"သူ့ဘက်မှာ လူနှစ်ယောက်ရှိသေးတယ်ဆိုတာ ခင်ဗျား မေ့သွားပြီလား"

လိတလျှံက. . . .

"ရှင်က ငှက်ကျွန်နဲ့ဝေ့ချီလုံကို ဆိုလိုတာလား"

ဝမ်းဖုန်းက. . . .

"ဟုတ်တယ်"



လိတလျှံက. . . .

"အခု ဝေ့ချီလုံ ဘယ်မှာလဲ"

ဝမ်းဖုန်းကမဖြေနိုင်ဘဲ ပါးစပ်ပိတ်ထားလေသည်။

လိတလျှံက ပြုံးလိုက်သည်။

"ဝူးတင့်ဝမ်းဟာ အလွန်ကောက်ကျစ်စဉ်းလဲတဲ့ လူတစ် ယောက်ပဲ၊ သူက ကျွန်မကို တိုက်ခိုက်မဲ့အစီအစဉ်ထဲ ဝေ့ချီလုံကို သူကထည့်တွက်ထားတာပဲ၊ ဒါကြောင့် သူက ဒီမှာလာပြီး တိုက် ခိုက်တုန်း သူ့လူတချို့က ဝေ့ချီလုံဆီကိုရောက်မှာ သေချာတယ်"

ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလေသည်။

လိတလျှံက စကားဆက်လိုက်သည်။

"ဒါကြောင့် ကျွန်မ သူ့ကိုမတွေ့ရမချင်း သေတဲ့လူတစ် ယောက်လို့ သတ်မှတ်ရမှာပဲ"

ထိုစဉ် ရှန်ရှောင်ကကြားဖြတ်လိုက်သည်။

သူက ငှက်ကျွန်ဘက်သို့လှည့်လိုက်ပြီး. . . .

"ကဲ. . . ကျုပ်က မင်းရဲ့မိခင်ကို စစ်ဆေးမေးမြန်းလို့ သူက ထုတ်ဖော်ပြောမယ်ဆိုရင် မင်း ဘယ်လိုသဘောထားမလဲ"

ငှက်ကျွန်ကို ရှန်ရှောင်က စကားဆက်လိုက်သည်။

"မင်းနဲ့လိတလျှံဟာ သားအမိမှဟုတ်ရဲ့လား. . . တခြား ဘယ်လိုများပတ်သက်သေးသလဲ"

ငှက်ကျွန်သည် ပါးစပ်ပိတ်မြဲပိတ်ထားလေသည်။

ဪ ဪ ဪ

www.burmeseclassic.com

www.burmeseclassic.com



လီတလျှံသည် ငှက်ကျွန်အား စေ့စေ့ကြည့်လိုက်သည်။

"ကျုပ်က လူ့ငှက်ချက်ကို ပြောလိုက်ရမလား"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ရှင်ကပြောလိုက်ရင် ကျွန်မ နဲ့ရှင်နဲ့ ပေးထားတဲ့ကတိတွေဟာ ပျက်ပြယ်သွားလိမ့်မယ်ထင်တယ်"

လီတလျှံက ပြုံးလိုက်သည်။

"ကျုပ်က ထုတ်ဖော်ပြောလိုက်ရင် ဒါအသက်သေသွားမှာပဲ၊ မင်းလဲ အသက်ရှင်မှာမဟုတ်ဘူး"

ငှက်ကျွန်မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်သွား၏။

"ကျွန်မ ဘာလုပ်ပေးရမှာလဲ"

လီတလျှံက. . .

"ရှန်ရှောင်ကို ခဏလေးတားပေးနိုင်မဲ့လူရှိရင် ကျုပ်က လွတ်အောင်ပြေးနိုင်ပါတယ်"

သူစကားမဆုံးမီ ငှက်ကျွန်သည် ရုတ်တရက် ထခုန်လိုက်ပြီး ရှန်ရှောင်အား တိုက်ခိုက်လိုက်လေသည်။



ရှန်ရှောင်သည် လီတလျှံ၏စကားကြားလိုက်သည်နှင့် ငှက်ကျွန်ကတိုက်ခိုက်လာမည်ကို ချက်ချင်းသိလိုက်လေသည်။

သို့သော် ငှက်ကျွန်က ယခုကဲ့သို့ လျင်မြန်စွာ တိုက်ခိုက်လာမည်ဟု မမျှော်လင့်ချေ။ ထို့ကြောင့် သူသည် လီတလျှံအား ဖမ်းချုပ်ရန်ဟန်ပြင်သည်နှင့်ငှက်ကျွန်က လီတလျှံရှေ့သို့ ဝင်လာပြီးလျှင် သူ့အား တိုက်ခိုက်သည်ကို ခံလိုက်ရလေသည်။

ထိုအခွင့်အရေးကို လီတလျှံက အကောင်းဆုံးအသုံးပြုတတ်လေသည်။

ငှက်ကျွန်က သူ့၏ ရှေ့သို့ရောက်ရှိလာသည်နှင့် သူ၏ ခန္ဓာကိုယ်သည် လျှပ်တစ်ပြက်လှုပ်ရှားပြီး နောက်သို့ ခုန်ဆုတ်သွားသည်ကို ရှန်ရှောင်က တွေ့ရှိလိုက်သည်။

"မင်း ဘယ်ပြေးမလဲ"

သူသည် ယင်းသို့ပြောပြီး ငှက်ကျွန်၏တိုက်ခိုက်မှုအား ရှောင်တိမ်းပြီးလျှင် လီတလျှံထံသို့ ပြေးလိုက်ရန် ဟန်ပြင်လိုက်သည်။

ငှက်ကျွန်၏ ခြေထောက်သည် သူ့ရင်ဝသို့ ကန်ထည့်လိုက် လေသည်။ ရှန်ရှောင်က ခန္ဓာကိုယ်တစ်ချက်လှည့်ပြီး ရှောင်တိမ်းလိုက်လေသည်။

ငှက်ကျွန်သည် လက်သီးနှစ်ချောင်းဖြင့် ရှန်ရှောင်၏ ကျောက်လုံးအား တိုက်ခိုက်လာပြန်သည်။ ရှန်ရှောင်ကရှောင်တိမ်းရင်း ဓားကို ဆွဲထုတ်လိုက်လေသည်။

သူသည် ဓားဖြင့် ငှက်ကျွန်၏လည်မျိုသို့ ထိုးသွင်းလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ငှက်ကျွန်သည် အသာအယာရှောင်တိမ်းလိုက်ပြီး သူ့ခန္ဓာကိုယ်သည် ရှေ့သို့တိုးကပ်သွားသည်။

သူမ၏လက်ထဲမှ ဓားနှစ်လက်ဖြင့် ရှန်ရှောင်အား ဝင်ရောက်တိုက်ခိုက်လိုက်ပြန်သည်။

ယခု သူမ၏ပေါ့ပါးသွက်လက်သော ခန္ဓာကိုယ်သည် ဓားတစ်လက် မြားတစ်စင်းပမာ အရှိန်ပြင်းထန်စွာဖြင့် တိုက်ခိုက်လာလေသည်။ သူမ၏တိုက်ခိုက်မှုသည် အသက်စွန့်၍ တိုက်ခိုက်သော တိုက်ကွက်မျိုး ဖြစ်လေသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။ ငှက်ကျွန်သည် အဘယ့်ကြောင့် မိမိအသက်ကိုပဓာနမထားဘဲ လိတာယွှံအား ကာကွယ်ပေးလိုက်လေသနည်း။

ဝမ်းဖုန်းသည် ယင်းသို့တွေးတောနေစဉ်မှာပင် ရှန်ရှောင်ဓားသည် ငှက်ကျွန်လည်မျိုသို့ ထိုးသွင်းလာသည်ကို တွေ့လိုက်ရလေသည်။ သူသည် ရှန်ရှောင်ထံသို့ လျှပ်တစ်ပြက် ခုန်ဝင်သွားသည်။

"ချွမ်း . . . "

သူ့လက်ထဲမှဓားသည် ရှန်ရှောင်၏ဓားအား ခံပေးလိုက်လေသည်။

စာစဉ်(၃) ပြီး၏။

စာစဉ်(၄)ကို ဆက်လက်ဖတ်ရှုပါရန်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၃၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်တင်တင်အေး (ရှုက်စိမ်း စာပေ)
အမှတ် (၄၃-A)၊ ၄-လမ်း၊
လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ဦးဝင်းကျော်ထွန်း (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။



ရှန်ရှောင်ဓားသည် ငှက်ကျွန်လည်မျိုဆီသို့ တစ်ဟုန်ထိုး ဝင်ရောက်လာ၏။

ငှက်ကျွန်မှာ ထိတ်လန့်တကြားဖြစ်ကာ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွား၏။

ယင်းတဒင်္ဂအချိန်လေးမှာပင် ဝမ်းဖုန်း၏ဓားသည် ငှက်ကျွန်၏ လည်မျိုသို့ဦးတည်ဝင်လာသော ရှန်ရှောင်၏ဓားကို ရိုက်ထုတ်ပစ်လိုက်သည်။

"ချွမ်း. . . ."

ဓားဓားချင်းထိသံ ချွမ်းခနဲ မြည်သံထွက်လာမှ ငေးကြောင်နေသောငှက်ကျွန် သတိပြန်ဝင်လာသည်။

အသက်အန္တရာယ်မှ လွတ်မြောက်သွားသည့်တိုင် ညှမ တစ်ကိုယ်လုံး ဇောချွေးများဖြင့် စိုရွှဲသွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်သည် တိုက်ခိုက်ရာမှ ရပ်တန့်လိုက်သည်။

သူသည် ဝမ်းဖုန်းအား စိုက်ကြည့်ရင်း. . . .

"မင်း ကြက်တူရွေးရဲ့ လျှို့ဝှက်ချက်ကိုသိချင်ရင် သူ့ကို ဆွဲထားလိုက်ပါ"

သူသည် ယင်းသို့ပြောပြီးသည်နှင့် လီတလျှံနောက်သို့ ပြေးလိုက်သွားလေတော့သည်။

* * *

ငှက်ကျွန်သည် ဆက်၍တိုက်ခိုက်ခြင်းမပြုတော့ဘဲ ရပ်တန့်လိုက်လေသည်။

သူမသည် သူမ၏တာဝန်အား ကျေပြွန်စွာ ထမ်းဆောင်နိုင်သည် မဟုတ်ပါလော။

လီတလျှံသည် အခန်း၏နောက်ဘက်တွင် ကာရံထားသော ယင်းကာတစ်ခုနောက်သို့ ပြေးဝင်သွားလေသည်။

သူမသည် ထိုယင်းကာသို့ပြေးဝင်သွားသည်နှင့် ပျောက်ကွယ်သွားလေသည်။

ရှန်ရှောင်သည် ခြေထောက်ဖြင့် ယင်းကာအား ကန်လိုက်သည်။

ယင်းကာ၏နောက်ကွယ်တွင် နံရံတစ်ခုကိုသာ တွေ့ရ



သည်။

လီတလျှံသည် နံရံပေါ်မှ လျှို့ဝှက်တံခါးတစ်ခုဆီသို့ ပြေးဝင်သွားပြီဖြစ်ရာ ယင်းလျှို့ဝှက်တံခါးသည် ဖြည်းညင်းစွာ ပြန်ပိတ်သွားနေ၏။

ရှန်ရှောင်ကအနီးရှိ ကုလားထိုင်တစ်လုံး ပစ်သွင်းလိုက်သည်။

လျှို့ဝှက်တံခါးသည် ကုလားထိုင်နှင့်ညှပ်မိပြီး ဆက်၍မပိတ်နိုင်တော့ဘဲ လူတစ်ယောက်ဝင်သာခန့် အပေါက်များကျန်ခဲ့လေသည်။

ရှန်ရှောင်က သူ၏ဓားဖြင့် နံရံပေါ်တွင်ချိတ်ထားသော မီးအိမ်အား ဖြုတ်ယူလိုက်သည်။

ထို့နောက် ဓားဖြင့် မီးအိမ်အား ချိတ်ထားလိုက်ပြီး လျှို့ဝှက်တံခါးထဲသို့ မီးအိမ်အားရှေ့ဆုံးမှ ထိုးကြည့်လိုက်လေသည်။

လျှို့ဝှက်တံခါးနောက်ကွယ်တွင် ရှည်လျားသောစကြံလမ်းတစ်ခု. . . .

ရှန်ရှောင်က ဝမ်းဖုန်းဘက်သို့လှည့်လိုက်သည်။

"မင်း အရင်ဝင်မလား. . . ငါက အရင်ဝင်ရမလား"

ဝမ်းဖုန်းက. . . .

"ခင်ဗျား သေရမှာကို ကြောက်လို့လား"

ရှန်ရှောင်က. . . .

"မင်းကကြောက်ရမှန်း မသိဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ကျုပ်က သေရမှာမကြောက်ဘူးဆိုတာ မှန်တယ်. . . ဒါပေမဲ့ ခင်ဗျားအတွက်တော့ အသက်မစွန့်ချင်ဘူး"

ရှန်ရှောင်က. . . .

"ဒါဖြင့် မင်းက သွေးကြက်တူရွေးရဲ့ လှို့ဝှက်ချက်ကို မသိချင်ဘူးလား"

ဝမ်းဖုန်းက. . . .

"သိချင်ပါတယ်"

ရှန်ရှောင်က. . . .

"ဒါဖြင့် မင်းက လှို့ဝှက်ချက်ကို သိချင်ရင်သေရမှာကို ကြောက်နေသေးသလား"

ဝမ်းဖုန်းက. . . .

"ကျုပ်က လှို့ဝှက်ချက်ကို သိချင်လို့ မသိသေးခင် သေရမှာကို ကြောက်နေလို့ပေါ့"

ရှန်ရှောင်က မဲ့ပြုံးပြုံးလိုက်ပြီး ထိုလှို့ဝှက်တံခါးအား ကုလားထိုင်တစ်လုံးဖြင့် ခုထားလိုက်သည်။

ထို့နောက် မီးအိမ်ကို လက်တစ်ဖက်ဖြင့်ကိုင်ပြီးကျန် လက်တစ်ဖက်တွင် ဓားကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် ထိုလှို့ဝှက်တံခါးထဲသို့ လှမ်းဝင်သွားလေသည်။

မီးအိမ်မှ အလင်းရောင်များသည် အမှောင်ထုအား မောင်းထုတ်လိုက်လေသည်။



ရှန်ရှောင်သည် မီးအိမ်ကိုမြှောက်ထားပြီးလျှင် သတိကြီးစွာဖြင့် ရှေ့သို့ဆက်လျှောက်သွားသည်။

သူ့နောက်တွင် ဝမ်းဖုန်းက လိုက်ပါနေ၏။ ငှက်ကျွန်းကလည်း လိုက်ပါလာသည်။

သူမ၏မျက်လုံးအစုံတွင် သံသယဖြစ်နေသည့် အရိပ်အယောင်များ ပေါ်လွင်နေလေသည်။

ရှန်ရှောင်သည် ရှေ့သို့ဆက်၍လျှောက်လာရာ စကြံဆုံးသွားသည်နှင့် မြေပြင်သည် အောက်သို့နိမ့်ဆင်းသွားသည်ကို တွေ့ရလေသည်။

အောက်သို့ဆင်းသွားရာတွင် ကျောက်လှေကား(၁၀) ထစ်ကျော်ခန့် ရှိသည်ကိုတွေ့ရလေသည်။

ရှန်ရှောင်သည် ခြေလှမ်းရပ်တန့်လိုက်သည်။

သူသည် အောက်သို့ဆက်၍ဆင်းရန် သင့်မသင့် ချင့်ချိန်၍ ရပ်နေလေသည်။

အတန်ကြာမှ သူသည် အံကိုတင်းတင်းကျိတ်ပြီး ဆက်၍ ဆင်းရန် ဆုံးဖြတ်လိုက်လေသည်။

ယင်းသို့ ဆုံးဖြတ်လိုက်သည်နှင့် သူသည် လက်ထဲမှဓားအား ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး ကျောက်လှေကားထစ်အ

www.burmeseclassic.com

www.burmeseclassic.com



တိုင်း တစ်လှမ်းချင်းလျှောက်သွားလေသည်။

ကျောက်လှေကားထစ်ဆုံးသွားသည်နှင့် ကျောက်ဖြင့် ပြုလုပ်ထားသော တံခါးတစ်ခုကို တွေ့မြင်လိုက်ရလေသည်။

လှေကားထစ်၏ ဘေးနံရံတစ်ဘက်တစ်ချက်တွင် မီးအိမ်တစ်လုံးစီထွန်းထားသည်ကို တွေ့ရလေသည်။

မီးအိမ်ထဲမှဆီများသည် တစ်ဝက်ခန့်ရှိသည်ကို တွေ့ရလေ၏။

ယင်းဆီများသည် (၃)ရက်တိုင်တိုင် ထွန်းညှိထားလေသည်။

ရှန်ရှောင်ကခန့်မှန်း၍ ရပ်နေလေသည်။

မီးအိမ်မှမီးရောင်သည် ထိုကျောက်တံခါးပေါ်သို့ ထိုးကျနေလေသည်။

မီးရောင်ဖြင့် တံခါးပေါ်မှ ထွင်းထားသောအရစ်များကို တွေ့ရှိရလေသည်။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားလေသည်။

ယင်းကဲ့သို့ ထူးခြားသောအရစ်များကို သူတစ်ကြိမ်တွေ့ဖူးခဲ့သည်ဟု သတိရလာလေသည်။

ယင်းကဲ့သို့ ထူးဆန်းသောအရစ်များသည် မေမေစုံ၏ တံခါးပေါ်၌ တွေ့မြင်ခဲ့ဖူးသည် မဟုတ်ပါလော။

ထိုထူးဆန်းသောအရစ်များသည် မင်္ဂလာမရှိသော အတိတ်လက္ခဏာဖြစ်သည်ဟု ဝမ်းဖုန်းက ခံစားမိလေသည်။



သူသည် ရှန်ရှောင်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ရှန်ရှောင်၏မျက်နှာတစ်ခုလုံးမှာ စိတ်ဓာတ်တက်ကြွလာသည့် အရိပ်အယောင်များ ထွက်ပေါ်လာသည်ကို အံ့ဩစွာ တွေ့ရလေသည်။

သူသည် ကျောက်တံခါးအား အာရုံစူးစိုက်စွာ ကြည့်ရှုနေသော ရှန်ရှောင်အား ကြည့်လိုက်သည်။

"ဒီတံခါးပေါ်က အရစ်တွေနဲ့ပန်းခက်တွေကို ခင်ဗျား နားလည်လို့လား"

ရှန်ရှောင်က အမှတ်မထင် ခေါင်းညိတ်ပြလိုက်လေသည်။

ဝမ်းဖုန်းက. . .

"ဒါဖြင့် ဒီတံခါးပေါ်က အရစ်နဲ့ပန်းခက်တွေက ဘာလဲဗျ"

ရှန်ရှောင်က. . .

"ဒါက ပန်းခက်မှမဟုတ်ဘဲ"

ဝမ်းဖုန်းက. . .

"ပန်းခက်မဟုတ်ရင် ဘာလဲဗျ"

"အဲဒါ ဘာသာစကားတစ်မျိုးဗျ"

ဝမ်းဖုန်းက အံ့ဩသွားသည်။

"ဗျာ. . . ခင်ဗျားက ဒါကို တခြားလူတစ်မျိုးရဲ့ဘာသာလို့ဆိုလိုတာလား"

www.burmeseclassic.com

www.burmeseclassic.com



ရှန်ရှောင်က. . . .

"ခင်ဗျား အရှေ့တိုင်းကလာတဲ့ ကျမ်းဂန်တွေကို ဖတ်ဖူးသလား"

ဝမ်းဖုန်းက. . . .

"မဖတ်ဖူးဘူး"

ရှန်ရှောင်က. . . .

"ခင်ဗျား ဘုန်းကြီးတွေနဲ့ကော သိကျွမ်းသလား"

ဝမ်းဖုန်းက. . . .

"မသိဘူး"

ရှန်ရှောင်က. . . .

"မင်း အရှေ့တိုင်းကို ရောက်ဖူးသလား. . . ဒါမှမဟုတ် မင်းရဲ့မိသားစုထဲမှာ တစ်ယောက်ယောက်က ရောက်ဖူးသလား"

ဝမ်းဖုန်းက. . . .

"တစ်ယောက်မှ မရောက်ဖူးဘူး"

ရှန်ရှောင်က. . . .

"ဒါကြောင့် မင်း ဒီစာကိုမဖတ်တတ်တာ အံ့ဩစရာမဟုတ်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါဟာ အရှေ့တိုင်းတစ်ခုရဲ့စာ ဟုတ်လား"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"



ဝမ်းဖုန်းက. . . .

"အရှေ့တိုင်းရဲ့စာကို ခင်ဗျားကဖတ်တတ်လို့လား"

ရှန်ရှောင်က. . . .

"ကျုပ်ဟာ ဘယ်လိုလူမျိုးလဲဆိုတာ မင်း မေ့နေပြီထင်တယ်"

ꩮ ꩮ ꩮ

ရှန်ရှောင်က စကားဆက်လိုက်သည်။

"အမှန်ပြောရရင် ကျုပ်ကလဲ ဘုန်းကြီးတွေနဲ့ အဆက်အသွယ်မရှိပါဘူး"

ဝမ်းဖုန်းက. . . .

"ဒါဆို ခင်ဗျား အရှေ့တိုင်းရောက်ဖူးတာပေါ့"

ရှန်ရှောင်က ခေါင်းခါယမ်းပြလိုက်သည်။

"ကျုပ်မရောက်ခဲ့ပါဘူး"

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်းဖြစ်သွားလေသည်။

အတန်ကြာမှ ရှန်ရှောင်ကပြုံးလိုက်သည်။

"ကျုပ်အဖေဟာ ခြေရာအနှံ့သွားတဲ့ လူတစ်ယောက်ဖြစ်တယ်၊ ဒါကြောင့် ကျုပ်ငယ်စဉ်တုန်းကစပြီး စာပေတွေသင်ကြားပေးခဲ့ပါတယ်၊ ဒါတွင်မကသေးဘဲ အရှေ့တိုင်းဘာသာနဲ့ အနောက်တိုင်းဘာသာကို သင်ပေးခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ဒါကြောင့် ခင်ဗျားက ဒီဘာသာစကားတတ်တာကိုး"

ရှန်ရှောင်က ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . .

"ဒါဖြင့် အဲဒီကျောက်တံခါးပေါ်မှာ ထွင်းထားတဲ့အရုပ်တွေနဲ့ ပန်းခက်တွေက ဘာကိုဆိုလိုတာလဲဗျ"

ရှန်ရှောင်က ပြုံးလိုက်သည်။

သူသည် စကားတစ်လုံးချင်းပြောလိုက်သည်။

"အဲဒီအရုပ်နဲ့ ပန်းခက်တွေကို ဘာသာပြန်ရမယ်ဆိုရင် ရတနာသိုက်လို့ အဓိပ္ပာယ်ရပါတယ်"

ဝမ်းဖုန်းသည် ထိုစကားကြားလိုက်သည်နှင့် နောက်သို့ ကပျာကယာဆုတ်သွားလေသည်။

ရှန်ရှောင်က သူ့အား စိုက်ကြည့်လိုက်သည်။

"မင်း ဘာလုပ်တာလဲ"

ဝမ်းဖုန်းက. . .

"ကျုပ်သိထားသလောက်တော့ ရတနာသိုက်ဆိုရင် အစောင့်အကြပ်တွေ ရှိကိုရှိရမယ်၊ အစောင့်အကြပ်မရှိရင် အလွန်ကြောက်စရာကောင်းတဲ့ စက်ယန္တရားတွေရှိတယ်လို့ ကြားဖူးတယ်ဗျ"

"ဟား. . . ဟား. . . ဟား"



ရှန်ရှောင်က အားရပါးရရယ်မောလိုက်သည်။

ဿ ဿ ဿ

ရှန်ရှောင်သည် အားရပါးရရယ်မောပြီးမှ. . .

"မင်းပြောသလို စက်ယန္တရားရှိရင် အခုလောက်ဆို ကျုပ်တို့ကို တိုက်ခိုက်ပြီပေါ့"

သူသည် ရယ်မောရာမှ ရပ်တန့်လိုက်ပြီး. . .

"အမှန်ပြောရရင် ဒီလိုနေရာမျိုးမှာ စက်ယန္တရားတပ်ဆင်ထားရင် ဒီရတနာသိုက်ကို ရောက်လာတဲ့လူမှန်သမျှ ထိခိုက်သွားမှာပေါ့"

ဝမ်းဖုန်းက. . .

"အမှန်အတိုင်းဆိုရင် ခင်ဗျားပြောတဲ့အတိုင်း ဖြစ်မှာပေါ့"

ရှန်ရှောင်က ရယ်မောလိုက်သည်။

"ဒါကြောင့် ယန္တရားမရှိဘူးဆိုတာ သေချာပါတယ်ဗျာ"

သူ့စကားမဆုံးမီ ရှန်ရှောင်၏ခန္ဓာကိုယ်သည် လျှင်မြန်စွာ နောက်သို့ဆုတ်သွားသည်။

သူသည် လှေကားထစ်၏ထိပ်ပေါ်သို့ရောက်မှ ရပ်တန့်သွားလေသည်။

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်းဖြင့် သူ့အား ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



၏။

အကြောင်းမှာ သူတို့၏ခေါင်းပေါ်ရှိ မျက်နှာကျက်များသည် ရွှေ့လျားနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် ငှက်ကျွန်၏လက်ကိုဆွဲကာ လှေကားထစ်ဆီသို့ ပြန်လည်ဆုတ်လာရာ သူတို့ခေါင်းပေါ်ရှိ မျက်နှာကျက်များပေါ်၌ အပေါက်ကလေးများစွာ ပေါ်လာသည်ကို တွေ့မြင်ရလေသည်။

ယင်းအပေါက်ကလေးထဲမှ ချွန်ထက်သော မြားထိပ်ကလေးများသည် ခေါင်းပြူထွက်ပေါ်လာသည်ကို တွေ့ရလေ၏။

သူသည် အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားသည်။

အကယ်၍သာ ထိုချွန်ထက်သော မြားကလေးတို့သည် အောက်သို့သာ ပစ်သွင်းလိုက်လျှင် သူတို့သည် ဘယ်နည်းနှင့်မျှ ရှောင်တိမ်းနိုင်မည် မဟုတ်ပါ။

သူတို့၏ ကိုယ်ခန္ဓာတစ်ခုလုံးမှာ မြား၏ပစ်စိုက်ခြင်းကို ခံရမည်သာဖြစ်၏။

သို့သော် အံ့သြစရာကောင်းသည်မှာ ထိုမြား၏ထိပ်များများ အပေါက်ကလေးထဲမှပြူထွက်လာပြီး အလိုအလျောက် ရပ်တန့်သွားခြင်း ဖြစ်လေသည်။

ဝမ်းဖုန်းသည် ထိတ်လန့်အံ့သြနေ၏။

ရှန်ရှောင်ကလည်း ငေးငိုင်၍နေလေသည်။

ငှက်ကျွန်၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်များပင်မရှိ



ပါချေ။

သူတို့သည် မလှုပ်မယှက် အိတ်ဆိတ်စွာဖြင့် ကျောက်ခုံပမာ ရပ်တန့်၍နေကြလေသည်။

❀❀❀

မြားတံများသည် ပစ်လွှင့်လာခြင်းမရှိပါ။ ဤအတိုင်း ရပ်တန့်နေ၏။

ရှန်ရှောင်တို့သည် နောက်သို့လည်းမဆုတ်၊ ရှေ့သို့လည်းမတိုးဘဲ အတန်ကြာရပ်နေလေသည်။

အတန်ကြာမှ ရှန်ရှောင်က တိတ်ဆိတ်ခြင်းအား စတင်ဖြိုခွဲလိုက်လေသည်။

"မင်းက ဒီယန္တရားကို ဘယ်အချိန်က တွေ့လိုက်တာလဲ"

ဝမ်းဖုန်းက. . .

"ခင်ဗျားက ရတနာသိုက်လို့ ပြောပြတဲ့အခါမှာပဲ ကျုပ်အမှတ်မထင် တွေ့လိုက်တာပါပဲ"

ရှန်ရှောင်က. . .

"အဲဒီအချိန်တုန်းက အပေါက်ကလေးပွင့်သွားတာကို တွေ့သလား"

ဝမ်းဖုန်းက. . .

"ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com



သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး. . . .

"ကျုပ်ထင်တာကတော့ ကျုပ်တို့က ကျောက်လှေကား ထစ်ကို နင်းပြီးဆင်းသွားတာနဲ့ စက်ယန္တရားကစပြီး အလုပ်လုပ် တယ်လို့ ထင်မိတာပဲ"

ရှန်ရှောင်က. . . .

"ဒါကြောင့် မင်းနောက်ကိုဆုတ်သွားတာ ဟုတ်လား"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်ပါတယ်ဗျာ. . . ဒါပေမယ့် ဒီမြားတွေဟာ တ ကယ်ပစ်လာရင်တော့ ကျုပ်လဲပြောနိုင်တော့မှာ မဟုတ်ပါဘူး ဗျာ"

ရှန်ရှောင်သည် အပေါ်သို့မော့ကြည့်လိုက်ပြီး. . . .

"မြားတွေကမပစ်ဘဲ ရပ်တန့်သွားတာ စက်ယန္တရား ချွတ်ယွင်းသွားတာနဲ့ တူတယ်"

ဝမ်းဖုန်းက. . . .

"ဟုတ်လိမ့်မယ် ထင်တယ်"

ရှန်ရှောင်၏ မျက်လုံးအစုံသည် ကျောက်တံခါးဆီသို့ ရောက်ရှိသွားသည်။

"စက်ယန္တရားကသာ တကယ်ချွတ်ယွင်းသွားမယ်ဆိုရင် တံခါးဖွင့်ဖို့ဟာ အလွန် ခက်ခဲချင်ခက်ခဲနိုင်တယ်၊ လွယ်ချင်လည်း လွယ်သွားနိုင်တယ်"

သူသည် စကားဆုံးသည်နှင့် ကျောက်တံခါးရှိရာသို့ ထ



ထိုစဉ်မှာပင် သူသည်ခြေသံတစ်သံကို ရုတ်တရက် ကြား လိုက်ရလေသည်။

ထိုခြေသံသည် အသံသဲ့သဲ့ကြားလိုက်ရသော ခြေသံဖြစ် သည်။

အခန်း၏အပြင်ဘက်မှ ထွက်ပေါ်လာသော ခြေသံဖြစ် ၏။

ဤခြံဝင်းတွင် အသက်ရှင်သောလူ တစ်ယောက်မှမရှိ သည်ကို သူသိထားသည်။

ယခု သူကြားလိုက်ရသောခြေသံမှာ လူတစ်ယောက်၏ ခြေသံဖြစ်သည်။

ထိုခြေသံသည် မည်သူများ ဖြစ်နေပါသနည်း။

ဝမ်းဖုန်းသည်တွေးရင်း ကျောချမ်းလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြေသံသည် တံခါးဝတွင် ရပ်တန့်သွားသည်။

မည်သူနည်း။

ဝမ်းဖုန်း၏လက်တစ်ဖက်သည် ဓားကိုဆုပ်ကိုင်ထား လိုက်လေသည်။

"ဂျိမ်း. . . ."

ကျောက်တံခါးသည် အပေါ်သို့ အလိုအလျောက် ထ သွားလေသည်။

ခြေသံထပ်မံကြားလိုက်ရသည်။

ဝမ်းဖုန်းက စိုက်ကြည့်လိုက်ရာ လူတစ်ယောက်ဝင် သည်ကို တွေ့လိုက်ရလေသည်။

မိန်းကလေးတစ်ယောက်ဖြစ်သည်။ အသက်(၁၄)(၁ နှစ်ခန့်ရှိသော မိန်းကလေးတစ်ယောက် ဖြစ်လေသည်။

သူမသည် အနီရောင်အင်္ကျီများ ဝတ်ဆင်ထားသည် တွေ့မြင်လိုက်ရသဖြင့် ဝမ်းဖုန်းက သူမအား မှတ်မိလိုက် သည်။

သူမ၏မျက်နှာမှာ (၁၄) (၁၅)နှစ်ရှိသည်ဟု ထင်ရ လည်း သူမ၏အမှန်ရှိသောအသက်မှာ (၃၅) (၃၆)နှစ်ခန့် ရှိ ဖြစ်သည်။

သူမမျက်နှာပေါ် နုနယ်သောမျက်နှာတုတစ်ခု တပ် ထားသည်ကိုလည်း ဝမ်းဖုန်းကအတွင်းသိဖြစ်နေ၏။

ထိုမိန်းကလေးမှာ ကြက်တူရွေးဂေဟာတွင် တံခါး



ပေးသောမိန်းကလေးဖြစ်သည်။

သူမသည် အပ်ဝိဇ္ဇာဝေ့ချိုလုံပင်ဖြစ်လေသည်။

ဿ ဿ ဿ

ဝေ့ချိုလုံက မသေသေးပါ။

သူက မည်သည့်နေရာသို့ရောက်သွားသနည်း။

ယခု မည်သည့်နေရာက ရောက်လာသနည်း။

ဝမ်းဖုန်းက သူမအား အံ့ဩစွာဖြင့် ကြည့်နေ၏။

ဝေ့ချိုလုံက မမျှော်လင့်ဘဲ သူ့အား တွေ့မြင်လိုက်ရသည် ၍ ခြေလှမ်းရပ်တန့်သွားလေသည်။

ဝမ်းဖုန်းသည် ဓားကိုင်ထားသောလက်ကို လွှတ်လိုက် သည်။

သူသည် လက်ယပ်၍ခေါ်လိုက်သည်။

"လာပါဗျာ. . . ဟောဒီမှာ ငှက်ကျွန်ရှိနေတယ်"

ဝေ့ချိုလုံကမျက်မှောင်ကုပ်လိုက်ပြီး သူတို့ထံလျှောက် သွားလေသည်။

"ရှင်တို့ ဘယ်လိုလုပ်ပြီး ဒီကိုရောက်လာကြတာလဲ"

သူမ လေသံသည် အနည်းငယ်ထူးခြားသည်ဟု ဝမ်း ဖုန်းက သတိပြုမိလိုက်လေသည်။

သူက သက်ပြင်းတစ်ချက်ချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာ အရှည်ကြီးဗျ. . . ခင်ဗျား ဒီကိုရောက် အောင် ဘယ်လိုလုပ်ရှာလာတာလဲဗျ"

ဝေ့ချီလုံက. . .

"ကျွန်မ ဒီကိုရောက်လာရင်း လှို့ဝှက်တံခါးတစ်ခုပွင့်နေ တာတွေ့လို့ ဝင်ခဲ့တာပဲ"

ဝမ်းဖုန်းက. . .

"ခုနတုန်းက ခင်ဗျား ဘယ်သွားနေတာလဲ"

ဝေ့ချီလုံက. . .

"သူတို့ရှုပ်ရှုပ်ထွေးထွေးဖြစ်နေတုန်း ကျွန်မက လိုက်ရှာ နေတာပါ"

ဝမ်းဖုန်းက. . .

"ဘာတွေများ ရှာနေတာလဲ"

ဝေ့ချီလုံက. . .

"လူတစ်ယောက်ပါ"

ဝမ်းဖုန်းက. . .

"ဘယ်သူလဲ"

ဝေ့ချီလုံက ပါးစပ်ပိတ်ထားလိုက်လေသည်။

ဝမ်းဖုန်းက သူမအား စိုက်ကြည့်လိုက်သည်။

"ကျုပ်ကိုပြောပြလို့ မဖြစ်ဘူးလား"

ဝေ့ချီလုံက သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဦး လှည့်ရန် ပါးစပ်ဟလိုက်ရာ ဝေ့ချီလုံက သူ့အား စိုက်ကြည့်နေ



လေသည်။

သူမ မျက်ဝန်းအစုံတွင် ဝမ်းနည်းကြေကွဲမှု၏ အရိပ်အ ယောင်များ ပေါ်လွင်နေ၏။

ဝမ်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ခင်ဗျားမပြောချင်ရင် နေနိုင်ပါတယ်ဗျာ"

ဝေ့ချီလုံက သူ့အား စိုက်ကြည့်မြဲစိုက်ကြည့်နေ၏။

အတန်ကြာမှ သူမသည် စကားတစ်လုံးချင်း ပြောလိုက် လေသည်။

"ကျွန်မလိုက်ရှာနေတဲ့လူဟာ မင်းသားလေးပါပဲ"

ဝမ်းဖုန်း မျက်လုံးအစုံသည်ပြူးကျယ်သွားသည်။

"ဗျာ. . . ဘယ်သူ. . . "

ဝေ့ချီလုံက ထပ်မံပြောလိုက်သည်။

"မင်းသားလေးပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဘယ်က မင်းသားလေးလဲ"

ဝေ့ချီလုံ၏ မျက်လုံးအစုံသည် ရှေ့တည့်တည့်သို့ အ ဓိပ္ပာယ် ကင်းမဲ့စွာဖြင့် ကြည့်ရင်း. . . .

"ရှင်က ငှက်ကျွန်ရဲ့အခန်းနံရံပေါ်မှာ ရေးဆွဲထားတဲ့ မင်းသားလေးပုံကို တွေ့ဖူးတယ် မဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"တွေ့ဖူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝေ့ချီလုံက စကားတစ်လုံးချင်း ပြောလိုက်လေသည်။

"ကျွန်မလိုက်ရှာနေတာက အဲဒီမင်းသားလေးပါပဲရှင်"

ဏ ဏ ဏ

ဝမ်းနည်းကြေကွဲသည့်မျက်ဝန်း. . . .

မျက်ရည်ဥများ သီးနေသော မျက်လုံးအစုံအား တွေ့မြင်လိုက်ရသောအခါ ဝမ်းဖုန်းသည် ဝေ့ချီလုံအပေါ် သနားမိလေသည်။

သူမ၏မျက်လုံးအစုံသည် ရွှန်းလက်တောက်ပနေ၏။

ဝမ်းဖုန်းသည် သူမ၏မျက်လုံးအား မျက်တောင်မခတ် စိုက်ကြည့်မိလေသည်။

သူမမျက်လုံးထဲတွင် ရုတ်တရက် လူတစ်ယောက်၏ အရိပ်အယောင်များ ပေါ်လွင်လာလေသည်။

ဝမ်းဖုန်းသည် ဝေ့ချီလုံမျက်လုံးထဲမှလူရိပ်အား သေချာစွာ ကြည့်လိုက်သည်။

ထိုလူရိပ်မှာ ငုက်ကျွန်း၏ အခန်းရှိနံရံပေါ်၌ သူ ပထမဆုံးတွေ့မြင်ရသော ပန်းချီကားချပ်ပေါ်တွင် ရေးဆွဲထားသော မင်းသားလေးတစ်ယောက်ပုံ ဖြစ်သေလည်။

ရှိရှိသမျှသော ဘီလူးများသည် သူ၏ခြေရင်းတွင် ဒူးတုပ်၍ ရှိသေစွာ ရှိခိုးကန်တော့နေကြသည်။



သွေးကြက်တူရွေးက သူတို့ထံ ပျံသန်းနေ၏။

ဝမ်းဖုန်းသည် ပန်းချီကားချပ်ပေါ်မှရုပ်ပုံများကို ပြန်လည်မြင်ယောင်လာလေသည်။

သို့သော် ဝေ့ချီလုံ၏မျက်လုံးထဲမှာ ပေါ်လွင်နေသော မင်းသားလေးသည် ပန်းချီကားချပ်မဟုတ်ပါ။

တကယ်ပင် အသက်ရှိသောမင်းသားလေးတစ်ယောက် ဖြစ်နေလေသည်။

ဏ ဏ ဏ

"မင်းသားလေး. . . ."

ဝမ်းဖုန်းက လွှတ်ခနဲ အော်မေါ်လိုက်လေသည်။

တစ်ဆက်တည်းမှာပင် သူက နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ဝမ်းဖုန်းသည် ထိုမင်းသားလေးအား တွေ့မြင်လိုက်ရလေသည်။

တကယ်ပင် အသက်ရှိသော မင်းသားလေးတစ်ယောက် ဖြစ်သည်။

မင်းသားလေးကပြုံးလျက် သူ့အား စိုက်ကြည့်နေသည်ကို တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

မင်းသားလေးက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် သူ့အား မေးမြန်းရန် စကားများရှာ[illegible] သည်။

သို့သော် မည်သည့်အကြောင်းများကို စ၍ မေးရမည် ကိုမသိပါချေ။

မင်းသားလေးက သူ့အား ပြုံး၍. . . .

"မင်းရဲ့ရင်ထဲမှာ မရှင်းမလင်းတာတွေ တော်တော်များ များရှိလိမ့်မယ်လို့ ကျုပ်သိထားပါတယ်"

ဝမ်းဖုန်းက အလိုအလျောက် ခေါင်းညိတ်လိုက်သည်။

မင်းသားလေးက. . .

"သွေးကြွက်တူရွှေးရဲ့လျှို့ဝှက်ချက်ကို မင်း သိပ်သိချင် တယ် ဟုတ်လား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်ပြန်သည်။

မင်းသားလေးက ပြုံးလိုက်သည်။

"ငှက်ကျွန်ကိုချီပြီး ငါ့နောက်လိုက်ခဲ့"

ဝမ်းဖုန်းသည် မှင်သက်မိနေသည့်အလား ငှက်ကျွန်[illegible] ပွေ့ချီလိုက်သည်။

မင်းသားလေးသည် ဝဲဖက်နံရံဘက်သို့ ဦးတည်၍ လျှောက်သွားလေသည်။

ဝမ်းဖုန်းက သူ့နောက်မှလိုက်သွားလေတော့သည်။

ဿဿဿ



ခြေလှမ်းများနှေးကွေးစွာ လှမ်းလိုက်ပြီးနောက် မင်းသား လေးသည် ဝဲဖက်ရှိနံရံသို့ လျှောက်သွားသည်။

မင်းသားလေးသည် ခြေလှမ်းမရပ်ဘဲ ကျောက်နံရံအ တွင်းသို့ဆက်၍ လျှောက်သွားလေသည်။

ဝမ်းဖုန်းသည် ငှက်ကျွန်အားချီလျက် ကျောက်နံရံရှေ့၌ ရပ်တန့်သွားသည်။

သူသည် ကျောက်နံရံရှေ့၌ ငေး၍ရပ်နေခြင်း ဖြစ်သည်။

သူက ဘီလူးတစ်ယောက်မဟုတ်ပါ။

ဤကျောက်နံရံထဲသို့ မည်သည့်နည်းနှင့်မျှ ဝင်ရောက် နိုင်စွမ်းမရှိပါ။

ထိုစဉ်မှာပင် မင်းသားလေး၏ ပျော့ပျောင်းသောအသံ [illegible] ထွက်ပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာဖြစ်လို့ လိုက်မလာတာလဲ"

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြင့် . . . .

"ဒါက ကျောက်နံရံပဲ . . ကျုပ်က ဘယ်လိုလုပ်ဝင်နိုင်မှာလဲဗျ"

မင်းသားလေးအသံ ထွက်ပေါ်လာပြန်သည်။

"မင်းကို ငါကဝင်ခိုင်းရင် ဝင်သာဝင်ခဲ့ပါ"

ဝမ်းဖုန်းသည် စိတ်ကိုတင်းလိုက်ပြီး နံရံထဲသို့ ခြေလှမ်းလှမ်းလိုက်လေသည်။

သူ၏ခြေထောက်သည် အလွယ်တကူဖြင့် နံရံထဲသို့ လှမ်းဝင်နိုင်ခဲ့သဖြင့် ဝမ်းဖုန်းမှာ ဝမ်းသာသွားလေတော့သည်။

သူသည် ခြေလှမ်းမရပ်ဘဲ နံရံထဲသို့လှမ်း၍ ဝင်ရောက်သွားရာ ရုတ်တရက် တစ်ချက်မှောင်သွားပြီးလျှင် အလင်းရောင်များ ပြန်လည်တွေ့ရှိရလေသည်။

ပိုးတဝါးသာ အလင်းရောင်ရှိသည်။ ယင်းအလင်းရောင်သည် မည်သည့်နေရာကထွက်ပေါ်လာပါသနည်း။

ꩰ ꩰ ꩰ

လေတိုက်နေ၏။

လေသည် ဝမ်းဖုန်း၏အဝတ်အစားများအား လွင့်ပါသွားစေရန် တိုက်ခတ်နေ၏။



လေသည် အေးစိမ့်နေသော်လည်း ဝမ်းဖုန်းမှာ အေးစိမ့်သည်ကိုမခံစားရပါ။

နှင်းမြူများ ဝေနေ၏။

အဖြူရောင်မြူနှင်းငွေ့များသည် ဝမ်းဖုန်း၏ပတ်ဝန်းကျင်တွင် လွင့်ပါနေ၏။

သို့သော် သူ၏မြင်ကွင်းအား ဟန့်တားနိုင်စွမ်းမရှိပါ။

ꩰ ꩰ ꩰ

ဝမ်းဖုန်းသည် ခြေတစ်လှမ်းထပ်မံတိုးလိုက်သည်။

ထိုခြေလှမ်းလှမ်းလိုက်သည်နှင့် သူ့နံဘေး၌ ပြင်းထန်သောအလင်းရောင်များကို ရုတ်တရက် တွေ့လိုက်လေသည်။

မီး၏အလင်းရောင်ပင် ဖြစ်သည်။

မီးတောက်မီးလျှံများသည် သူ၏ယာဖက်မှ တောက်လောင်လာလေသည်။

သူသည် ဝဲဖက်သို့ ကပျာကယာ လှည့်ကြည့်လိုက်သည်။

ဝဲဖက်၌ မီးတောက်မီးလျှံမရှိဘဲ ရေခဲများကိုသာ တွေ့ရသည်။

အေးစိမ့်သော ရေခဲတုံးများသည် သူ့ထံသို့ မျောဆင်းလာသည်ကို တွေ့လိုက်ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရေခဲတုံးများသည် မီးရောင်နှင့်ဟပ်မိသောကြောင့် အ
ရောင်များ တဖိတ်ဖိတ်တောက်နေ၏။

မီးတောက်မီးလျှံက ယာဖက်မှရွေ့လျားလာသည်။

ရေခဲတုံးများမှာလည်း ဝဲဖက်မှမျောလာနေ၏။

မီးတောက်မီးလျှံများနှင့် ရေခဲတုံးကြားတွင် တစ်လံ
သာကွာဟနေ၏။

ဝမ်းဖုန်းသည် ငှက်ကျွန်အား ချီပြီး ထိုနှစ်ခုကြား
ရပ်လျက်နေ၏။

သူသည် အောက်သို့ အမှတ်တမဲ့ ငုံ့ကြည့်လိုက်သည်။

မြေပြင်ကို မတွေ့ရပါ။ ဝမ်းဖုန်းသည် အကြီးအကျယ်
ထိတ်လန့်သွားလေသည်။

သူ့လက်ထဲမှာပွေ့ချီထားသောငှက်ကျွန်ကိုပင် လွှတ်
ကျမတတ် ဖြစ်သွားလေသည်။

❀ ❀ ❀

ဝမ်းဖုန်းသည် ငှက်ကျွန်အား တင်းကျပ်စွာ ပွေ့ထား
သည်။

သူ့ခြေထောက်နှစ်ဖက်သည် မည်သို့လှမ်းရမည်ကိုပင်
ရပါချေ။

သို့သော် မီးတောက်မီးလျှံနှင့်ရေခဲများကြားမှ မမြင်မ



တွေ့ရသော လမ်းတစ်ခုရှိသည်ဟု ထင်ရလေသည်။

ဝမ်းဖုန်းသည် လေပူတစ်ချက်မှုတ်လိုက်ပြီး ထိုမမြင်မ
တွေ့ရသောလမ်းပေါ်၌ပင် ရှေ့သို့လျှောက်သွားလေသည်။

❀ ❀ ❀

သူသည် ခေါင်းမော့ကြည့်လိုက်သည်။

ခေါင်းပေါ်၌ ကောင်းကင်အားမတွေ့ရပါ။

သူ့ခြေထောက်အောက်မှာလည်း မြေပြင်ကိုမတွေ့ရပါ။

သူသည် တိမ်တိုက်တိမ်ကြားပေါ်၌ လမ်းလျှောက်နေ
သည်ဟု ခံစားနေရ၏။

ရုတ်တရက် မီးတောက်မီးလျှံများ ပေါက်ကွဲသွားသည်။

နှင်းမြူများကြားမှလူများ တစ်ယောက်ပြီးတစ်ယောက်
ပေါ်ထွက်လာသည်ကို တွေ့ရလေသည်။

သို့သော် ထိုလူများသည် လူစင်စစ်မဟုတ်ပါ။

လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းသာဖြစ်ကြသည်။

ဝမ်းဖုန်း၏မျက်လုံးအစုံတွင် ကြောက်ရွံ့ခြင်း၊ အံ့ဩခြင်း၊
စိတ်ခေတ်တက်ကြွခြင်း စသည်အရိပ်အယောင်များ ပေါ်လွင်နေ
သည်။

သူသည် ထိုလူများအား ကြက်တူရွေးဝေဟာရှိ ငှက်
ကျွန်၏ အခန်းနံရံတွင်တွေ့ခဲ့ရသည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



ယခု သူသည် ဘေးကြက်တူရွေး၏ ပုံပြင်ထဲသို့ရောက်ရှိနေပြီလော။

သူသည် ရုတ်တရက် မင်းသားလေးအား ကြည့်လိုက်သည်။

မင်းသားကလေးသည် မည်သည့်နေရာသို့ ရောက်၍သွားပါသနည်း။

ꩤ ꩤ ꩤ

ဝမ်းဖုန်းသည် မင်းသားလေးအား သတိရမိလိုက်သည်နှင့် သူ့ပတ်ဝန်းကျင်ရှိ လူတစ်ပိုင်း တိရစ္ဆာန်တစ်ပိုင်းစသည်တို့သည် ပျောက်ကွယ်သွားလေသည်။

မီးတောက်မီးလျှံများနှင့် ရေခဲများလည်း ပျောက်ကွယ်သွားပြီးဖြစ်သည်။

ယခုမှ သူသည် မင်းသားလေးအား တွေ့မြင်ရလေသည်။

မင်းသားလေးက သူ့အား လက်ယပ်ခေါ်နေ၏။

ဝမ်းဖုန်းက ခြေလှမ်းကျဲကျဲဖြင့် လိုက်သွားသည်။

သို့သော် သူက မည်သို့ပင် မြန်မြန်လျှောက်နေစေကာမူ မင်းသားလေးအား မမှီလိုက်ပါချေ။

မင်းသားလေးက ရှေ့တွင်လျှောက်နေ၏။



သို့သော် သူခြေလှမ်း လှမ်းနေသည်ကို မတွေ့ရပါ။

မင်းသားလေးက သူ့ခြေလှမ်း မလှမ်းဘဲ ရွေ့လျားသွားနိုင်ပါ၏လော။

ꩤ ꩤ ꩤ

မည်မျှကြာသွားသည်မသိ. . . .

မည်မျှဝေးလံသည့်တိုင် လျှောက်လာရမှန်းမသိ. . . .

သူ့ရှေ့တွင်လျှောက်နေသော မင်းသားလေးက ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

တစ်ချိန်တည်းမှာပင် အလွန်လှပခန့်ညားသော နန်းတော်တစ်ခုအား တွေ့မြင်ရလေသည်။

ထိုနန်းတော်သည် မြေမထိမိုးမထိဘဲ တိမ်တိုက်ထဲ၌ တည်ဆောက်ထားသည်ကို တွေ့ရလေသည်။

ဝမ်းဖုန်းသည် ပါးစပ်ဟောင်းလောင်းဖြင့် ငေးမောကြည့်နေ၏။

သူသည် အံ့ဩနေစဉ်မှာပင် ထူးဆန်းသောချူသံတစ်သံ ကြားလိုက်ရလေသည်။

ထိုချူသံအား သူကြားခဲ့ဖူးသည်။

ချူသံသည် အဝေးမှ ဖြည်းဖြည်း နီးကပ်လာသည်။

ထူးဆန်းသော ငှက်(. . .)ကောင်သည် နီရဲရဲသော

www.burmeseclassic.com

www.burmeseclassic.com



ကြွတ်တူရွေးတစ်ကောင်အား ခြံရံပြီးပျံသန်းလာလေသည်။

ထိုကြွက်တူရွေး၏တစ်ကိုယ်လုံးသည် နီရဲပြီး မီးတောက်
မီးလျှံများ ဖြစ်နေ၏။

"သွေးကြွက်တူရွေး"

ဝမ်းဖုန်းသည် လွတ်ခနဲ အော်မိလိုက်လေသည်။

ဿ ဿ ဿ

ဝမ်းဖုန်းသည် ထိတ်လန့်အံ့ဩနေစဉ်မှာပင် ထူးခြား
သော ရယ်မောသံတစ်ခု ကြားလိုက်ရလေသည်။

ထိုရယ်မောသံမှာ လူတစ်ယောက်၏ရယ်မောသံ ဖြစ်
သည်။

သို့သော် သူ့ရှေ့တွင် သွေးကြွက်တူရွေးနှင့် သူ၏ငှက်
ကျွန်(၁၃)ကောင်မှအပ လူတစ်ယောက်မှမရှိပါ။

ဤသို့ဆိုလျှင် သူကြားရသောရယ်သံသည် သွေးကြွက်
တူရွေး၏ ရယ်မောသံတစ်ခုဖြစ်နေသည် မဟုတ်ပါလော။

ဿ ဿ ဿ

သွေးကြွက်တူရွေးက ရယ်မောနေ၏။

သူ၏ရယ်မောသံမှ လူ၏ရယ်မောသံနှင့် တူနေသည်



ထိုရယ်မောသံသည် ဖော်မပြနိုင်အောင် ဆန်းကြယ်လှ၍
ထွက်လှပေသည်။

ထိုရယ်မောသံအား ယခုကြားလိုက်ရခြင်းမှာ ဒုတိယအ
ကြိမ် ဖြစ်သည်။

ပထမအကြိမ်တွင် လူဆိုးထိန်းယိဟင်းက လဲကျသွား
နေစဉ်မှာ ကြားလိုက်ခြင်း ဖြစ်သည်။

သူသည် ထိုရယ်သံကြားလိုက်သည်နှင့် တစ်ကိုယ်လုံး
တောင့်တင်းသွားလေသည်။

သူတစ်ကိုယ်လုံးမှာ တုန်တုန်ယင်ယင် ဖြစ်သွားသည်။

အမည်မဖော်ပြနိုင်သော ကြောက်ရွံ့ခြင်းသည် သူ၏
တစ်ကိုယ်လုံးအား လွှမ်းမိုးသွားလေသည်။

သွေးကြွက်တူရွေးသည်(၇)နှစ် တစ်ကြိမ် လူ့ပြည်သို့
ဆင်းလာသည်။

သူသည် သူ့အားတွေ့မြင်သောလူများကို လိုအင်ဆန္ဒ
သုံးခုပေးတတ်သည်။

အကယ်၍သာ သင်က သူ့အားတွေ့မြင်ခဲ့လျှင် လိုအင်
ဆန္ဒသုံးခုတောင်းခံ၍ ရရှိနိုင်လေသည်။

သူသည် ထိဟင်းတို့နှင့်သွေးကြွက်တူရွေးအား တွေ့မြင်
သည်။

သွေးကြွက်တူရွေးက လိုရာဆန္ဒသုံးခု သူတို့အား ပေး
သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုဟင်း၏လိုအင်ဆန္ဒသည် ပြည့်ဝသွားပြီဖြစ်သည်။

သူသည် သွေးကြက်တူရွေး၏ရှေ့တွင် သေဆုံးသွားရ လေသည်။

ကျန်ရှိသောလိုအင်ဆန္ဒနှစ်ခုသည် ဝမ်းဖုန်းအတွက် ဖြစ်၏။

သူသည် လိုအင်ဆန္ဒနှစ်ခုအား မတောင်းခဲ့သေးပါ။

ယခု သူက သွေးကြက်တူရွေးအား ထပ်မံတွေ့ရှိပြန်သေ သည်။

သူသည် မိမိလိုအင်ဆန္ဒအားတောင်းခံရန် သတိရလာ လေသည်။

သို့သော် သူသည်လုံးဝတောင်းခံခြင်းမရှိဘဲ ပါးစပ်ပိတ် ထားလေသည်။

ဿ ဿ ဿ

ထူးဆန်းသောရယ်မောသံသည် ရုတ်တရက် ရပ်တန့် သွားသည်။

သွေးကြက်တူရွေး၏နှုတ်ခမ်းသည် ဟလျက်ရှိနေ၏။

"ဝမ်းဖုန်း. . . "

ကြက်တူရွေးက ခေါ်လိုက်ခြင်းဖြစ်သည်။

သူက ဝမ်းဖုန်းကိုပင် မှတ်မိနေလေသည်။



ဝမ်းဖုန်း၏နှုတ်ခမ်းတစ်ခုလုံးပင် တဆတ်ဆတ် တုန်ခါ နေ၏။

"သွေး. . . သွေး. . . ကြက်. . . တူ. . . ရွေး"

သူသည် တုန်တုန်ယင်ယင်ဖြင့် ခေါ်လိုက်သော်လည်း သူ၏မူလအသံမဟုတ်သည်ကို သူက သတိပြုမိလိုက်လေသည်။

သွေးကြက်တူရွေးက ထပ်မံရယ်မောလိုက်လေသည်။

ဝမ်းဖုန်းက မချိပြုံးပြုံးလိုက်သည်။

"တို့လာပြီး ဆုံရပြန်ပြီ"

သွေးကြက်တူရွေးက ရယ်မောနေ၏။

ဝမ်းဖုန်းသည် အသံကိုမြှင့်တင်လိုက်ပြီး. . .

"ခင်ဗျားက ကျုပ်ကို အလိုဆန္ဒနှစ်ခုပေးဖို့ ကျန်သေး တယ်ဆိုတာ သတိရသေးသလားဗျ"

ရယ်မောသံ ရပ်တန့်သွားသည်။

သွေးကြက်တူရွေး၏အသံက အေးတိအေးစက်ဖြင့်. .

"မင်းက ဘာကိုလိုချင်လို့လဲ"

ဝမ်းဖုန်းက အံကိုတင်းတင်းကြိတ်လိုက်သည်။

"ကျုပ်ရဲ့ပထမလိုအင်ဆန္ဒက ခင်ဗျားရဲ့လျှာဖျက်ချက်ကို သိချင်လို့ပါပဲ"

သူစကားဆုံးသွားသည်နှင့် ကြက်တူရွေးက ထပ်မံရယ် မောလိုက်လေသည်။

ဤတစ်ကြိမ် သူ၏ရယ်မောသံသည် အလွန်းစူးရှပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျယ်လောင်လာသည်။

ထိုစဉ်မှာပင် ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း ရယ်မောသံများ ပွဲတင်ထပ်လာလေသည်။

လူပေါင်းများစွာက ရယ်မောလိုက်သော အသံမျိုးပင် ဖြစ်လေသည်။

ရယ်မောသံသည် အတန်ကြာ ဟိန်းထွက်ပြီးသည့်နောက် သွေးကြွက်တူရွေးသည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

သူ့အားခြံရံနေသော ငှက်(၁၃)ကောင်မှာလည်း ပျောက်ကွယ်သွားလေသည်။

ထိုစဉ်မှာပင် ဝတ်ကောင်းစားလှနှင့်ဘီလူးများသည် ဓားကောက်ကိုယ်စီကိုင်ဆောင်၍ ထွက်လာသည်ကို တွေ့ရှိရလေသည်။

သူတို့သည် ဓားကိုကိုင်လျက် ရှေ့သို့ဦးညွှတ်လိုက်သည်။

ဝမ်းဖုန်းသည် သူတို့ဦးညွှတ်သောနေရာသို့ လှမ်းကြည့်သောအခါ မင်းသားလေးအား တွေ့မြင်ရလေသည်။

ထိုဘီလူးများသည် ဝဲဖက်လက်ခလယ်အား ထောင်ထားကြသည်။

ဓားရောင်တစ်ချက် ဝင်းလက်သွားသည်။

ဘီလူးများသည် သူတို့ဓားကောက်ဖြင့် သူတို့လက်ခလယ်အား ဖြတ်ချလိုက်လေသည်။



သွေးများသည် မင်းသားလေးရှေ့သို့ တစ်စက်ပြီးတစ်စက်ကျနေ၏။

မကြာပါချေ ထိုသွေးများသည် အနီရောင်ရှိသော ကြွက်တူရွေးတစ်ကောင် ဖြစ်ပေါ်လာလေသည်။ ကျန်ရှိသောသွေးစက်များသည် ထူးခြားသောငှက်(၁၃)ကောင် ဖြစ်ပေါ်လာပြန်လေသည်။

ဝမ်းဖုန်းသည်ပါးစပ်ဟောင်းလောင်းဖြင့် ငေးငိုင်သွားလေတော့သည်။

ဓားရောင်တစ်ချက် ဖွေးလက်သွားပြန်သည်။

ထိုဘီလူးများသည် ရုတ်တရက် ပျောက်ကွယ်သွားပြန်လေသည်။

မင်းသားလေးကိုလည်း မတွေ့တော့ပါချေ။

ငှက်(၁၃)ကောင်သည် သွေးကြွက်တူရွေးအား ခြံရံလျက် ပျံဝဲနေ၏။

သွေးကြွက်တူရွေးက ရယ်မောပြန်လေသည်။

"မင်းတွေ့တယ် မဟုတ်လား. . . အဲဒါဟာ ကျုပ်ရဲ့သို့ငှက်ချက်ပဲ"

❀❀❀

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက မရယ်ဘဲနေ၏။

သွေးကြွက်တူရွှေးသည် အဆက်မပြတ် ရယ်မောနေ၏။

သွေးကြွက်တူရွှေးသည်(၇)နှစ် တစ်ကြိမ် လူ့ပြည်သို့ ဆင်းသက်ခဲ့သည်။

သူ့ကိုတွေ့မြင်သောလူများက လိုအင်ဆန္ဒ(၃)ခုပေး လေသည်။

သို့သော် ထိုလိုအင်ဆန္ဒများသည် ကံကောင်းသည့် လိုအင်ဆန္ဒဖြစ်ချင်မှ ဖြစ်မည်။

ကိုးမင်း၏ တစ်ဦးတည်းသောသားဖြစ်သူ ကိုးလံထ သွေးကြွက်တူရွှေးထံမှ ရရှိထားသော လိုအင်ဆန္ဒကြောင့် သေဆုံးရာမှ ပြန်လည်ရှင်သန်လာသော်လည်း နောက်ဆုံးတွင် ခေါင်းထဲကနေ သေဆုံးသွားပြန်သည် မဟုတ်ပါလော။



ဆူဆိုးထိန်းထိဟင်းသည် သွေးကြွက်တူရွှေးအား တွေ့မြင်ရသဖြင့် လိုအင်ဆန္ဒများတောင်းဆိုလိုက်ရာ သူသည် သေဆုံးခဲ့ရသည် မဟုတ်ပါလော။

ယခုဝမ်းဖုန်းက ဒုတိယလိုအင်ဆန္ဒ တောင်းခံလိုက်ရာ သူရရှိလိုက်သောရလဒ်မှာ သွေးကြွက်တူရွှေးနဲ့ သူ့အပေါင်းအဖော်များ၏ လှောင်ပြောင်ခြင်းကို ခံလိုက်ရသည် မဟုတ်ပါလော။

၎င်းသည် ကံဆိုးခြင်းမဟုတ်သော်လည်း ကံကောင်းသည်ဟု မဆိုသာပါ။

သူသည် လိုအင်ဆန္ဒတစ်ခု ရှိနေသေးသည်။

သူက မည်သို့သောအကြောင်းကြောင့် မည်သည့်အရာကို တောင်းဆိုပါမည်နည်း။

ꩰ ꩰ ꩰ

ရယ်မောသံများသည် ရုပ်တန့်သွားပြန်လေသည်။

သွေးကြွက်တူရွှေးက ဝမ်းဖုန်းအား စိုက်ကြည့်လိုက်လေသည်။

"မင်းကျန်ရှိတဲ့လိုအင်ဆန္ဒကို ဘာတောင်းမလဲ"

ဝမ်းဖုန်းက အလေးအနက် စဉ်းစားလိုက်ရလေသည်။

၎င်းတစ်ကြိမ်သည် သူ၏ နောက်ဆုံးအခွင့်အရေးတစ်ခုဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကသေချာစွာ စဉ်းစားပြီး တောင်းဆိုသင့်သည်ဟု ယူဆလေသည်။

ရုတ်တရက် သူ၏ခန္ဓာကိုယ်တွင် ရရှိထားသောအဆိပ်များကို သတိရလာလေသည်။

သူသည် ရက်ပေါင်း(၁၀၀)မျှသာ အသက်ရှင်နိုင်မည်။

ယခု ရက်ပေါင်း(၅၀)ကျော်ပြီဖြစ်သည်။

နောက်ထပ်ရက်ပေါင်း(၂)လပင်မကြာမီ သူသည် သေဆုံးရမည် မဟုတ်ပါလော။

သူသည် ယင်းသို့တွေးရင်း ဝမ်းနည်းကြေကွဲသည့်ခံစားချက်များကို ခံစားလိုက်ရလေသည်။

သူသည် သူ၏အသက်ရှင်သန်ရန် တောင်းဆိုလျှင်လည်း သင့်လျော်ပါမည်လားဟု တွေးမိသည်။

သို့သော် သူသည် ချက်ချင်းပင် ထိုအကြံကိုပယ်ဖျက်လိုက်လေသည်။

သူသည် အသက်နုသေးသည်။ မသေချင်သေးပါ။

သို့သော် သွေးကြက်တူရွေး၏ အသုံးချခြင်းကို မခံလိုပါ။

သွေးကြက်တူရွေး၏ မကောင်းဆိုးဝါးသည့် အမွေများကို လူ့လောကတွင်မကျန်ရစ်စေရန် သတ်ဖြတ်ရမည် မဟုတ်ပါလော။

မင်းသားလေးသည် လူ့လောကအား မကောင်းသည့်ရလဒ်များကိုသာ ပေးလိမ့်မည်ဟု သူယုံကြည်သည်။



ထို့ကြောင့် မိမိတစ်ယောက်အသက်နှင့် အများအကျိုးစီးပွားကို ဖလှယ်ခြင်းမပြုရန် သူက ဆုံးဖြတ်လိုက်ခြင်းဖြစ်သည်။

ဤသို့ဆိုလျှင် သူသည် မည်သည့် လိုအင်ဆန္ဒကို တောင်းဆိုရမည်နည်း။

လွန်ခဲ့သော(၇)နှစ်တုန်းက မြို့စားကြီးရတနာသိုက်အား တစ်ညအတွင်းမှာ ဖောက်ထွင်းခိုးယူသွားသောအမှုသည် ယခုထိ အမှုမပေါ်သေးပါ။

ထိုဟင်းသည် ထိုအမှုအား (၇)နှစ်လုံးလုံး အချိန်ကုန်ခံပြီး ကြိုးစားခဲ့သည်။

လူဆိုးထိန်းရှန်ရှောင်ကလည်း တိတ်တိတ်စုံစမ်းခဲ့သည်မှာ (၂)နှစ်ကျော်ပင်ဖြစ်သည်။

ထိုဟင်းနှင့်ရှန်ရှောင်တို့သည် အလွန်ပင်စွမ်းအင်ရှိသော လူဆိုးထိန်းများ ဖြစ်ကြသည်။

သူတို့က ဤအမှုအား မဖော်ထုတ်နိုင်လျှင် မည်သူက ဖော်ထုတ်နိုင်မည်နည်း။

ထိုအမှုအား ဖြေရှင်းနိုင်သူမှာ ဤသွေးကြက်တူရွေးနှင့် မင်းသားလေးတို့သာ ဖြစ်ရမည်ဟု သူယုံကြည်သည်။

ထို့ကြောင့် ထိုအခွင့်အရေးအား လက်လွှတ်မခံတော့ဘဲ တောင်းဆိုလိုက်လေတော့သည်။

"ကျုပ်ရဲ့ နောက်ဆုံးဆန္ဒဟာ မြို့စားကြီးရဲ့ ရတနာသိုက်ခိုးမှုနဲ့ ပတ်သက်ပြီး ဖြစ်ကြောင်းကုန်စင်အားလုံးကို သိချင်ပါတယ်

www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

သူသည် ဖြစ်ကြောင်းကုန်စင်ဟု အထူးခေါ်ပြောသည်မှာ ယင်းအမှုတစ်ခုလုံး၏ ဖြစ်ရပ်များအားလုံးကို မေးလိုက်ခြင်း ဖြစ်လေသည်။

သွေးကြွက်တူရွှေးသည် အနည်းငယ်တိတ်ဆိတ်နေပြီး စကားပြောလေသည်။

"ဒီအမှုဟာ မင်းနဲ့မပတ်သက်ဘူးလို့ ထင်တယ်"

ဝမ်းဖုန်းက. . . .

"ဟုတ်ပါတယ်. . . ဘာမှ မပတ်သက်ပါဘူး"

သွေးကြွက်တူရွှေးက. . . .

"ဒါဖြင့် ဘာ့ကြောင့်သိချင်ရတာလဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်က ဒီလိုကိစ္စမျိုး နိုက်နိုက်ချွတ်ချွတ် သိချင်လို့ပါ"

သွေးကြွက်တူရွှေးက ဆိတ်ဆိတ်နေလိုက်သည်။

ဝမ်းဖုန်းက. . . .

"ကျုပ် ဒီလိုကော မတောင်းဆိုနိုင်ဘူးလား"

သွေးကြွက်တူရွှေးက. . . .

"တောင်းဆိုနိုင်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ပြောပြပါ"

သွေးကြွက်တူရွှေးက. . . .



"ကျုပ်က အံ့ဩနေလို့ပါ"

ဝမ်းဖုန်းက. . . .

"ဘာများအံ့ဩနေလို့လဲ"

သွေးကြွက်တူရွှေးက. . . .

"လူဆိုတာ ကိုယ့်အသက်မသေဖို့လောက်ဘဲ စဉ်းစားကြတယ် မဟုတ်လား။ မင်းမှာ အသက်ရှင်နိုင်တဲ့ အခွင့်အရေးရှိရဲ့သားနဲ့ တောင်းဆိုခြင်းမပြုတာကို အံ့ဩနေလို့ပါ"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"မအံ့ဩနဲ့. . . ကျုပ်က ရုပ်သေးမလုပ်ချင်ဘူးဗျ"

သွေးကြွက်တူရွှေးက. . . .

"မင်းက လူပါးတစ်ယောက်ပါပဲလား"

သူသည် ထပ်မံရယ်မောလိုက်သည်။

သူသည် ရယ်မောရင်း. . . .

"ကဲ. . . ကျုပ်နောက်ကိုလိုက်ခဲ့"

သူသည် ပြောပြီးသည်နှင့် နန်းတော်ရှေ့မှ ပြန်သွားလေသည်။

ငှက်(၁၃)ကောင်သည် သူ့အနီးနားမှလိုက်ပါ၍ ပျံသန်းသွားကြလေသည်။

ဝမ်းဖုန်းက ကပျာကယာ လိုက်သွားသည်။

ဿ ဿ ဿ

www.burmeseclassic.com

www.burmeseclassic.com



သွေးကြွက်တူရွေးသည် ရှေ့သို့ပျံသန်းသွားသည်။

ဝမ်းဖုန်းကလည်း နောက်မှထက်ကြပ်မကွာ လိုက်သွားလေသည်။

နန်းတော်ရှေ့သို့ရောက်သောအခါ ငှက်(၁၃)ကောင်သည် ရုတ်တရက် ပျောက်ကွယ်သွားလေသည်။

သွေးကြွက်တူရွေးက ဝမ်းဖုန်းအား လှည့်ကြည့်လိုက်ပြီး နန်းတော်လှေကားထစ်အား ညွှန်ပြလိုက်သည်။

"မင်း အဲဒီလှေကားထစ်အတိုင်း တက်သွားပါ. . . လှေကားဆုံးတာနဲ့ လှေတစ်စင်းကိုတွေ့ပါလိမ့်မယ်၊ အဲဒီလှေကို တက်စီးလိုက်ရင် မင်းကိုခေါ်သွားပါလိမ့်မယ်"

ဝမ်းဖုန်းက. . . .

"ကျုပ် အခုမပြန်ချင်သေးဘူးဗျ"



သွေးကြွက်တူရွေးက. . . .

"မင်းကိုပြန်ပို့တာ မဟုတ်ဘူး. . . လူနှစ်ယောက်ဆီခေါ်သွားမလို့ပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူတွေလဲဗျ"

သွေးကြွက်တူရွေးက. . . .

"မင်းရဲ့မေးခွန်းကို ဖြေရှင်းပေးမဲ့လူပေါ့"

သူသည် ယင်းသို့ပြောပြီးသည်နှင့် မီးတောက်မီးလျှံပမာ ပြောင်းလွဲသွားပြီး ပျောက်ကွယ်သွားလေသည်။

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

သူ၏ရှေ့တွင် ဖြောင့်တန်းနေသော လှေကားထစ်များကို တွေ့ရလေသည်။

သူသည် ငှက်ကျွန်အားပွေ့ချီကာ လှေကားထစ်ပေါ်သို့ တက်သွားလေသည်။

လှေကားထစ်ပေါ်၌ နှင်းမြူများထူထပ်စွာ ဝေနေ၏။

သူသည် တစ်လှမ်းချင်းတက်သွားရာ လှေကားထစ်ဆုံးသွားသည်နှင့် ချောင်းတစ်ခုအား တွေ့မြင်ရလေသည်။

❀ ❀ ❀

ချောင်းရေများသည် အပြာရောင်မဟုတ်သလို အစိမ်း

www.burmeseclassic.com

www.burmeseclassic.com



ရောင်လည်းမဟုတ်ပါ။

အနီရောင်ဖြစ်သည်။ သွေးကဲ့သို့ နီရဲနေ၏။

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

ယင်းချောင်း၏မျက်နှာပြင်ပေါ်တွင် မြူခိုးများဝေနေ၏။

မည်သည့်အရာကိုမျှ ပီပီပြင်ပြင်မတွေ့ရပါ။

သွေးကြွက်တူရွေ့ပြောသည့်လှေကိုလည်း မတွေ့ရပါ။

ဝမ်းဖုန်းသည် ယင်းသို့ကြည့်နေစဉ်မှာပင် ဝါးဖောင်တစ်ခုအား တွေ့မြင်ရလေသည်။

ထိုဝါးဖောင်သည် သူတို့အား မည်သည့်နေရာသို့ ဆောင်ပေးမည်နည်း။

ॐ ॐ ॐ

ဝမ်းဖုန်းသည် ငှက်ကျွန်အားပွေ့ချီ၍ ဝါးဖောင်ပေါ်သို့ တက်သွားလေသည်။

သူ၏ခြေထောက်သည် ဝါးဖောင်ပေါ်သို့လှမ်းတက်လိုက်ပြီးသည်နှင့် ဝါးဖောင်သည် စတင်ထွက်ခွာသွားလေတော့သည်။

ရုတ်တရက် တစ်စုံတစ်ခုနှင့်တိုက်မိသည့်အလား အကြီးအကျယ် တုန်ခါသွားလေတော့သည်။

ဝမ်းဖုန်းသည် ရပ်တည်၍မရတော့ဘဲ ရေထဲသို့လိမ့်ကျသွားလေသည်။



ငှက်ကျွန်မှာလည်း သူနှင့်အတူ ရေထဲသို့ လွင့်စင်ကျသွားလေတော့သည်။

ထူးခြားသည်မှာ ဝမ်းဖုန်းသည် ချောင်းထဲသို့လိမ့်ကျသွားသော်လည်း ရေ၏အရသာကို လုံးဝမခံစားရတော့ပါ။

သူသည် အမှောင်ထုထဲသို့လိမ့်ကျသွားသည်ဟု ခံစားလိုက်ရလေသည်။

ဝမ်းဖုန်း တစ်ကိုယ်လုံးသည် တုန်လှုပ်သွားသည်။

မျက်လုံးကိုအားယူ၍ ဖွင့်ကြည့်လိုက်ရာ ဝန်းကျင်တစ်ခုလုံးမှာ မှောင်မဲနေသဖြင့် မည်သည့်အရာကိုမှ မတွေ့ရပါ။

ॐ ॐ ॐ

လေသည် တဟူးဟူးတိုက်ခတ်နေ၏။

အတိုင်းအဆမရှိသော အမှောင်ထုက ဝန်းကျင်တစ်ခုလုံးအား လွှမ်းမိုးထားလေသည်။

"ဖုတ်. . . ."

ဝမ်းဖုန်းသည် အရာတစ်ခုပေါ်သို့ ဖင်ထိုင်ကျသည်ဟု ခံစားလိုက်ရလေသည်။

သူကျသွားသောနေရာမှာ မည်သည့်နေရာဟု မသိနိုင်တော့ပါ။

www.burmeseclassic.com



သူသည် လက်ဖြင့်စမ်းကြည့်လိုက်ရာ နွံ့မြေများကိုသာ ကိုင်မိမှန်း သိရလေသည်။

စိုထိုင်းသော နွံ့မြေအနံ့အသက်များသည် သူ့နှာခေါင်း ထဲသို့ တိုးဝင်လာနေ၏။

သူသည် မြေပေါ်သို့လိမ့်ကျလိုက်သည်ဟု သိလိုက်ရ လေသည်။

သို့သော် မည်သည့်နေရာသို့ ရောက်ရှိနေသည်ကိုမူ မ ဝမသိရပါ။

သူသည် လက်တစ်ဖက်တွင် နွံ့မြေများကိုဆုပ်ကိုင် လျက် မလှုပ်မယှက်ထိုင်နေ၏။

သူ့ရှေ့တွင် မှောင်မဲ၍နေလေသည်။

သူ၏မျက်လုံးအစုံမှာလည်း မည်သည့်အရာကိုမျှ တွေ့ရပါချေ။

ဿ ဿ ဿ

သူသည် မြေပေါ်သို့ရောက်ရှိနေသည်ကို သိထားပြီး လေသည်။

ဤသို့ဆိုလျှင် အပေါ်တွင် မည်သည့်အရာရှိပါသနည်း

သူသည်ခေါင်းမော့၍ ကြည့်လိုက်သည်။

ခေါင်းပေါ်တွင် မှောင်မဲနေသည်။ ထိုအမှောင်ထု



တွင် တစ်ပေခန့်ရှိသောနေရာတွင် ပြာလဲ့လဲ့အရောင်များ မြင် တွေ့ရသည်။

သူသည် သေသေချာချာ ကြည့်လိုက်သည်။

ကြယ်ကလေးများ၏အလင်းရောင် ဖြစ်သည်။ အပေါ် သည် ကောင်းကင်များဖြစ်မည်လော။

သူသည် နီရဲသော ချောင်းရေထဲသို့ ကျသွားခြင်းဖြစ် သည်။

ယခု အဘယ်ကြောင့် မြေပေါ်သို့ရောက်ရှိနေပါသ နည်း။

သူသည်တွေးရင်း ငေးငိုင်၍နေလေသည်။

ထိုစဉ်မှာပင် အမှောင်ထုထဲ၌ သက်ပြင်းသံတစ်ချက် ကြားလိုက်ရသည်။

ယင်းသက်ပြင်းချသံသည် သူ၏ရင်ခွင်ထဲမှ ထွက်ပေါ် လာခြင်းဖြစ်သည်။

ငှက်ကျွန်သည် သတိရလာပြီဖြစ်သည်။

သူမသည် ဝမ်းဖုန်း၏ရင်ခွင်ထဲမှရုန်းထွက်ရင်း. . .

"အခု ဘယ်နေရာရောက်နေတာလဲ"

ဝမ်းဖုန်းက. . .

"ကျုပ်လဲ မသိဘူး"

ငှက်ကျွန်၏အသံသည် ခက်ထန်နေသည်။

"ရှင်. . . ရှင် ဘယ်သူလဲ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဒီနေရာမှာ မှောင်လွန်းနေလို့ ကျုပ်မျက်နှာကို မမြင်ရပေမဲ့ အသံတော့ မှတ်မိပါလိမ့်မယ်"

"ဟင်... ဝမ်းဖုန်း"

ငှက်ကျွန်က အံ့အားသင့်စွာ အော်လိုက်သည်။

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ငါ့အသံကို မှတ်မိသေးတာပဲ"

ငှက်ကျွန်က....

"ခုနက ကျွန်မသတိမေ့သွားတယ် ဟုတ်လား"

ဝမ်းဖုန်းက....

"ဟုတ်တယ်... အတော်ကြာကြာ သတိမေ့သွားတယ်"

ငှက်ကျွန်က....

"ကျုပ်က ဒီနေရာကို ဘယ်လိုလုပ်ရောက်လာတာလဲ"

ဝမ်းဖုန်းက....

"ငါက မင်းကိုပွေ့ချီပြီး ခုန်ချလိုက်လို့ပါ"

ငှက်ကျွန်က....

"ဒီလိုနေရာမျိုးကို ရှင်က ဘာကိစ္စနဲ့ ခုန်ချရတာလဲ"

ဝမ်းဖုန်းက....

"ကျုပ်သဘောနဲ့ကျုပ် ခုန်ချတာမဟုတ်ဘူး"

ငှက်ကျွန်က....



"ဒါဖြင့် ဘယ်သူ့သဘောနဲ့ ခုန်ချရတာလဲ"

ဝမ်းဖုန်းက....

"သွေးကြက်တူရွေးပါ"

ငှက်ကျွန်၏အသံသည် တုန်ခါသွားသည်။

"ရှင်က သွေးကြက်တူရွေးကို တွေ့ပြန်ပြီလား"

ဝမ်းဖုန်းက....

"ဟုတ်တယ်... ဒီတစ်ခါ သူ့ရဲ့ကျေးကျွန်(၁၃)ကောင်ကိုပါ တွေ့ခဲ့ရတယ်"

ငှက်ကျွန်က အံ့သြသွားသည်။

"သူ့ကျေးကျွန်တွေ ဟုတ်လား"

ဝမ်းဖုန်းက....

"ဟုတ်ပါတယ်... မင်းအခန်းထဲက နံရံပေါ်မှာ ဆွဲထားတဲ့ ငှက်(၁၃)ကောင်ပါ"

ငှက်ကျွန်က ဆိတ်ဆိတ်နေလိုက်သည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"အခု ကျုပ်တွေ့ခဲ့တဲ့ ငှက်(၁၃)ကောင်ဟာ မင်းအခန်းရဲ့ နံရံပေါ်မှာရေးဆွဲထားတဲ့ ပန်းချီအတိုင်းပါပဲ"

ငှက်ကျွန်က....

"တခြား ဘာမြင်ခဲ့သေးသလဲ"

ဝမ်းဖုန်းက....

"မင်းသားလေး"

www.burmeseclassic.com

www.burmeseclassic.com



ငှက်ကျွန်က. . . .

"နံရံပေါ်မှာရှိတဲ့ ပန်းချီကားထဲက မင်းသားလေးလား"

ဝမ်းဖုန်းက. . . .

"ဟုတ်တယ်. . . နောက်ပြီး သူ့ရဲ့လက်အောက်ငယ်သားများကိုလဲ တွေ့ခဲ့ရသေးတယ်"

ငှက်ကျွန်က ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"နေပါဦး. . . ရှင် သူတို့ကို ဘယ်မှာတွေ့ခဲ့တာလဲ"

ဝမ်းဖုန်းက. . . .

"တော်တော်ထူးဆန်းတဲ့ နေရာမှာပါ"

ငှက်ကျွန်က. . . .

"ဘယ်လိုထူးဆန်းတာလဲ"

ဝမ်းဖုန်း၏အသံသည် ထူးထူးခြားခြား ပြောင်းလဲသွားသည်။

"အဲဒီနေရာဟာ ခေါင်းပေါ်မှာ ကောင်းကင်မရှိဘူး. . . ခြေထောက်အောက်မှာ မြေကြီးလဲမရှိဘူး၊ လေနဲ့နှင်းမြူတွေပဲရှိတယ်. . . ရေခဲနဲ့ မီးတောက်မီးလျှံများပဲရှိတယ်၊ ထူးခြားတာက ကျုပ်က မင်းကိုပွေ့ချီပြီး အဲဒီအလယ်နေ သွားနိုင်တယ်ဗျ"

ငှက်ကျွန်က ဆိတ်ဆိတ်နေလိုက်သည်။

ဝမ်းဖုန်းက စကားဆက်လိုက်သည်။

"အဲဒီနောက်တော့ နန်းတော်တစ်ခုကို တွေ့လိုက်ရတယ်၊ အဲဒီနန်းတော်ရှေ့မှာပဲ သွေးကြက်တူရွေးကို တွေ့လိုက်ရ



တယ်"

ငှက်ကျွန်က. . . .

"ရှင် သူ့ကိုတွေ့တဲ့အခါမှာ ဘာတွေဖြစ်ကုန်သေးသလဲ"

ဝမ်းဖုန်းက. . . .

"ဘာမှမဖြစ်ပါဘူး. . . သူက လူစကားပြောတယ်၊ ကျုပ်နာမည်ကိုလဲ ခေါ်တယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

"ပထမတော့ ကျုပ် တော်တော်ထိတ်လန့်သွားတယ်၊ နောက်တော့ သူက ကျုပ်ကို လိုရာဆန္ဒနှစ်ခုပေးဖို့ ကျန်သေးတာကို သတိရလာလို့ တော်သေးတာပေါ့"

ငှက်ကျွန်က. . . .

"ရှင်က လိုရာဆန္ဒကို တောင်းလိုက်သေးလား"

ဝမ်းဖုန်းက ရယ်မောလိုက်သည်။

"တောင်းတာပေါ့. . . ကျုပ်က ဘာတွေတောင်းတယ်ဆိုတာ မင်းသိလား"

ငှက်ကျွန်က ဆိတ်ဆိတ်နေလိုက်ပြန်သည်။

ဝမ်းဖုန်းက. . . .

"ကျုပ်ရဲ့ ပထမလိုအင်ဆန္ဒကတော့ သွေးကြက်တူရွေးရဲ့ လျှို့ဝှက်ချက်ကိုသိချင်တယ်လို့ တောင်းလိုက်ပါတယ်"

သူသည် အားရပါးရ ရယ်မောလိုက်ပြီး. . . .

www.burmeseclassic.com

www.burmeseclassic.com



"သူ ဘယ်လိုဖြေသလဲဆိုတာကော မင်း သိသလား"

ငှက်ကျွန်က. . . .

"အင်း. . . ပြောပါဦး. . . သူက ဘယ်လိုဖြေလိုက်သလဲ"

ဝမ်းဖုန်းက. . . .

"သူက စကားနဲ့မဖြေပါဘူး. . . သူ့ရဲ့တန်ခိုးသတ္တိနဲ့ သွေးကြွက်တုရွေး ဖြစ်ပေါ်လာရတဲ့ အကြောင်းများကို တိုကြားထားတဲ့ပုံအတိုင်း သရုပ်ပြသွားတယ်လေ"

ငှက်ကျွန်က ဆိတ်ဆိတ်နေလိုက်သည်။

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်ပြန်သည်။

"ကျုပ်ကတော့ မမြင်ဘူးတဲ့ အတွေ့အကြုံ မြင်တွေ့ခဲ့ရပါတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့လိုအင်ဆန္ဒတစ်ခု ဆုံးရှုံးသွားရတာပေါ့"

ငှက်ကျွန်က. . . .

"ရှင့်ရဲ့ ဒုတိယအလိုဆန္ဒကကော ဘာကိုတောင်းလိုက်သလဲ"

"မြို့စားကြီးဂေဟာမှာ ပျောက်ဆုံးသွားတဲ့ ရတနာတွေနဲ့ အမှုကို ပြောပြနိုင်းတယ်ဗျ"

ငှက်ကျွန်က. . . .

"အဲဒီတော့ သူက ဘယ်လိုဖြေလိုက်သလဲ"

ဝမ်းဖုန်းက. . . .

"သူက အဖြေမပေးဘူး. . . ကျုပ်ကို နန်းတော်ရှေ့ ကျောက်လှေခါးထစ်ကို ဟက်ခိုင်းတယ်၊ နောက်ပြီး ချောင်းကလေးတစ်ခုတွေ့မယ်လို့ ပြောတယ်၊ အဲဒီချောင်းထဲမှာ ဝါးဖောင်တစ်ခုရှိတယ်၊ အဲဒီဝါးဖောင်နဲ့လိုက်သွားရင် လူနှစ်ယောက်ကို တွေ့မယ်၊ အဲဒီလူနှစ်ယောက်က ကျုပ်သိချင်တာကိုပြောပြလိမ့်မယ်လို့ ပြောသွားတယ်"



ငှက်ကျွန်က. . . .

"သူပြောတဲ့အတိုင်းကော ဟုတ်ရဲ့လား"

"ဟုတ်ပါတယ်. . . ဒါကြောင့် အခု တို့က ဒီနေရာကို ရောက်လာတာပေါ့"

ငှက်ကျွန်သည် ဆိတ်ဆိတ်နေလိုက်ပြန်လေသည်။

ဝမ်းဖုန်းက. . . .

"တို့အခုရောက်နေကဲ့နေရာဟာ ငရဲပြည်ဖြစ်ချင်ဖြစ်နေမှာ"

ငှက်ကျွန်က. . . .

"ရှင်က ဘာတွေလျှောက်ပြောနေတာလဲ"

ဝမ်းဖုန်းက. . . .

"ဘာလဲ. . . ကျုပ်ပြောတာ မင်းမယုံဘူးဟုတ်လား"

"ရှင်ပြောတဲ့စကားတွေဟာ ပုံပြင်ပြောနေတာနဲ့ မတူဘူးလား"

ဝမ်းဖုန်းက. . . .

"ကျုပ်ကိုယ်တိုင်က ပုံပြင်ထဲကိုရောက်ခဲ့ပေမဲ့ ပုံပြင်ထဲက

www.burmeseclassic.com



လူ ဖြစ်မသွားသေးပါဘူး"

ငှက်ကျွန်က. . . .

"ဘာပဲဖြစ်ဖြစ် ရှင်ပြောတဲ့စကားတွေဟာ ပုံပြင်အတိုင်းပါပဲ"

ဝမ်းဖုန်းက. . . .

"မင်းက ကျုပ်မျက်လုံးမှာ ချို့ယွင်းချက်ရှိတယ်လို့ ဆိုချင်တာလား"

ငှက်ကျွန်က. . . .

"မျက်လုံးကချို့ယွင်းမှုမရှိရင် ဦးနှောက်ကချို့ယွင်းတာဖြစ်ရမယ်"

ဝမ်းဖုန်းက. . . .

"ကျုပ်ဦးနှောက်လဲ အတော့်ကို ကောင်းကောင်းမွန်မွန်ရှိပါတယ်"

ငှက်ကျွန်က မဲ့ပြုံးပြုံးလိုက်သည်။

"ဒါဖြင့် ရှင့်ရဲ့မျက်လုံးက မဟုတ်မဟပ်တာတွေမြင်တွေ့တာ ဖြစ်ရမယ်၊ ဒါမှမဟုတ်ရင်လဲ ရှင်ကရူးနေတာဖြစ်ရမယ်"

ॐ ॐ ॐ

"သူက အမှန်အတိုင်းပြောပြနေတာပါ. . . သူတာ [illegible] မသား မပြောပါဘူး"



အသံတစ်သံသည် အမှောင်ထုထဲမှ ထွက်ပေါ်လာသည်။

အလွန် ချိုလွင်သောအသံဖြစ်သည်။ အမျိုးသမီးတစ်ယောက်၏အသံ ဖြစ်သည်။

ထိုအသံသည် ခေါင်းပေါ်မှလွင့်ပျံ့လာသည်ဟု ထင်ရလေသည်။

ဝမ်းဖုန်းနှင့်ငှက်ကျွန်တို့သည် အပေါ်သို့ ပြိုင်တူမော့ကြည့်လိုက်သည်။

သူတို့၏ခေါင်းပေါ်မှ လေးထောင်ခန့်ရှိသော အကွက်တစ်ခုတွင် စိမ်းဖန့်ဖန့်အလင်းရောင်များကို တွေ့လိုက်ရလေသည်။

မီးရောင်ပင်ဖြစ်သည်၊ သူတို့မြေအောက်ခန်းမှာတွေ့မြင်လိုက်ရသော မီးရောင်မျိုးဖြစ်သည်။

ထိုအသံသည် ဆက်လက်ထွက်ပေါ်လာသည်။

"ရှင်တို့က အဲဒီအောက်မှာကြာကြာနေရင် တကယ်ရူးသွားပါလိမ့်မယ်"

ဝမ်းဖုန်းက ဆတ်ခနဲ မော်တတ်ရပ်လိုက်သည်။

"ဘယ်သူလဲ"

ငှက်ကျွန်က အသံမာမာဖြင့် မေးလိုက်သည်။

ထိုအသံသည် တခစ်ခစ်ရယ်မောလိုက်လေသည်။

"ဝမ်းဖုန်းရဲ့အသံကို ညည်းက မှတ်မိသေးတယ်. . .

www.burmeseclassic.com



ဘယ့်နှယ် ငါ့အသံကို မမှတ်တော့ဘူးလား"

ငှက်ကျွန်၏အသံသည် တုန်တုန်ယင်ယင်ဖြစ်သွားလေသည်။

"ရှင်. . . ရှင်ကိုး"

ဝမ်းဖုန်းသည် ထိုအသံကိုမှတ်မိလိုက်လေသည်။

သူ၏ကျောပြင်တစ်ခုလုံးသည် ချမ်းစိမ့်၍သွားလေသည်။

ဏ ဏ ဏ

စိမ်းဖန့်ဖန့်မီးရောင်များကြားမှ မျက်နှာတစ်ခု ပေါ်လာလေသည်။

မိန်းကလေးတစ်ယောက်၏ မျက်နှာဖြစ်သည်။

ထိုနုနယ်သောမျက်နှာအား မြင်တွေ့လိုက်သည်နှင့် ထိုမျက်နှာပိုင်ရှင်သည် ၁၄ နှစ် ၁၅နှစ်မျှရှိမည့် မိန်းကလေးတစ်ယောက်ဖြစ်ရမည်ဟု မုချယုံကြည်မည် ဖြစ်သည်။

သို့သော် ထိုမျက်နှာကို မြင်တွေ့လိုက်ရသည်နှင့် ဝေ့ချီလုံဖြစ်သည်ကို ဝမ်းဖုန်းက မှတ်မိလိုက်လေသည်။

ဝမ်းဖုန်းသည် အံ့ဩသွားသည်။

ဝေ့ချီလုံသည် မြေအောက်ခန်းသို့ဝင်ရောက်လာသောအခါ သူက သူ၏မျက်လုံးထဲမှ မင်းသားလေး၏ရုပ်ပုံအား တွေ့



မြင်လိုက်ရသည်။

သူက မင်းသားလေးဘက်သို့လှည့်လိုက်ပြီးသည့်နောက်ပိုင်းတွင် ဝေ့ချီလုံတစ်ယောက်ပျောက်ချင်းမလှ ပျောက်ကွယ်သွားလေသည်။

သူကလည်း သူမအား လုံးဝသတိမရတော့ပါချေ။

ယခု မမျှော်လင့်ဘဲ ဝေ့ချီလုံအား ပြန်လည်တွေ့ခဲ့ရလေသည်။

ဏ ဏ ဏ

ဝမ်းဖုန်းသည် သူမ၏မျက်နှာကို စေ့စေ့ကြည့်ပြီး . . .

"ခင်ဗျားရဲ့မျက်နှာဖုံးကို ချွတ်လိုက်ပါလားဗျာ"

ဝေ့ချီလုံက ရယ်မောလိုက်သည်။

"ကျွန်မက ဒီမျက်နှာဖုံးတပ်ထားရင် အနည်းဆုံးဆယ်နှစ်လောက်တော့ အသက်ငယ်သွားတယ်၊ ဒီလိုပေါ့ရှင်. . . အသက်ကြီးတဲ့မိန်းမတစ်ယောက်ဟာ ကိုယ့်ကိုကိုယ် အသက်ငယ်ချင်တာပေါ့"

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ခင်ဗျား မျက်နှာဖုံးမချွတ်လဲ ခင်ဗျား ဘယ်သူလဲဆိုတာ ကျုပ်သိပါတယ်"

ဝေ့ချီလုံက ပြုံးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ကျွန်မ ဘယ်သူလဲ"

ဝမ်းဖုန်းက တစ်လုံးချင်းပြောချလိုက်သည်။

"ခင်ဗျား လိတလျှံ မဟုတ်လား"

ꩤꩤꩤ

လိတလျှံသည် မြေအောက်ခန်းတွင် မီးလောင်၍သေဆုံးသွားသည်ကို ဝမ်းဖုန်းကိုယ်တိုင် မြင်တွေ့ရသည် မဟုတ်ပါလော။

ထို့ပြင် ရှန်ရှောင်က လိတလျှံအား ကယ်တင်ရန် ကြိုးစားလိုက်သည့်အတွက် လောင်ဆီအပြည့်ရှိသော မြေအောက်တွင်းတစ်ခုထဲသို့ လိမ့်ကျပြီး မီးလောင်သေဆုံးသွားပြီ ဖြစ်သည်။

ယခု ဝမ်းဖုန်းသည် ဝေ့ချီလုံအား လိတလျှံဟု ပြောလိုက်သည်မှာ သူ၏ဦးနှောက်သည် တကယ်ပင်ချွတ်ယွင်းသွားပြီလော။

ဝေ့ချီလုံက ရယ်မောလိုက်သည်။

"ရှင်က ဘာကြောင့်ပြောနိုင်ရတာလဲ"

ဝမ်းဖုန်းက. . . .

"အသံပေါ့"

ဝေ့ချီလုံက. . . .

"အခု ကျွန်မစကားပြောတာနဲ့ အသံမှတ်မိတယ်လို့ပြောတယ်၊ ခုန မြေအောက်ခန်းမှာ စကားအများကြီးပြောတာ၊ ရှင်က ဘာဖြစ်လို့ မမှတ်မိတာလဲ"



ဝမ်းဖုန်းက ပါးစပ်ပိတ်ထားလေသည်။

"အဲဒီတုန်းက ကျွန်မအသံကိုပြောင်းပြီးပြောနေလို့လား၊ ဒါမှမဟုတ် ရှင်က ကြောက်လွန်းအားကြီးလို့ အသံကိုသတိမထားမိတာလား"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝေ့ချီလုံသည် သူ့မျက်နှာပေါ်မှမျက်နှာဖုံးအား ဆွဲချွတ်လိုက်လေသည်။

မျက်နှာဖုံးချွတ်ချလိုက်ပြီးသည်နှင့် ဝေ့ချီလုံမှာ လိတလျှံဖြစ်သည်ကို အံ့ဩစွာ တွေ့လိုက်ရသည်။

ꩤꩤꩤ

လိတလျှံသည် ရယ်မောနေ၏။

သူမ၏ရယ်မောနေပုံမှာ မကောင်းဆိုးဝါးတစ်ယောက်၏ ရယ်မောသည့်အလား ကြောက်မက်ဖွယ်ရာကောင်းလှပေသည်။

သူမသည် အလွန်ချောမောလှပသော အမျိုးသမီးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် စိမ်းဖန့်ဖန့်မီးရောင်များသည် သူမမျက်နှာပေါ်သို့ထင်ဟပ်သောအခါ သူမ မျက်နှာတစ်ခုလုံးမှာ ကြောက်မက်ဖွယ်ရာကောင်းသည်ဟု ခံစားလိုက်ရလေသည်။

ယခု ဝမ်းဖုန်း၏မြင်ကွင်းမှာ လှပချောမောသော မိန်းမလေးတစ်ယောက်မဟုတ်ဘဲ ရက်စက်ကြမ်းကြုတ်သော ဘီလူးမတစ်ကောင်ဖြစ်သည်ကို ခံစားလိုက်ရလေသည်။

ဏ ဏ ဏ

ဝေ့ချီလုံ၏မျက်နှာဖုံးသည် အဘယ်ကြောင့် လိတလျှံလက်ထဲသို့ ရောက်ရှိပါသနည်း။

ဝေ့ချီလုံ၏မျက်နှာ လိတလျှံလက်ထဲသို့ ရောက်နေသည်ကို တွေ့ရသည်နှင့် ဝမ်းဖုန်းနှင့်ငှက်ကျွန်သည် ရင်ထဲ၌အေးလံလာလေသည်။

ငှက်ကျွန်ကမနေနိုင်တော့ဘဲ မေးလိုက်လေသည်။

"ဝေ့ချီလုံရဲ့မျက်နှာဖုံးက ရှင့်လက်ထဲ ဘယ်လိုလုပ်ရောက်လာတာလဲ"

လိတလျှံက ပြုံးလိုက်သည်။

"သူက သူ့ရဲ့အသက်ကို မကာကွယ်နိုင်တော့ဘဲနဲ့ သူ့မျက်နှာဖုံးကိုထိန်းသိမ်းထားလို့ ရပါ့မလား"

ငှက်ကျွန်က. . .



"ရှင် သူတို့သတ်လိုက်ပြီလား"

ဝမ်းဖုန်းက တစ်စုံတစ်ခုသတိရလာပြီး . . .

"ဒါဖြင့် နတ်စင်ပေါ်မှာ တစ်ကိုယ်လုံး မီးလောင်ကျွမ်း တဲ့အမျိုးသမီးဟာ မင်း မဟုတ်ဘူးပေါ့"

လိတလျှံက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး"

ဝမ်းဖုန်းက. . .

"ဒါဖြင့် ဝေ့ချီလုံပဲ ဖြစ်ရမယ်"

လိတလျှံက ခေါင်းညိတ်လိုက်သည်။

"ရှင်မဆိုးဘူး. . . ဒါပေမဲ့ ဖူးသိနောက်ကျသွားတာက ခက် ယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဘယ်လိုဖြစ်တာလဲဗျာ. . . ငြိမ်ပြစမ်းပါဦး"

လိတလျှံက. . .

"အဲဒီမြေအောက်ခန်းဟာ သူတို့ရဲ့နေရာဖြစ်တယ်. . . လျှို့ဝှက်တဲ့ နေရာလဲဖြစ်တယ်၊ အဝင်ဝကနေပြီး မြေ ခန်းအထိ ခေါင်းချောက်(၁၃)ခု ရှိတယ်၊ ဘယ်သူမဆို ထဲကိုဝင်လိုက်တာနဲ့ သေဖို့သေချာတယ်"

ဝမ်းဖုန်းက. . .

"ခင်ဗျားကတော့ ဒီခေါင်းချောက်တွေသိလို့ အန္တရာယ် ဘူးပေါ့"

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံက. . . .

"ဟုတ်တယ်. . ကျွန်မဝင်သွားတဲ့အခါမှာ ထောင်ချောက်ရဲ့ စက်ယန္တရားအားလုံးကို ခေတ္တပိတ်ထားပြီးမှ ဝင်သွားတာပေါ့"

ဝမ်းဖုန်းက. . . .

"ခင်ဗျားဝင်သွားပြီးတာနဲ့ အဲဒီစက်ယန္တရားအားလုံးကို ပြန်ဖွင့်ထားတာပေါ့"

လိတလျှံက. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ကျုပ်တို့သုံးယောက်ဝင်တာလဲ ဘယ်လိုမှ အန္တရာယ်မတွေ့ပါလား"

လိတလျှံက. . . .

"ဒါကတော့ ရှင်တို့ကံကောင်းတယ်လို့ ဆိုရမှာပေါ့"

ဝမ်းဖုန်းက. . . .

"ဘာဖြစ်လို့လဲ. . . စက်ယန္တရားတွေ ချွတ်ယွင်းလို့လား"

လိတလျှံက. . . .

"မဟုတ်ပါဘူး. . . ဒီစက်ယန္တရားတပ်ဆင်ထားတဲ့သူတွေဟာ အနောက်တိုင်းပညာရှင်များ ဖြစ်တယ်၊ အနှစ်ငါးဆယ်အထိ အာမခံထားတယ်ရှင့်"



ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘာဖြစ်လို့ ကျုပ်တို့က အေးအေးချမ်းချမ်းနဲ့မြေအောက်ခန်း ရောက်သွားရတာလဲ"

လိတလျှံက. . . .

"ဒီလိုပါ ကျွန်မ အဲဒီအထဲကို မဝင်မီမှာဘဲ လူတစ်ယောက်က ကျွန်မထက်ဦးအောင် ဝင်သွားလို့ပါ"

ဝမ်းဖုန်းက. . . .

"စေ့ချီလို ဟုတ်လား"

လိတလျှံက. . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက. . . .

"သူ စက်ယန္တရားနားလည်လို့လား"

လိတလျှံက. . . .

"သူက နားလည်လိုက်ရင် သိပ်ကောင်းမှာပေါ့. . . အခုတော့. . . ."

ဝမ်းဖုန်းက. . . .

"အခုတော့ ဘာဖြစ်သလဲ"

လိတလျှံက. . . .

"ဒီလိုပါ မြေအောက်ခန်းအထိသွားဖို့ ထောင်ချောက် (၁၃)ခုအနက် (၁၁)ခုလောက်ကို သူက ဖျက်ဆီးလိုက်တယ်လေ"

ဝမ်းဖုန်းက အံ့အားသင့်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် သူက ဘယ်နေရာကျမှ ခင်ဗျားရဲ့လက်ထဲ ရောက်တာလဲ"

လိတလျှံက. . . .

"သူက (၁၁)ခုမြောက် ထောင်ချောက်ရောက်တော့ အဲဒီမှာထွန်းထားတဲ့ မီးရဲ့အငွေ့အသက်ကို ရှူရှိုက်မိလို့ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားပြောတာ ကျုပ်နားမလည်ပါလား"

လိတလျှံက. . . .

"ဒီလိုပါ(၁၁)ခုမြောက် ထောင်ချောက်မှာ အဆိပ်ငွေ့ရှိတဲ့ မီးအိမ်တစ်လုံး ထွန်းထားပါတယ်၊ အဲဒီအဆိပ်ငွေ့ကို ရှူလိုက်တာနဲ့ သတိမေ့တတ်ပါတယ်"

"သူက အဆိပ်ငွေ့ရှူမိလို့လား"

လိတလျှံက. . . .

"ဟုတ်ပါတယ်. . . သူက အဆိပ်ငွေ့ကိုရှူပြီး မူးလဲနေတုန်း ကျွန်မရောက်သွားပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် စူးရှတဲ့အော်သံကြားလိုက်တာက. . . ."

လိတလျှံက. . . .

"ရှင်တို့က ကျွန်မအသံဟုတ်မဟုတ်ဆိုတာ မသိဘူး မဟုတ်လား"

ဝမ်းဖုန်းက. . . .



"သိပါတယ်. . . ဒါပေမဲ့ ခင်ဗျားက ဘာဖြစ်လို့ ဒီလောက်အော်တယ်ဆိုတာ သိချင်လို့ပါ"

လိတလျှံက ပြုံးလိုက်သည်။

"ရှင်တို့ကို မြေအောက်ခန်းထဲရောက်လာအောင် ဖြားယောင်းသွေးဆောင်လိုက်တာပါ"

ဝမ်းဖုန်းက. . . .

"ဒါကြောင့် ခင်ဗျားက ဓွေချီလုံရဲ့အကျီကိုလဲလိုက်ပြီး နတ်စင်ပေါ်တင် မီးရှို့လိုက်တာလား"

လိတလျှံက. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"သူကသေပြီပဲ. . . ဘာဖြစ်လို့ မီးနဲ့ရှို့သတ်ရတာလဲ"

လိတလျှံက. . . .

"ကျုပ်ကိုယ်ကျုပ် မီးလောင်ကျွမ်းပြီး ကိုယ့်ကိုယ်ကိုသတ်သေသွားတယ်လို့ ဖြစ်သွားအောင် လုပ်ရဦးမယ်မဟုတ်လား"

ဝမ်းဖုန်းက တစ်စုံတစ်ခုအား သတိရလာပြီး. . . .

"ဒါနဲ့ကျုပ်တို့ သက်ပြင်းချသံတစ်ချက်ကြားလိုက်ပါသေးတယ်"

လိတလျှံက. . . .

"သက်ပြင်းချတာ ကျွန်မပါ. . . ရှင်တို့ ကျွန်မကိုလာပြီး သံသယတင်ရအောင် ဖန်တီးလိုက်တာပါ"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက . . .

"ကျုပ်တို့ကသွားကယ်ရင် ခင်ဗျားက စက်ယန္တရားကိုနှိပ်လိုက်ပြီး ကျုပ်တို့ကိုမီးလောင်တိုက်သွင်းမလို့ မဟုတ်လား"

လီတာလျှံက . . .

"ဟုတ်ပါတယ် . . . ရှင်ကကံကောင်းပြီး ရှန်ရှောင်တင်ယောက်ပဲ သေသွားရရှာတယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"အဲဒီအချိန်မှာ ခင်ဗျားက ဘယ်မှာရှိသလဲ"

လီတာလျှံက . . .

"ကျွန်မက လျှို့ဝှက်နံရံတစ်ခုရဲ့ နောက်ကွယ်မှာပါ"

ဝမ်းဖုန်းသည် ရှန်ရှောင်သေဆုံးပုံကို ပြန်လည်မြင်ယောင်လာလေသည်။

သူသည် သက်ပြင်းတစ်ချက်ချပြီး . . .

"ခင်ဗျာ ကျုပ်မသေသေးတာတွေ့တော့ စိတ်ထဲမှာ ကျေမနပ် ဖြစ်မှာပဲနော်"

လီတာလျှံက . . .

"ဟုတ်ပါတယ်ရှင် . . . ရှင်တို့တွေ မြေအောက်ခန်းထဲမှာ ရှိနေသရွေ့ ကျွန်မအဖို့စိတ်မချရဘူးပေါ့"

ဝမ်းဖုန်းသည် မြေအောက်ခန်းရှိ ကျောက်တံခါးပေါ်ရှိ ရတနာသိုက်ပါသောစာလုံးအား သတိရလာလေသည်။

"အဲဒီမြေအောက်ခန်းထဲမှာ ရှိနေတဲ့သေတ္တာတွေထဲမှာ



ကျောက်သံပတ္တမြားတွေရှိတယ် ဟုတ်လား"

လီတာလျှံက . . .

"ရှင်လဲသိတယ် ဟုတ်လား"

ဝမ်းဖုန်းက . . .

"ခင်ဗျား ဒီမြေအောက်ခန်းကို ငွေကုန်ကြေးကျခံပြီး တည်ဆောက်ထားတာ ဒီရတနာတွေကိုသိမ်းဆည်းဖို့ မဟုတ်လား"

လီတာလျှံက . . .

"ဟုတ်တယ်"

ဝမ်းဖုန်းက . . .

"အဲဒီရတနာတွေဟာ မြို့စားကြီးဂေဟာက ပျောက်ဆုံးသွားတဲ့ရတနာတွေ ဟုတ်လား"

လီတာလျှံက ပြုံးလိုက်သည်။

"ရှင် ဘယ်လိုထင်သလဲ"

ဝမ်းဖုန်းက . . .

"ဟုတ်မယ်လို့ ထင်တာပဲ"

လီတာလျှံက ရယ်မောလိုက်သည်။

ဝမ်းဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး . . .

"ဒါကြောင့် ခင်ဗျားက ကျုပ်တို့ကို အပြတ်ရှင်းချင်တာကိုး"

လီတာလျှံက . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်ရှင်. . . ကျွန်မရဲ့စိတ်ထဲမှာ ရှင့်ကိုသိပြီး သတ်ချင်နေပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘာဖြစ်လို့မသတ်တာလဲ"

လီတလျှံက. . . .

"ရှင့်ကို ကျွန်မနိုင်မှမနိုင်ဘဲ. . . နောက်ပြီး ကျွန်မမှာ ရှင့်ကို ဘယ်လိုလုပ်သတ်ရမယ်ဆိုတာ စဉ်းစားမရသေးလို့ပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဝေ့ချီလုံရဲ့အကျီကို ဘယ်အချိန်ကလဲလိုက်တာလဲ"

လီတလျှံက. . . .

"ရှန်ရှောင်က မီးလောင်တိုက်ထဲကျသွားတော့မှ ကျွန်မက ဝေ့ချီလုံ ဟန်ဆောင်ဖို့သတိရလိုက်တာပါ"

ဝမ်းဖုန်းက. . . .

"အဲဒီအချိန်မှာ ငှက်ကျွန်က သတိမေ့နေလို့မဟုတ်လား. . . နို့မဟုတ်ရင်. . . "

လီတလျှံက ကြားဖြတ်လိုက်သည်။

"ဟုတ်ပါတယ်. . . သူသာ သတိမမေ့ရင် ကျွန်မဟန်ဆောင်တာကို ချက်ချင်းသိသွားမှာပါ"

ဝမ်းဖုန်းက မျက်မှောင်တုပ်လိုက်သည်။

"ကျုပ်တစ်ခုမေးချင်ပါတယ်"



လီတလျှံက. . . .

"မေးပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားဟာ စိတ်ညို့ပညာကိုတတ်တယ်လို့ ကျုပ်သိထားတယ်. . . ဝေ့ချီလုံကော"

လီတလျှံက ခေါင်းညိတ်လိုက်သည်။

"ဝေ့ချီလုံလဲ ကျွန်မလိုပဲ စိတ်ညို့ပညာတတ်ကျွမ်းတဲ့လူတစ်ယောက်ပါ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါနဲ့ ကျုပ်တွေ့ခဲ့တဲ့ သွေးကြွက်တူရွှေးရဲ့အဖြစ်အပျက်တွေဟာ တကယ်ပဲဖြစ်နေသလား။ ဒါမှမဟုတ် ခင်ဗျားရဲ့စိတ်ညို့ပညာကို ကျုပ်မိနေလို့လား"

လီတလျှံက. . . .

"မင်းကသာ သွေးကြွက်တူရွှေးပုံပြင်ကို မကြားဘူးခဲ့ရင် အျပ်က ဘယ်လိုပဲ စိတ်ညို့သည့်တိုင်အောင် မရပါဘူး"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်က သွေးကြွက်တူရွှေးရဲ့ပုံပြင်ကို ညီးကြိမ်မက ကြားဖူးခဲ့ပါတယ်"

လီတလျှံက. . . .

"ပိုပြီးဆိုးတာက ငှက်ကျွန်ရဲ့ အခန်းမှာရှိတဲ့ ပန်းချီကားချပ်ကို မြင်တွေ့ဖူးတော့ ကျွန်မစိတ်ပညာကို အသုံးပြုတဲ့အခါမှာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ ပန်းချီကားချပ်ပေါ်မှာရှိတဲ့ အရုပ်တွေဟာ အသက်ဝင်လှုပ်ရှားလာတတ်ပါတယ်"

သူမသည်ပြုံးပြုံး စကားဆက်လိုက်သည်။

"ဒါကြောင့် ရှင့်ရဲ့စိတ်ကို ကျွန်မက လိုရာဆွဲခေါ်သွားပြီး ရှင့်ရဲ့မြင်ကွင်းထဲမှာ မရှိတာကို တကယ်ရှိတယ်လို့မြင်ပြီး စိတ်ချောက်ချားသွားတာပါ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဖြင့် ကျုပ်မြင်တွေ့ခဲ့တဲ့ ချောင်းရေတွေဟာ တကယ်တော့မရှိဘူးပေါ့"

လီတယ်လျှံက...

"မရှိပါဘူး... ရှင်တွေ့ခဲ့တဲ့ မီးတောက်မီးလျှံတွေ ချော[...]တွေဆိုတာလဲ လုံးဝမရှိပါဘူး။ ရှင်ဟာ ငှက်ကျွန်ကိုပွေ့ချီပြီး ကျွ[...]မကခိုင်းစေသလို ရှင်က လျှောက်နေရတာပါ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"နောက်ဆုံးတော့ ကျုပ်က ရေထဲခုန်ချတာဟာ အမှန်စင်စစ်တော့ ရေမဟုတ်ဘဲ အခုလိုနေရာမျိုးရောက်နေတာ [...]ဟုတ်လား"

လီတယ်လျှံက ရယ်မောလိုက်သည်။

"အခု ရှင်ရောက်နေတာဟာ မြေအောက်အချုပ်ခန်းပဲ ရှင်ခုန်ချလိုက်တဲ့နေရာကလဲ အခု ကျွန်မစကားပြောတဲ့ [...] ပေါက်ပါပဲရှင်"



လီတယ်လျှံက ထပ်မံရယ်မောလိုက်လေသည်။

"ရှင်က တော်တော်အတွေးခေါင်တဲ့လူပဲ... ဘာမှမရှိတဲ့နေရာကို ရှင်ကနံရံလို့ထင်မှတ်ပြီး နံရံထဲကိုခြေလှမ်း,လှမ်းဝင်တဲ့ပုံကိုကြည့်ပြီး ကျွန်မဖြင့်မရယ်မိအောင် မနည်းထိန်းထားရတယ်ရှင့်"

ဝမ်းဖုန်းက...

"ဒါဖြင့် ကျုပ်က နံရံထဲဝင်တယ်ဆိုတာ စိတ်ကူးယဉ်လို့ဆိုရမှာပေါ့"

လီတယ်လျှံက ရယ်မောရင်း...

"ရှင် လေထဲကနေပြီး နံရံထဲကို ခြေထောက်ခွဝင်တဲ့ပုံကို ရှင်ကိုယ်တိုင်တွေ့ရရင် ဘယ်လောက် ရယ်စရာကောင်းလိုက်မလဲ"

ဝမ်းဖုန်းသည် မချိပြုံး ပြုံးလိုက်လေသည်။

"ခုနက အသွးကြက်တူရွေးစကားပြောတယ်ဆိုတာ ခင်ဗျားကပြောတာ မဟုတ်လား"

လီတယ်လျှံက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်"

ဝမ်းဖုန်းက...

"အဲဒီစကားတွေကို အမှန်ပဲယူရမလား"

လီတယ်လျှံက ပြုံးလိုက်သည်။

"ဒါကတော့ ဘယ်စကားဆိုတာပြောပြမှ ကျွန်မကအ

www.burmeseclassic.com



ဖြေပေးနိုင်မယ်"

ဝမ်းဖုန်းက. . . .

"ခုနပြောခဲ့တယ်လေ. . . ဒီနေရာမှာ လူနှစ်ယောက်ကို တွေ့နိုင်တယ်၊ အဲဒီလူနှစ်ယောက်က ကျုပ်ရဲ့သံသယကို ဖြေရှင်းပေးနိုင်တယ်လို့"

လိတလျှံက. . . .

"ဒီစကားဆိုရင် မှန်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် အဲဒီလူနှစ်ယောက်ကော"

လိတလျှံက. . . .

"အောက်မှာသိပ်မှောင်နေလို့ ရှင်မတွေ့တာကိုး"

ဝမ်းဖုန်းက. . . .

"လူက ဒီမှာရှိနေတယ် ဟုတ်လား"

လိတလျှံက. . . .

"ဟုတ်တယ်. . . လူနှစ်ယောက်ပါ"

ဝမ်းဖုန်းက. . . .

"ဘယ်သူတွေလဲ"

လိတလျှံက. . . .

"မင်းသားလေးရယ်. . . သွေးကြွက်တူရွေးရယ်"

ဝမ်းဖုန်းသည် ဒေါသချောင်းချောင်းထွက်လာသည်။

"ခင်ဗျား ဘာတွေပြောပြန်ပြီလဲ"



သူသည် ယင်းသို့ပြောနေစဉ်မှာပင် သွေးကြွက်တူရွေးက ထအော်လိုက်လေသည်။

"သူတို့ ဒီမှာပေါ့"

ဝမ်းဖုန်းသည် ကြောင်အမ်းအမ်း ဖြစ်သွားလေသည်။

ထိုစဉ် သွေးကြွက်တူရွေး၏အသံ ထပ်မံထွက်ပေါ်လာသည်။

"မီးအိမ်တစ်လုံးပေးပါ"

လိတလျှံက ပြုံးလိုက်သည်။

"အောက်မှာရှိပါတယ်"

သူမသည် ရယ်မောလိုက်ပြီး စကားဆက်လိုက်သည်။

"အောက်မှာ မီးအိမ်တစ်လုံးရှိပါတယ်. . . မမြင်ရရင် မီးခြစ်ခြစ်ပြီး ရှာကြည့်ပါ၊ နံရံရဲ့တစ်ဖက်တစ်ချက်မှာ မီးအိမ်တစ်လုံးစီ ရှိပါတယ်"

ငှက်ကျွန်က ဝမ်းဖုန်း၏လက်ကိုဆွဲလိုက်ပြီး. . . .

"ရှင့်မှာ မီးခြစ်ပါသလား"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"မပါဘူးကွ"

လိတလျှံက ပြုံးလိုက်သည်။

"မပါလဲကိစ္စမရှိပါဘူး. . . ကျုပ်က မီးအိမ်တစ်လုံးချပေးလိုက်ပါ့မယ်"

သူမသည် ပြောပြီးသည်နှင့်လက်ထဲမှ စိမ်းဖန့်ဖန့်အ

www.burmeseclassic.com

www.burmeseclassic.com



ရောင်ရှိသောမီးအိမ်အား ချပေးလိုက်လေသည်။

မီးအိမ်ကျလာသည်ကို ဝမ်းဖုန်းကာ တွေ့ရှိသောအခါ ဝင်ထဲ၌ လေးလံလာလေသည်။

အကြောင်းမှာ ထိုမီးအိမ်ကျလာသောအခါကျမှ ခေါင်းပေါ်မှာ ရှိနေသောအပေါက်သည် မိမိရပ်နေသောနေရာနှင့် ငါးနှစ်ရိုက်ခန့်မြင့်နေသည်ကို သိရှိလိုက်ရသောကြောင့် ဖြစ်သေသည်။

သူသည် မီးအိမ်ကိုဖမ်းယူလိုက်ပြီး နံရံပေါ်သို့မြော်ကြည့်လိုက်သောအခါ လေးဘက်လေးတန်ရှိ နံရံပေါ်တွင် မီးအိမ်တစ်လုံးစီ ရှိနေသည်ကိုတွေ့လိုက်ရလေသည်။

သူသည် ထိုမီးအိမ်ထဲမှမီးစဖြင့် နံရံပေါ်မှမီးအိမ်လေးလုံးကို ထွန်းညှိလိုက်သည်။

မီးအိမ်လေးလုံး၏အလင်းရောင်များသည် အခန်းတစ်ခုလုံးအား လင်းထိန်သွားသည်ကိုတွေ့ရလေသည်။

မီးရောင်ထိန်လင်းသွားသည်နှင့် ငှက်ကျွန်၏ထိဘ်လန့်သောအော်သံကို ကြားလိုက်ရလေသည်။

ဪ ဪ ဪ



မီးအိမ်လေးလုံးသည် လူတစ်ရပ်သာသာခန့်မြင့်သော နံရံပေါ်တွင် ချိတ်ဆွဲထားသည်။

ထိုနံရံများသည် ကြီးမားသော ကျောက်တုံးများနှင့်တည်ဆောက်ထားခြင်းဖြစ်သည်။

အခန်း၏အောက်ပိုင်းတွင် တစ်ဝက်က ကျောက်တုံးများခင်းထားပြီး ကျန်တစ်ဝက်မှာမူ မြေကြီးပင်ရှိနေသေးသည်။

ကျောက်တုံးများခင်းထားသောနေရာ၌ ကျောက်ကွပ်ပျစ်နှစ်ခုရှိလေသည်။

ထိုကျောက်ကွပ်ပျစ်နှစ်ခုကြားတွင် ကျောက်စားပွဲတစ်လုံးနှင့် ကျောက်ကုလားထိုင်နှစ်လုံး ရှိလေသည်။

ကျောက်ကုလားထိုင်ပေါ်တွင် လူမရှိပါ။

ကျောက်ကွပ်ပျစ်ပေါ်တွင်သာ လူတစ်ယောက်စီရှိကြ

www.burmeseclassic.com

www.burmeseclassic.com



၏။

လိတလျှံပြောသည့်အတိုင်း စုစုပေါင်း လူနှစ်ယောက်ရှိသည်။

သို့သော် လိတလျှံစကားသည် မှန်ကန်သည်ဟု မယူဆနိုင်ပေ။

အကြောင်းမှာ ထိုကွပ်ပျစ်များပေါ်မှလူနှစ်ယောက်သည် လူဟုမခေါ်နိုင်တော့ပါ။

ထိုကွပ်ပျစ်များပေါ်တွင်ရှိသောလူများမှာ အရိုးစုနှစ်ခုပင်ဖြစ်လေသည်။

❀ ❀ ❀

စိမ်းဖန့်ဖန့်မီးရောင်အောက်တွင် ထိုအရိုးစုနှစ်ခုကို တွေ့မြင်လိုက်ရသည်နှင့် ငှက်ကျွန်သည် ထိတ်လန့်တုန်လှုပ်သွား၏။

ထိုအရိုးစုနှစ်ခုအနက် အရိုးစုတစ်ခု၏ခေါင်းပေါ်တွင် မင်းသားလေးများ ဆောင်းလေ့ရှိသော ရွှေသရဖူတစ်ခုဆောင်းထားသည်ကို တွေ့ရလေသည်။

ငှက်ကျွန်သည် ရုတ်တရက် ခေါင်းမော့လိုက်ပြီး လိတလျှံကို စိုက်ကြည့်လိုက်သည်။

"ရှင်က ဘာတွေမျက်လှည့်ပြနေတာလဲ"

လိတလျှံက ငှက်ကျွန်အား စိုက်ကြည့်လိုက်ပြီး သက်



ပြင်းတစ်ချက်ချလိုက်သည်။

"ညည်းမတွေ့ဘူးလား"

ငှက်ကျွန်က. . .

"ကျွန်မ အရိုးစုနှစ်ခုပဲ တွေ့တယ်"

လိတလျှံက. . .

"ညည်းတို့တွေ့ချင်တဲ့လူဟာ သူတို့ပဲပေါ့"

ငှက်ကျွန်၏မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။

လိတလျှံသည် သက်ပြင်းထပ်မံချလိုက်သည်။

"ကျုပ်က သိပ်ပြီးလောဘမကြီးပါဘူး. . . ရတနာတွေ တစ်ဝက်လောက်ရတာနဲ့ ကျုပ်က ကျေနပ်ပါပြီ၊ သူတို့ကိုပြန်လွှတ်ပို့ဖို့လဲ စီစဉ်ထားပါပြီ၊ ဒါပေမဲ့ သူတို့ ဒီမှာ ၁၀ ရက်တောင်မကြာပါဘူး၊ မင်းသားလေးက ကိုယ့်ကိုယ်ကို သတ်သေသွားတယ်၊ ကြွက်တုရွှေးကလဲ သူ့သခင်သေသွားတယ်ဆိုပြီး ကိုယ့်ကိုယ်ကို သတ်သေသွားတယ်"

ငှက်ကျွန်မှာ တစ်ကိုယ်လုံး တုန်လှုပ်သွားသည်။

လိတလျှံက စကားဆက်လိုက်သည်။

"သူတို့ကို အခုလိုအချုပ်ခန်းထဲမှာ ချုပ်ထားတာဟာ ကျွန်ုပ်မစိတ်မကောင်းပါဘူးရှင်၊ အဲဒီအချုပ်ခန်းထဲကိုလဲ နေသာထိုင်သာရှိအောင်ပြုပြင်ဖို့ ကျုပ်စီစဉ်ထားပါတယ်၊ ဒါပေမဲ့ အချုပ်ခန်းပြင်လို့မပြီးသေးဘူး၊ သူတို့က ကိုယ့်ကိုယ်ကို သတ်သေသွားကြပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမသည် သက်ပြင်းတစ်ချက် ချလိုက်ပြန်သည်။

"ဒီသတင်းပေါက်ကြားသွားရင် ညည်းနဲ့တို့နဲ့ ပြောခဲ့ထားတဲ့ကတိတွေ ပျက်ကုန်မှာစိုးရတယ်၊ နောက်ပြီး ညည်းတို့အသေဆုံးသွားတဲ့အကြောင်းသိသွားရင် ငါ့ကို အခုအထိ အသက်ချမ်းသာပေးမှာ မဟုတ်ဘူးဆိုတာ ကျုပ်ကသိထားလို့ ဒီသတင်းကို လုံးဝလျှို့ဝှက်ထားရတာပါ"

ငှက်ကျွန်က. . . .

"တကယ်လို့များ ကျွန်မတို့က ဒီရတနာတွေအားလုံးကို ရအောင်ရှာပြီး ရှင့်လက်ထဲကိုအပ်ရင် ရှင်က ကျွန်မတို့ကို ဘယ်လိုဖြေရှင်းမလဲ"

သူမသည် ပြောရင်းပြောရင်း စိတ်လှုပ်ရှားလာသည်။

လိတလျှံက ရယ်မောလိုက်သည်။

"စိတ်ချ. . . ညည်းတို့က ဒီရတနာသိုက်တွေကို ဘယ်တော့မှ ကုန်အောင်ရှာလို့ မရနိုင်ပါဘူး"

ငှက်ကျွန်က. . . .

"ရှင့်စကားက ဘာသဘောလဲရှင့်"

လိတလျှံက ရယ်မောလိုက်သည်။

"ညည်းတို့ဘက်က ရတနာတွေကိုရှာပြီး ကျုပ်ကိုပေးလိုက်၊ ကျုပ်ကလဲ လက်ထဲမှာရှိတဲ့ရတနာတွေကို ပြန်ရောင်းလိုက် ဒီရတနာတွေကို ဘယ်တော့မှပြည့်စုံအောင် ညည်းတို့က မဆောင်ရွက်နိုင်ပါဘူး"



ငှက်ကျွန်သည် ဒေါသချောင်းချောင်းထွက်လာသည်။

"ရှင်က အတော်ယုတ်မာပါလား"

သူမသည် ပြောရင်း ရုတ်တရက် ထခုန်လိုက်သည်။

သို့သော် သူမသည် လူတစ်ရပ်ခန့်သာ ခုန်တက်နိုင်သည်။ အပေါ်သို့မရောက်နိုင်ပါချေ။

"ဟား. . . ဟား. . . ဟား"

လိတလျှံ၏ကောက်ကျစ်စဉ်းလဲသော ရယ်မောသံများသည် အချုပ်ခန်းတစ်ခုလုံးသို့ ဟိန်းထွက်သွားသည်။

ရုတ်တရက် ငှက်ကျွန်သည် ခါးထဲမှဓားငယ်နှစ်လက်ကို ထုတ်လိုက်ပြီး လိတလျှံထံသို့ ပစ်လွှင့်လိုက်လေသည်။

လိတလျှံက လက်ထဲမှဓားတစ်လက်ဖြင့် ခံပေးလိုက်ရာ ထိုဓားငယ်နှစ်လက်သည် လိတလျှံ လက်ထဲမှဓားက ဆွဲယူထားလိုက်လေသည်။

လိတလျှံလက်ထဲ၌ ကိုင်ဆောင်ထားသောဓားသည် ဝူးတင့်ဝမ်း၏ သံလိုက်ဓားပင် ဖြစ်သည်။

လိတလျှံက ရယ်မောလိုက်သည်။

"ကဲ. . . မင်းမှာ ဘာလက်နက်တွေရှိသေးသလဲ၊ အားလုံးထုတ်လိုက်စမ်း"

ငှက်ကျွန်သည်ဒေါသထွက်လွန်း၍ သူမသည် အရိုးစုရှေ့သို့ ဒူးထောက်လိုက်ပြီး လှိုက်လှိုက်ဖိုဖို ငိုကြွေးလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းသည် သူမအား ကဗျာကယာ ပွေ့ထူလိုက်သည်။

သို့သော် ငှက်ကျွန်သည် ဝမ်းနည်းလွန်း၍လားမသိ သတိလစ်သွားပြန်သည်။

ဝမ်းဖုန်းသည် ရွှေသရဖူဆောင်းထားသော အရိုးစုကို ငေး၍ ကြည့်မိလေသည်။

ဤအရိုးစုသည် ငှက်ကျွန်နှင့် မည်သို့ပတ်သက်နေသနည်း။

ငှက်ကျွန်သည် ထိုလူအား ကယ်တင်ရန် နှစ်ပေါင်းများစွာ အပင်ပန်းခံ အဆင်းရဲခံပြီး ကြိုးစားခဲ့သည် မဟုတ်ပါလော။

ယခု သူမကြိုးစား၍ ကယ်တင်မည့်လူသည် အရိုးစုဘဝသို့ ရောက်ရှိနေသည်ကို တွေ့မြင်လိုက်ရသဖြင့် သူမရင်ထဲတွင် မည်သို့ခံစားရမည်ကို ဝမ်းဖုန်းက ခန့်မှန်း၍ရလေသည်။

လိတလျှံ၏ရယ်မောသံသည် အချုပ်ခန်းတစ်ခုလုံးကို လွှမ်းပျံ့နေ၏။

ဝမ်းဖုန်းသည် လိတလျှံအား မော့ကြည့်လိုက်သည်။

လိတလျှံသည် ရယ်မောရာမှ ရပ်တန့်လိုက်သည်။

"ရှင်က အပေါ်ကိုခုန်တက်ချင်လို့လား"

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

"ကျုပ်ကိုယ်ကျုပ် နားလည်ထားပါတယ်. . . မဖြစ်နိုင်တဲ့အလုပ်ကို ဘယ်တော့မှမလုပ်ပါဘူး"



လိတလျှံက. . .

"ဒါနဲ့ရှင်သေရမှာ မကြောက်ဘူး မဟုတ်လား"

ဝမ်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

လိတလျှံသည် လှောင်ပြုံးပြုံးလိုက်ပြီး. . .

"ရှင်က အပေါ်ကိုခုန်တက်ဖို့ မကြိုးစားချင်ဘူးလား"

ဝမ်းဖုန်းက စကားမပြောပါ။

လိတလျှံက. . .

"ရှင်မခုန်ချင်ရင် ရှင် ခုန်ချင်လာအောင် ကျွန်မလုပ်ပေးမှာပဲ"

ဝမ်းဖုန်းက. . .

"ခင်ဗျားက ဘာလုပ်မလို့လဲ"

လိတလျှံက. . .

"ဘာမှမလုပ်ပါဘူး. . . ရှင့်တို့ ဒီမှာ (၃)ရက် (၄)ရက်လောက်ကြာရင် အစာရေစာမရှိတဲ့အတွက် သေသွားမှာပါ"

ဝမ်းဖုန်းက. . .

"(၃)ရက် (၄)ရက် အစားအစာမစားတာနဲ့ မသေနိုင်ပါဘူးဗျ"

လိတလျှံက. . .

"ရှင်ကနေနိုင်တယ်ထားဦး. . . သူက ခံနိုင်ရည်ရှိပါ့မလား"

ဝမ်းဖုန်းက. . .

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား စောင့်ကြည့်နေပါ. . . ကျုပ် ဒီမှာ(၃) ရက် (၄)ရက်နေဖို့ မလိုပါဘူး။ တစ်ရက်နှစ်ရက်အတွင်း ကျုပ်အပြင် ရောက်နိုင်တာကို ခင်ဗျား တွေ့ပါလိမ့်မယ်"

လီတလျှံက ရယ်မောလိုက်သည်။

"ကျွန်မက ရှင်တို့ကို တစ်ရက်နှစ်ရက်အထိ စောင့်နေလိမ့်မယ်လို့ ထင်နေသလား"

ဝမ်းဖုန်းက. . .

"ဒါဖြင့် ခင်ဗျား ဘာလုပ်မလို့လဲ"

လီတလျှံက ပြုံးလိုက်သည်။

"အခုပဲ ရှင် ဘယ်လိုဖြစ်သွားမလဲဆိုတာ တွေ့ရပါလိမ့်မယ်"

သူမ စကားဆုံးသွားသည်နှင့် နံရံပေါ်မှကျောက်တုံးများကြားတွင် အနက်ရောင်ဆီများ စိမ့်ထွက်လာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းဖုန်းက ရင်ထိတ်သွားသည်။

ထိုအနက်ရောင်ဆီသည် မည်သည့်ဆီမျိုးဖြစ်သည်ကို သူမသိလိုက်သော်လည်း ယင်းအနက်ဆီများသည် အလွန်မီးလောင်လွယ်သော ဆီတစ်မျိုးဖြစ်သည်ကိုမူ လူဆိုးထိန်းရှန်ရှောင် မီးလောင်သေဆုံးစဉ်က သူတွေ့ခဲ့ဖူးသည် မဟုတ်ပါလော။

အနက်ရောင်ဆီများသည် အဆက်မပြတ်စိမ့်ထွက်နေ၏။



ထိုဆီအချို့သည် နံရံပေါ်မှမီးအိမ်ထဲသို့ အချို့ရောက်ရှိသွားသည်။

မီးအိမ်မှမီးသည် အနက်ရောင်ဆီနှင့် ထင်ဟပ်လိုက်သည်နှင့်ထ၍ တောက်လောင်သွားလေသည်။

မီးများသည် စိမ့်ထွက်နေသောနံရံကြားသို့ ကူးစက်သွားရာ တိုတောင်းသောအချိန်အတွင်း မီးများသည် လေးဘက်လေးတန်သို့ ကူးစက်လောင်ကျွမ်းသွားလေတော့သည်။

ဝမ်းဖုန်းသည် ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

လီတလျှံက တခစ်ခစ်ရယ်မောလိုက်သည်။

"ဘယ့်နှယ်လဲ. . . ရှင်က ဘာတတ်နိုင်သေးသလဲ"

သူမမျက်နှာသည် ကောက်ကျစ်စဉ်းလဲပြီး ရက်စက်ကြမ်းကြုတ်သည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

ဝမ်းဖုန်းသည် လက်သီးလက်မောင်းတန်းကာ ကြိမ်းမောင်းဆဲဆိုသည်ကလွဲ၍ မည်သို့မျှ မတတ်နိုင်တော့ပါချေ။

ဿ ဿ ဿ

ဝမ်းဖုန်းက ဆဲဆိုကြိမ်းမောင်းလေလေ လီတလျှံကပို၍ တခစ်ခစ် ရယ်မောလေလေဖြစ်သည်။

ဝမ်းဖုန်းသည် ဤသို့ဆဲဆိုနေခြင်းမှာ အကျိုးမရှိမှန်း သတိရလာသဖြင့် ရပ်တန့်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



လိတလျှံက ရယ်မောရင်း. . .

"ရှင်က ဘာဖြစ်လို့ရပ်သွားတာလဲ. . . အားရပါးရ ဆဲစမ်းပါ။ နောက်ထပ်နာရီဝက်အတွင်းမှာ ရှင့်တစ်ကိုယ်လုံး ပြာကျသွားရင် ကျွန်မက ရှင့်ကို လွှတ်လိုက်ပါ့မယ်"

သူမသည် ယင်းသို့ပြောပြီး တခစ်ခစ် ရယ်မောနေလေသည်။

အခန်းထဲမှ မီးတောက်မီးလျှံများသည် ပို၍ပို၍ အားကောင်းလာလေသည်။

ဝမ်းဖုန်းသည်ခေါင်းမော့၍ ထပ်မံဆဲဆိုမည်အပြုတွင် လိတလျှံအား မတွေ့ရတော့ပါချေ။

ꩤꩤꩤ

ဝမ်းဖုန်းသည် အခန်းတစ်ခုလုံးအား မျက်လုံးဝေ့ကြည့်နေ၏။

လေးဘက်လေးတန်မှနံရံများသည် ခြစ်ခြစ်တောက်ပူလာသည်ကို ခံစားရလေသည်။

မီးတောက်မီးလျှံများသည် မြေပေါ်သို့စတင်၍ ကူးစက်လာလေသည်။

ဝမ်းဖုန်းသည် မီးတောက်မီးလျှံအားကြည့်ကာ ထိတ်လန့်နေ၏။



သူသည် အပေါ်သို့သာ မော့ကြည့်နေသည်။

ထွက်ပေါက်မှာ အပေါ်၌သာရှိ၏။

သို့သော် ဝါးနှစ်ရိုက်ခန့်မြင့်သော ထိုအပေါက်အား မည်သို့တက်နိုင်မည်နည်း။

သူသည် သေမင်းကိုသာ စောင့်မျှော်နေရမည့်အခြေအနေသို့ ရောက်ရှိနေလေသည်။

ꩤꩤꩤ

မီးတောက်မီးလျှံများသည် ပို၍ ပြင်းထန်လာလေသည်။

ဝမ်းဖုန်းတစ်ကိုယ်လုံးမှာ အပူဒဏ်ကြောင့် ချွေးများ စိုရွှဲနေ၏။

သူ့ခန္ဓာကိုယ်သည် မီးတောက်မီးလျှံများအား ကြည့်ကာ ကော်ချာလှည့်နေ၏။

ရုတ်တရက် သူသည် ပတ်ချာလှည့်ရာမှ ရပ်တန့်လိုက်သည်။

သူ၏မျက်လုံးများသည် မြေပေါ်၌ တစ်ဝက်ခင်းထားသောကျောက်ပြားဆီသို့ ရောက်ရှိသွားသည်။

ထိုကျောက်ပြားသည် အနည်းဆုံး အချပ် ၃၀ ခန့်ရှိသည်ဟု သူ ရေတွက်မိသည်။

ထို့နောက် သူ၏မျက်လုံးများသည် ကျောက်စားပွဲနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကုလားထိုင်ပေါ်သို့ ရောက်ရှိသွားသည်။

အကြံတစ်ခုက သူ၏ဦးနှောက်ထဲသို့ တိုးဝင်လာသေးသည်။

ထိုကျောက်ပြားအချပ် ၃၀ ထပ်လိုက်လျှင် အနည်းဆုံး ဝါးတစ်ရိုက်ခန့် မြင့်လာလိမ့်မည်။

ထို့နောက် ကျောက်ကုလားထိုင်နှစ်လုံး ထပ်မံဆင့်လိုက်လျှင် ခေါင်းပေါ်မှထွက်ပေါက်အား မမှီနိုင်သေးသော်လည်း အလွန် နီးကပ်သွားမည်သာ ဖြစ်သည်။

ဤသို့ဆိုလျှင် သူသည် အသက်ချမ်းသာရာရနိုင်သည်ဟုလည်း မျှော်လင့်ချက် ရှိလာလေသည်။

သူသည် ယင်းသို့မျှော်လင့်ချက်ရှိလာသည်နှင့် စိတ်အားတက်ကြွလာသည်။

ဝမ်းဖုန်းသည် ငှက်ကျွန်အား မြေပေါ်သို့ချလိုက်ပြီး ကျောက်ကွပ်ပျစ်အား ရွှေ့လျားရန် လက်နှစ်ဖက်ဖြင့် ဆွဲလိုက်သည်။

ထိုစဉ်မှာပင် လူတစ်ယောက်က မိမိအမည်အား ခေါ်နေသည်ကို ကြားလိုက်ရလေသည်။

သူသည် မယုံကြည်စွာဖြင့် နားစွင့်လိုက်သည်။

ဟုတ်ပါ၏။ လူတစ်ယောက်က သူ့အား ခေါ်နေသည်။

သို့သော် လိတလျှံအသံမဟုတ်ပါ။ စိမ်းနေသောအသံတစ်ခု ဖြစ်သည်။



ယင်းအသံအား သူကြားဖူးနားဝရှိသည်ဟုလည်း ထင်ရလေသည်။ မည်သူများပါလိမ့်။

ꩮ ꩮ ꩮ

"ဝမ်းဖုန်း. . . ဝမ်းဖုန်း"

ယင်းအသံသည် အပေါ်အပေါက်မှထွက်ပေါ်လာသောအသံဖြစ်သည်။

သူသည် ခေါင်းမော့ကြည့်လိုက်သည်။

မီးတောက်မီးလျှံကြားမှ သွေးကြက်တူရွေးတစ်ကောင်သည် အပေါက်ဝ၌ရပ်နေသည်ကို တွေ့လိုက်ရလေသည်။

ဝမ်းဖုန်း တစ်ကိုယ်လုံးသည် တောင့်တင်းသွားသည်။

သူသည်ငေးငိုင်၍ သွားလေသည်။

မည်မျှကြာသွားမှန်းမသိ။ သူက သတိရလာပြီး မီးတောက်မီးလျှံပေါ်သို့ လက်ဆန့်လိုက်၏။

ပူလောင်သောနာကျင်မှုကို ခံစားလိုက်ရသဖြင့် သူသည် အိပ်မက်မက်နေသည်မဟုတ်ဟု ယုံကြည်လာလေသည်။

သူသည် သွေးကြက်တူရွေးအား ထပ်မံမော့ကြည့်လိုက်၏။

ရုတ်တရက်. . .

"မသွေးကြက်တူရွေး"

www.burmeseclassic.com

www.burmeseclassic.com



ဟု အော်လိုက်လေသည်။

သူအော်ခေါ်လိုက်သောအသံသည် သူ့ပင်ကိုယ်သံ ဟုတ်ဘဲ အလွန် တုန်လှုပ်ချောက်ချားသောအသံမျိုး ဖြစ်နေလေ သည်။

ဿဿဿ

သွေးကြွက်တူရွှေးက ရယ်မောနေ၏။

သူ၏ရယ်မောသံသည် လူတစ်ယောက်၏ရယ်မော နှင့်အတူတူပင် ဖြစ်လေသည်။

သို့သော် သူ့ရယ်မောသံမှာ ပို၍ ထူးခြားဆန်းကြ သည်ဟု ခံစားရ၏။

ဝမ်းဖုန်းသည် ထိုရယ်မောသံအား နားယဉ်နေပြီ သည်။

သူသည် သွေးကြွက်တူရွှေးအား ပထမဆုံးတွေ့ လိုက်စဉ်က သွေးကြွက်တူရွှေး၏ရယ်မောသံကို သူမမေ့ပါ။

ပထမအကြိမ် သွေးကြွက်တူရွှေးရယ်မောသံကြားမှ ဆိုးထိန်းထိဟင်းတစ်ယောက် သေဆုံးသွားသည်မဟုတ်ပါလော

ငှက်ဆိုသည်မှာ လူတဲ့သို့ရုပ်သွင်များအား ခွဲခြားမှ ရန် မလွယ်ပါ။

သို့သော် ယခု သူတွေ့ရှိခဲ့သော သွေးကြွက်တူရွှေးသည်



သူ ပထမဆုံးတွေ့ခဲ့ရသော သွေးကြွက်တူရွှေးပင်ဖြစ်သည်ဟု သူယုံကြည်လေသည်။

ဤသွေးကြွက်တူရွှေး အရောင်အဆင်းပုံသဏ္ဌာန်နှင့် ရယ်မောသံများသည် သူပထမဆုံးတွေ့ခဲ့သော သွေးကြွက်တူရွှေး နှင့်လုံးဝတူနေသည်ကို သူ တထစ်ချယုံကြည်လေသည်။

ဿဿဿ

ရယ်မောသံများသည် ရုတ်တရက် ရပ်တန့်သွားသည်။

သွေးကြွက်တူရွှေးသည် လူစကားပြောလာသည်။

လူတစ်ယောက်ပြောနေသည့်အတိုင်း ပြောနေခြင်းဖြစ်

"ကျုပ် အခုလိုနေရာမျိုး အခုလိုအချိန်မျိုး ရောက်လာ မယ်လို့ မင်းမထင်မိဘူး မဟုတ်လား"

သူ၏အသံသည် ခုနက ဝမ်းဖုန်းဟုခေါ်လိုက်သောအ နှင့် လုံးဝတူနေ၏။

ဤသို့ဆိုလျှင် သူကြားလိုက်ရသောအသံမှာ သွေးကြွက် ရွှေး၏ခေါ်သံပင် ဖြစ်နေလေသည်။

ဝမ်းဖုန်း၏ မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိတော့

ယခု သူသည် သွေးကြွက်တူရွှေးကို ထပ်မံတွေ့ရသည်

www.burmeseclassic.com

www.burmeseclassic.com



မှာ ဒုတိယအကြိမ်လော သို့မဟုတ် တတိယအကြိမ် ဖြစ်ချေလော။

သူကိုယ်တိုင်ပင် ဝေခွဲ၍မရတော့ချေ။

ꩰ ꩰ ꩰ

ဝမ်းဖုန်းသည် သွေးကြက်တူရွှေးအား စေ့စေ့ကြည့်နေ၏။

မီးတောက်မီးလျှံများသည် အရိုးစုများအား စတင်၍ ကူးစက်လောင်ကျွမ်းနေပြီ ဖြစ်သည်။

မီးရောင်များသည် သူ၏ကိုယ်ပေါ်သို့ဟပ်နေသဖြင့် ပူစပ်နာကျင်သည့်ဝေဒနာများ ခံစားလိုက်ရလေသည်။

သူသည် အံကိုတင်းတင်းကြိတ်ပြီး. . .

"မင်းက သွေးကြက်တူရွှေးအစစ် ဟုတ်လား"

သွေးကြက်တူရွှေးက. . .

"ဟုတ်တယ်လေ"

ဝမ်းဖုန်းက. . .

"မင်းက ဘာဖြစ်လို့ ဒီလိုအချိန်မျိုးမှာ ဒီလိုနေရာ ရောက်လာရတာလဲ"

သွေးကြက်တူရွှေးက. . .

"ဒါကတော့ မင်း ဒီအချိန်ဒုက္ခရောက်နေတယ်. . . ဒီ



နေရာမှာဒုက္ခရောက်နေလို့ ကျုပ်ရောက်လာရတာပေါ့"

ဝမ်းဖုန်းက. . .

"မင်းစကားကြားရတာ မင်းဟာ အဖြစ်အပျက်တွေကို ကြိုတင်သိထားတဲ့ငှက်တစ်ကောင် ဖြစ်နေသလိုပဲ"

သွေးကြက်တူရွှေးက. . .

"မင်းလေသံကြားရတာ ငါလာတာကို မကျေနပ်သလို ဘဲ"

ဝမ်းဖုန်းက. . .

"ကျုပ်က ကျေနပ်ပါတယ်. . . ဝမ်းသာလွန်းလို့တောင် ထခုန်မတတ်ဖြစ်သွားပါတယ်"

သွေးကြက်တူရွှေးက. . .

"အပေါ်ကိုခုန်တက်ဖို့ စိတ်မကူးဘူးလား"

ဝမ်းဖုန်းက. . .

"သိပ်ပြီး စိတ်ကူးတာပေါ့. . . အပေါ်ရောက်အောင် သာခုန်နိုင်ရင် ဒီအချုပ်ခန်းထဲက ထွက်နိုင်မှာပေါ့"

သွေးကြက်တူရွှေးက. . .

"မင်း ဒီနေရာက ထွက်ခွာသွားချင်လို့လား"

ဝမ်းဖုန်းက. . .

"ရူးတဲ့လူကသာ ဒီနေရာမှာနေချင်မှာပျ"

သွေးကြက်တူရွှေးက. . .

"မင်းမရူးဆိုတာ ငါသိပါတယ်"

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ငါမရူးလို့လဲ မင်းဟာ ငါ့ကိုပေးမယ့် ဆန္ဒတစ်ခုကျန်သေးတယ်ဆိုတာ မှတ်မိထားတာပေါ့"

သွေးကြွက်တူရွှေးက. . . .

"မင်းရဲ့ပထမဆုံးလိုအင်ဆန္ဒက ဘာတဲ့လဲ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ငါပြောဖို့လိုသေးသလားကွ"

သွေးကြွက်တူရွှေးက. . . .

"ကျုပ်သိပြီ. . . မင်းပထမဆုံးလိုချင်တဲ့ လိုအင်ဆန္ဒဟာ ဒီနေရာကအမြန်ဆုံး ထွက်ခွာသွားချင်တယ် မဟုတ်လား"

ဝမ်းဖုန်းက. . . .

"သိပ်ဟုတ်တာပေါ့"

သွေးကြွက်တူရွှေးက. . . .

"ဒါဖြင့် မင်းရဲ့ဆန္ဒကို ငါဖြည့်စွက်ပေးလိုက်ပါ့မယ်ကွာ"

သူစကားဆုံးသွားသည်နှင့် ကြိုးတစ်ချောင်းသည် ထိုအပေါက်မှချလိုက်လေသည်။

ဝမ်းဖုန်းသည် ဝေးငိုင်၍သွားလေသည်။

* * *



သွေးကြွက်တူရွှေးသည်(၇)နှစ်တစ်ကြိမ် လူ့ပြည်ကိုဆင်းလာသည်။

သူက လူ့ပြည်ကို ဆင်းသက်လာတဲ့အခါတိုင်း လိုအင်ဆန္ဒသုံးခုကို ယူဆောင်လာလေသည်။

သူ့ကို ပထမဆုံးတွေ့သောသူသည် သူ့ထံမှ လိုအင်ဆန္ဒသုံးခု ရရှိနိုင်လေသည်။

ထိုလိုအင်ဆန္ဒသုံးခုသည် မည်သည့် လိုအင်ဆန္ဒသုံးခုဖြစ်နေပါစေ တကယ့်လက်တွေ့ ဖြည့်စွက်ပေးလေသည်။

ယင်းအကြောင်းများကို ပုံပြင်တစ်ခုဟု ဝမ်းဖုန်းက ထင်မှတ်ခဲ့သည်။

သို့သော် သူကိုယ်တိုင် ရင်ဆိုင်တွေ့ကြုံရသောအခါ ထိုအကြောင်းအရာများသည် ပုံပြင်မဟုတ်ဘဲ တကယ့်လက်တွေ့

www.burmeseclassic.com



ဖြစ်သည်ကို သူတွေ့ခဲ့ရလေသည်။

ယခုတောင်းဆိုလိုက်သောလိုအင်ဆန္ဒသည် လက်တွေ့ တွေ့မြင်လိုက်ရသည် မဟုတ်ပါလော။

သူသည်ချပေးလိုက်သောကြိုးအား တင်းကျပ်စွာ ဆွဲလိုက်သည်။

ဟုတ်ပါ၏။ တကယ့်ကြိုးအစစ်ပင်ဖြစ်သည်။

ဝမ်းဖုန်းသည် ဝမ်းသာအံ့ဩသွားသည်။

ငှက်ကျွန်အား လက်တစ်ဖက်ဖြင့် ပွေ့ချီလိုက်ပြီး သူ၏ ခန္ဓာကိုယ်သည် အပေါ်သို့ခုန်တက်လိုက်ပြီး ကြိုးအားဖမ်းဆွဲထားလိုက်လေသည်။

ထို့နောက် ခြေနှစ်ဖက်နှင့်လက်တစ်ဖက်ဖြင့် ယင်းကြိုးအား တွယ်ထားကာ ခေါင်းပေါ်ကအပေါက်မှ ထွက်ခဲ့လေသည်။

သေးကြွက်တူရွေးသည် ဝမ်းဖုန်းခုန်ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် ထိတ်လန့်ကာ ထပြန်သွားလေသည်။

ဝမ်းဖုန်းသည် အပေါ်သို့ရောက်ရှိသည်နှင့် သူ့ဓားကိုဆွဲထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်ထားလေသည်။

သို့သော် ထိုအနီးတစ်ဝိုက်တွင် လူသူတစ်စုံတစ်ယောက်မျှ မတွေ့ရပါချေ။



သူရောက်လာသောနေရာသည် မြေကွက်လပ်တစ်ခုဖြစ်သည်။

ထိုမြေကွက်လပ်တွင် အခန်းများရှိလေသည်။

ထိုအခန်းများမှာ ဟင်းများ သိုလှောင်ထားသောအခန်းနှင့် စားနပ်ရိက္ခာများ သိုလှောင်ထားသောအခန်းများ ဖြစ်လေသည်။

သူသည် အပေါ်သို့ရောက်ရှိလာသည်နှင့် သူထွက်လာသောအပေါက်သည် အလိုအလျောက် ပိတ်သွားသည်ကို တွေ့ရလေသည်။

အကယ်၍သာ ကိုယ်တိုင်တွေ့ကြုံခဲ့ခြင်း မဟုတ်ပါက ဤနေရာ၏အောက်တွင် အချုပ်ခန်းတစ်ခုရှိသည်ကို မည်သူကမျှ သိကြမည်မဟုတ်ပါ။

www.burmeseclassic.com

www.burmeseclassic.com



မိုးလင်းခါနီးပြီဖြစ်သည်။

သို့သော် အမှောင်ထုက လွှမ်းမိုးနေသေးသည်။

ကောင်းကင်ပေါ်၌ ကြယ်ကလေးများ ရှိနေသေးသည်။

လခြမ်းကလေးလဲ ရှိနေသေးသည်။

သို့သော် လခြမ်းသည် ကောင်းကင်တစ်ဖက်စွန်းသို့ ရောက်ရှိနေပြီဖြစ်သည်။

နံနက်ခင်း၏မြူခိုးမြူငွေ့များသည် အဝေးမှလွင့်ပျံ့လာလေ၏။

ဝန်းကျင်တစ်ခုလုံးသည် မြူခိုးမြူငွေ့များဖြင့် လွှမ်းခြုံထားလေသည်။

သွေးကြွက်တူရွေးသည် ခေါင်မိုးပေါ်၌ ရပ်လျက်ရှိနေ၏။



ဝမ်းဖုန်းသည် လက်တစ်ဖက်ဖြင့် ငှက်ကျွန်အား တင်းကျပ်စွာ ပွေ့ချီထားသည်။

သူ၏လက်တစ်ဖက်တွင် ဓားတစ်လက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

သူသည် ရန်သူအား အချိန်မရွေးတိုက်ခိုက်ရန် အသင့်ဖြစ်ထားလေသည်။

ဓားကလေးသည် အရောင်တဖိတ်ဖိတ်တောက်နေ၏။

သူ၏မျက်လုံးအစုံမှာလည်း ကောင်းကင်ပေါ်မှကြယ်ကလေးများကဲ့သို့ တောက်ပနေသည်။

✿ ✿ ✿

ကောင်းကင်ပေါ်မှ ကြယ်ကလေးများသည် ကျိုးတိုးကျဲကျဲ ဖြစ်နေလေသည်။

မြူခိုးမြူငွေ့များသည် အရာရာတိုင်းအား ဝိုးတိုးဝါးတားမြင်ကွင်းအဖြစ်သို့ ရောက်နေ၏။

မြူခိုးမြူငွေ့ကြားမှ လူတစ်ယောက်သည် တိတ်ဆိတ်စွာရပ်နေ၏။

ထိုလူ၏ကိုယ်ပေါ်၌ ဖုန်များမှာ အလိမ်းလိမ်းပေကျံနေသော်လည်း အဝတ်အစားများမှာမူ မင်းမှုထမ်းအဝတ်အစားများဖြစ်နေသည်ကို ခွဲခြား၍သိနိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းမှူထမ်း၏ အဝတ်အစားတန်ဆာပလာများသည် အာကာသပိုင်တို့၏ အရှိန်အဝါအား ဖော်ထုတ်ပြသည် မဟုတ်ပါလော။

ထိုလူ၏မျက်နှာပေါ်တွင် မင်းမှူထမ်း၏မာန်မာန လုံးဝမရှိပါ။

သူ၏တစ်ကိုယ်လုံးမှာ ဖင်ပန်းနွမ်းနယ်သည့် အရိပ်အယောင်များ ပေါ်လွင်နေ၏။

ထိုလူကား အချိန်အတော်ကြာအောင် ပျောက်ကွယ်နေသော စခန်းမှူးအန်ကူးဟိုပင် ဖြစ်လေသည်။

သူသည် ရှန်ရှောင်နှင့်အတူ ကြက်တူရွေးဂေဟာသို့ ရောက်ခဲ့သည့် ထိုညမှာပင် ပျောက်ကွယ်သွားသည်။

ယခု သူသည် ဤနေရာ၌ ပေါ်ထွက်လာပြန်လေသည်။

သူသည် တစ်ချိန်တုန်းက မည်သည့်နေရာသို့ရောက်နေပါသနည်း။

ယခု အဘယ်ကြောင့် ဤနေရာသို့ထွက်ပေါ်လာရပါသနည်း။

ဿဿဿ

လူတစ်ယောက်သည် အန်ကူးဟို၏ခြေရင်းတွင် ထလျှောင်းနေ၏။



အနီရောင်အဝတ်အစား. . . ဖြူဖွေးသောအသားအရေ. . . လှပသောမျက်နှာ. . . အချိုးအဆစ်ပြေပြစ်သောကိုယ်လုံးကိုယ်ထည် ရှိသည်။

လီတလျှံ. . .

သူမကား လီတလျှံပင်ဖြစ်လေသည်။

အန်ကူးဟို၏မျက်လုံးအစုံသည် လီတလျှံ၏ကိုယ်ပေါ်သို့မရောက်ပါ။

သူသည် ဝမ်းဖုန်း၏မျက်နှာပေါ်သို့ရောက်ရှိနေ၏။

သူ၏လက်နှစ်ဖက်တွင် ကြိုးစတစ်ခုကိုင်ထားသည်ကို တွေ့ရလေသည်။

ဿဿဿ

ဝမ်းဖုန်းသည် အချုပ်ခန်းထဲမှထွက်လာသည်နှင့် ထိုနေရာတွင် လူတစ်ယောက်ရပ်နေသည်ကို တွေ့ရှိရလေသည်။

သို့သော် ထိုလူမှာ အန်ကူးဟိုပင်ဖြစ်လိမ့်မည်ဟု သူမမျှော်လင့်ပါ။

သူသည် အန်ကူးဟိုအား ရန်သူတစ်ယောက်အနေဖြင့် စိုက်ကြည့်နေ၏။

သို့သော် အန်ကူးဟိုလက်ထဲတွင် ကြိုးကိုင်ထားသည်ကို တွေ့ရှိလိုက်သဖြင့် သူ၏မျက်နှာတွင် သံသယဖြစ်နေသည့်အရိပ်

www.burmeseclassic.com

www.burmeseclassic.com



အယောင်များ ပေါ်လွင်လာလေသည်။

သူတို့နှစ်ယောက်သည် စကားတစ်ခွန်းမှ မပြောကြပါ။

တစ်ယောက်မျက်နှာတစ်ယောက် ငေး၍ ကြည့်နေလေသည်။

တိတ်ဆိတ်ခြင်းသည် သူတို့နှင့်ပတ်ဝန်းကျင်တစ်ခုလုံးကို လွှမ်းမိုးထားလိုက်လေသည်။

ဿ ဿ ဿ

မည်မျှကြာသွားမှန်းမသိ ဝမ်းဖုန်းသည် သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . အန်ကူးဟိုကိုး"

အန်ကူးဟိုက အေးတိအေးစက်ဖြင့်. . . .

"ဟုတ်ပါတယ်. . . ဝမ်းဖုန်း"

ဝမ်းဖုန်းက. . . .

"ခင်ဗျားဖြစ်လိမ့်မယ်လို့ ကျုပ်မထင်ဘူးဗျ"

အန်ကူးဟိုက. . . .

"ခင်ဗျားမထင်မိတဲ့ကိစ္စတွေ အများကြီးရှိပါတယ်ဗျာ"

ဝမ်းဖုန်းက. . . .

"ကျုပ်ကို အခုလိုကယ်တင်ခဲ့တာ ခင်ဗျားလား. . . ကြက်တူရွေးလား"



အန်ကူးဟိုက. . . .

"ကြက်တူရွေးလို့လဲ ဆိုနိုင်တယ်. . . ကျုပ်လို့လဲ ဆိုနိုင်တယ်"

ဝမ်းဖုန်းက. . . .

"ကြက်တူရွေးက ခင်ဗျားကိုခေါ်လာလို့လား"

အန်ကူးဟိုက. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခုနစကားပြောတာ ခင်ဗျားကပြောလိုက်တာ ဟုတ်လား"

"ဒါကို ခင်ဗျားက မခွဲခြားတတ်ဘူးလား"

ထိုအသံသည် အန်ကူးဟို၏အသံ မဟုတ်ပါ။

အန်ကူးဟိုက ပါးစပ်ပိတ်ထားသည်။

ထိုအသံသည် ဝမ်းဖုန်း၏နောက်မှ ထွက်ပေါ်လာခြင်းဖြစ်သည်။

ဝမ်းဖုန်းက နောက်သို့လှည့်ကြည့်လိုက်သည်။

သွေးကြက်တူရွေးသည် တစ်ဖက်ခန်းခေါင်မိုးပေါ်၌ ရပ်နေသည်ကို တွေ့ရလေသည်။

သူသည် မချိပြုံးပြုံးလိုက်လေသည်။

သွေးကြက်တူရွေးက. . . .

"ကျုပ်ဟာ လက်ညှိုးတစ်သောင်းက ကျဆင်းလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



သွေးနဲ့ ဖြစ်ပေါ်လာတယ်ဆိုတာ ယုံကြည်ပါတယ်"

ဝမ်းဖုန်းက. . . .

"ကျုပ်မယုံဘူး. . . ဖြစ်လဲမဖြစ်နိုင်ဘူး"

သွေးကြက်တူရွေးက. . . .

"ဘာဖြစ်လို့မဖြစ်ရမှာလဲ"

သူသည် သွေးကြက်တူရွေးအား စိုက်ကြည့်လိုက်ပြီး . .

"မင်းဟာ သွေးကြက်တူရွေးဖြစ်တယ်. . . အခုလဲ လူ့စကားပြောတယ် ဟုတ်လား"

သွေးကြက်တူရွေးက. . . .

"မင်း နောက်ထပ်သေသေချာချာ နားထောင်လိုက်စမ်း"

သွေးကြက်တူရွေးသည် ယင်းသို့ပြောပြီးနောက် တောင်ပံခတ်ကာ ပျံသွားလေသည်။

သူသည် အန်ကူးဟိုထံသို့ ပျံသန်းသွားခြင်းဖြစ်သည်။

"မင်း သေသေချာချာ နားထောင်စမ်းပါ"

ထိုအသံသည် သူကြားလေ့ရှိသော သွေးကြက်တူရွေး၏အသံပင် ဖြစ်လေသည်။

သွေးကြက်တူရွေးသည် ခေါင်မိုးပေါ်ကဆင်းလိုက်ပြီး အန်ကူးဟိုထံသို့ ပျံသန်းလာလေသည်။

သို့သော် သူက ပျံသန်းလာခြင်းဖြစ်သော်လည်း စကားပြောသောအသံသည် တစ်ဖက်တံခါးပေါက်မှ ပေါ်ထွက်လာသည်ကို တွေ့ရလေသည်။



ဝမ်းဖုန်းသည် တံခါးပေါက်မှထွက်လာပြီး. . . .

"ဘယ်သူလဲဟေ့"

သူ့အသံဆုံးသွားသည်နှင့် လူတစ်ယောက်သည် ထိုတံခါးပေါက်မှ လှမ်းဝင်လိုက်လေသည်။

ဝမ်းဖုန်းက လှမ်းကြည့်လိုက်ရာ. . . .

ဖုတ်ကောင်. . . .

လူသေအလောင်းတစ်လောင်းပင်ဖြစ်သည်။

သို့သော် ထိုဖုတ်ကောင်အဖြစ် ပြောင်းလဲသေလူသေအလောင်းမှာ လူဆိုးထိန်းထိဟင်းဖြစ်သည်ကို အံ့သြစွာ တွေ့ရလေသည်။

❖ ❖ ❖

ထိဟင်း သေဆုံးသွားသည်မှာ (၁၀)ရက်မက ဖြစ်သည်။

သူ၏အလောင်းသည် ဖုတ်ကောင်ဖြစ်သည်ဟု အဆိုရှိကြသည်။

ယခု ထိဟင်းသည် လူသေအလောင်းမဟုတ်ပါ။

အရှင်လတ်လတ်လူတစ်ယောက်သာ ဖြစ်သည်။

သူသည် ဝမ်းဖုန်းထံသို့တစ်လှမ်းချင်း လှမ်းလာခဲ့ရာ ဝမ်းဖုန်းသည် တစ်ကိုယ်လုံး ကြောင်အမ်းအမ်းဖြစ်ပြီး ငေးငိုင်သွား

www.burmeseclassic.com

www.burmeseclassic.com



လေတော့သည်။

ဿဿဿ

ထိဟင်းသည် ဝမ်းဖုန်း၏ရှေ့ရောက်ရှိလာမှ ခြေလှမ်းရပ်တန့်သွားလေတော့သည်။

သူသည် ဝမ်းဖုန်းအား စိုက်ကြည့်နေလေသည်။

ဟန်မူရာကင်းမဲ့သောမျက်နှာသည် ပြုံးယောင်သန်းလာသည်။

သူ၏မျက်လုံးအစုံသည် ပျော့ပျောင်းရှိနေလေသည်။

ဝမ်းဖုန်းသည်ကျော့ချမ်းလာပြီး ငေးငိုင်ရှိနေလေသည်။

"မင်းက လူလား... ဖုတ်ကောင်လား"

သူ၏အသံသည် တုန်တုန်ယင်ယင်ဖြစ်နေ၏။

ထိဟင်က အဖြေမပေးပါ။

ဝမ်းဖုန်း၏လက်ကို ဆုပ်ကိုင်ထားလေသည်။

ဝမ်းဖုန်းကလည်း ရှောင်တိမ်းခြင်းမရှိဘဲ ထိဟင်းဆုပ်ကိုင်ထားသည်ကိုလည်း ရုန်းဖယ်ခြင်းမရှိပါ။

ထိဟင်း၏လက်သည် နွေးနွေးထွေးထွေးဖြစ်နေသည်။

သူ၏မျက်လုံးအစုံသည် မျက်ရည်များပင်ကျလာသည်ဟု ထင်ရလေသည်။

"ငါ့ညီ ဝမ်းဖုန်း... မင်းကို ဒီလောက်ကြာကြာ လိမ်း... ဘာကို ကျုပ်စိတ်မကောင်းပါဘူးဗျာ"



ယင်းအသံသည် ထိဟင်း၏အသံဖြစ်သည်ကို ကောင်းစွာ မှတ်မိသည်။

ယခု သူ့ရှေ့တွင်ရောက်နေသောထိဟင်းသည် ဖုတ်ကောင်မဟုတ်ဘဲ လူတစ်ယောက်ဖြစ်သည်ကို သူ ယုံကြည်လေသည်။

ဖုတ်ကောင်၏လက်သည် ယခုကဲ့သို့ နွေးနွေးထွေးထွေး ရှိမည် မဟုတ်ပါ။

ဖုတ်ကောင်သည် လူစကားပြောနိုင်မည် မဟုတ်ပါ။

"ချွမ်း..."

သူ့လက်ထဲမှဓားသည် အောက်သို့လွတ်ကျသွားသည်။

သူသည် ထိဟင်း၏လက်ကို ပြန်လည်ဆုပ်ကိုင်ထားလိုက်သည်။

"အစ်ကိုကြီး ခင်ဗျား မသေသေးဘူးနော်"

သူ၏အသံသည် စိတ်မာတ်တက်ကြွလာသဖြင့် တုန်ခါနေ၏။

ထိဟင်းက ပြုံးလိုက်သည်။

"မသေပါဘူးကွာ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါဖြင့် ဘယ်လိုဖြစ်သလဲဆိုတာ အမြန်ဆုံးပြောပြပါဗျာ ... ကျုပ်ဖြင့် ရူးတော့မယ်ဗျ"

www.burmeseclassic.com

www.burmeseclassic.com



ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ. . . ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်အားလုံးပြော ပြပါ့မယ်"

သူတို့သည် ဆုပ်ထားသောလက်များကို ပြန်လည်လွှတ် ကြလေသည်။

ထိဟင်းသည် လက်ကိုနောက်ပစ်ကာ လမ်းတစ်ပတ် လျှောက်လိုက်သည်။

ထို့နောက် သူသည်ခေါင်းကိုမော့၍ လေပူတစ်ချက်မှုတ် လိုက်လေသည်။

"မင်း ပင်လယ်ဂေဟာထဲဝင်ပြီး ပင်လယ်နဂါးကို သုတ် သင်ရှင်းလင်းတဲ့အချိန်ကစပြီး မင်းဟာ အမှန်တရားကိုလိုလား တဲ့ ဓားသမားတစ်ယောက်ဖြစ်တယ်ဆိုတာ ကျုပ် အကဲခတ်မိပါ တယ်၊ မင်းကို အမှန်အတိုင်းပြောပြဖို့ စိတ်ကူးမိပါတယ်"

ဝမ်းဖုန်းသည် သူ့အား ကြည့်လိုက်ပြီး. . . .

"ဒါဖြင့် ခင်ဗျားက ဘာဖြစ်လို့ ဖုံးကွယ်ထားရတာလဲ"

ထိဟင်းက. . . .

"ဒီလိုပါ လွန်ခဲ့တဲ့လေးနှစ်အချိန်ကစပြီး ကျုပ်တို့ဟာ ဘယ်သူ့ကိုမှ မယုံကြည်တော့ဘူးလို့ ဆုံးဖြတ်ထားလို့ပါ"

ဝမ်းဖုန်းက. . . .

"ကျုပ်တို့ဆိုတော့ ခင်ဗျားတစ်ယောက်ထဲ မဟုတ်ဘူး ပေါ့"



ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်တယ်. . . ကျုပ်တို့မှာ လူ(၁၃)ယောက် ရှိပါ တယ်"

ဝမ်းဖုန်းက. . . .

"အဲဒီ(၁၃)ယောက်က ဘယ်သူများပါလိမ့်"

ထိဟင်းက. . . .

"ကျေးကျွန်(၁၂)ယောက်ရယ်. . . မင်းသမီးတစ် ယောက်လဲပါပါတယ်"

ဝမ်းဖုန်းက ကြောင်အမ်းအမ်းဖြစ်သွားသည်။

"မင်းသမီး ဟုတ်လား"

ထိဟင်း၏မျက်လုံးအစုံသည် ဝမ်းဖုန်း ပွေ့ချီထားသော ငှက်ကျွန်ထံသို့ ရောက်ရှိသွားသည်။

"မင်း အခုပွေ့ချီထားတဲ့ မိန်းကလေးဟာ မင်းသမီးပါပဲ"

ဝမ်းဖုန်းက အံ့အားသင့်သွားလေသည်။

"ဗျာ. . . သူက မင်းသမီးဟုတ်လား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . သူက ရွှေမင်းသမီးအစစ်ပါ"

ဝမ်းဖုန်းသည် ငှက်ကျွန်အား ပွေ့ချီထားသောလက်တစ် ဖက်သည် အင်အားကုန်ခန်းသွားသည်ဟု ထင်မိလေသည်။

"ဒါ. . . ဒါဖြင့် ကျန်တဲ့ငှက်ကျွန်(၁၂)ယောက်ကော"

ထိဟင်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီ(၁၂)ယောက်ဟာ ကြက်တူရွေးရဲ့အဖွဲ့သားတွေပါ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ကြက်တူရွေးကော"

ထိဟင်းမျက်လုံးအစုံသည် ပြန်လည်ပိတ်သွားသော အချုပ်ခန်းသို့ ရောက်ရှိသွားသည်။

"ကြက်တူရွေးဆိုတာ မြို့စားကြီးဂေဟာရဲ့ ကိုယ်ရံတော်ခေါင်းဆောင် ကျုပ်တို့နဲ့အတူ မင်းသားလေးရဲ့လုံခြုံရေးကို တာဝန်ယူရပါတယ်"

ဝမ်းဖုန်းက. . . .

"နေပါဦး. . . ခင်ဗျားပြောတဲ့ မြို့စားဂေဟာဆိုတာ ဘယ်ကမြို့စားလဲ"

ထိဟင်က. . . .

"ချမ်းသာမြို့စားဂေဟာကို ပြောတာပါ"

ဝမ်းဖုန်းက ထိတ်လန့်တုန်လှုပ်သွားသည်။

"ဒါဖြင့် မင်းသားလေးဆိုတာ မြို့စားကြီးကိုဆိုလိုတာလား"

ထိဟင်းက မျက်နှာထားတည်ကြည်စွာဖြင့်. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းသည် ခေါင်းနပန်းကြီးသွားလေသည်။

ထိဟင်းက သူ့အား ရှင်းပြနေသော်လည်း သူက နားမလည်နိုင်သေးပါ။



သူသည် အနည်းငယ်စဉ်းစားလိုက်ပြီး. . . .

"ငှက်ကျွန်ဆိုတာ (၁၃)ယောက်ရှိတယ်"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ပထမတော့ (၁၃)ယောက်တိတိရှိတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် တစ်ယောက်က ဘယ်လိုဖြစ်တာလဲ"

ထိဟင်းက. . . .

"သူက သစ္စာဖောက်သွားတယ်လေ. . . သူ့ဆရာက ဒီလိုအဖွဲ့သားမျိုးကို မလိုချင်ဘူး။ ကျုပ်တို့ကလဲ ဒီလိုရဲဘော်မျိုးကို အသိအမှတ် မပြုတော့ဘူး"

ဝမ်းဖုန်းက. . . .

"သူက ဘယ်သူလဲ"

ထိဟင်းက မကျေနပ်သောအသံဖြင့်. . . .

"အဘိုးအိုသန်ကောင်ပါ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားလေသည်။

သူသည် ထိဟင်းအား စိုက်ကြည့်လိုက်ပြီး. . . .

"ဒါဖြင့် ခင်ဗျားကလဲ ငှက်ကျွန်တစ်ယောက်ပေါ့"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကျုပ်က အမှတ်စဉ်(၈)ပါ"

www.burmeseclassic.com

www.burmeseclassic.com



အန်ကူးဟိုက ကြားဖြတ်လိုက်သည်။

"ကျုပ်က အမှတ်စဉ် (၆)ပါ"

ဝမ်းဖုန်းသည် အန်ကူးဟိုအား လှည့်ကြည့်လိုက်သည်။

"ခင်ဗျားပြောတာမှန်တယ်. . . ကိစ္စအတော်များများဟာ ကျုပ်မသိတာ အမှန်ပဲ"

အန်ကူးဟိုက. . . .

"အခြားငှက်ကျွန်တွေကို ခင်ဗျား တွေ့မြင်ခဲ့ရပါတယ်"

ဝမ်းဖုန်းက. . . .

"ဟုတ်လား. . . ပြောပြစမ်းပါဦး"

အန်ကူးဟိုက. . . .

"ဝေ့ချီလုံ. . . ဘာဘာကန်း. . . သမားတော်ကြီးလျှိုဆေချိ. . . နောက်ပြီး ကိုရီတို့ကို ခင်ဗျားတွေ့ခဲ့တယ် ဟုတ်လား"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားလေသည်။

"ဗျာ. . . ကိုရီနဲ့လျှိုပေချိတို့ကလဲ ငှက်ကျွန်(၁၃)ယောက်ထဲမှာ အကုန်ပါတယ် ဟုတ်လား"

အန်ကူးဟိုက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်ပြီး ထိဟင်းဘက်သို့လှည့်လိုက်သည်။

"ဒါကြောင့် လျှိုပေချိက ခင်ဗျားကို ဗိုက်ခွဲပြီးမစစ်ဆေးတာကိုး"



ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်က တကယ်သေတာမှမဟုတ်ဘဲ. သူက ဘာဖြစ်လို့ဗိုက်ခွဲရမှာလဲ"

ဝမ်းဖုန်းသည် ထိဟင်းအား ခြေဆုံးခေါင်းဆုံး အကဲခတ်လိုက်သည်။

"ကျုပ်က အံ့ဩနေတယ်ဗျာ"

ထိဟင်းက. . . .

"ကျုပ် ဘာဖြစ်လို့ သေပြီးမှ ပြန်ရှင်တယ်ဆိုတာ အံ့ဩနေတယ် ဟုတ်လား"

ဝမ်းဖုန်းက. . . .

"ဟုတ်တယ်. . . ကျုပ်ကိုယ်တိုင် ခင်ဗျားရဲ့အလောင်းကို အလောင်းထားတဲ့အခန်းထဲ လိုက်ပို့တယ်၊ အဲဒီအချိန်မှာ ခင်ဗျားသေသွားပြီလို့ ထင်နေတယ်"

ထိဟင်းက ပြုံးလိုက်သည်။

"ဒါကတော့ ဒီလိုရှိပါတယ်. . . မင်းစဟယ . . . ကျုပ်သေပြီလို့ ယူဆထားလေတော့ သံသယမဖြစ်ဘူးပေါ့"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"မဖြစ်နိုင်သေးဘူးဗျာ. . . ခင်ဗျားအလောင်းဟာ အလောင်းထားတဲ့အခန်းက ထွက်လာပြီးတဲ့နောက် ချက်ချင်း မင်းရဲ့အလောင်းကိုထည့်ပြီး အဖုံးကိုပိတ်တယ် မဟုတ်လား၊ ခင်ဗျားအတ်ကောင်ဖြစ်ပြီး ခေါင်းထဲကထွက်သွားတာ အနည်းဆုံး(က)

www.burmeseclassic.com



ရက် ကြာတယ်၊ အဲဒီ(၈)ရက်မှာ ရေလဲမသောက်. . . အစားလဲ မစားဘူးဆိုရင် အသက်ရှင်တဲ့လူတစ်ယောက်ဟာ သေသွားနိုင်တယ်"

သူသည် ခေါင်းကိုတွင်တွင်ခါယမ်းလိုက်ပြီး စကားဆက်လိုက်သည်။

"နောက်ပြီး အဲဒီရက်များမှာဆိုရင် ကျုပ်က ခေါင်းထဲမှာ အမြဲရှိနေတယ်၊ မင်း အသံလဲမကြားဘူး. . . မင်းလှုပ်ရှားတာလဲ မတွေ့ဘူး. . . အဲဒါ ဘယ်လိုဖြေရှင်းမလဲ"

ထိပ်ဟင်းက သူ့အား စိုက်ကြည့်လိုက်သည်။

"လောကပေါ်မှာ'ယူကား'ပညာရပ်ကို ခင်ဗျား ကြားဖူးသလား"

ဝမ်းဖုန်းက အနည်းငယ်စဉ်းစားလိုက်သည်။

"ကြားတော့ ကြားဖူးပါတယ်. . . ယူကားပညာဆိုတာ ပြည်မမှာရှိတဲ့ ပညာရပ်တစ်ခု မဟုတ်ဘူးထင်တယ်"

ထိပ်ဟင်းက ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး"

ဝမ်းဖုန်းက. . . .

"ဒီပညာဟာ အရှေ့တိုင်းက သိုင်းပညာတစ်ခုရဲ့ ပညာရပ်လို့ ကြားဖူးပါတယ်"

ထိပ်ဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ဒီပညာဟာ ကျုပ်တို့အရှေ့တိုင်းက



ရောက်ရှိလာတဲ့ ပညာတစ်ခုပါ"

ဝမ်းဖုန်းက. . . .

"နေပါဦး. . . ဒါနဲ့ခင်ဗျားသေတာနဲ့ ဘယ်လိုများပတ်သက်နေလို့လဲ"

ထိပ်ဟင်းက. . . .

"ကျုပ် အသက်(၅)နှစ်ကစပြီး 'ယူကား'ပညာကို လေ့ကျင့်ခဲ့ပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားကိုယ်ခင်ဗျား 'ယူကား'ပညာကို ကျွမ်းကျင်တဲ့ လူတစ်ယောက်လို့ ဆိုချင်တာလား"

ထိပ်ဟင်းက. . . .

"ဟုတ်ပါတယ်. . . ဒီလိုပဲ သဘောပေါက်စေချင်ပါတယ်"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

"အခု ခင်ဗျားပြောနေတာ တစ်ခုမှနားမလည်ဘူးဗျ"

ထိပ်ဟင်းက စိတ်ရှည်လက်ရှည်ရှင်းပြလိုက်သည်။

"ယူကားပညာနဲ့ပတ်သက်ပြီး တချို့လူတွေက မျက်လှည့်ပညာလို့ မှတ်ကြတယ်၊ အမှန်တော့ ယူကားပညာဟာ မျက်လှည့်ပညာ မဟုတ်ပါဘူး၊ သူတို့က မျက်လှည့်ပညာလို့ထင်ရတာ အကြောင်းရှိပါတယ်၊ ဘာဖြစ်လို့လဲဆိုရင် လူတစ်ယောက်ဟာ ယူကားပညာကို တော်တော်အဆင့်မြင့်တတ်ထားရင် သူ့ရဲ့ခန္ဓာ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်စွမ်းအင်ဟာ သာမန်လူတစ်ယောက်ထက် ထူးခြားသွား
တယ်"

သူသည် စကားကိုခေတ္တရပ်နားပြီးမှ ဆက်လိုက်ပြန်လေသည်။

"ယူကားပညာရှင်တစ်ယောက်ဟာ သာမန်လူတစ်ယောက်မခံနိုင်တဲ့ ဝေဒနာကို ခံနိုင်တယ်၊ သာမန်လူတစ်ယောက်မလုပ်နိုင်တဲ့ အလုပ်ကိုလုပ်နိုင်တယ်. . . အလွန်ထူးခြားပြီး အံ့ဩစရာကောင်းတဲ့ လုပ်ရပ်တွေလဲ လုပ်နိုင်တယ်ဗျ"

ဝမ်းဖုန်းက တိတ်ဆိတ်စွာ နားထောင်နေ၏။

"ဒီသေချင်ဟန်ဆောင်ကာလဲ ဒီယူကားပညာရပ်ထဲက တစ်မျိုးပါပဲ"

ဤစကားကို သူ၏နှုတ်မှပြောလိုက်ခြင်းဖြစ်သည်။

တစ်ဆက်တည်းမှာပင်. . . .

"ဝမ်းဗိုက်က စကားပြောတာကလဲ ယူကားပညာရဲ့ပညာရပ်တစ်မျိုးပါပဲ"

ထိုစကားသည် သူ၏နှုတ်မှပြောခြင်းမဟုတ်ပါ။ သူ၏ပါးစပ်သည် ပိတ်ထား၏။

ထိုစကားမှာ သူ၏ ခန္ဓာကိုယ်အတွင်းမှ ထွက်ပေါ်လာခြင်း ဖြစ်လေသည်။

ဝမ်းဗိုက်ဖြင့် စကားပြောခြင်းသည် အလွန် ထူးဆန်းအံ့ဖွယ်ရာ ကောင်းသည်။



ထိုအသံကို ကြားလိုက်ရသောအခါ ဝမ်းဖုန်းသည် သွေးကြက်တူရွေးအား သတိရလာလေသည်။

ယင်းစကားသံသည် သွေးကြက်တူရွေး၏ အသံမျိုးပင်ဖြစ်နေ၏။

ဝမ်းဖုန်း၏ မျက်လုံးအစုံသည် ပြူးကျယ်၍သွားလေ၏။

ထိဟင်းသည် နှုတ်ဖြင့် စကားပြောလိုက်ပြန်သည်။

"မင်းကြားခဲ့တဲ့ သွေးကြက်တူရွေးရဲ့စကားသံတွေဟာ ကျုပ်က ဝမ်းဗိုက်နဲ့ပြောလိုက်တဲ့ စကားတွေပါပဲ"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

ထိဟင်းက ဆက်၍ရှင်းပြလိုက်ပြန်သည်။

"ငါသေဆုံးသွားတာကို မင်းတွေ့လိုက်တာပါ. . . အမှန်မှာ ကျုပ်က သေချင်ဟန်ဆောင်တဲ့ပညာကို အသုံးပြုလိုက်တာပါပဲ"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်ပြန်လေသည်။

ထိဟင်းက. . .

"ကျုပ် သေချင်ဟန်ဆောင်တဲ့ အချိန်ကာလအတွင်းမှာ ဘာကိုမှ စားစရာမလိုဘူး၊ နောက်ပြီး ပါးစပ်နဲ့နှာခေါင်းကိုသုံးပြီး အသက်ရှူစရာ မလိုဘူး၊ တစ်ကိုယ်လုံး တောင့်တင်းနေပေမဲ့ သတိတော့နည်းနည်းရှိတယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ခင်ဗျားက ဘာဖြစ်လို့ ကျုပ်ရှေ့မှာ သေချင်ဟန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ရတာလဲ"

ထိဟင်းက. . . .

"အဲဒီအချိန်မှာ လူတစ်ယောက်က ကျုပ်တို့ စောင့်ကြည့်နေတာကွ၊ ဒါကြောင့် ကျုပ်က ဒီပညာကို အသုံးပြုလိုက်ရတာပါပဲ"

ဝမ်းဖုန်းက. . . .

"အဲဒီလူက ဘယ်သူလဲ"

ထိဟင်းက. . . .

"အာကာသသား ဝမ်းထုံပါ"

ဝမ်းဖုန်းမှာ အံ့အားသင့်သွားသည်။

"ဒီလူက လူဆိုးထိန်းမှုန်ရှောင်ရဲ့ လက်အောက်ငယ်သား (၁၃)ယောက်ထဲက တစ်ယောက်အပါအဝင်ဖြစ်တယ်ဆိုတာ ကျုပ်မှတ်မိတယ်ဗျ"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . မင်း မှတ်ဉာဏ်မဆိုးပါဘူး"

ဝမ်းဖုန်းသည် ဆိတ်ဆိတ်နေလိုက်လေသည်။

အတန်ကြာမှ သူက သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"အဲဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို အစအဆုံး ပြောပြနိုင်မလားဗျာ"

ထိဟင်းက. . . .



"ပြောပြပါ့မယ်"

ဝမ်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

"ခင်ဗျားက အလွယ်တကူ ကတိပေးနေပါလားဗျာ"

ထိဟင်းက ပြုံးလိုက်သည်။

"ဟုတ်ပါတယ်. . . အဖြစ်လို့လဲဆိုရင် ကျုပ်တို့လူတွေဟာ မင်းရဲ့မိတ်ဆွေ ဖြစ်လာကြတော့မှာမို့ပါ"

သူသည် စကားကိုခေတ္တရပ်လိုက်ပြီးမှ. . . .

"အခုဆက်ပြီး မင်းကိုဖုံးကွယ်ထားဦးမယ်ဆိုရင် ကျုပ်တို့ ဘယ်စိတ်တောင်းနိုင်ပါ့မလဲဗျာ"

ဝမ်းဖုန်းက. . . .

"ဒါဖြင့်လဲ မြန်မြန်ပြောပြပါလားဗျာ"

ထိဟင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒီအကြောင်းကိုပြောရမယ်ဆိုရင် လွန်ခဲ့တဲ့ (၇)နှစ်တုန်းကစပြီး ပြောပြရလိမ့်မယ်"

သူသည် အဝေးသို့လှမ်းကြည့်ရင်း စကားဆက်လိုက်လေသည်။

"လွန်ခဲ့တဲ့(၇)နှစ်တုန်းက ကျုပ်တို့ဟာ အရှေ့တိုင်းနယ်ခြားမှာ ရှိကြပါတယ်၊ အခုဘုရင်ကို ကျုပ်တို့က သစ္စာမခံကြသေးပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မှာ ကိုယ့်နိုင်ငံရှိတယ်၊ ကိုယ်ပိုင်တဲ့နယ်မြေရှိတယ်၊ ကျုပ်တို့နိုင်ငံမှာ နတ်ကိုးကွယ်ကြတယ်. . . မင်းသားလေးကိုလဲ ကျုပ်တို့က အကြည်ညိုဆုံး နတ်တစ်ဆူဖြစ်တယ်၊ ကျုပ်တို့က ကျုပ်တို့ဘုရင်ကို အလွန် ကြည်ညိုလေးစားကြပါတယ်၊ ဒါကြောင့်လဲ ကျုပ်တို့ဘုရင်ကို မင်းသားလေးလို့ ခေါ်ကြပါတယ်၊ နတ်ဘီလူးတစ်သိန်း သွေးစက်တစ်သိန်းက စုပေါင်းပြီး သွေးကြက်တူရွေးတစ်ကောင် ဖြစ်လာတယ်ဆိုတဲ့ပုံပြင်ကို အစွဲပြုပြီး ကျုပ်တို့ဘုရင်ရဲ့လုံခြုံရေးကို တာဝန်ယူ စောင့်ရှောက်ကာကွယ်ရတဲ့ ကိုယ်ရံတော်ခေါင်းဆောင်ကို 'သွေးကြက်တူရွေး'လို့ ခေါ်ပါတယ်၊ သူ့ရဲ့ တပ်ဖွဲ့ဝင်များကိုလည်း 'ငှက်ကျွန်'လို့ ခေါ်ကြတယ်၊ ဒီလိုခေါ်ရတာဟာ ကျုပ်တို့နိုင်ငံရဲ့ ဓလေ့တစ်ခုပါပဲ၊ ကျုပ်တို့နိုင်ငံဟာ အလွန်သေးငယ်တဲ့ နိုင်ငံတစ်ခု ဖြစ်ပါတယ်"



"ကျုပ်တို့နိုင်ငံဟာ နတ်ကိုကိုးကွယ်ပေမဲ့ တိုင်းသူပြည်သားများမှာ ငြိမ်းချမ်းသာယာဘာကိုပဲ ချစ်မြတ်နိုးကြပါတယ်၊ တိုင်းပြည်က ချမ်းသာတဲ့အတွက် ကျုပ်တို့နိုင်ငံကို ငြိမ်းချမ်းသာယာတဲ့နိုင်ငံလို့ခေါ်ပါတယ်၊ ကျုပ်တို့ဘုရင်ကိုလဲ ချမ်းသာဘုရင်လို့ခေါ်ကြပါတယ်၊ ပြည်မဘုရင်ကြီးဟာ အင်အား အလွန်ကြီးမားပါတယ်၊ အနီးတဝိုက်မှာရှိနေတဲ့ နိုင်ငံကလေးတွေအားလုံးဟာ သစ္စာတော်ခံကြပါတယ်၊ ကျုပ်တို့ဘုရင်ကလဲ လေးစားကြည်ညိုပြီး သစ္စာတော်ခံပါတယ်၊ ဒါကြောင့် နေပြည်တော်ကို ပြောင်းရွှေ့လာပြီး ငြိမ်းချမ်းဂေဟာတစ်ခု တည်ဆောက်ပြီး နေထိုင်ပါတယ်၊ ပြည်မဧကရာဇ်ဘုရင်က ကျုပ်တို့ဘုရင်ကို ချမ်းသာမြို့စားကြီး ရာထူးကို ပေးပါတယ်၊ ဒါကြောင့် ချမ်းသာမြို့စားဂေဟာလို့ အများက အသိအမှတ်ပြုထားကြပါတယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကျုပ်ကို ပြည်သူပြည်သားများက ကန့်ကွက်ခြင်းမရှိပါဘူး၊ ဒါပေမဲ့ နန်းတွင်းထဲမှ လူတစ်ယောက်သာ ဒီကိစ္စနဲ့ပတ်သက်ပြီး အကြီးအကျယ် မကျေမနပ်ဖြစ်ခဲ့ပါတယ်၊ အဲဒီလူကတော့ ကျုပ်တို့ဘုရင်ရဲ့ အချစ်ဆုံးနဲ့ မိဖုရား(၄)ယောက်အနက်က တစ်ယောက်ဖြစ်ပါတယ်၊ သူကတော့ အခု လိကလျံဖြစ်ပါတယ်"

ઊ ઊ ઊ

တီဟင်းသည် စကားကို ခေတ္တရပ်တန့်လိုက်ပြီး သူ၏

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံသည် မြေပေါ်တွင်လဲကျနေသော လိတလျှံထံသို့ ရောက်ရှိသွားသည်။

ထို့နောက် သူက စကားဆက်လိုက်ပြန်သည်။

"အမှန်ပြောရမယ်ဆိုရင် လိတလျှံဟာ မင်းမျိုးမင်းနွယ်ထဲက မဟုတ်ပါဘူး၊ တောသူတောင်သားရဲ့ သမီးတစ်ယောက်ဖြစ်ပါတယ်၊ ဒါပေမဲ့ ငွေကို အလွန်မက်တဲ့ အမျိုးသမီး တစ်ယောက်ပါ"

သူသည် သက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်ပြန်သည်။

"သူ မိဖုရားဖြစ်ပြီးတဲ့နောက်ပိုင်းမှာ သူ့ကို သစ္စာခံမဲ့လူများကို စုဆောင်းထားပါတယ်၊ ဒါပေမဲ့ ကျုပ်တို့ ကြက်တူရွေးကိုယ်ရံတော်က အင်အားကောင်းနေတော့ သူက ဘာမှမလုပ်ရဲဘဲ ငြိမ်ငြိမ်ကလေးနေခဲ့ပါတယ်"

ဝမ်းဖုန်းက တိတ်ဆိတ်စွာ နားစွင့်နေ၏။

ထိဟင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ကျုပ်တို့ဘုရင်က နေပြည်တော်ကို ပြောင်းလာတဲ့ အခါမှာ ရွှေငွေရတနာများကို တပါတည်း သယ်ခဲ့တာကို သူက မကျေနပ်ဆုံးဖြစ်ပါတယ်၊ ဒါကြောင့်လဲ သူဟာ သူ့ရဲ့အကြံအစည်ကို အကောင်အထည်ဖော်တော့တာပဲ"

ဝမ်းဖုန်းက. . . .

"သူက ဘယ်လိုကြံစည်လိုက်တာလဲ"



ထိဟင်းက. . . .

"ဒီလိုပါ. . . ညတစ်ညမှာ သူက ကျုပ်တို့ဘုရင်ကို စိတ်ပညာနဲ့ညို့ပြီး စာတစ်စောင်ရေးခိုင်းပါတယ်"

ဝမ်းဖုန်းက. . . .

"ဘာတွေ ရေးခိုင်းတာလဲ"

ထိဟင်းက. . . .

"အဲဒီစာထဲမှာ ကျုပ်တို့ဘုရင်ဟာ ကေရာဇ်ဘုရင်ကို ဘကယ့်သစ္စာတော်ခံချင်လို့မဟုတ်ဘဲ အနီးကပ်ပြီး လုပ်ကြံဖို့ဆိုတဲ့ အကြောင်းတွေ ရေးထားပါတယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ဒီစာတစ်စောင်နဲ့သူက ဘာလုပ်နိုင်မှာလဲ"

ထိဟင်းက. . . .

"လုပ်နိုင်တာပေါ့. . . ဒီစာဟာ ကျုပ်တို့ဘုရင်ရဲ့ လက်ရေးဖြစ်တယ်၊ နောက်ပြီး ဘုရင်ရဲ့တံဆိပ်တုံးလဲ ခပ်နှိပ်ထားတယ်ဆိုတော့ ဒီစာကို ကေရာဇ်ဘုရင်လက်ထဲ ရောက်သွားရင် ကျုပ်တို့ဘုရင်သာမက ကျုပ်တို့တိုင်းသူပြည်သားအားလုံး ဒုက္ခရောက်သွားနိုင်ပါတယ်"

ဝမ်းဖုန်းက. . . .

"ကေရာဇ်ဘုရင်ဟာ ဒီစာကိုတွေ့လိုက်တာနဲ့ သံသယဖြစ်မှာပေါ့"

ထိဟင်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ်. . . ဒါပေမဲ့ ဘယ်သူက ကျုပ်တို့ဘုရင်ဘက်က ရပ်တည်မှာလဲ၊ ကျုပ်တို့ဘုရင်က အလွန်ချမ်းသာကြွယ်ဝတယ်ဆိုတော့ တချို့ ဝန်ကြီးတွေကတောင် မနာလိုဝန်တို ဖြစ်နေကြတယ် မဟုတ်လား၊ ဒီကိစ္စနဲ့ပတ်သက်ပြီး သူတို့က မှန်မှန်ကန်ကန် ပြောမှာမဟုတ်ဘူး"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဒါလဲ ဟုတ်ပါတယ်"

ထိဟင်းက. . . .

"ဒါကြောင့် ကျုပ်တို့ဘုရင် သတိရလာတဲ့အခါမှာ ဒီစာကိုပြန်ရဖို့ ကြိုးစားရတာပေါ့၊ ဒါပေမဲ့ အဲဒီစာဟာ လိတလျှံလက်ထဲမှာ မရှိတော့ပါဘူး၊ ဒါ့အပြင် လိတလျှံဟာ သူ့ရဲ့သစ္စာတော်ခံများကို စုစည်းပြီး ဘုရင်ကို အကျယ်ချုပ် ချုပ်ထားတော့တာပဲ"

ဝမ်းဖုန်းက. . . .

"ဒီကိစ္စနဲ့ပတ်သက်ပြီး ခင်ဗျားက သံသယ ဖြစ်မလာဘူးလား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ကျုပ်တို့သိလိုက်တဲ့အချိန်မှာ ဘုရင်ရဲ့အသက်ဟာ လိတလျှံ လက်ထဲမှာရှိနေပါတယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့် ခင်ဗျားတို့က ဘုရင့်အသက်ကို စိုးရိမ်တဲ့အတွက် သူနဲ့ဆွေးနွေးရတယ်ဆိုပါတော့"



ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်က သူနဲ့သွားဆွေးနွေးတဲ့အခါမှာ သူက သူ့ရဲ့လိုလားချက်ကို တောင်းဆိုတော့တာပါပဲ"

ဝမ်းဖုန်းက. . . .

"သူက ဘာတွေတောင်းဆိုတာလဲ"

ထိဟင်းက. . . .

"ဘဏ္ဍာတိုက်ထဲက ရတနာတွေအားလုံးကို သူ့လက်ထဲအပ်ရမယ်လို့ ပြောပါတယ်"

ဝမ်းဖုန်းက. . . .

"ဒီအမျိုးသမီးက အတော်ကြောက်စရာကောင်းလောက်အောင် လောဘကြီးတာပဲဗျာ"

ထိဟင်းက. . . .

"ဒါတင် ဘယ်ကဦးမလဲ. . . သူက ဒီကိစ္စကို ဘယ်တော့မှ အရေးမယူရဘူး၊ ထုတ်ဖော်လဲမပြောရဘူးလို့ ကတိပေးမှ သူက ဘုရင်ကိုပြန်လွှတ်မယ်၊ ဘုရင်ရေးပေးထားတဲ့စာကိုလဲ ပြန်ပေးမယ်လို့ ပြောပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့က ကတိပေးပြီးမှ သူ့ကိုအရေးယူမှာကို မကြောက်ဘူးလား"

ထိဟင်းက. . . .

"ကျုပ်တို့ဘုရင်အကြောင်းကို သူသိထားပါတယ်. . .

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်တို့ဘုရင်က ကတိတစ်ခုပေးလိုက်ရင် ဘယ်တော့မှ မဖျက်ဘူး"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ခင်ဗျားတို့က ဘာဆက်လုပ်ကြတာလဲ"

ထိဟင်းက. . . .

"အမှန်ပြောရမယ်ဆိုရင် ကျုပ်တို့ဘုရင်က အလွယ်တကူနဲ့ ကတိမပေးချင်ပါဘူး။ သူက အသက်အသေခံမှာပဲ၊ သူရေးတဲ့စာဟာ တခြားနေရာရောက်သွားလို့ သူက လက်မခံဘဲ မဖြစ်တော့လို့ပေါ့"

ထိဟင်းက သက်ပြင်းချပြီး. . . .

"သူ ဘယ်သူ့ဆီကိုပို့ထားတယ်ဆိုတာ မသိဘူး. . . ဒါပေမဲ့ တကယ့်လို့များ ကျုပ်တို့က သူ့ကိုဒုက္ခပေးရင် ဒီစာဟာ ဧကရာဇ်ဘုရင်နဲ့ ဝန်ကြီးတစ်ယောက်ဆီကို ရောက်သွားနိုင်တယ်လို့ သူကပြောတယ်"

"သူပြောတဲ့စကားကို ယုံရတာပေါ့"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် အဲဒီရတနာ သူ့လက်ထဲကို အပ်လိုက်တယ် ဆိုပါတော့"

ထိဟင်းက ခေါင်းခါယမ်းလိုက်သည်။

"အဲဒီရတနာကို သူ့လက်ထဲအပ်ဖို့ အလွန်ခက်ခဲတဲ့ ပြဿနာတစ်ခုနဲ့ ရင်ဆိုင်လာရတယ်"



ဝမ်းဖုန်းက. . . .

"ဘယ်လိုပြဿနာလဲ"

ထိဟင်းက. . . .

"ကျုပ်တို့ဘုရင်ရဲ့ ရတနာတွေထဲမှာ တချို့က ရတနာတွေကို ဧကရာဇ်ဘုရင်ကိုဆက်သဖို့ ရတနာရဲ့ အမျိုးအမည် ပုံသဏ္ဌာန်ကို ဧကရာဇ်ဘုရင်ရှေ့မှာ သံတော်ဦးတင်ထားပါတယ်၊ ဒါကြောင့် လိတလျှိုကိုပေးလို့ မရပါဘူး"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့က ဒီအကြောင်းကို သူ့ကိုပြောမပြဘူးလား"

ထိဟင်းက. . . .

"ပြောပြပါတယ်. . . ဒါပေမဲ့ သူက ဘယ်သူမှန်း မသိသေးဘူး"

ဝမ်းဖုန်းက. . . .

"ကျုပ်နားလည်ပါပြီ. . . ဒါကြောင့် ခင်ဗျားတို့က ကိုယ့်ရတနာတွေကို ကိုယ်ပြန်ပြီးခိုးရတဲ့ဘဝ ရောက်သွားတာပေါ့ဟုတ်လား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကျုပ်တို့က ဘယ်လိုမှ မတတ်နိုင်တဲ့နောက်ဆုံး ဒီနည်းကိုပဲ သုံးလိုက်ရပါတယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . ခင်ဗျားတို့ဒုက္ခကလဲ မသေးပါလားဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ထိဟင်းက စကားဆက်လိုက်သည်။

“ဒီကိစ္စကို ကျုပ်တို့က လျှို့ဝှက်ပြီး လှုပ်ရှားလိုက်ရတယ်၊ ဒီကိစ္စကိုသိထားတဲ့လူနဲ့ ပါဝင်လှုပ်ရှားတဲ့လူတွေဟာ ကျုပ်တို့ဘုရင်ရဲ့ ကိုယ်ရံတော်ခေါင်းဆောင် ကြက်တူရွေးနဲ့ သူ့အဖွဲ့သား ငှက်ကျွန်(၁၃)ယောက်ရယ်. . . မိဖုရားသုံးယောက်နဲ့ ရတနာသိုက်ကို စောင့်ကြပ်နေရတဲ့ ကိုယ်ရံတော်ရှစ်ယောက်တို့ ပါဝင်ကြပါတယ်”

ထိဟင်းကသက်ပြင်းတစ်ချက်ချပြီး စကားဆက်လိုက်သည်။

“နောက်ပြီး မြို့စားဂေဟာရဲ့ အိမ်တော်ထိန်း ကျင်းယုတို့လဲ ပါဝင်ပါသေးတယ်”

သူသည်ခေါင်းတစ်ချက်ခါယမ်းလိုက်ပြီး စကားဆက်လိုက်ပြန်သည်။

“သူ့ရဲ့တူ ကျင်းယုဟာ မိဘနှစ်ပါးဆုံးသွားလို့ ကိုးမင်းနဲ့အတူ လာနေပါတယ်၊ ကိုးမင်းတို့ကလဲ မိဘမဲ့ဖြစ်တဲ့ သူ့ကို အလွန်ချစ်ပါတယ်၊ ဒါပေမဲ့ ကျင်းယုဟာ အရာရာတော်ပေမဲ့ ငွေနဲ့တွေ့ရင် စိတ်ထားပြောင်းတတ်ပါတယ်”

ဝမ်းဖုန်းက. . .

“ခင်ဗျားက ကျင်းယုအကြောင်းကို ဒီလောက်တောင်ပြောပြနေတာဟာ သူမှာ ပြဿနာတက်နေလို့လား”

ထိဟင်းက ခေါင်းညိတ်လိုက်သည်။



“ဟုတ်ပါတယ်. . . အဲဒီနေ့ဟာ (၇)လပိုင်း ဖြစ်ပါတယ်၊ ကျုပ်တို့က ဒီကိစ္စကို(၇)လ (၁၅)ရက်နေ့ကို စတင်အကောင်အထည်ဖော်ဖို့ ရွေးချယ်ထားပါတယ်”

ဝမ်းဖုန်းက ပြုံးလိုက်သည်။

“အင်း. . . (၇)လ (၁၅)ရက်ဆိုတော့ ရက်ကောင်းရက်မြတ်မဟုတ်ပေမဲ့ ဒုစရိုက်လုပ်ဖို့ အလွန်သင့်တော်တဲ့ နေ့ရက်တစ်ခုပါပဲ”

❀ ❀ ❀

(၇)လ (၁၅)ရက်. . .

(၇)လ (၁၅)ရက်သည် တစ္ဆေကြီးပွဲတော်ကျင်းပသောနေ့ရက်ဖြစ်သည်။

ထိုနေ့ ထိုရက်များတွင် ငရဲပြည်က တံခါးဖွင့်ပေးပြီး တစ္ဆေများ လွတ်လပ်စွာ သွားလာခွင့်ပြုသောနေ့ဟု အဆိုရှိသည်။

ထို့ကြောင့်လည်း ထိုရက်များတွင် များသောအားဖြင့် တစ္ဆေသရဲများနှင့်ပတ်သက်သည့် ဖြစ်အပျက်များ ပေါ်လာတတ်သော နေ့ရက်ဖြစ်သည်။

ထိုညမှာပင် ကိုယ်ရံတော်ခေါင်းဆောင် ကြက်တူရွေးနှင့် သူတပည့် ငှက်ကျွန်(၁၃)ယောက်တို့သည် ရတနာသိုက်ရှိရာသို့ သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် အိမ်တော်ထိန်းကြီးကိုးမင်းကလည်း သူ့တူကျင်းယုနှင့်အတူ လိတလျှံကိုယ်တိုင်ကြီးကြပ်၍ ရောက်ရှိလာသည်။

ရတနာသိုက်ကို စောင့်ကြပ်နေသော အစောင့်ချစ်ယောက်ကလည်း ကြိုတင်စီစဉ်ထားသည့်အတိုင်း ရတနာသိုက်ကို ဖွင့်ပေးလိုက်သည်။

ထိုညတစ်ညတည်းမှာပင် ရတနာသိုက်အတွင်းမှ ရှိသမျှရတနာများကို သေတ္တာအလုံး(၂၀)နှင့်ထည့်ပြီး သယ်ဆောင်သွားလေသည်။

သယ်ယူလာသောရတနာများကို မြို့စားကြီးဂေဟာအနီးရှိ အိမ်တစ်အိမ်တွင် ခေတ္တဝှက်ထားရသည်။

နောက်နေ့မနက် ရောက်ရှိလာသောအခါ အိမ်တော်ထိန်းကိုးမင်းသည် ထိုသတင်းကို ကြေညာလိုက်သည်။

ဤသတင်းကြောင့် တပြည်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားလေသည်။

ချမ်းသာမြို့စားကြီးသည် ထုံးစံအတိုင်း နေပြည်တော်အာဏာပိုင်များအား တိုင်ကြားလိုက်သည်။

အာဏာပိုင်တို့ကလည်း ထိုမှုခင်းအား အမြန်ဆုံး စုံစမ်းရှာဖွေကြသည်။

သို့သော် သူတို့က မည်သို့မှ ရှာဖွေ၍တွေ့ရှိနိုင်မည် မဟုတ်ပါ။



သို့သော် ထိုမှုခင်းနှင့်ပတ်သက်ပြီး သံသယအဖြစ်ခံရသူမှာ အိမ်တော်ထိန်းကိုးမင်း ဖြစ်သည်။

အကြောင်းမှာ ရတနာသိုက်သို့သွားရောက်ရာမှာ တံခါး(၁၃)ထပ် ကျော်သွားရသည်။

ယင်းတံခါးသော့များသည် အိမ်တော်ထိန်းကိုးမင်းက ထိန်းသိမ်းထားခြင်း ဖြစ်သည်။

ရတနာသိုက်တံခါးသည် ချိုးယွင်းပျက်စီးခြင်းမရှိ၊ တံခါးလည်း ပွင့်နေသည်။

ထို့ကြောင့် ရတနာပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး အိမ်တော်ထိန်းကိုးမင်းအား စစ်ဆေးမေးမြန်းရန် အာဏာပိုင်တို့က ဆုံးဖြတ်လိုက်လေသည်။

အိမ်တော်ထိန်းကိုးမင်းသည် မိမိအား လာရောက်စစ်ဆေးမည်ဟု ကြိုတင်သိထားသည်။

ထို့ကြောင့် သူသည် သွေးကြွက်တူရွှေးနှင့် တွေ့မြင်ရသည့်အကြောင်း၊ သွေးကြွက်တူရွှေးက သူ့အား လိုအင်ဆန္ဒ(၃)ခု ပေးမည့်အကြောင်းများကို သတင်းလွှင့်လိုက်သည်။

အမှုကိုတာဝန်ယူ၍ စုံစမ်းစစ်ဆေးသော အာဏာပိုင်များက ထိုသတင်းစကားကို မယုံကြည်ပါ။

သို့သော် ချမ်းသာမြို့စားကြီးကိုယ်တိုင် ယင်းသွေးကြွက်တူရွှေး၏ကိစ္စမှာ မှန်ကန်သည်ဟု ပြောဆိုလိုက်သဖြင့် သူတို့သည် မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုးမင်းသည် သေွးကြက်တူရွေးနှင့် တွေ့မြင်ခဲ့စဉ်က ပထမဆုံး တောင်းခံလိုက်သော လိုအင်ဆန္ဒမှာ မြို့စားဂေဟာ၏ ရတနာသိုက်မှ ပျောက်ဆုံးသွားသော ရတနာများကို ပြန်လည်ရရှိလိုခြင်း ဖြစ်သည်။

ထိုလိုအင်ဆန္ဒသည် အမှန်တကယ် အကောင်အထည်ဖော်မည် ဟုတ်မဟုတ်ကို မှုခင်းတာဝန်ခံပြီးစစ်ဆေးသော အာဏာပိုင်များကိုဖိတ်ခေါ်၍ မြို့စားဂေဟာ၌ စောင့်ကြည့်နေကြသည်။

ထိုညသန်းကောင်ချိန်မှာ မိုးသည်းထန်စွာ ရွာနေသည့်ကြားမှ ကြက်တူရွေးက သူ၏တပ်ဖွဲ့(၁၃)ယောက်၊ ကျင်းလုတို့နှင့်အတူ ဝှက်ထားသောရတနာသေတ္တာများကို မြို့စားကြီးဂေဟာသို့ လာရောက်ပို့သွားလေသည်။

ထိုည ကြက်တူရွေးက ရေပြည်မှ တာဝန်ရှိသော လူတစ်ယောက်ဟု ပြောဆိုပြီး သေမည့်လူတစ်ယောက်ကို သွားရောက် ဖမ်းဆီးရာမှ သူ့လက်အောက်ငယ်သားက လူမှားပြီး ကိုးမင်း၏တစ်ဦးတည်းသောသား ကိုးလံအား ဆွဲခေါ်သွားခြင်းဖြစ်သည်။

ကြက်တူရွေးသည် သိုင်းပညာ အလွန်အဆင့်မြင့်သည်။ ဝေ့ချီလုံကလည်း ရုပ်ဖျက်အလွန်ကောင်းသောကြောင့် မှုခင်းစုံစမ်းသော မှုခင်းတာဝန်ခံအာဏာပိုင်များကပင် ထိုရတနာသေတ္တာကို လာရောက်ပို့သွားသောလူများမှာ တကယ်ပင်



ရေပြည်မှလာသော သရဲများဖြစ်ကြဟု ယုံကြည်သည်။

ဝမ်းဖုန်းသည် ထိဟင်း၏ ရှည်လျားသော ရှင်းပြချက်များကို နားထောင်ရင် ရင်ထဲ၌ လှိုက်လှိုက်လှဲလှဲ ခံစားလိုက်ရလေသည်။

သူသည်သက်ပြင်းတစ်ချက်ချပြီး ကြားဖြတ်မေးလိုက်လေသည်။

"ဒါနဲ့ကိုးလံက ဘယ်လိုဖြစ်သွားတာလဲ"

ထိဟင်းက. . .

"မနက်မိုးလင်းတော့ ကိုလံဟာ ရေထဲကျပြီး သေဆုံးသွားလို့ အလောင်းလာပို့ကြပါတယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"သူ့ကို တကယ်သတ်လိုက်လို့လား"

ထိဟင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်ပါဘူး. . . သူ့ကို လီတလျှံနဲ့ဝေ့ချီလုံတို့က ရုပ်ဖျက်ပေးလိုက်ပါတယ်၊ နောက်ပြီး သူ့ကို ခေတ္တခဏ အသက်ရှူရပ်သွားတဲ့ဆေးတစ်မျိုး တိုက်ကျွေးထားလို့ပါ"

သူသည် သက်ပြင်းရှည်တစ်ချက်ချလိုက်ပြီး. . .

"ကျုပ်တို့က သွေးကြက်တူရွေးအကြောင်းကို အားလုံးယုံကြည်လာအောင် ဒီနိုးမှုနဲ့ပတ်သက်ပြီး လူမဟုတ်တဲ့ သရဲတစ္ဆေများရဲ့လုပ်ဆောင်ချက်ဖြစ်တယ်လို့ အားလုံးယုံကြည်အောင် လုပ်ရဦးမယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . .

"ဒါကြောင့် ခင်ဗျားတို့က ကိုးလံကို အသက်ပြန်ရှင်အောင် လုပ်ပြလိုက်တာပေါ့"

ထိဟင်းက ခေါင်းညိတ်ပြလိုက်သည်။

"ဟုတ်ပါတယ်. . . ကိုးမင်းရဲ့ ဒုတိယလိုအင်ဆန္ဒဟာ သူ့ရဲ့တစ်ဦးတည်းသောသားပြန်ပြီး အသက်ရှင်ဖို့ပဲ မဟုတ်လား။ ဒါကြောင့် အာဏာပိုင်တို့ကလဲ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာ လာပြီး စောင့်ကြည့်ကြတာပါ။ တို့ကလဲ သူတို့က မျက်မြင်သက်သေရသွားအောင် လုပ်ပြရတာပေါ့"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"နေပါဦး. . . အဲဒီသွေးကြက်တူရွေးဆိုတာ ဘယ်လိုဟာမျိုးလဲဗျ"

သူသည် ပြောရင်း အန်တူးဟိုပခုံးပေါ်မှ အနီရောင်သွေးကြက်တူရွေးအား လှမ်းကြည့်လိုက်သည်။

ထိဟင်းက ပြုံးလိုက်သည်။

"ဒီကြက်တူရွေးဟာ ကျုပ်တို့ ကိုယ်ရံတော်ခေါင်းဆောင်က ကိုယ်တိုင်မွေးထားတဲ့ ကြက်တူရွေးတစ်မျိုးပါ။ ဒါပေမဲ့ ကျုပ်တို့တိုင်းပြည်ရဲ့ပုံပြင်ထဲက ကြက်တူရွေးနဲ့တူအောင် မြူပြင်ပြီး ဆေးဆိုးပေးထားပါတယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . အခုမှပဲ သွေးကြက်တူရွေးရဲ့ လျှို့ဝှက်ချက်



ကို သိလိုက်ရတယ်"

သူသည် ပညာရှိပြောသော စကားတစ်လုံးကို သတိရလိုက်သည်။

ထိုစကားကို ထိဟင်းပြောသည်ဟု ထင်မိသည်။

ထိုစကားမှာ. . .

"လူသားအချို့ဟာ ဉာဏ်ပညာအဆင့် အလွန်နိမ့်နေလို့ ဒီလိုပုံပြင်မျိုးကို ယုံကြည်တာပါ"

ထို့ပြင်. . .

"ခိုးမှုဖြစ်ပွားခဲ့လျှင် ခိုးသောတရားခံ ရှိရမည်ဖြစ်သည်. . . လောကပေါ်တွင် သရဲတစ္ဆေ အမှန်ရှိနေသည်ထားပါ. . . သူတို့က လူ့ပြည်က ရတနာများကို ခိုးနိုင်လိမ့်မည် မဟုတ်ပါ"

ထိုစဉ် ထိဟင်းက စကားဆက်လိုက်ပြန်သည်။

"ကျုပ်တို့က အချိန်ကိုက်ထားပါတယ်. . . ကိုးလံရဲ့ မေ့ဆေးပြေသွားပြီး သတိရလာမဲ့အချိန်မှာ ကျုပ်တို့က သွေးကြက်တူရွေးကို လွှတ်လိုက်ပါတယ်"

သူသည်ပြောရင်း ထိုညတွင် မြို့စားဂေဟာ၏ ခန်းမမှာ ဖြစ်ပျက်ခဲ့သည့်အကြောင်းအရာများကို ပြန်လည်မြင်ယောင်လာလေသည်။

www.burmeseclassic.com



မိုးသည်းထန်စွာ ရွာသော ည. . . .

သန်းခေါင်ယံအချိန်ရောက်ရှိသောအခါ သွေးကြက်တူရွေးသည် မြို့စားကြီး၏ဧည့်ခန်းတွင် ထွက်ပေါ်လာသည်။

ကိုမင်းက သူ၏ဒုတိယလိုအင်ဆန္ဒများကို ထုတ်ဖော်တောင်းဆိုလိုက်သည်။

ထို့နောက် ဧည့်ခန်းတွင် ခေါက်သံများ ကြားလိုက်ရသည်။

ယင်းခေါက်သံသည် ကိုးလံ၏ခေါင်းထဲမှ ထွက်ပေါ်လာသောအသံများ ဖြစ်သည်။

တစ်ဆက်တည်းမှာပင် ခေါင်းထဲမှနေ၍ ထိတ်လန့်စွာ အော်ဟစ်လိုက်သောအသံများ ထွက်ပေါ်လာသည်။

ကိုးလံသည် ငယ်စဉ်ကထဲက အပြင်းဖျားပြီး ဦးနှောက်



အနည်းငယ်ပျက်နေသော လူငယ်တစ်ယောက်ဖြစ်သည်။

သူက သတိရလာသောအခါ ခေါင်းထဲရောက်နေသည်ကို တွေ့ရသဖြင့် ထိတ်လန့်စွာ ထုရိုက်အော်ဟစ်လိုက်ခြင်း ဖြစ်၏။

သူ၏အသံကြောင့် ရောက်ရှိနေသော မှုခင်းစစ်ဆေးရေးတာဝန်ယူထားသော အာဏာပိုင်တို့ကပါ အကြီးအကျယ် ထိတ်လန့်တုန်လှုပ် နေလေသည်။

ကိုးမင်းက ခေါင်းရှိရာသို့ ပြေးသွားရလေသည်။

မြို့စားကြီးနှင့် လိတလျှံကိုက သူ့ကိုဆွဲထားသည်။

ထိုစဉ် လိတလျှံက ကိုးမင်းအား လျှပ်တစ်ပြက် ခေးဆွဲယူပြီး ထိုးသတ်လိုက်လေသည်။

ယင်းသို့ အချိန်အနည်းငယ် ကြန့်ကြာသွားသည်။ ထို့အပြင် ကိုးလံက ဦးနှောက်ပျက်သူတစ်ယောက်ဖြစ်နေ၍ ထိတ်လန့်တုန်လှုပ်လွန်း၍ တကယ်ပင် သေဆုံးသွားကြလေသည်။

ကိုးမင်းသေဆုံးသွားသည့်အတွက် သူ၏ လိုအင်ဆန္ဒများသည် ပြန်လည်ပျောက်ကွယ်သွားလေသည်။

ꩤ ꩤ ꩤ

ဝမ်းဖုန်းက. . . .

“အင်း. . . အဲဒီမှာရှိကြတဲ့လူတွေအားလုံး ထိတ်လန့်တုန်လှုပ်တဲ့အချိန်မှာ ခင်ဗျားတို့က ရတနာသေတ္တာများကို ပြန်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူသွားတာ မဟုတ်လား"

ထိပ်ဟင်းက. . . .

"ဟုတ်ပါတယ်. . . ဒါဟာ ကျုပ်တို့ရဲ့ အစီအစဉ်အတိုင်း လုပ်ထားတာပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့အကြံအစည်တွေဟာ အတော့်ကိုပိရိပါတယ်၊ ကိုးမင်းတို့သားအဖ သေဆုံးသွားတဲ့အတွက် သွေးကြက်တူရွေးရဲ့အကြောင်းဟာ ပိုပြီးထင်ရှားလာတယ်၊ နောက်ပြီး စစ်ဆေးတဲ့အာဏာပိုင်တို့ကလဲ မျက်မြင်ကိုယ်တွေ့ အထောက်အထား ရရှိသွားတာပေါ့"

ထိပ်ဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ကိုးမင်းတို့သားအဖ သေဆုံးသွားတဲ့အတွက် ဘယ်သူကမှ သွေးကြက်တူရွေးဟာ မဟုတ်မမှန်ဘူးလို့ မပြောရဲတော့ဘူးပေါ့"

ဝမ်းဖုန်းက. . . .

"နေပါဦး. . . လီတာလျှံက ဘာဖြစ်လို့ ကိုးမင်းကို သတ်လိုက်တာလဲ"

ထိပ်ဟင်းက. . . .

"အခု ဒီလိုအကြံအစည်လုပ်ဖို့ဟာ ကိုးမင်းကိုယ်တိုင်ပေးတဲ့ အကြံပါ"

ဝမ်းဖုန်းက. . . .



"သူ ဘာဖြစ်လို့သေချင်ရတာလဲ"

ထိပ်ဟင်းက. . . .

"သူက ပြောပါတယ်. . . ဘာပဲဖြစ်ဖြစ် အာဏာပိုင်များက သူ့ကို တစ်နည်းမဟုတ်တစ်နည်း အပြစ်ရှာကြမှာပဲ၊ ဒါကြောင့် သူက အသက်ကိုစတေးခံပြီး အားလုံးရှင်းအောင် လုပ်သွားတဲ့သဘောပါ"

ဝမ်းဖုန်းက. . . .

"သူက မြို့စားကြီးအပေါ် အလွန်သစ္စာရှိတဲ့လူပါပဲ"

ထိပ်ဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်တို့အားလုံးဟာ ကိုယ့်ဘုရင်အတွက် အချိန်မရွေး အသက်စွန့်ပြီး အသင့်ရှိနေပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် လီတာလျှံဟာ သူလိုချင်တဲ့ရတနာတွေအားလုံး ရသွားရင် ကျေနပ်သွားရောပေါ့"

ထိပ်ဟင်းက ခေါင်းခါယမ်းလိုက်သည်။

"မဟုတ်သေးဘူးဗျ. . . ကျုပ်တို့ရဲ့ အကြံအစည်အားလုံး ပြေပြေလည်လည်မဖြစ်ဘဲ အဆင်မပြေတဲ့ကိစ္စ ပေါ်လာခဲ့လို့ အခုလိုတောက်လျှောက် ဒုက္ခနဲ့ရင်ဆိုင်လာရတာပေါ့ဗျာ"

ဝမ်းဖုန်းက. . . .

"ဘယ်လိုဖြစ်သွားတာလဲဗျ"

ထိပ်ဟင်းက. . . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီညမှာပဲ ကျုပ်တို့က ဒီသေတ္တာတွေကို အမြန်ဆုံး သယ်ထုတ်သွားပြီး မှလဝှက်ထားတဲ့အိမ်မှာ သွားဝှက်ထားတယ်၊ ကျုပ်တို့ပါဝင်တဲ့လူအားလုံးဟာ သဌေးရှိကြမယ်လို့ ယုံကြည်ကြပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် သစ္စာဖောက်တဲ့လူရှိလို့လား"

ထိဟင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဟုတ်တယ်. . . ရှိပါတယ်"

ဝမ်းဖုန်းက. . . .

"အဲဒီလူက'ကျင်းယု'များ ဖြစ်နေမလား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . သူပါပဲ၊ ကျုပ်တို့သေတ္တာတွေကို စစ်ဆေးကြတယ်၊ သေတ္တာနှစ်လုံးပျောက်ဆုံးတာကို တွေ့ရပါတယ်၊ လူကိုစစ်ဆေးတော့လဲ လူလဲပျောက်ဆုံးတာကို တွေ့ရပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့ သူ့ကိုလိုက်မရှာကြဘူးလား"

ထိဟင်းက. . . .

"လိုက်ရှာကြပါတယ်"

ဝမ်းဖုန်းက. . . .

"သူ့ကို ရှာလို့မတွေ့ဘူးလား"



ထိဟင်းက. . . .

"မတွေ့ပါဘူး. . . ဒါပေမဲ့ နောက်တစ်နေ့မှာ မမျှော်လင့်ဘဲ မြင်းလှည်းမောင်းသမားတစ်ယောက် အသတ်ခံရပြီး လူဆိုးက မြင်းလှည်းကိုလုသွားတဲ့ အမှုတစ်ခုကို ကြားလိုက်တော့မှ ကျင်းယုဖြစ်ရမယ်လို့ ကျုပ်က တထစ်ချယုံကြည်မိတယ်"

ဝမ်းဖုန်းက. . . .

"ထားပါတော့. . . သေတ္တာအလုံးနှစ်ဆယ်ထဲမှာ နှစ်လုံးပျောက်သွားတော့ ဆယ့်ရှစ်လုံးကျန်သေးတာကို လိတလျှံက မကျေနပ်သေးဘူးလား"

ထိဟင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ခက်တာက ကျင်းယုခိုးသွားတဲ့ သေတ္တာနှစ်လုံးဟာ တန်ဖိုးအရှိဆုံး သေတ္တာဖြစ်လို့ လိတလျှံက ဘယ်လိုမှ မကျေနပ်အောင် ဖြစ်သွားပါတယ်"

ဝမ်းဖုန်းက. . . .

"သူက ခင်ဗျားတို့ကို အဲဒီသေတ္တာနှစ်လုံးကို ရအောင်ရှာခိုင်းတယ် ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . သူက ကျုပ်တို့ဟာ သူ့ကိုလိမ်တယ်လို့ယူဆပြီး ကျုပ်တို့ ဘုရင်ကိုပါ ဖမ်းချုပ်ထားလို့ပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့က ဘုရင်ကို ကြိုတင်ကာကွယ်မပေးထား

www.burmeseclassic.com



ဘူးလား"

ထိဟင်းက. . . .

"ဒီလိုပါ. . . ဒီသေတ္တာနှစ်လုံး ပျောက်ဆုံးတဲ့ကိစ္စကိုလဲ လိတလျှံ မကျေမနပ်ဖြစ်လာတာကိုတွေ့တော့ ကျုပ်တို့တတွေ လိတလျှံကိုဖမ်းဆီးဖို့ လျှို့ဝှက်တိုင်ပင်ထားပါတယ်၊ ဒါပေမဲ့ ကျုပ်တို့တိုင်ပင်ထားတာကို သိသွားပြီး လက်ဦးအောင် ဘုရင်ကို ဓားစာခံအဖြစ် ခေါ်သွားပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ခင်ဗျားတို့ထဲက တစ်ယောက်ယောက် သူ့ကို သတင်းပို့လို့ပေါ့"

ထိဟင်းက. . . .

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"ဘယ်သူလဲ"

ထိဟင်းက. . . .

"အဘိုးအိုသန်ကောင်ပဲ"

ဝမ်းဖုန်းက. . . .

"သူက သစ္စာဖောက်တယ်ဆိုတာ ခင်ဗျားတို့ မသိသေးဘူးပေါ့"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်တို့ကလဲ နောက်သုံးနှစ်ကြာ



တဲ့အခါမှ ဒီကိစ္စကိုသိရတယ်"

သူသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး. . . .

"သူထွက်သွားတဲ့အခါမှာ ကျုပ်တို့ကို စာတစ်စောင်ပေးခဲ့ပါတယ်၊ သူ့စာထဲမှာ ဘုရင်ရဲ့အသက်ကို မသေစေချင်ရင် သူ့ကို လိုက်မရှာရဘူး၊ သုံးနှစ်အတွင်းမှာ ရတနာသေတ္တာကို ပြန်ရှာလို့ တွေ့ရင် ဘုရင်ကိုပြန်လွှတ်လိုက်ပါ့မယ်၊ ဘုရင်လက်မှတ်ထိုးထားတဲ့စာကိုလဲ ပေးလိုက်ပါမယ်လို့ပြောပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက သူ့နောက်ကော လိုက်ရှာသေးလား"

ထိဟင်းက. . . .

"လိုက်ရှာတာပေါ့ဗျာ"

ဝမ်းဖုန်းက. . . .

"လိုက်ရှာလို့ကော တွေ့ရဲ့လား"

ထိဟင်းက. . . .

"ကျုပ်တို့က လူလေးမှ ခွဲပြီးလိုက်ရှာကြတာပါ. . . ခေါင်းဆောင်ကြက်တူရွေးနဲ့ ဘာဘာ[illegible]တို့လူစုဟာ သူတို့ကို ရွာလေးတစ်ခုမှာ တွေ့ကြပါတယ်"

ဝမ်းဖုန်းက. . . .

"ကြက်တူရွေးက သူ့ကိုတိုက်ခိုက်လိုက်သလား"

ထိဟင်းက. . . .

"ကြက်တူရွေးက လိ[illegible]ကိုတွေ့လိုက်ပေမဲ့ ဘုရင်ကို

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ဘူး။ ဒါကြောင့် လီတလျှံဆီ သူက အခွင့်အရေးတစ်ခု တောင်းပါတယ်"

ဝမ်းဖုန်းက. . . .

"သူက ဘာအခွင့်အရေးတောင်းတာလဲ"

ထိဟင်းက. . . .

"သူက ဘုရင်အနီးမှာ စောင့်ရှောက်ပါရစေလို့ ခွင့်တောင်းပါတယ်"

ဝမ်းဖုန်းက. . . .

"လီတလျှံက လက်ခံရဲ့လား"

ထိဟင်းက. . . .

"လက်ခံပါတယ်. . . ဒါပေမဲ့ သူက ကြက်တူရွေးကို သိုင်းပညာအားလုံး ဖျက်ဝစ်ရမယ်လို့ ပြောပါတယ်"

ဝမ်းဖုန်းက. . . .

"ကြက်တူရွေးသိုင်းအဆင့် ဘယ်နှယ်နေသလဲ"

ထိဟင်းက. . . .

"ကျုပ်တို့ထက် အများကြီးသာပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် သူက လက်ခံလိုက်သလား"

ထိဟင်းက. . . .

"သူက လက်ခံလိုက်ပါတယ်"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။



"အင်း. . . တော်တော်သစ္စာရှိတဲ့ ကြက်တူရွေးပါပဲလေ"

သူသည် ဆက်၍မေးလိုက်သည်။

"ဒါနဲ့ ဘာဘကန်းကော"

ထိဟင်းက. . . .

"ကြက်တူရွေးက သူ့ကိုပြန်လွှတ်လိုက်ပါတယ်. . . ဒါကြောင့် ဒီသတင်းကို ကျုပ်တို့သိလိုက်ရပါတယ်"

ဝမ်းဖုန်းက. . . .

"နေပါဦး. . . အခု ချမ်းသာမြို့စားဝေဟာမှာရှိတဲ့ မြို့စားကြီးကကော"

ထိဟင်းက. . . .

"သူတို့က မြို့စားကြီးအစစ် မဟုတ်ပါဘူး. . . ကျုပ်တို့လူထဲက ရုပ်ဖျက်ထားခဲ့တာပါ"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"အင်း. . . ဒါကြောင့်လဲ မြို့စားကြီးဟာ ရတနာတွေ ပျောက်လို့ ရူးပေါပေါဖြစ်တဲ့သတင်း ထွက်နေတာကိုး"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ဒါပေမဲ့ ဒီကိစ္စကို လူတစ်ယောက်က သိသွားတယ်ဗျ"

ဝမ်းဖုန်းက. . . .

"ဘယ်သူများပါလိမ့်"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့မင်းသမီး ငှက်ကျွန်ပါ"

ဝမ်းဖုန်းက. . . .

"သူဟာ ခင်ဗျားတို့ဘုရင်ရဲ့သမီး ဟုတ်လား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက. . . .

"သူ့နာမည်ကလဲ ငှက်ကျွန်ပဲဟုတ်လား"

ထိဟင်းက. . . .

"မဟုတ်ပါဘူး. . . ဒါပေမဲ့ သူက ဒီနာမည်ကို အလွန်နှစ်သက်လို့ပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့က သူ့ကို ကြိုတင်ပြောမထားဘူးလား"

ထိဟင်းက. . . .

"သူက အသက်ငယ်ပြီး နုနယ်သေးလို့ သူ့ကိုမပြောဘဲဖုံးထားတာပါ"

ဝမ်းဖုန်းက. . . .

"သူသိသွားတဲ့နောက်ပိုင်းမှာ ဘာဖြစ်သွားသေးသလဲ"

ထိဟင်းက. . . .

"ကျုပ်တို့ထင်တဲ့အတိုင်းနဲ့ အတော်ကွာခြားနေပါတယ်၊ ကျုပ်က သူ့ကိုအသေးစိတ် ရှင်းပြပြီးတဲ့နောက် သူက လိုက်လိုက်လှဲလှဲ ငိုကြွေးလိုက်ပြီး ကျုပ်တို့ရဲ့လှူပ်ရှားမှုကို ပါဝင်ပါရစေလို့



ပြောလာပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက လက်ခံလိုက်တယ် ဟုတ်လား"

ထိဟင်းသည် သူမ၏တောင်းဆိုချက်ကို ငြင်းပယ်ပိုင်ခွင့်မရှိပါ။

ငှက်ကျွန်သည် သူတို့ဘုရင်၏သမီး. . . သူတို့၏သခင်မလေးဖြစ်သည်။

သူတို့သည် မြို့စားကြီးအဖြစ် ရုပ်ဖျက်ထားသော ငှက်ကျွန်တစ်ယောက်မှလွဲ၍ ကျန်ရှိသော တပ်ဖွဲ့ဝင်ဆယ့်နှစ်ယောက်နှင့်အတူ မင်းသမီး ငှက်ကျွန်ပါ ခေါ်ဆောင်ပြီး လမ်းခွဲ၍ထွက်လာခဲ့ကြလေသည်။

သူတို့သည် ကျင်းယုအား လိုက်လံရှာဖွေကြသည်။

ထိဟင်းသည် ငွေကြေးအမြောက်အများ အကုန်ခံပြီး အာကာသား လူဆိုးထိန်းရာထူးတစ်ခုအား ရရှိလိုက်လေသည်။

သူသည် ယင်းသို့ရာထူးရရှိခဲ့သဖြင့် အစိုးရ၏အင်အားကိုပါ အသုံးပြုလာနိုင်ခဲ့လေသည်။

သူသည် သုံးနှစ်ကျော်ကြိုးစားလာပြီးနောက် ကျော်ကြားသော လူဆိုးထိန်းလေးယောက်အနက် တစ်ယောက်အပါအဝင် ဖြစ်လာလေသည်။

သူသည် သစ္စာဖောက်အား အလွန်ရွံမုန်းသည်။

ထို့ကြောင့် သစ္စာဖောက်သောလူနဲ့တွေ့ရသောအခါ

www.burmeseclassic.com

www.burmeseclassic.com



သူက အသက်ချမ်းသာခွင့်မပေးဘဲ ဥပဒေကိုအသုံးပြု၍ အပြစ်ဒဏ်ပေးလိုက်လေသည်။

ထိဟင်းသည် တစ်ဖက်က အစိုးရအမှုထမ်း၊ တစ်ဖက်က ကျင်းယု၏သတင်းကို လိုက်လံစစ်ဆေးနေ၏။

ကျင်းယုသည် ရတနာများခိုးယူသွားပြီးနောက် သူ၏နာမည်အား ပြောင်းလဲသွားသော်လည်း သူ၏ရုပ်သွင်သည် ပြောင်းလဲခြင်းမရှိသဖြင့် နောက်ဆုံးထိဟင်းသည် ဒမြတစ်ယောက်က ဖော်ထုတ်ပြောပြချက်အရ ကျင်းယုမှာ ယန်ကူးမြို့မှာ ရောက်ရှိနေသည်ကို သိလိုက်ရလေသည်။

ထိဟင်းသည် ထိုသတင်းရလိုက်သည်နှင့် သူ၏လူများအား စုံစမ်းစေပြီး ချက်ချင်းပင် ယန်ကူးမြို့သို့ လိုက်သွားကြသည်။

ကျင်းယုသည် အလွန်စည်ကားသော ယန်ကူးမြို့သို့ ရောက်ရှိလာပြီး သူ့ရတနာများကို ထုခွဲ၍ ကြွယ်ဝချမ်းသာသော သူဌေးတစ်ယောက်ကဲ့သို့ ဇိမ်ခံနေလေသည်။

သူသည် ထိဟင်းတို့ရောက်ရှိလာလိမ့်မည်ဟု လုံးဝ မမျှော်လင့်ပါချေ။

ဘော်ဘော်ဘော်

ထိဟင်းက သက်ပြင်းတစ်ချက်ချလိုက်ပြီး. . . .

"ကျုပ်တို့ ယန်ကူးမြို့ရောက်တဲ့ညမှာပဲ ဒမြတစ်စုဟာ ကျင်းယုရဲ့အိမ်ကိုဝင်ပြီး ဒမြတိုက်နေတာနဲ့ ကြုံတွေ့နေရပါတယ်"



ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့ဝင်ပြီး တိုက်ခိုက်ပေးလိုက်တယ် ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျင်းယုကလဲ ဒမြတွေလက်ချက်ကြောင့် သေဆုံးသွားပါတယ်"

ဝမ်းဖုန်းက. . . .

"ခင်ဗျားတို့က ဒမြကိုသတ်ပစ်လိုက်တာပေါ့"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . ဒါတောင် တစ်ယောက်လွတ်သွားပါသေးတယ်"

ဝမ်းဖုန်းက. . . .

"သူက ဘယ်သူလဲ"

ထိဟင်းက. . . .

"မန်းထင်ဝေးပါ"

ဝမ်းဖုန်းက. . . .

"မန်းထင်ဝေးဟာ တစ်ကိုယ်တော် ဒမြလို့ ကျုပ်ကြားတယ်"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ဒီတစ်ခါ ရတနာကများတော့ အဲ့ဒ"

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းအသင်းနဲ့ လာတာပေါ့လေ”

ဝမ်းဖုန်းက. . . .

“ဒါဖြင့် ရတနာတွေအားလုံး ခင်ဗျားတို့ရလိုက်တာပေါ့”

ထိဟင်းက. . . .

“ဟုတ်ပါတယ်. . ရတနာတချို့က ရောင်းလိုက်ပြီးပါပြီ ဒါပေမဲ့ ဘယ်သူဝယ်သွားတယ်ဆိုတာ မှတ်တမ်းတင်ထားလို့ ဝယ်သူဘယ်သူလဲဆိုတာ သိရပါတယ်”

ဝမ်းဖုန်းက. . . .

“ခင်ဗျားတို့က အဲဒီရတနာတွေကို ဝယ်သူလက်ထဲက ပြန်ဝယ်ရမှာပေါ့”

ထိဟင်းက. . . .

“ဟုတ်ကဲ့. . . ဒါပေမဲ့ တချို့တစ်ဝက် ပြန်ရောင်းလိုက်တယ်”

“ဒါဆို ခင်ဗျားတို့က ဆက်လိုက်ရမှာပေါ့”

ထိဟင်းက. . . .

“ဟုတ်ပါတယ်. . . ကျုပ်တို့က လူခြောက်ယောက်ခွဲပြီး အဲဒီဝယ်တဲ့လူနောက်ကို လိုက်ရပါတယ်”

ဝမ်းဖုန်းက ပြုံးပြလိုက်သည်။

“ဒါနဲ့ခင်ဗျားတို့က အဲဒီရတနာတွေကို ငွေနဲ့ပြန်ဝယ်တာလား. . . ပြန်လုလာတာလား”

ထိဟင်းက ပခုံးတစ်ချက်တွန့်လိုက်သည်။



“တချို့ကို ငွေနဲ့ပြန်ဝယ်လာတာပါ. . . တချို့ကျတော့ ဈေးမတရားတောင်းလို့ ပြန်လုလာတာပါ”

ဝမ်းဖုန်းက. . . .

“ဒါနဲ့နေပါဦး. . . ခင်ဗျားတို့ ငှက်ကျွန်(၁၃)ယောက်ရှိတယ်ဆို၊ မြို့စားကြီးအဖြစ် တစ်ယောက်ကျန်ခဲ့တယ်ဆိုရင် (၁၂) ယောက် ကျန်ဦးမှာပေါ့”

“ဟုတ်ပါတယ်”

ဝမ်းဖုန်းက. . . .

“ငှက်ကျွန်(၁၂)ယောက်ထဲမှာ ရွှေမင်းသမီးပါ ပေါင်းရင် (၁၃)ယောက် ပြန်ဖြစ်သွားတယ် မဟုတ်လား”

ထိဟင်းက. . . .

“ဟုတ်ပါတယ်”

ဝမ်းဖုန်းက. . . .

“ခင်ဗျားတို့လူခြောက်ယောက်က ရတနာဝယ်တဲ့လူနောက်ကို လိုက်သွားတယ်ဆိုတော့ ကျန်တဲ့လူခုနစ်ယောက်က ဘယ်ကိုသွားတာလဲ”

ထိဟင်းက. . . .

“မြို့စားဂေဟာကို ပြန်လာခဲ့တာပေါ့. . . ဘာဖြစ်လို့လဲဆိုရင် လိတာလျှံနှင့်ချိန်းထားတဲ့ သုံးနှစ်အချိန်ဟာ ပြည့်သွားပြီ မဟုတ်လား”

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်ပြီး. . .

www.burmeseclassic.com

www.burmeseclassic.com



"နောက်ကော"

ထိဟင်းက. . . .

"ကျုပ်တို့ မြို့စားဂေဟာကို ပြန်ရောက်လာတဲ့အခါမှာ လူတစ်ယောက်လျှော့နေတာကို တွေ့ရပါတယ်"

ဝမ်းဖုန်းက. . . .

"ဘယ်သူလဲ"

ထိဟင်းက. . . .

"အဘိုးအိုသန့်ကောင်ပါ"

ဝမ်းဖုန်းက. . . .

"သူက သစ္စာဖောက်သွားတယ်ဆိုတာ ခင်ဗျား မသိသေးဘူးလား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်"

သူသည် စကားကိုခေတ္တရပ်နားပြီး အံကိုတင်းတင်းကြိတ်ကာ. . . .

"ကျုပ်တို့ မြို့စားဂေဟာကို ပြန်ရောက်လာတဲ့အခါမှာ လီတယ်ချိုကို မတွေ့ရဘူး၊ သူက စာတစ်စောင်ပေးထားတယ်. . . . အဲဒီစာထဲမှာ ကျုပ်တို့ကိုရတနာတွေ ဖင်အန်းမြို့အရောက်ပို့ပေးပါလို့ ရေးထားပါတယ်"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ခင်ဗျားတို့က ဖင်အန်းမြို့ကိုရောက်လာကြတယ်ဟုတ်လား"



ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ဖင်အန်းမြို့ကိုရောက်တော့မှ အဘိုးအိုသန့်ကောင်ဟာ သစ္စာဖောက်မှန်းသိရတော့တယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"အင်း. . . အတော်ရှုပ်နေတဲ့ရာကောင်းတာပေါ့"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်ကစိတ်နာလွန်းလို့ အဲဒီအချိန်ကစပြီး ဘယ်သူ့ကိုမှ မယုံတော့ဘူးလို့ စိတ်ပိုင်းဖြတ်ထားတယ်"

ဝမ်းဖုန်းက. . . .

"နေပါဦး. . . ကိုရီဟာ ဘာကြောင့် သေသွားရတာလဲ"

ထိဟင်းက. . . .

"ဒီလိုပါ. . . ကိုရီဟာ ရတနာသိုက်လိုက်ရင်း ဒမြတစ်ယောက်ဆီက ပုလဲတစ်လုံးကို ပြန်ရလာပေမဲ့ သူမှာလဲ သူတို့ရဲ့အဆိပ်ပါတဲ့လက်နက်ပုန်း မိသွားပါတယ်"

ဝမ်းဖုန်းက နားစွင့်နေ၏။

ထိဟင်က စကားဆက်လိုက်သည်။

"သူက လက်ထဲမှာ ဆုပ်ကိုင်ထားတဲ့ပုလဲကို မပျောက်သွားရအောင် သူ့ပေါင်ကို ဓားနဲ့ခွဲပြီး ထည့်ထားပါတယ်၊ ဒါပေမဲ့ သူမိထားတဲ့အဆိပ်ဟာ မြို့စားဂေဟာအထိ မရောက်နိုင်တော့ဘူး သူက ခိုနဲ့ပဲ သတင်းပို့လိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ဒါဖြင့် လည်ပင်းမှာ ချိုကလေးဆွဲထားတဲ့ငှက်ဟာ ခင်ဗျားတို့ဆီက သတင်းပို့တဲ့ငှက်တွေ ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . အဲဒီငှက်ဟာလဲ ခိုတစ်မျိုးပါပဲ၊ ကျုပ်တို့နယ်စပ်က ခိုတစ်မျိုးလို့ခေါ်ပါတယ်၊ သူ့ရဲ့ပုံဟန်ကတော့ ခိုနဲ့မတူပါဘူး. . . ကျုပ်တို့က သူ့ကိုအရောင်ခြယ်ပြီး ပြုပြင်လိုက်တော့ ထူးဆန်းတဲ့ငှက်တစ်ကောင် ဖြစ်သွားတာပေါ့"

ဝမ်းဖုန်းက. . . .

"အဲဒီတော့ ခင်ဗျားက သူ့ဆီကိုလိုက်လာတယ် ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ကျုပ်က ဒီသတင်းပေးတဲ့ခိုကိုတွေ့တာနဲ့ သူသာန်ရှိရာကို လိုက်သွားပါတယ်၊ အဲဒီကိုရောက်တဲ့အခါမှာ မင်းရောက်နေတာကို တွေ့ရပါတယ်"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"နေပါဦး. . . ကိုရီက ဘာဖြစ်လို့ ကျုပ်ကို သွေးကြွက်တူရွှေအကြောင်း ပြောပြရတာလဲ"

ထိဟင်းက. . . .

"သူက ခင်ဗျားကို နေပြည်တော်ကလွှတ်လိုက်တဲ့ အရာရှိတစ်ယောက်လို့ ထင်မှတ်နေတာပေါ့"



ဝမ်းဖုန်းက ရယ်မောမိလိုက်လေသည်။

"ကျုပ်က အရာရှိတစ်ယောက်နဲ့ တူလို့လား"

ထိဟင်းက. . . .

"သူမပြောနဲ့ ကျုပ်ကတောင် မင်းကို အရာရှိတစ်ယောက်လို့ မထင်ပေမဲ့ မင်းအပေါ် သံသယဖြစ်မိလို့ တွေ့ကရာတွေ လျှောက်ပြောတာပေါ့ဗျာ"

ဝမ်းဖုန်းက မျက်မှောင်ကုပ်လိုက်သည်။

"ဒါနဲ့ အလောင်းစစ်ဆေးတဲ့အခန်းမှာ သူတို့ရှိနေစဉ် တုန်းက အဲဒီချိုပါတဲ့ခိုကို တွေ့လိုက်မိတယ်. . . အဲဒါ ဘာဖြစ်လို့လဲ"

ထိဟင်းက. . . .

"ဒါကတော့ ကျုပ်နဲ့လျှိုပေချိတို့ စီစဉ်ထားတဲ့ အတိုင်းပါပဲ. . . သူက ဒီခိုကိုလွှတ်လိုက်တာနဲ့ ကျုပ်က ခိုနောက်ကို လိုက်သွားရတယ်၊ အမှန်မှာ ရှန်ရှောင်ရဲ့တပည့်ဖြစ်တဲ့ ဝမ်းထုံကို လိမ်ချင်လို့ပါပဲ"

ဝမ်းဖုန်းက. . . .

"ကျုပ် နားလည်ပြီ. . . ခင်ဗျားက သွေးကြွက်တူရွှေနဲ့ တွေ့ပြီး သေဆုံးသွားတဲ့အကြောင်းကို ဝမ်းထုံကို မျက်မြင်ကိုယ်တွေ့ မြင်သွားစေချင်လို့ ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . လူဆိုးထိန်းရှန်ရှောင်ဟာ အသွင်

www.burmeseclassic.com



ဉာဏ်ကောင်းတဲ့လူတစ်ယောက်ပါ။ ကျုပ်အကြောင်းကို သူ မကြာမီ သိသွားမှာမို့ ကျုပ်က သေချင်ဟန်ဆောင်ပြီး ခြေရာဖျောက်ရတာပါ"

ဝမ်းဖုန်းက. . . .

"ရှန်ရှောင်ဟာ ခင်ဗျားအပေါ်မှာ ဘာဖြစ်လို့ သံသယဖြစ်လာနိုင်တာလဲ"

ထိဟင်းက. . . .

"အမှန်ပြောရမယ်ဆိုရင် ကျုပ်တို့က မန်းထင်ဒွေးကို အဆိပ်ခတ်သတ်လိုက်တာပါ။ အဲဒါကို ရှန်ရှောင်က အလောင်းပြန်စစ်မယ်ဆိုတာ ကျုပ်သတင်းကြားမိတယ်၊ အလောင်းကိုသာ ပြန်စစ်ကြည့်မယ်ဆိုရင် ကျုပ်နဲ့လျှိုပေချိုတို့ကို သံသယဖြစ်လာမှာ သေချာနေလို့ပါ"

ဝမ်းဖုန်းသည် တစ်စုံတစ်ခုအား သတိရလာပြီး. . . .

"ဒါနဲ့နေပါဦး. . . ကျုပ်သတိရတုန်း မေးပါရစေ"

ထိဟင်းက. . . .

"ဘာများမေးမလို့လဲ မေးပါ"

ဝမ်းဖုန်းက. . . .

"ထန်ထင်းလုံတို့ညီအစ်ကိုကို ဘယ်သူက သတ်လိုက်တာလဲဗျ"

အန်ကူးဟိုက ကြားဖြတ်လိုက်သည်။

"ကျုပ်ပါ"



ဝမ်းဖုန်းက. . . .

"ခင်ဗျားရဲ့အတွင်းအားက တော်တော်ကြောက်စရာကောင်းပါလား"

အန်ကူးဟိုက. . . .

"ကျုပ်လေ့ကျင့်တဲ့သိုင်းပညာဟာ သံမဏိသိုင်းလို့ ခေါ်ပါတယ်"

ဝမ်းဖုန်းက ခေါင်းညိတ်လိုက်သည်။

"ဒါကြောင့်ကိုး"

အန်ကူးဟိုက စကားဆက်လိုက်သည်။

"ကျုပ်က သူတို့ကို မသတ်ချင်ပါဘူး. . . ဒါပေမဲ့ သူတို့က ခေါင်းကိုကန်မယ်ဆိုတာသိလိုက်လို့ သူ့ကို သတ်လိုက်ရတာပါ"

ဝမ်းဖုန်းက. . . .

"ဘာလဲ ထိဟင်းရဲ့အလောင်းကို ထိခိုက်မိမှာ စိုးလို့လား. . . ပြီးတော့ ဝမ်းထုံကိုသတ်တာလဲ ခင်ဗျားပဲမဟုတ်လား"

အန်ကူးဟိုက. . . .

"ဟုတ်ပါတယ်. . . သူက ကျုပ်ပါးစပ်ထဲမှာငုံထားတဲ့ ငုလဲကို လာနှိုက်ယူမလို့ ကျုပ်က သူ့ကို အဆိပ်အပ်နဲ့ သတ်လိုက်ရတာပေါ့၊ ကျုပ်က သူ့ကိုမသတ်ရင် ကျုပ်မသေဘူးဆိုတာ သူက ရှန်ရှောင်ကို သတင်းပို့မှာပေါ့"

သူသည် မဲ့ပြုံးပြုံးပြီး စကားဆက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကွားဟိုရဲ့လက်အောက်ငယ်သားတစ်ယောက် သေဆုံးသွားတာကတော့ သူက ကျုပ်ခေါင်းကိုဖွင့်ပြီး ပုလဲနှိုက်မလို့ကြံတုန်းက ကျုပ်ထလာတာကိုတွေ့တော့ သူ အကြောက်လွန်ပြီး သေသွားတာပါ"

ဝမ်းဖုန်းက. . . .

"ခင်ဗျားက ဘယ်အချိန်ကပြန်ပြီး သတိရလာတာလဲ"

ထိဟင်းက. . . .

"ခေါင်းတစ်ခုလုံး လှုပ်ခါသွားတဲ့အခါမှာ ကျုပ် သတိပြန်ရလာပါတယ်"

ဝမ်းဖုန်းက မချိပြုံးပြုံးလိုက်သည်။

"သူမပြောနဲ့ ကျုပ်တောင် အတော်ကိုလန့်သွားတာပဲ"

ထိဟင်းက. . . .

"ကျုပ်ခေါင်းထဲက သတိရလာတဲ့အခါမှာ မင်းနဲ့ လျှိုပေချိုပြောနေတဲ့စကားကြောင့် မင်းဟာ ကျုပ်အပေါ် သစ္စာရှိတယ်လို့ ကျုပ်သိရတယ်"

သူသည် ဝမ်းဖုန်းအား စေ့စေ့ကြည့်ပြီး. . . .

"ဒါကြောင့် မင်းအဆိပ်ငွေ့မိပြီး သုသာန်ကို ပြေးလာတဲ့အခါမှာ ကျုပ်က မင်းပါးစပ်ထဲကို အဆိပ်ဖြေတဲ့ဆေးတစ်လုံး ထည့်ပေးလိုက်တာပေါ့"

ဝမ်းဖုန်းက အံ့အားသင့်သွားသည်။

"လက်စသတ်တော့ အဲဒီအချိန်မှာ ခင်ဗျားက ကျုပ်ကို



ကယ်လိုက်တာကိုး"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ပထမတော့ မင်းသတိရတဲ့အထိ စောင့်ဦးမလို့ပါဘဲ၊ နောက်တော့ အချိန်မတန်သေးဘူးလို့ ထင်တာနဲ့ထွက်သွားတာပါ"

ဝမ်းဖုန်းက. . . .

"အင်း. . . ခင်ဗျားက ကျုပ်အပေါ် အတော်ယုံကြည်တာကိုး"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . ခုအချိန်ထိလဲ မင်းအပေါ် အလွန်ယုံကြည်ပါတယ်၊ ဒါကြောင့် သူက မင်းကို မြေပုံနဲ့တံခါးဖွင့်တဲ့သော့ လူတစ်ယောက်နဲ့ ပေးခိုင်းလိုက်ပါတယ်"

ဝမ်းဖုန်းက. . . .

"သူက ကျုပ်ကိုယုံကြည်ပြီး ကျုပ်ရဲ့အကူအညီကို လိုချင်လို့ ဟုတ်လား"

ထိဟင်းက. . . .

"ဟုတ်ပါတယ်. . . အခုတော့ သူ့ကိုအကာအကွယ်ပေးဖို့ရယ်. . . မြို့စားကြီးနဲ့ [illegible]ပြန်ရှာဖို့အတွက်ရယ်. . . မင်းကို တော်တော်အားထားတယ်နဲ့ တူတယ်"

ဝမ်းဖုန်းက. . . .

"ဒါနဲ့ မင်းသမီးဂွက်ကျွန်က ဘာဖြစ်လို့ ကြက်တူရွေးဝေ

www.burmeseclassic.com

www.burmeseclassic.com



ဟာမှာ နေထိုင်ရတာလဲ"

ထိဟင်းက. . . .

"ဒီလိုပါ သူကရရှိတဲ့ရတနာတွေကို လိတလျှံရဲ့လက်အပ်ဖို့ တာဝန်ယူထားပါတယ်၊ ဒါပေမဲ့ လိတလျှံက လက်မခံချင်လို့ ကြက်တူရွေးဂေဟာမှာ နေရပါတယ်"

ဝမ်းဖုန်းက မျက်မှောင်ကုပ်သွားသည်။

"ကြက်တူရွေးဂေဟာဆိုတာ ကြေးတန်းစားမယ်နေထိုင်တဲ့နေရာမျိုး၊ သူက ဘာဖြစ်လို့ တခြားနေရာမှာသွားမနေတာလဲ"

ထိဟင်းက. . . .

"ဒီလိုရှိပါတယ်. . . တခြားနေရာမှာ သွားနေရင် ရှန်ရှောင်တို့က ခြေရာခံမိသွားမှာစိုးလို့ ကြက်တူရွေးဂေဟာမှာ နေနေတာပါ"

ဝမ်းဖုန်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"အင်း. . . သူကတော့ သမီးကောင်းတစ်ယောက်ပါပဲလေ"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်. . . သူဟာ ကျုပ်တို့ အလွန်လေးစားရတဲ့ သခင်မလေးတစ်ယောက်ပါ"

ဝမ်းဖုန်းက. . . .

"မေမေစုံဟာ သူရဲ့အထိန်းတော် ဟုတ်လား"

ထိဟင်းက. . . .



"မဟုတ်ပါဘူး. . . မေမေစုံဟာ လိတလျှံရဲ့လူပါ၊ သူက ငှက်ကျွန်ကိုစောင့်ကြပ်ဖို့ ဒီမှာလာနေတာပါ"

ဝမ်းဖုန်းသည် ဆိတ်ဆိတ်နေလိုက်၏။

ထိဟင်းက. . . .

"မင်းမှာမရှင်းတာ ဘာရှိသလဲ"

ဝမ်းဖုန်းက ခေါင်းခါယမ်းလိုက်လေသည်။

"မရှိတော့ပါဘူး"

ထိုစဉ်မှာပင် ငှက်ကျွန်သည် သူ့ရင်ခွင်ထဲမှ သတိရလာလေသည်။

သူသည် ဝမ်းဖုန်းရင်ခွင်ထဲမှဘိုးထွက်လိုက်ပြီး အန်ကူးဟို၏ ရင်ခွင်ထဲမှ လိတလျှံအား ကြည့်လိုက်သည်။

အန်ကူးဟိုက. . . .

"မင်းသမီးက သူ့ကို ဘယ်လိုအပြစ်ပေးချင်သလဲ"

ငှက်ကျွန်သည် လိတလျှံအား စူးစူးဝါးဝါးကြည့်လိုက်၏။

"သူ့ကို မီးလောင်တဲ့အချုပ်ခန်းထဲ ပစ်ချလိုက်"

ဝမ်းဖုန်းက. . . .

"သူ့လက်ထဲကစာကို ရလိုက်ပြီလား"

ထိဟင်းက ခေါင်းခါယမ်းလိုက်သည်။

"မရသေးပါဘူး"

ဝမ်းဖုန်းက. . . .

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိပဟင်းက အံကိုတင်းတင်းကျိတ်လိုက်သည်။

"ကျုပ်တို့ဘုရင်လဲ သေပြီပဲ... ဒီစာက အရေးမကြီးတော့ပါဘူးလေ"

အန်ကူးဟိုက ပြုံးလိုက်သည်။

"ဒီစာ အခု သူ့လက်ထဲမှာမရှိရင် ပြီးတာပါပဲလေ"

သူ့စကားမဆုံးမီမှာပင် အလွန်ထက်မြက်သော ဓားတစ်လက်သည် သူ့လည်မျိုသို့ထောက်ထားခြင်း ခံလိုက်ရလေသည်။

လိတလျှံသည် လဲလျောင်းရာမှ ထလိုက်ပြီး အသင့်ဝှက်ထားသောဓားငယ်ဖြင့် အန်ကူးဟိုလည်မျိုသို့ ထောက်ထားခြင်း ဖြစ်လေသည်။

သူမသည် အားရပါးရရယ်မောလိုက်သည်။

"ဒီမှာ ကျွန်မ ရှင်းရှင်းပြောမယ်... ဒီစာကို ကျွန်မမီးရှို့ပြီးပါပြီ"

အန်ကူးဟို၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

လိတလျှံက စကားဆက်လိုက်သည်။

"ရှင်က ကျွန်မကိုသွေးကြောပိတ်ထားပေမဲ့ အချိန်ကြာကြာ ပိတ်လို့မရဘူးဆိုတာ ရှင်မသိတဲ့အတွက် အခုလိုခံရတယ်လို့ မှတ်ပါ"

ငှက်ကျွန်နှင့်ထိပဟင်းတို့သည် ရွှေသို့ပြိုင်တူ ခြေလှမ်းလှမ်းလိုက်ကြသည်။



"ရပ်လိုက်"

လိတလျှံက ဟန့်တားလိုက်သည်။

"မင်းတို့ရှေ့တိုးလာရင် ကျုပ်က သူ့ကိုသတ်ပစ်လိုက်မယ်"

ငှက်ကျွန်က...

"သူ့ကိုလွှတ်လိုက်"

လိတလျှံက...

"ကျုပ်တောင်းဆိုတာကိုပေးမယ်ဆိုရင် သူ့ကိုလွှတ်လိုက်မယ်"

ငှက်ကျွန်က...

"ဘာများ တောင်းဦးမလို့လဲ"

လိတလျှံက...

"ညည်းတို့လေးယောက်က ကျုပ်ကိုမသတ်ပါဘူးလို့ ကတိပေးရမယ်၊ ပြီးတော့ ကျုပ်ကိုသွားခွင့်ပေးရမယ်"

အန်ကူးဟို၏မျက်နှာသည် တည်ကြည်လေးနက်လာသည်။

လိတလျှံက...

"ရှင်ဘာရမှာ မကြောက်ဘူးလား"

အန်ကူးဟိုက...

"လွန်ခဲ့တဲ့ရှစ်နှစ်လောက်ကစ၍ ကျုပ်အသက်ကို အမြဲမရွေး စွန့်လွှတ်တော့မယ်လို့ ဆုံးဖြတ်ခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



လိတာလျှံက ထိတ်ထိတ်ပျာပျာဖြစ်သွားသည်။

"ရှင့်ကို ကျွန်မက တကယ်သတ်ပစ်မှာသိလား"

သူမသည့်ပြောရင်း လက်ထဲမှဓားဖြင့် အန်ကူးဟို၏ လည်မျိုပေါ်၌ အသာအယာဖြတ်လှီးလိုက်ရာ သွေးများ စီးဆင်းကျလာသည်။

ငှက်ကျွန်နှင့် ထိဟင်းတို့သည် အံကိုတင်းတင်းကျိတ်ကာ ဒေါသထွက်လွန်း၍ တစ်ကိုယ်လုံး တုန်ခါသွားကြလေသည်။

"ရပ်လိုက်"

ဝမ်းဖုန်းက အချိန်မီဟန့်တားလိုက်သည်။

သူက စကားဆက်လိုက်ပြန်သည်။

"မင်းကိုမသတ်ဘူးလို့ ကျုပ်တို့က ကတိပေးထားပါတယ်"

အန်ကူးဟိုက အသံတုန်တုန်ယင်ယင်ဖြင့်. . . .

"ကျုပ်သေချင် သေသွားပါစေ ကတိမပေးနိုင်ဘူး"

ဝမ်းဖုန်းက သူ့စကားကိုဖျက်လိုက်သည်။

"ခင်ဗျားတို့က ကျုပ်ကို မိတ်ဆွေတစ်ယောက်လို အသိအမှတ်ပြုမယ်ဆိုရင် ကျုပ်စကားနားထောင်ရမယ်"

အန်ကူးဟိုက ခေါင်းတွင်တွင်ခါယမ်းနေ၏။

ထိဟင်းက ရုတ်တရက် သဘောတူလိုက်သည်။

"ကောင်းပြီ. . . ဒီတစ်ခါ ကျုပ်တို့က ခင်းစကားကိုနားထောင်ပါ့မယ်"



ထိဟင်း၏စကားကြောင့် အန်ကူးဟိုနှင့် ငှက်ကျွန်တို့သည် အံ့အားသင့်သွားကြသည်။

ထိဟင်းက စကားဆက်လိုက်သည်။

"အခုအချိန်ကစပြီး ကျုပ်တို့က မင်းပြောတာကို လိုက်နာပါ့မယ်"

အန်ကူးဟိုက ဒေါသချောင်းချောင်းထွက်လာသည်။

"ဟေ့ ထိဟင်း. . . ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ. . . ခင်ဗျား ရူးနေပြီလား"

ထိဟင်းက လေးနက်တည်ကြည်စွာဖြင့်. . . .

"ကျုပ်မရူးဘူး. . . မင်းက ငါ့ကိုသွေးသောက်တစ်ယောက်လို့ သဘောထားမယ်ဆိုရင် ကျုပ် စကားနားထောင်ရလိမ့်မယ်"

အန်ကူးဟို၏ မျက်လုံးအစုံမှမျက်ရည်များ တသွင်သွင် စီးဆင်းကျလာလေသည်။

သို့သော် သူက ပါးစပ်ပိတ်ထားလိုက်လေသည်။

ꩡ ꩡ ꩡ

လိတာလျှံက ဝမ်းဖုန်းအား စိုက်ကြည့်လိုက်သည်။

"ရှင်က တကယ်ကတိပေးတယ် ဟုတ်လား"

ဝမ်းဖုန်းက. . . .

www.burmeseclassic.com



"ကျုပ်တို့လူလေးယောက်ထဲမှာ ဘယ်သူမဆို ခင်ဗျားကို သတ်ရင် ဘေးအန္တရာယ်တွေ့ပါစေလို့ ကျုပ် ကျိန်ပြောခဲ့ပါတယ်"

လိတလျှံက လေပူတစ်ချက်မှုတ်လိုက်ပြီး ဓားကိုရုပ်သိမ်းလိုက်လေသည်။

ထိဟင်းက အံကိုတင်းတင်းကြိတ်ကာ. . . .

"တဲ. . . အမြန်ဆုံး ကျုပ်မျက်စိအောက်က ထွက်သွားပါ"

လိတလျှံကပြုံးလိုက်ပြီး ခါးကလေးကို ယိမ်းနွဲ့ကာ လျှောက်လာလေသည်။

အန်ကူးဟိုက အံကိုတင်းတင်းကြိတ်ကာ ထိတင်းအား မကျေမနပ်ဖြင့်ကြည့်နေသည်။

ငှက်ကျွန်ကလည်း ထိဟင်းအား မျက်လုံးပြူး၍ ကြည့်နေသည်။

ထိဟင်းကမူ ဝမ်းဖုန်းအား စိုက်ကြည့်နေ၏။

ရုတ်တရက် ဝမ်းဖုန်းက ရှေ့သို့ခြေလှမ်းတစ်လှမ်းတိုးလိုက်ပြီး လိတလျှံ၏သွားလမ်းကို ပိတ်ဆို့ထားလေသည်။

လိတလျှံက မျက်နှာကွက်ခနဲပျက်သွားသည်။

"ရှင်. . . ရှင် ဘာလုပ်မလို့လဲ"

ဝမ်းဖုန်းက. . . .

"ကျုပ်က ခင်ဗျားကို သတိတစ်ခုပေးချင်လို့ပါ"

လိတလျှံက. . . .



"ဘာများလဲ"

ဝမ်းဖုန်းက. . . .

"ခုနက ကျုပ်တို့ကျိန်ခဲ့ကယ်. . . ကျုပ်တို့ထဲက ဘယ်သူမဆို ခင်ဗျားကိုသတ်ရင် ဘေးအန္တရာယ်နဲ့ တွေ့ပါစေလို့ ကျိန်ခဲ့တယ် မဟုတ်လား"

လိတလျှံက အသံတုန်တုန်ယင်ယင်ဖြင့်. . . .

"ရှင်. . . ."

ပမ်းဖုန်းက. . . .

"ကျုပ်က အသက်အန္တရာယ်ဖြစ်ဘေးတွေ့ချင် တွေ့စမ်းပါစေ. . . သေချင်သေပါစေ အရေးမကြီးပါဘူး"

လိတလျှံ၏မျက်နှာတစ်ခုလုံးသည် ဖြူဖပ်ဖြူရော် ဖြစ်သွားလေသည်။

"ရှင်က ကျွန်ကိုသတ်မလို့လား"

ဝမ်းဖုန်းက ပြုံးလိုက်သည်။

"ခင်ဗျားလို စိတ်ထားယုတ်မာပြီး အလွန်ရက်စက်တဲ့ သူမျိုးတွေ လောကမှာ အသက်ရှင်နေရင် လူအသက်တွေ အဆောက်များများဟာ သေကုန်မှာမို့ ခင်ဗျားကိုမသတ်လို့ ဘယ်ဖြစ်ပါ့မလဲ"

လိတလျှံ၏မျက်နှာတစ်ခုလုံးမှာ သွေးရောင်ပင်မရှိပါ။

"ရှင် ကျွန်မကိုသတ်ရဲ့လို့လား"

သူမ၏အသံသည် မာကျောခက်ထန်နေသော်လည်း သူ

www.burmeseclassic.com



မ၏ခန္ဓာကိုယ်မှာ တုန်ခါသွားလေသည်။

ဝမ်းဖုန်းက. . . .

"လောကမှာ ကျုပ်မလုပ်ဝံ့တဲ့အလုပ် မရှိသေးပါဘူး"

သူသည်ပြောရင်း ရှေ့သို့ခြေတစ်လှမ်းတိုးလိုက်သည်။

လိတလျှံ၏မျက်လုံးအစုံတွင် မျက်ရည်များပြည့်လာသည်။

"ရှင့်ရက်စက်တော့မှာလားရှင်"

သူမသည် စိတ်ညှို့ပညာကို အသုံးပြုလိုက်လေသည်။

ဝမ်းဖုန်းက မျက်လုံးပြူးကျယ်စွာဖြင့် ကြည့်လိုက်သည်။

"ဒီတစ်ခါ ခင်ဗျားရဲ့စိတ်ညှို့ပညာက ကျုပ်ကို ဘာမှလုပ်နိုင်မှာ မဟုတ်တော့ဘူးဗျ"

သူစကားဆုံးသွားသည်နှင့် ရုတ်တရက် အနီရောင်တစ်ခုသည် လိတလျှံ၏မျက်နှာပေါ်သို့ လျှပ်တစ်ပြက် ရောက်ရှိလာသည်။

"အား. . . ."

လိတလျှံ၏ စူးရှသောအသံသည် အခန်းတစ်ခုလုံး ဟိန်းထွက်သွားလေသည်။

❀❀❀

ထိုအနီရောင်အရာဝတ္ထုမှာ သွေးကြွက်တူရွေးပင် ဖြစ်



သည်။

သွေးကြွက်တူရွေးသည် လိတလျှံ၏မျက်လုံးအစုံအား နှုတ်သီးဖြင့် ထိုးဖောက်လိုက်လေသည်။

သွေးများသည် လိတလျှံ၏ မျက်ဝန်းအစုံမှ စီးကျလာလေသည်။

သို့သော် လိတလျှံ၏ လက်နှစ်ဖက်မှာလည်း သွေးကြွက်တူရွေးကို ဆုပ်ကိုင်မိလျက် ဖြစ်သွားသည်။

"ဂီး. . . ."

ကြွက်တူရွေး၏ စူးရှသောအော်သံ ထွက်ပေါ်လာသည်။

လိတလျှံသည် သွေးကြွက်တူရွေးအား လိမ်ချိုး၍ သတ်လိုက်လေသည်။

ငှက်ကျွန်၊ ဝမ်းဖုန်းနှင့် ထိယင်းတို့သည် ကြောင်အမ်းအမ်းဖြစ်ကာ ငေးငိုင်၍သွားကြလေသည်။

အန်ကူးဟိုကလည်း ကျောက်ရုပ်ပမာ မလှုပ်မယှက် ရပ်နေလေသည်။

သူ့ပခုံးပေါ်မှကြွက်တူရွေးသည် အလွန်လိမ်မာသော ကြွက်တူရွေးတစ်ကောင်ဟု သူယုံကြည်သည်။

ယခု သူက အဘယ်ကြောင့် လိတလျှံ၏မျက်လုံးအား ထိုးဖောက်ရပါသနည်း။

အန်ကူးဟို မသိပါ။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ လိတလျှံကလည်း မသိပါ။

ထိုတဒင်္ဂအချိန်တွင် မိုးအောက်မြေပြင်တစ်ခုလုံးမှာ ရုတ်တရက် အေးစိမ့်လာသည်ဟု ခံစားလိုက်ရလေသည်။

ဖြဖြဖြ

ဝမ်းဖုန်း၊ ငှက်ကျွန်၊ ထိဟင်းနှင့် အန်ကူးဟိုတို့သည် လိတလျှံအား ငေး၍ကြည့်နေရင်း ခြေလက်များ အေးစိမ့်လာလေသည်။

လိတလျှံကလည်း မျက်လုံးမရှိသော မျက်လုံးပေါက်ဖြင့် စိုက်ကြည့်သည်ဟု ထင်ရလေသည်။

သူမသည် လက်နှစ်ဖက်ဆန့်တန်းကာ ရှေ့သို့လျှောက်သွားသည်။

ထို့နောက် ခလုတ်တစ်ခုကိုဆွဲချလိုက်သည်။

မြေပေါ်တွင် အပေါက်ကလေးတစ်ခု ဖြစ်ပေါ်လာသည်။

မီးတောက်မီးလျှံများသည် အပေါ်သို့ပင် တိုးထွက်နေလေသည်။

လိတလျှံသည် ထိုမီးတောက်မီးလျှံ ဟုန်းဟုန်းတောက်နေသော အပေါက်ရှိရာသို့ တစ်လှမ်းချင်း လှမ်းသွားသည်။

ဝမ်းဖုန်းက ဟန့်တားခြင်းမရှိပါ။ မည်သူကမျှ ဟန့်တားခြင်း မရှိပါ။



သူမသည် ရုတ်တရက် ထိုမီးတောက်မီးလျှံထဲသို့ ခုန်ချလိုက်လေသည်။

သူမ၏ စူးရှထိတ်လန့်သောအသံသည် ပဲ့တင်ထပ်သွားလေသည်။

မီးတောက်မီးလျှံများသည် အပေါက်ဝမှ တိုးထွက်လာပြီးလျှင် အခြားအရာများကိုပါ မီးစွဲလောင်ကျွမ်းလာလေတော့သည်။

မကြာပါချေ အခန်းတစ်ခုလုံး မီးများ စွဲလောင်လာလေတော့သည်။

ဖြဖြဖြ

မိုးလင်းလာပြီဖြစ်သည်။

ရှည်လျားပြီး ဒုစရိုက်ပြည့်နှက်သော အမှောင်ညသည် ကုန်ဆုံးသွားပြီဖြစ်သည်။

နေရောင်ခြည်သည် အရှေ့မှ ခေါင်းပြူထွက်လာပြီ ဖြစ်သည်။

နွေးထွေးသော နေရောင်ခြည်သည် ငေးငိုင်၍ရပ်နေသော ဝမ်းဖုန်းတို့လေးယောက်၏ ခံစားနေရသော အေးစိမ့်ခြင်းကို မောင်းထုတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့လေးယောက်သည် စတင်လှုပ်ရှားလာပြီ ဖြစ်သည်။

တစ်ယောက်မျက်နှာတစ်ယောက်ကြည့်နေ၏။

ဝမ်းဖုန်းက ရုတ်တရက် ခြေလှမ်းပြင်လိုက်သည်။

ငှက်ကျွန်က ချက်ချင်းဟန့်တားလိုက်သည်။

"ရှင် ဘယ်သွားမလို့လဲ"

ဝမ်းဖုန်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

"မသိဘူး"

ငှက်ကျွန်၏မျက်ဝန်းအစုံတွင် တစ်စုံတစ်ခုသော အဓိပ္ပာယ်ရှိနေသည်ဟု ထင်ရလေသည်။

"ရှင် မသွားဘဲနေလို့ မရဘူးလား"

ဝမ်းဖုန်းက သူမဆိုလိုသည့်အဓိပ္ပာယ်ကို နားလည်လိုက်သည်။

သို့သော် သူက ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်နေလို့မရလို့ပါ. . . လုပ်စရာအများကြီး ရှိနေသေးလို့ပါ"

ငှက်ကျွန်က သူ့အား စိုက်ကြည့်လိုက်သည်။

"ရှင်က မနေခဲ့နိုင်ဘူးဆိုရင် ကျွန်မ ရှင့်နောက်ကိုလိုက်ပါ့မယ်၊ ကျွန်မအသက်ကို ရှင် နှစ်ကြိမ်တိတိ ကယ်ခဲ့တဲ့ကျေးဇူးကို ကျွန်မ ဆပ်ချင်ပါတယ်"

သူမ၏စကားသည် အလွန်ထင်ရှားပေါ်လွင်လှသည်။



ဝမ်းဖုန်းက နားမလည်သည့်အလား ခေါင်းခါယမ်းလိုက်သည်။

"ကျုပ်က ဘယ်သူ့ကျေးဇူးကိုဆပ်တာကိုမှ လက်မခံဘူး. . . ကျုပ်နောက်ကိုလိုက်ဖို့လဲ မခေါ်နိုင်ဘူး"

သူသည် ခြေလှမ်းလှမ်း၍ ထွက်သွားလေတော့သည်။

ငှက်ကျွန်သည် ဝမ်းနည်းကြေကွဲစွာဖြင့်. . . .

"ရှင်. . . ရှင် အသည်းတော်တော်မာပါလား"

ဝမ်းဖုန်းက အဖြေမပေးပါ။ လှည့်ပင်မကြည့်ပါ။

ငှက်ကျွန်သည် ငိုကြွေးလိုက်လေတော့သည်။ သူမ၏ငိုသံကို ဝမ်းဖုန်းကြားလိုက်ရသည်။

သို့သော် သူက ငှက်ကျွန်အား လှည့်ကြည့်ခြင်း မဟုတ်ပါ။ ထိဟင်းအား ကြည့်နေ၏။

"တစ်နေ့က သူ သုသာန်မြေမှာ ကျုပ်နဲ့ကိုရှိစကားပြောတဲ့အချိန် ခင်ဗျားရောက်လာတယ် မဟုတ်လား"

ထိဟင်းက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

ဝမ်းဖုန်းက ထပ်မံမေးလိုက်သည်။

"ကျုပ်ရဲ့အကြောင်း ကိုရှိပြောပြတာကို ခင်ဗျားကြားခဲ့တယ် မဟုတ်လား"

ထိဟင်းက. . . .

"ကြားခဲ့ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းဖုန်းက. . . .

"ဒါဖြင့် အဲဒီအကြောင်း သူ့ကိုပြောပြပါလားဗျာ"

ငှက်ကျွန်က ကြားဖြတ်လိုက်သည်။

"ဘယ်လိုအကြောင်းလဲရှင်"

ဝမ်းဖုန်းက. . . .

"ကျုပ်ရဲ့ပုံပြင်တစ်ခုပါ. . . သွေးကြွက်တူရွှေးလောက်တော့ မကြီးကျယ်ပေမဲ့ စိတ်ဝင်စားစရာတော့ ကောင်းပါတယ်"

သူသည် ပြောရင်း ခြေလှမ်းထပ်မံလှမ်းလိုက်သည်။

ငှက်ကျွန်ကလိုက်မည်အပြုတွင် ထိဟင်းက သူမ၏လက်ကို ဆွဲထားလိုက်လေသည်။

သူမသည် မျက်ရည်များ ကျဆင်းလာလေသည်။

ထိဟင်း၏မျက်ဝန်းအစုံမှာလည်း မျက်ရည်များတွေ့ရသည်။

ဝမ်းဖုန်း၏မျက်လုံးအစုံတွင် မည်သို့ရှိသနည်း။

သူ့မျက်နှာကို မည်သူကမှမတွေ့ရ၍ မသိပါ။

ဤတစ်ကြိမ် သူသည် နောက်သို့လှည့်မကြည့်တော့ပါချေ။

ဿ ဿ ဿ



လေသည် တဟူးဟူးတိုက်ခတ်နေ၏။

နှင်းမြူများသည် လေထဲ၌ လွင့်ပျံနေ၏။

ဝမ်းဖုန်းသည် လေ၏တိုက်ခတ်မှုနှင့် နှင်းမြူများလွင့်ပျံ့သည့်ကြားမှ ပျောက်ကွယ်သွားလေတော့သည်။

ရွက်ခြောက်တစ်ခုသည် လေထဲ၌ လွင့်ပါလာပြီးလျှင် ထိဟင်း၏ခြေထောက်ရှေ့တွင် ကျသွားသည်။

ထိဟင်း၏မျက်လုံးအစုံသည် ထိုရွက်ခြောက်ပေါ်သို့ ရောက်သွားသည်။

သူသည် ထိုရွက်ခြောက်အားကြည့်ကာ ဝမ်းဖုန်းကို သတိရမိသည်။

သူသည် ရွက်ခြောက်အား ကုန်း၍ကောက်ယူမည် အပြုတွင် လေတစ်ချက်ထပ်မံတိုက်ခတ်လာပြီး ရွက်ခြောက်အား

www.burmeseclassic.com



တိုက်ခတ်သွားပြန်လေသည်။

သူ၏လက်သည် တန်းလန်းဖြစ်၍ ကျန်ရစ်ခဲ့သည်။

သူ၏မျက်နှာမှာ ဝမ်းနည်းကြေကွဲသည့် အရိပ်အယောင်များ ပေါ်လာသည်။

ရှက်ခြောက်သည် လေ၏တိုက်ခိုက်ခြင်းကို ခံချင်၍မဟုတ်၊ သူကိုယ်သူ မတတ်နိုင်ပါ။

ဝမ်းဖုန်း၏အသက်သည် လေထဲမှရှက်ခြောက်နှင့် မည်သို့ထူးခြားမည်နည်း။

လောကပေါ်၌ မိမိစိတ်ကူးထားသည့်အတိုင်း မိမိကြံရွယ်ထားသည့်အတိုင်း ဖြစ်လာနိုင်မည်လော။

ပြီး၏။

မိုးကျော်သူ

BURMESE CLASSIC

www.burmeseclassic.com